www.burmeseclassic.com



www.burmeseclassic.com

## နိုင်ငံ့အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — နိုင်ငံ့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — နိုင်ငံ့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နိုင်ငံ့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ် ● ၅၀၁၅၃၆၁၂၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ● ၅၀၀၆၆၇၀၆၀၈
ထုတ်ဝေသူ ● ဦးမောင်မောင်မြင့်အေး
လာဘ်မိုးရွှေစာပေ
အမှတ်(၁၁၁)၊ ပ-ထပ်၊
၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ● ဦးမြင့်ထွန်း (မဥ္ဇူပုံနှိပ်တိုက်)
အမှတ်(၂၂၄/ဘီ)၊ လမ်း(၄၀)၊
ကျောက်တံတားမြို့နယ်။
အကြိမ် ● ဒုတိယအကြိမ်
၂၀၀၈၊ ဇွန်လ။
မျက်နှာဖုံးပန်းချီ ● မောင်မောင်သိုက်
အုပ်ရေ ● ၅၀၀
တန်ဖိုး ● ၈၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

ဘုရား ၊ တရား ၊ သံဃာ
အမိ ၊ အဖ ၊ ဆရာသမား
အနန္တော အနန္တ ငါးပါးအား
ဦးထိပ်ထားလျက်

# ရွှေဟင်္သာ
## စာပေ


- သူ့စရိုက်နှင့်ယှဉ်တွဲလျက်၊ ကောင်းမြတ်သောကျင့်ကြံနေထိုင် လုပ်ကိုင်သူအား မည်သူမှ ဆုံးမရန်မလို။
- ဒုစရိုက်နှင့်ယှဉ်တွဲလျက် လူနှင့်တူအောင် မကျင့်ကြံ မနေထိုင် မလုပ်ကိုင်သူအား တရားဥပဒေက ဆုံးမ လိမ့်မည်။
- ကောင်းအောင်နေ၊ ကောင်းအောင်ကျင့်၊ ကောင်းအောင်လုပ်လျှင် ဘဝလမ်းကြောင်း ဖြောင့်မတ်၍ အပြန်လမ်းကြောင်း ချောမွေ့မည်။
- မကောင်းနေ၊ မကောင်းကျင့်၊ မကောင်းလုပ်လျှင် ဘဝလမ်းကြောင်း ကောက်၍ အပြန်လမ်းကြောင်း မဖြောင့်ဖြစ်မည်။

* ❖ *



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီလိုသဘောမျိုးပြောတာ မဟုတ်ပါဘူး ဆရာ၊ စကားအဖြစ်ပြောတာပါ၊ ဆရာက ထောင်မှူးကြီးရဲ့ဆရာ၊ ထောင်မှူးကြီးက ကျွန်တော့်ကျေးဇူးရှင်၊ ကျွန်တော့်ကို လမ်းကြောင်းကောင်းပေါ်ရောက်အောင် လမ်းညွှန်ပေးတဲ့ပုဂ္ဂိုလ်ပါ၊ ဆရာက ထောင်မှူးကြီးနဲ့ ပတ်သက်လာတာဆိုတော့ ကျွန်တော် မပြောလို့ ဘယ်ဖြစ်ပါ့မလဲ ဆရာရယ်၊ ကျွန်တော့်အကြောင်းတွေကို မကွယ်မဝှက် ပြောပြမှာပါ၊ ကျွန်တော်က အစီအစဉ်အတိုင်း မပြောတတ်ဘူး ဆရာ၊ ဆရာက ရှေ့ကနေ ကြောင်းပေးပါ"

"ရပါတယ် ကိုတိုးအောင်၊ ခင်ဗျား တကယ်ပြောတတ်သလို ပြောသွားပါ၊ နောက်မှ ကျွန်တော် မေးစရာရှိတာ မေးပါ့မယ်"

"ကျွန်တော့်အသက် ဆယ့်ကိုးနှစ်အရွယ်ကစပြီး ဒုစရိုက်လောကမှာ တစိုက်မတ်မတ် ကျင်လည်ခဲ့ပါတယ်၊ ခါးပိုက်နှိုက်တယ်၊ ဖောက်ထွင်းတယ်၊ အလစ်သုတ်တယ်၊ လုတယ်၊ မားပြမတိုက်ဖူးတာကလွဲလို့ အကုန်လုပ်ဖူးပါတယ်၊ ထောင်ထဲရောက်တာ ခုအကြိမ်ပါဆို ငါးကြိမ်ရှိပါပြီ၊ ဒါပေမဲ့ ခုအကြိမ်ကတော့ နောက်ဆုံးတစ်ကြိမ် ဖြစ်ပါလိမ့်မယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုတိုးအောင် အကြောင်းကို ထောင်မှူးကြီး ပြောထားလို့ သိသင့်သလောက် သိထားပါတယ်၊ နောက်ဆုံးအကြိမ် ဖြစ်ဝါလိမ့်မယ် ဆိုတာထက် ဖြစ်ကိုဖြစ်ရမယ်လို့ ဆုံးဖြတ်လိုက်စမ်းပါ ကိုတိုးအောင်၊ ကျွန်တော်လည်း တတ်နိုင်သလောက် ကူညီပါ့မယ်၊ ဒါနဲ့ ကိုတိုးအောင် အသက်ဘယ်လောက်ရှိပြီလဲ"

"သုံးဆယ့်ကိုးနှစ်ထဲမှာပါ ဆရာ"

"ဆရာ အခုလိုပြောလိုက်တော့ ကျွန်တော် အတော့်ကို အားရှိသွားပါတယ်၊ ကျွန်တော် ဒုစရိုက်လောကထဲကို ရောက်ခဲ့ရတာဟာ ကျွန်တော့်ရဲ့ ဉာဉ်ဆိုး စရိုက်ဆိုး အကျင်ဆိုးကြောင့် မဟုတ်ပါဘူး ဆရာ၊ ပထွေးကြောင့် ဘဝကို အစွဲ့တိုက်ရင်းက ဒုစရိုက်လောကနယ်ပယ်နဲ့ ဆက်နွယ်မိပြီး မထူးဇာတ်ခင်းခဲ့တာပါ ဆရာ၊ အဲဒီလိုပြောတော့ လူတင်ပါလို့ နွားကျားကိုက်တာပါလို့ ဆိုကြလိမ့်မယ်၊ ဘယ်သူမကောင်း ကောင်းကောင်း၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွှေ့ပါဘူးလို့ ပြောမယ်ဆိုရင်လည်း ပြောစရာလို ဖြစ်ခဲ့ပါတယ်၊ ကျွန်တော့်အသက် ဆယ့်ရှစ်နှစ်ကျော်ကျော်မှာ ပထမဆုံးအကြိမ် ထောင်ထဲကို ရောက်ခဲ့ပါတယ်၊ ထောင်ထဲရောက်ရတဲ့အမှုက ဒုစရိုက်ထဲမှာ တွေ့ဆုံပေါင်းသင်းခဲ့ရတဲ့ အပေါင်းအသင်းတွေဟာ ဘယ်လိုလူမျိုးတွေ _ာ်မယ်ဆိုတာ အထူးပြောစရာ မလိုပါဘူး၊ ဆရာတို့ သိပါတယ်၊ အဲဒီကနေ လူတင်ပါလို့ဖြစ်ပြီး ခေါင်းရွှေ့ခဲ့ရတာပါ"





ကိုတိုးအောင်က သူ့အကြောင်းကို ထိုသို့ဖြင့် စလာသည်။

သူနှင့်ဆုံစည်းခဲ့ရသည့်နေရာမှာ ထုံးဘိုရဲဘက်စခန်း။

❋ ❖ ❋

မန္တလေးအထွက် ပြင်ဦးလွင်အတက်လမ်းကြောမှ ဘယ်ဘက်သို့ ချိုးကွေ့ဝင်သွားရသည့် မြေပြန့်လမ်းကြောမှာ ထုံးဘိုရဲဘက်စခန်းသို့ ဦးတည်ရာလမ်းကြော။

အတွင်းသို့ နှစ်ဖာလုံခန့် ဝင်သွားပြီးနောက် သံဆူးကြိုးများ ပတ်လည်ကာရံထားသည့် ထုံးဘိုရဲဘက်စခန်းဝင်းကြီးကို လှမ်းမြင်လိုက်ရသည်။

ရဲဘက်စခန်းသို့ အဝင်လမ်းမှာ ယာယီဖောက်ထားသည့် လမ်းကြမ်းဖြစ်သောကြောင့် မညီညာ မချောမွေ့။

လမ်းကြမ်းမောင်း လင့်ရိုဘာကားပင်လျှင် လူးလူးလိမ့်လိမ့် ဖြစ်နေသည်။

စခန်းအဝင်အထွက် ဂိတ်ကင်းရုံရှေ့တွင် ကားရပ်လိုက်ရသည်။

ကင်းရုံတွင် လာသူများ၏ အမည်၊ လိပ်စာ၊ မှတ်ပုံတင်နံပါတ်များပြ၍ သွားရောက်တွေ့ဆုံလိုသည့် ပုဂ္ဂိုလ်၏အမည်နှင့် ရာထူးကို ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကင်းရုံတွင် တာဝန်ခံက စစ်ဆေးကြည့်ရှု မှတ်သားပြီး
ဝင်နိုင်ကြောင်းပြောမှ အတွင်းဘက်သို့ ဝင်ခဲ့ရသည်။

စခန်းအဝင် မြေနီလမ်းမှာမူ ချိုင့်ကျင်းမရှိ။ ချောပြေသည်။

ရဲဘက်တို့၏ လုပ်အားလမ်းကလေးဟု ဆိုရမည်ထင်သည်။

အထဲသို့ အနည်းငယ်ခန့် ဝင်လိုက်ပြီးသည်နှင့် လမ်း
ကြောင်းဘယ်ဘက်မှာ ရဲဘက်များ နေထိုင်ရန် သစ်ဝါးများဖြင့်
ဆောက်လုပ်ထားသည့် တန်းလျားအဆောင်ကြီးများရှိသည်။

ရဲဘက်များနေထိုင်သည့် အဆောင်ဝင်းကို အတွင်းသံဆူး
ကြိုးတစ်ထပ်ဖြင့် ပတ်လည်ကာရံထားသည်။

ထောင့်နှစ်ထောင့်၌ ကင်းမျှော်စင်ရှိသည်။

အဝင်အထွက် တံခါးပေါက်တွင်လည်း ကင်းရုံရှိသည်။

ရဲဘက်စခန်းများမှာ အကျဉ်းထောင်များလို ထူထဲမြင့်မား
သော အုတ်ရိုးကြီးများ ကာရံထားသောကြောင့် လုံခြုံရေးကို ပို၍
တင်ကျပ်ရသည်။

အဆောက်အအုံများမှာလည်း အခိုင်အခန့် ထုထည်နှင့်ဆောက်
လုပ်ထားရသည် မဟုတ်ဘဲ ယာယီသဘော ဆောက်ထားသည့်
အဆောက်အအုံများ ဖြစ်သောကြောင့် အစောင့်ကင်းတာဝန်ကျ
သူများမှာ မလစ်ဟင်းသော သတိဝီရိယထားပြီး စောင့်ကြရသည်။

အကျဉ်းထောင်များမှာ အကာအရံ အုတ်ရိုး အထိန်းအကွပ်
ရှိသည်။





ရဲဘက်စခန်းများမှာ အုတ်ရိုးအထိန်းအကွပ် မရှိ။ လူနှင့်
ထိန်းကွပ်ထားရသည်။

အဆောင်ဝင်းကြီးနှင့် စားလွယ်ခုတ်၊ လမ်းကြော၏ညာ
ဘက်တွင် သစ်ပင်ငယ်များ စိုက်ပျိုးထားသည့် မြက်ခင်းပြင်လေး
နှင့်တွဲလျက် သပ်သပ်ရပ်ရပ် ဆောက်ထားသည့် ရုံးအဆောက်အအုံ
များရှိသည်။

အဆောက်အအုံ မျက်နှာစာတွင် ဒေါင်လိုက်ရိုက်ထားသည့်
မြေစိုက်အုတ်ခဲများကို ထုံးဖြူဖြူဖွေးဖွေး သုတ်ထားသည်မှာ အလှ
အပအသွင် မဆောင်သော်လည်း တစ်မျိုးတစ်ဖုံ ကြည့်ကောင်းသည်။

သပ်ရပ်မှုအသွင် ဆောင်သည်ဟု ဆိုရမည်သို့ ရှိပါချေ၏။

တန်လျားဆောင်နှင့် ရုံးအဆောက်အအုံကို လွန်သွားပြီး
နောက် ထောင်ဝန်ထမ်းများအတွက် ဆောက်ထားသည့် အဆောက်
အအုံများရှိရာသို့ ရောက်သွားသည်။

ထောင်ဝန်ထမ်းများအတွက် ဆောက်ထားသည့် နေအိမ်
အဆောက်အအုံလေးများမှာ သပ်သပ်ရပ်ရပ် နေချင့်စဖွယ်ရှိသည်။

ရဲဘက်တို့၏ လက်ရာများပဲ ဖြစ်လိမ့်မည်။

ထောင်မှူးကြီးအိမ်က အတော်လေးကြီးပြီး သပ်သပ်ရပ်ရပ်
ဆောက်ထားသည်။

ကျွန်တော့်အား ရဲဘက်စခန်းသို့ လိုက်ပို့ပေးသူ မန္တလေး
က မိတ်ဆွေ ကိုအုန်းသော် ထောင်မှူးကြီးနှင့် သိကျွမ်းပြီးသား
မို့ ဦး.ထောင်မှူးကြီးဟု အသံပေးခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုဘက်က လူတစ်ယောက် ထွက်လာသည်။

ကိုအုန်းသော်နှင့် ထွက်လာသူတို့မှာ သိကျွမ်းပြီးသားမို့ ထောင်မှူးကြီး ဘယ်သွားနေကြောင်း မေးလိုက်ရာ၊ ထွက်လာသူက စိုက်ခင်းဘက် သွားနေကြောင်း တလေးတစား ပြန်ဖြေသည်။

ကိုအုန်းသော်က လိုက်ခေါ်ခိုင်းပြီး အိမ်ပေါ်တက်ထိုင်ကြသည်။

ခဏကြာတော့ ထောင်မှူးကြီးဦးတင့်လွင် ရောက်လာသည်။

ကျွန်တော့်ကို တွေ့လိုက်သည်နှင့် လှိုက်လှိုက်လှဲလှဲ ဝမ်းဝမ်းတသာ နှုတ်ဆက်ပြီး တယ်လီဖုန်း ကြိုမဆက်သည့်အတွက် ကိုအုန်းသော်ကြီးကို အပြစ်တင်လိုက်သည်။

"ခင်ဗျားဆရာက မနက်ကမှ ရောက်လာတာ၊ ကျုပ်နဲ့ သုံးလေးရက်လောက် နေဦးမယ် အောက်မေ့တာ၊ နှစ်နာရီလောက်ကမှ လိုက်ပို့ဖို့ အတင်းပြောတာနဲ့ ကားလုပ်စရာရှိတာ လုပ်နေလို့ ဖုန်းမဆက်နိုင်တာ၊ ခင်ဗျားက ဘယ်မှသွားရတဲ့လူမှ မဟုတ်တာ၊ ကြိုတင်ချိန်းဖို့ လိုသေးလို့လား"

"ကျွန်တော်တို့က သည်မှာ ဖြစ်သလိုစားနေတာ၊ ဆရာ့ကို ကျွန်တော်တို့စားသလို ကျွေးလို့ ဘယ်ဖြစ်ပါ့မလဲဗျ၊ အစီအစဉ်တွေ ဘာတွေ ကြိုလုပ်ရမှာပေါ့"

"သည့်အတွက်တော့ ဘာမှမပူနဲ့၊ ကျုပ်က အားလုံးလုပ်လာပြီးသားပါ၊ ငါးသေတ္တာဘူး၊ အသားဘူး၊ ဝက်အူချောင်း အကုန်လုံး ဝယ်လာတယ်"





ကျွန်တော်က သူတို့နှစ်ယောက် ပြောနေသည်ကိုနားထောင်နေရာမှ ဝင်ပြောလိုက်ရသည်။

"ကိုတင့်လွင် ကျွန်တော့်အတွက် ထူးထူးထွေထွေ ဘာမှမလုပ်နဲ့၊ ကျွန်တော် ခင်ဗျားတို့စားသလို စားနိုင်တယ်၊ စားလည်းစားမယ်"

"မဟုတ်တာဘဲ ဆရာရယ်၊ ကျွန်တော်တို့ ဒီအခြေအနေရောက်လာတာ ဆရာရဲ့စေတနာ၊ ဆရာရဲ့ကူညီမှု၊ တွန်းအားပေးမှုကြောင့် ဆိုတာကို ကျွန်တော့်နှလုံးသားထဲမှာ အမြဲစွဲထင်ထားပါတယ်ဆရာ၊ ကျွန်တော့်ဆီ ရောက်လာဖို့ဆိုတာ လွယ်တာမှမဟုတ်တာ၊ ရောက်တုန်း ရောက်ခိုက် အားရပါးရ ပြုစုချင်တယ်ဆရာ၊ ကျွန်တော့်ဆီမှာ ဆရာ ကြိုက်သလောက် လွတ်လွတ်လပ်လပ်နေပါ၊ ကျွန်တော့်တပည့် မောင်ထင်ကို ဆရာ့အနားမှာ ထားပေးပါ့မယ်၊ ဆရာ လိုသမျှ ခိုင်းပါ"

"ဒီလောက်ကြီး မဟုတ်ပါဘူး ကိုတင့်လွင်ရာ၊ ကျွန်တော့်လာရင်းကိစ္စ အဆင်ပြေဖို့သာ အဓိကပါ၊ ကဲ ... ကိုအုန်းသော်ကြီးလည်း ပြန်ဆင်းတော့၊ မိုးချုပ်နေရင် မကောင်းဘူး"

ကျွန်တော်တို့ စကားဝိုင်းဖွဲ့နေစဉ် အမဲခြောက်ဖုတ်၊ ကြက်ဥကြော်၊ ရေနွေးကြမ်းနှင့် ကော်ဖီ လာချပေးသည်။

ကိုတင့်လွင်၏တပည့် မောင်ထင်၏လက်ရာ။

သူ့တပည့် မောင်ထင်မှာ အပြင်လူမဟုတ်။ အတွင်းအကျဉ်းသားတစ်ယောက်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ထင်က နေ့ဘက်တစ်နေ့လုံး ကိုတင့်လွင် အိမ်မှာ နေပြီး ကိုတင့်လွင်၏ ဝေယျာဝစ္စများကို လုပ်ပေးရသူ။

ညဘက်ကိုတော့ ကိုတင့်လွင်အိမ်မှာ အိပ်ခွင့်မရှိ။

ရဲဘက်တန်းလျားသို့ ပြန်အိပ်ရသည်။

အသက်နှစ်ဆယ့်ငါးနှစ် ဝန်းကျင်လောက်ပဲရှိမည်။ ဘာအမှုနှင့် ရဲဘက်စခန်း ရောက်နေသည်ကိုတော့ မသိရသေး။

ငါးနာရီထိုးတော့ မောင်ထင်က ထမင်းစားပြီး သူအိပ်ရညဉ့်-တန်းလျားဆောင်သို့ ပြန်သွားသည်။

ရဲဘက်စခန်းသို့ ရောက်နေသူတွေထဲမှာ ဖိုးကံကောင်း စာရင်းပေါက်သူတချို့ ရှိသည်။

အရေအတွက်တော့ နည်းသည်။

အဲသည်အထဲမှာ မောင်ထင် တစ်ယောက်လည်းပါသည်။

ထောင်မှူးကြီးအိမ်မှာ အလုပ်တာဝန် ကျသည့်အတွက် ကျောက်ထုလုပ်ငန်းခွင်မှာထက် သက်သာသည်။

ထောင်မှူးကြီး အိမ်မှာပင် စားရသောကြောင့် ရဲဘက်စခန်းကထက် သာသည်။

သန့်သန့်ပြန့်ပြန့် နေရသည်။

အလုပ်အားချိန်တွင် သက်သောင့်သက်သာ နေထိုင်လို့ရသည်။

ရိုးသားမှုနှင့် ယုံကြည်စိတ်ချရမှုကြောင့်သာ ခေါ်ထားရခြင်း ဖြစ်သည်။





တစ်စုံတစ်ရာ ပြဿနာပေါ်လာလျှင် ခေါ်ထားသူမှာ တာဝန်ရှိသည်။

ရဲဘက်စခန်းမှာ ထောင်လိုမဟုတ်။ ပြေးပေါက်ပြေးလမ်းများသလို လွယ်လည်း လွယ်ကူသည်။

လူ့စိတ်က အပြောင်းအလဲ မြန်သည်။

ခုတစ်မျိုး ... ခုတစ်မျိုး စက္ကန့်ပိုင်း မိနစ်ပိုင်းနှင့်အမျှ ပြောင်းလဲတတ်သောကြောင့် မျက်နှာလွှဲခဲပစ် သဘောမျိုးထားလို့မရ။

မကြာခဏဆိုသလို သတိပေး ဆုံးမနေရသည်။

တာပေါက်လျှင် ကိုယ့်မှာပဲ တာဝန်ရှိသောကြောင့် စိတ်ချလက်ချ လွှတ်ထားလို့မရ။

လွှတ်ရက် နှစ်ပိုင်းလိုသမားများကို ခေါ်မထားရဲ။ လပိုင်းလိုသမားများထဲ ရိုးသားပြီး အသိတရားရှိသူကို ရွေးခေါ်ရသည်။

သူတို့အတွက် ညနေစာထမင်းပွဲကို ဝါဒါတစ်ယောက်၏ အမျိုးသမီးက လာရောက်ပြင်ဆင်ပေးသည်။

ဘူးညွန့်ဟင်းချိုပူပူကလေး၊ ကြက်ဥကြော်၊ အမဲခြောက်ဖုတ်နှင့် ညောင်ဖူးချဉ် အသုပ်ပါသည်။

ညောင်ဖူးချဉ်အသုပ်ကို ပုစွန်ခြောက်ကဲ၍ ပြေပြေလေးသုပ်ထား၏။

ချဉ်ရည်ဟင်း၊ ကြက်ဥကြော်နှင့် အမဲခြောက်ဖုတ်များမှာ မောင်ထင်၏လက်ရာ။



www.burmeseclassic.com

www.burmeseclassic.com



ညှောင်ဖူးချဉ်သုပ်ကတော့ ထမင်းပွဲလာပြင်ပေးသူ အမျိုးသမီး၏လက်ရာ။

စားလို့အဆင်ပြေသည်။ စားကောင်းသည်။

ရှာနှင့်မနီး၊ မြို့နှင့်အလှမ်းဝေးသော နေရာမျိုးတွင် အထူးထင်းလျှာ ချက်ပြုတ်ဖို့မလွယ်။

ကြက်သားကိုတော့ အလွယ်တကူ ချက်စားလို့ရသည်။

ဒါပေမဲ့ ပုံသွားတော့မရ။

အိမ်မွေးကြက်ကို တွတ်နှင့်နက်ရသည့် ကြက်သားပဲရသည်။

ဝက်သားကိုတော့ တစ်ပတ်တစ်ခါ စားခွင့်ရကြသည်။

ရဲဘက်များအား အသားကျွေးသည့်နေ့တွင် စခန်းတွင်းနေထိုင်ကြသည့် ဝန်ထမ်းများအတွက် အပိုဆောင်းဝယ်ပြီး အိမ်ထောင်စုအလိုက် ဝေပေးသည်။

ထိုသို့ တစ်ပတ် ခါ်ကြိမ် နှစ်ကြိမ်ရသည့် အသားကို ပြုတ်တန်ပြုတ်၊ ကြော်တန်ကြော်ပြီး အသီးအရွက်များနှင့် ရောနှောစားရသည်။

ပင်တိုင်ရသည့် အသားမှာ အမဲသား။

အမဲသားအစိမ်းကို ဝယ်ယူ၍ ကိုယ့်ဟာကိုယ် အခြောက်လှမ်းပြီး စားရသည်။

ညနေစာစားပြီး ပက်လက်ကုလားထိုင်ကိုယ်စီဖြင့် ထိုင်ကြရင်း၊ သူ့မိသားစု ကိုယ့်မိသားစု အကြောင်းနှင့် လုပ်ငန်းကိုင်ငန်းအကြောင်းများ ပြောကြရသည်။





မီးပွင့်ကလေးများ၏ အလင်းရောင်မှာ အားနည်းသည်။

မီးချောင်းများက ညဦးပိုင်းဖွင့်လို့မရ။ ည၉နာရီ သန်းခေါင်ကျော်မှ ဖွင့်လို့ရသည်။

စခန်းတွင်းရှိ မိသားစုများမှာ ဘယ်ကိုမှ သွားလာစရာ မရှိသည့်အလျောက် ကိုယ့်အိမ်တွင်း၌သာ နေကြရသည်။ ဝါဒါတန်းလျားတွင်မှ တစ်ခန်းနှင့်တစ်ခန်း ကူးသန်း၍ စကားစမြည်ပြောကြရသည်။

ထုံးဘိုရဲဘက်စခန်းတွင် တာဝန်ထမ်းဆောင်ကြရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ဘဝမှာ သာယာပျော်ရွှင်မှုများနှင့် ကင်းပနေကြသည်။

ကြည့်စရာ မြင်ကွင်းအသစ်အဆန်းလည်း မရှိ။ ရေဒီယို အသံမှလွဲ၍ အခြားနားသောတဆင်စရာ ဘာမှမရှိ။ ရေဒီယိုကလည်း အိမ်တိုင်းမှာမရှိ။ မြို့ရွာ၏ဝန်းကျင် မဟုတ်သောကြောင့် ဆိုင်းသံ ဗုံသံနှင့်လည်း ကင်းဝေးနေသည်။ သွားစရာ လာစရာဆို၍ ပတ်ဝန်းကျင်တွင် လူနေရပ်ရွာမရှိ။ မြေကြော ရှုံ့ခံထားရသူများလို စခန်းတွင်းရှိ မြေကြော အကျယ်အဝန်းလောက်သာ သွားလို့လာလို့ရသည်။

နေ့ဘက်တွင် ကျောက်တောင်ကြီးကို ခွဲထုတ်နေသည့် မိုင်းခွဲသံများကို ကြားနေရသော်လည်း ညဘက်တွင်မူ တိတ်ဆိတ်ငြိမ်သက်ခြင်းသာ လွှမ်းထင်နေစမြဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အနေအစား ဆင်းရဲစေကာမူ လုပ်ငန်းတာဝန်ရှိရာတွင် နေထိုင်ကြရသည့်အလျောက် နေသားကျနေပြီဖြစ်သည့်အတိုင်း [illegible]ကြည့်ရသည်မှာ မည်သို့မှ မထူးခြားသလိုပင်။ အေးအေး [illegible]သွားလာလှုပ်ရှားနေကြသည်။

ကိုတင့်လွင်က သူတို့စခန်းတွင်းရှိ မိသားစုများ အခြေအနေကို ပြောပြသည်။ သူလည်း တတ်နိုင်သမျှ သူတို့၏ နေထိုင်မှု သက်သာချောင်ချိရေးအတွက် လုပ်ပေးနေရပုံများကို ပြောပြသည်။

"ဒီမှာ တစ်ခုကောင်းတာက ရပ်ထဲရွာထဲမှာလို စကားမရှုပ်ဘူး၊ ပြဿနာမရှိဘူး၊ အပြိုင်အဆိုင်မရှိဘူး၊ ဟင်းလျာစားရတာက အစ အတူတူပဲ။ တစ်ဦးကိုတစ်ဦး ဖေးဖေးမမနဲ့ ညီညီညွတ်ညွတ် နေကြတယ်၊ ဘယ်သူမှမမြင်ရတဲ့နေရာဆိုတော့ အဝတ်အဆင် တောင် အထူးတလည်မဝတ်ကြဘူး၊ ဖြစ်သလိုပဲ ဝတ်ဆင်နေထိုင်ကြတယ် ဆရာ၊ ကျွန်တော်တောင် ကျောင်းပိတ်ရင် ဒီမှာပဲခေါ်ထားမလို့"

ကိုတင့်လွင်က လူလွတ်လူပျိုမဟုတ်။ ကလေးတစ်ယောက် ဖခင်အိမ်ထောင်သည်။

ဇနီးဖြစ်သူက အလယ်တန်းပြဆရာမ။

ခေတ်ကာလ အခြေအနေအရ လင်စုံမယားဖက်နှစ်ဦးစလုံး ဝင်ငွေရှိမှ တန်ကာကျသည်မို့ သူတို့ဇနီးမောင်နှံမှာ မောင်တစ်ထမ်း မယ်တစ်ရွက်ဖြင့် တကွဲတပြားစီနေရသည်။

ဆန္ဒထက် အခြေအနေပေးသလို နေထိုင်ကြရသည်။





"ရှေ့ရေးအတွက် အနစ်နာခံရတာပေါ့ ဆရာရယ်၊ ရဲဘက်စခန်းတွေဖွင့်တော့ ကျွန်တော်တို့လည်း ရာထူးအတက်မြန်တာပေါ့၊ ထောင်ကြီးတွေမှာ ထောင်မှူးကြီးဖြစ်ဖို့ အခွင့်အလမ်းပွင့်အောင် ငယ်ငယ်ရွယ်ရွယ်နဲ့ လုပ်နိုင်ကိုင်နိုင် ရှာနိုင်တုန်း။ ကျန်းမာရေးလည်းကောင်းနေတုန်း ဒီလိုနေရာမျိုးကို ခြေကုတ်ယူထားရတာပေါ့၊ ဒီမှာ လုပ်ရကိုင်ရတာ ထောင်ကြီးတွေမှာလို မဟုတ်ဘူး ဆရာ၊ စိတ်ရောကိုယ်ပါ ပိုပြီးလွတ်လပ်တယ်၊ ကိုယ့်အစွမ်းအစကိုလည်း အထက်ဆိုင်ရာကသိအောင် ထင်သာမြင်သာပြဖို့ အခွင့်ရတယ် ဆရာ၊ ဒါကြောင့် ကျွန်တော် အခြေခံလမ်းကြောင်းကိုရွေးလိုက်တာပါ"

ကျွန်တော်တို့နှစ်ယောက် စကားထိုင်ပြောနေတုန်း ထောင်မှူးလေးတစ်ယောက် ရောက်လာသည်။

ကင်းအားလုံးနှင့် အိပ်ဆောင်အခြေအနေကို စစ်ဆေးခဲ့ပြီးကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာမရှိကြောင်း သတင်းလာပို့သည်။

ကိုတင့်လွင်က ဆယ့်တစ်နာရီလောက် သူ ကင်းစစ်ထွက်မည့်အကြောင်းနှင့် မနက်သုံးနာရီပိုင်းကို သတင်းလာပို့သူ ထောင်မှူးလေးက တာဝန်ယူဖို့အကြောင်းပြောပြီး စောစောပြန်အိပ်နိုင်းလိုက်သည်။

သူတို့သည် တာဝန်ပိုင်းက လွယ်တော့မလွယ်။

နေ့ဘက်သာမက ညဘက်ကိုပါ တာဝန်အသီးသီးယူ၍ လှုပ်ရှားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းခွင် သတ်မှတ်စံချိန်မီအောင်လည်း ကွပ်ကဲကြီးကြပ်ရသည်။

စခန်းအတွင်း ပြဿနာအတွေ့တွေ့မပေါ်အောင်လည်း ထိန်းသိမ်းရသည်။

ရဲဘက်များနှင့် ဝန်ထမ်းမိသားစု စားရေး၊ သောက်ရေး၊ ကျန်းမာရေးနှင့် အထွေထွေကိစ္စများတွင်လည်း ကိုယ်ကပဲ ဦးစီးဦးကိုင်တာဝန်ယူရ၏။

အထူးခေါင်းခဲရသည်မှာ ရဲဘက်ပြေးပြဿနာပေါ်လာသော အခါတွင်ဖြစ်သည်။

သူ့တာဝန်နှင့်သူ ခွဲပေးထားပေမယ့် လုံးဝစိတ်ချလက်ချ လွှတ်ပေးထားလို့မရ။

ညဥ့်နက်ပိုင်းတွင်ပါ ကိုယ်မပါမပြီးပါရသည်။

အကျဉ်းသားရဲဘက်တွေထဲမှာမထူးသမားတွေပါသည်။ အခြေအနေပေးလျှင်ပေးသလို လစ်ဖို့အတွက် အကွက်ချောင်းနေသူတွေလည်းရှိသည်။

မထူးသမားတွေ၏ အခြေအနေ၊ သူတို့၏လှုပ်ရှားမှုနှင့် ဘာတွေဘယ်လို ကြံစည်နေသည်ကို ကိုယ်က အနီးကပ်စောင့်ကြည့်ဖို့မလွယ်။

[illegible]ကြင်းဆီနှင့် ငါးကြင်းကြော်နည်းကို သုံးပြီး သူ့လူကိုယ့်ဘက်သားများကို ဆုမှတ်ရက် မက်လုံးပေး၍ မွေးထားရသည်။





ကိုယ်မွေးထားပြီး သူ့လူကိုယ့်ဘက်သားမဖြစ်ဘဲ ကိုယ့်လူသူ့ဘက်သားဖြစ်သွားသူများလည်း ရှိတတ်သည်။

မထူးသမားတွေကို အနုနည်းဖြင့် ကိုယ့်ရင်ခွင်ထဲရောက်အောင် ဆွဲသွင်းရသလို အကြမ်းနည်းဖြင့်လည်း ဗိန်းမောင်းတိုက်ရသည်။

"မလွယ်ဘူး ဆရာရေ ... ဆရာလည်း သမ္မတရုံမှာတုန်းက အနုကြမ်းတွဲလုံးတွေနဲ့ တီးကွက်ဖော်တဲ့ အတွေ့အကြုံတွေရှိခဲ့တာပဲ၊ ဆရာနဲ့တွဲတုန်းက ဒီလောက်သဘောမပေါက်ခဲ့ဘူး၊ ခု ကိုယ်တွေ့ကြုံတော့မှာပဲ ပိုပြီးသဘောပေါက်လာတယ်"

သူပြောသလိုပင် လူအများနှင့်ဆက်ဆံလုပ်ကိုင်ရသည့် လုပ်ငန်းများ၊ စီမံခန့်ခွဲမှု ကိုင်တွယ်ရသူများမှာ မလွယ်ကူ။ ကိုတင့်လွင်တို့လို ဒုစရိုက်လောကသား လူကြမ်းပေါင်းစုံနှင့် ဆက်ဆံလုပ်ကိုင်ရသည်မှာ သာ၍ပင်မလွယ်ကူ။

'ကျွန်တော် သည်အခြေအနေရောက်လာတာ ဆရာရဲ့ကူညီမှု၊ တွန်းအားပေးမှုကြောင့်ပါ'ဟု ကိုတင့်လွင် ပြောခဲ့သည့်အတိုင်း သူနှင့်ကျွန်တော်သည် တစ်ချိန်သောအခါက လုပ်ဖော်ကိုင်ဖက် ဆရာတပည့် ဖြစ်ခဲ့ဖူးသည်။

နှစ်ပေါင်းအတော်ကြာခဲ့ပြီးသည့် အတိတ်ကာလ။

ကျွန်တော်က သမ္မတရုပ်ရှင်ရုံမှာ လက်ထောက်မန်နေဂျာ၊ ပွဲတွဲအလုပ်က စာရေးသည်။

ကိုတင့်လွင်က ဘွဲ့ရပြီးစ။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကိုင် အတည်တကျမရှိသေးခင် ရုပ်ရှင်ကော်ပိုရေးရှင်းတွင် လုပ်အားပေး၊ ယာယီ ရောင်းသိမ်းများအဖြစ် ခေတ္တကွန်းခိုခဲ့ကြ၏။

သူတို့ရရှိခဲ့သည့်ဘွဲ့နှင့် ထိုက်သင့်သောအလုပ်မရခင် ရရာအလုပ်တွင် ဝင်ထိုင်ကြခြင်းဖြစ်သည်။

ကိုတင့်လွင့် အပါအဝင် ဘွဲ့ရခုနစ်ယောက် သမ္မတရုံသို့ရောက်လာကြသည်။

ရုပ်ရှင်ကို မကြိုက်နှစ်သက်သူက ခပ်ရှားရှား။

လခလည်းရ၊ ရုပ်ရှင်လည်း အလကားကြည့်ရသောကြောင့် လုပ်ငန်းခွင်မှာ သူတို့ပျော်နေကြ၏။

သမ္မတရုံက လက်ရွေးစဉ်ကားကောင်းတွေသာပြသည့်ရုံ။

တာဝန်ချိန်မှာ လုပ်ငန်းခွင်ဝင်၊ အားလပ်သည့်အခါ ရုပ်ရှင်ကြည့်။

ကိုယ် တာဝန်ကျသည့်ရုံသာမဟုတ်၊ အခြားသောရုံများသို့လည်းသွားကြည့်၍ရသည်။

ကိုတင့်လွင်တို့လို လူငယ်တွေ မပျော်ဘယ်သို့ရှိလိမ့် ဘုပ။

လုပ်ငန်းသဘာဝက သက်သောင့်သက်သာ ခေါက်ရိုး ဂကျေလုပ်ရသည့်အလုပ်။

အလုပ်ချိန်မှာ မနက်ကိုးနာရီက ညရှစ်နာရီ ကုံးန‌ာ၊အထိဟုဆိုစေကာမူ ရုပ်ရှင်တစ်ပွဲတွင် လုပ်ရသည့်အလုပ်မှာ နာရီဝက်ထက်မပို။





တကယ်လုပ်ရသည့်အချိန်မှာ တစ်နေ့လုံး နှစ်နာရီသုံးနာရီသာလုပ်ရသည်။

ရုပ်ရှင်တစ်ပွဲနှင့်တစ်ပွဲ အားလပ်ချိန်ရသည့် နာရီပိုင်းများတွင် ရုပ်ရှင်ကြည့်မလား၊ မြို့ထဲလျှောက်လည်မလား၊ ဗိုလ်ချုပ်ဈေးသွားပြီး ရော့ပင်ထွက်လာသည့် မြာလေးတွေကို မျက်လုံးဖိုက်ပွဲသွားလုပ်ဖြစ်သည်။

လက်မှတ်အဝယ်ရခက်သည့် သမ္မတရုံက လက်မှတ်ကိုဝယ်ပေးနိုင်သူဖြစ်သောကြောင့် မျက်နှာပွင့်ဆေး သောက်စရာမလိုသူဖြစ်လာသည်။

သူငယ်ချင်းအပေါင်းအသင်းတွေကို ရုပ်ရှင်ဖရီးပြမလားပြလို့ရသည်။

လူငယ်သဘာဝ လူငယ်စရိုက်နှင့် ညီထွေသည့်လုပ်ငန်းခွင်မှာ ပျော်မွေ့လာသည်။

မက်မင်စရာ အခွင့်အရေးများအပေါ် သာယာမိန်းမောလာသည်။

ရုပ်ရှင်ရုံလုပ်ငန်းခွင်မှာ ပျော်စရာအဖုံဖုံကလည်း ဝန်းရံလို့ရှိနေသမို့ ပျော်နေကြသည်။ မူလရည်မှန်းချက် မေ့မှိန်နေသည်။

လုပ်အားပေး ယာယီရောင်းသိမ်း အလုပ်ခွင်မှာ ခေတ္တခဏနားဦးမည်၊ ထိုကမှ မိမိပညာအရည်အချင်းနှင့် ထိုက်တန်သောအလုပ်ကို ရှာဖွေမည်။ အခြေအနေ ပေးရင်ပေးသလို ကူးပြောင်းမည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါက သူတို့ရဲ့မူလရည်မှန်းချက်။

ခဏနားခိုသည့်အလုပ်ကို နေပြောက်မထိုးနိုင်သည့် တကယ့်ထင်ရှည်အရိပ်ကြီးဟု ထင်မှတ်ပြီး ထိုအရိပ်အပြင်ဘက်သို့ မထွက်ချင် ဖြစ်နေကြသည်။ ထိုအရိပ်အောက်မှာပဲ မွေ့ပျော်နေကြသည်။

ရာသက်ပန်နားခိုရမည့် တကယ်အရိပ်ကို ရှာဖွေဖို့ အရိပ်ရှိရာကို လျှောက်လှမ်းဖို့မေ့နေကြသည်။

ကျွန်တော်က သူတို့နှင့် နေ့စဉ်ဆုံတွေ့နေရသည့်အလျောက် သူတို့၏ စိတ်အပြောင်းအလဲရှိလာရုံနှင့် အနေအထိုင် အခြေအနေ လုပ်ရှားပုံအနေအထား အပြောင်းအလဲကို အကဲခတ်မိခဲ့သည်။

သူတို့အား လက်ရှိလုပ်ငန်းခွင်တွင် ဖင်မမြဲစေချင်။ ရှိမနေစေချင်သည်မှာ ကျွန်တော်၏ ပင်ကိုစေတနာအရင်းခံဖြစ်သည့်အလျောက် ကိုယ်နှင့်မသက်ဆိုင်ဟု သဘောမမူနိုင်ဘဲ မပြောမပြီး မတီးမမြည်ဆိုသလို ပြောရဆိုရပါတော့သည်။

ရပ်ရှင်ရုံလုပ်ငန်းခွင်သည် သူတို့ အထိုင်မြဲရမည့်လုပ်ငန်းခွင့်မဟုတ်ကြောင်း၊ ရှေ့တက်လမ်း မျှော်မှန်း၍မရသည့် လုပ်ငန်းခွင်ဖြစ်ကြောင်း။ ဘဝတက်လမ်းမျှော်မှန်းချက် မထားနိုင်သော ပညာတတ်မဟုတ်သူများနှင့် လူပေလူတေ လူပွေတို့သာ အ ထိုင် မြဲကြသည့်လုပ်ငန်းဖြစ်ကြောင်း။

ကိုယ်ရင်းနှီးခဲ့ရသည့် အရင်းအနှီးမှာ ကြီး‌ သည့်အလျောက် ထိုက်သင့်သော အမြတ်အစွန်းကို ထိုနေရာတွင် မရနိုင်ကြောင်း။





တဒင်္ဂဟန် ပျော်ရွှင်သာယာမှုသည် ဘဝတက်လမ်း,လမ်းကြောင်းကို သွေဖီပြီး ဘဝပျက်လမ်းကြောင်းပေါ်သို့ ရောက်လိမ့်မည်သာဖြစ်ကြောင်း။

ရုပ်ရှင်ရုံဝန်ထမ်း လောကသားတို့၏ ဖြစ်ကြောင်းပျက်ကြောင်း လက်တွေ့သာကေများဖြင့် ပြောပြ၍ အခြားတည်ငြိမ်သော လုပ်ငန်းခွင်သို့ပြောင်းရန် စဉ်းစားဖို့ အခါအခွင့်သာတိုင်း တိုက်တွန်းခဲ့သည်။

လိုအပ်သော အဆက်အသွယ် အကူအညီများအတွက် ကျွန်တော်နှင့် မန်နေဂျာဗိုလ်ဉာဏ်မောင်ပါ အကူအညီပေးမည့်အကြောင်း ပြောရသည်။

ထိုသို့ ထပ်မနားတိုက်တွန်းခဲ့သောကြောင့် သူတို့လည်း ဘဝလမ်းကြောင်း အမှန်ပေါ်သို့ရောက်အောင် ကြိုးစားခဲ့ကြသည်။

ကျွန်တော့်ရုံသို့ ရောက်လာသူ ခုနစ်ယောက်အနက် ငါးယောက်မှာ သူတို့ပညာအရည်အချင်းနှင့် ထိုက်သင့်သော လုပ်ငန်းခွင်များသို့ ပြောင်းရွှေ့သွားခဲ့ကြသည်။

ထိုငါးယောက်စလုံး သက်ရှိထင်ရှားရှိ၍ အရာရှိငယ် အရာရှိကြီးအဆင့်များဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြသည်။

ကိုတင့်လွင်က အကျဉ်းဦးစီးဌာနမှ ခေါ်ထားသည့် ထောင်မှူးလေးအလုပ် လျှောက်ထားပြီးဖြစ်ကြောင်းနှင့် အကူအညီပေးရန် ပြော ာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကျွန်တော်နှင့် ရင်းနှီးသော ထောင်အကြောင်း ရေးသည့် ထော်ပိုင်ကြီး ဆရာရန်အောင်မောင်မောင်ထံ ကိုတင့်လွင်ကို ခေါ်သွားပြီး အကူအညီ တောင်းခဲ့ရသည်။

ဆရာရန်အောင်မောင်မောင်ကလည်း သူ တတ်နိုင်စွမ်းသော အကူအညီကို လက်ဆင့်ကမ်းခဲ့သည်။

သို့မှ ကိုတင့်လွင် ထောင်မှူးလေး ဖြစ်လာသည်။

ခုရဲဘက်စခန်း ထောင်မှူးကြီး။

ကျွန်တော်က ထောင်ဝတ္ထုများရေးနေသည့် စာရေးဆရာ။

ကျွန်တော့်အတွက် ကုန်ကြမ်းတွေ ရှိနေကြောင်း ကိုယ်တိုင်လာရောက်နိုင်လျှင် ကိုယ်တိုင်လာရောက်ဖို့နှင့် သူကတစ်လုည့်တစ်ပတ် ပြုစုပါရစေဟု စာရေးလာသောကြောင့် သူရှိရာသို့ ရောက်သွားခဲ့သည်။

ထောင်အကြောင်း ထောင်ဝတ္ထုများကို အားပြုရေးနေသည့် ကျွန်တော့်အတွက် တိုင်းရက်သည့်ပက္ကလာ မိုးရွာသည်နှင့် အဆင်သင့် ဖြစ်သွားသည်။

သုံးရက်သာနေမည်ဟု စီစဉ်ခဲ့သည့် အစီအစဉ်ကို ပြောင်းလိုက်ရသည်။

ဖြစ်ရှိလာသည့် အခွင့်အရေးကို လက်လွှတ်မခံနိုင်သည့်အတိုင်း ကိုတင့်လွင်တို့စခန်းမှာ ခြောက်ရက်တိတိ နေထိုင်ဖြစ်သွားသည်။





ကိုတင့်လွင်က ဓာတ်လမ်းဖန်တီးနိုင်မည့် ဓာတ်ကြောင်းသမားများနှင့် တွေ့ပေးသည်။

သူ၏အိမ်မှာပင် အေးအေးဆေးဆေး မေးမြန်းရသည်။

ထောင်မှူးကြီးမျက်နှာနှင့် အရှိန်အဝါကြောင့် ပြောသူတွေကလည်း စိတ်ပါလက်ပါ ပြောပြကြသည်။ မေးစရာရှိသည်များကိုလည်း စစ်စစ်ပေါက်ပေါက် မေးခွင့်ရခဲ့သည်။

ဤစာအုပ်ပါ ဓာတ်ကောင်များမှာ ထုံးဘိုရဲဘက်စခန်းမှ ရဲဘက်များဖြစ်၍ ကုန်ကြမ်းရှာဖွေပေးသူ ထောင်မှူးကြီးနှင့် ကုန်ကြမ်းရှင် ရဲဘက်အား ကျေးဇူးတင် မှတ်တမ်းပြုအပ်ပါသည်။

ဓာတ်ကောင်အမည်များ လွှဲပြောင်းထားသည်မှလွဲ၍ ဓာတ်ကြောင်း ဓာတ်လမ်းမှာ တကယ့်ဖြစ်ရပ်မှန် ဓာတ်လမ်းများသာ ဖြစ်ပါကြောင်း။

**စာပတ်ပရိသတ်အား**

**အစဉ်ထာဝရ လေးစားလျက်**

**ကျော်မြသန်း**

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com

(တစ်)

မွေးမိဘများပေးခဲ့သည့် အမည်မှာ မောင်တိုးအောင်။

တိုးတက်ကြီးပွား အောင်မြင်သူ ဖြစ်ရမည်ဟူသော အတိတ်နိမိတ်ဆောင်ယူပြီး ပေးခဲ့သောအမည်။

နေ့သင့် နံသင့်အမည်။

စနေသားကို တနင်္ဂနွေအညွှန့်ယူ၍ တိုးအောင် အမည်သညာ ခေါ်တွင်စေခဲ့သည်။

သာမန်ခေါ်တွင်စေခဲ့သည် မဟုတ်ဘဲ ပုဇွန်ဆင်းနာမည်ပေး ကင်မွန်းမင်္ဂလာပွဲ ကျင်းပ၍ ရွှေပွဲလာသည့်ပရိသတ်များအား ရေခဲမုန့် ကိတ်မုန့်မျိုးစုံဖြင့် ဧည့်ခံပြီး ပရိသတ်ဗိုလ်ပုံအလယ်တွင် သားလူရတနာကို မောင်တိုးအောင်ဟု ခေါ်တွင်စေကြောင်း နှုတ်မောင်းခတ်ပြီး ပေးခဲ့သည့်အမည်။

အသက်များ ရှည်စေသော်ဟု ကမ္ပည်းတင်ပေးခဲ့သည့် အမည်မှာ တိုးအောင်။





သူ့မှာ မွေးမိဘများ ပေးခဲ့သည့်အပြင် နောက်တိုးနာမည်များလည်း ရှိသေးသည်။

ထပ်တိုးနာမည်များမှာ အောင်မင်း(ခေါ်)ချစ်ထွေး(ခေါ်) လူမောင်။

မူလနာမည်ရင်းနှင့် နောက်တိုးနာမည်များ တွဲစပ်လိုက်သောအခါ လေးမည်ရ ဖြစ်လာသည်။

တိုးအောင် (ခေါ်) အောင်မင်း (ခေါ်) ချစ်ထွေး (ခေါ်) လူမောင်။

သူတို့ ဒုစရိုက်လောက နယ်ပယ်သားများမှာ နာမည်တစ်မျိုးတည်းသမား အတော်ရှားသည်။

နာမည်သုံးလေးမျိုးသမားတွေချည်း။

ထို့ကြောင့် ခါးပိုက်နှိုက်များ ဖမ်းမိသည့်သတင်း သတင်းစာထဲ ပါလာလျှင် နာမည်နှစ်မျိုး သုံးမျိုး ယှဉ်တွဲဖော်ပြသည်ကို တွေ့ရမည်ဖြစ်၏။

သူတို့က ဥပဒေစည်းဝိုင်း၏ အပြင်လူများ ဖြစ်သည့်အလျောက် ဥပဒေဘက်တော်သားများကို လှည့်စားရန် ဤသို့သော နာမည်အမျိုးမျိုးဖြင့် အလှည့်သင့်သလို စခန်းသွားကြသည်။

အခြေချ နေထိုင်ရာ အတည်တကျ မရှိသူများ ဖြစ်သောကြောင့်လည်း တစ်နေရာရောက်လျှင် နာမည်တစ်မျိုးဖြင့် လှုပ်ရှားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြေတကျ နေထိုင်ရာရှိသည့်တိုင် အလှည့်ပြောင်း အရှောင် အတိမ်း ပြဿနာရှိလာရင် ရောက်သည့်နေရာတွင် နာမည်တစ်မျိုးဖြင့် ကျင်လည်ကြသည်မှာ သူတို့အထာ။

ထို့ကြောင့်လည်း တိုးအောင်မှာ နောက်တိုး နာမည်သုံးမျိုး ထပ်တိုးလာပြီး၊ လေးမည်ရ ဒုစရိုက်လောကသား ဖြစ်လာသည်။

ငါးကြိမ်ထောင်ကျ၊ လေးမည်ရ၊ တိုးအောင်၏ ငယ်စဉ်ဘဝမှာ အိုးပိုင်အိမ်ပိုင်နှင့် ချောင်ချောင်လည်လည် နေထိုင်သော မိဘများ၏ မေတ္တာရိပ်တွင် မိဘများ၏ ကြင်နာယုယ ထွေးပိုက်မှုကို ခံစားခဲ့ရသည်။

အစစအရာရာ ပြည့်စုံ၍ တင့်တောင့်တင့်တယ် နေထိုင်ခဲ့ရသည်။ ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းမြေ့မြေ့ နေထိုင်ခဲ့ရသည်။

မိသားစုရိပ်မြုံလေးကို သာယာချမ်းမြေ့ရိပ် လွှမ်းထင်ပေးခဲ့သော ဖခင်ကြီးသ တန်းစေ့ သက်တမ်းရှင်သန် နေထိုင်နိုင်ခဲ့မည်ဆိုလျှင် သူတို့၏မိသားစု ရိပ်မြုံကလေးမှာ ဘယ်လိုနည်းနှင့်မျှ ကစဉ့်ကလျား ဖြစ်စရာအကြောင်းမရှိ။

သူသည်လည်း လေးမည်ရ၊ ထောင်ငါးကြိမ်ကျ၊ ဒုစရိုက်လောကသား ဖြစ်လာလိမ့်မည် မဟုတ်ပေ။

ဖခင်ကြီး တိမ်းပါးသွားသည့် အချိန်တွင် သူ၏အသက်မှာ ဆယ့်ကိုးနှစ်၊ ရှစ်တန်းကျောင်းသား။

သူ၏ပညာအရည်အသွေးမှာ မနိမ့်ကျ။

ခြောက်တန်းအထိ တစ်နှစ်မှ စာမေးပွဲမကျ။





ပညာရည် အဆင့်မနိမ့်သော ကျောင်းသားများနှင့် တန်းတူ ရည်တူ လိုက်နိုင်သည်။

ဖခင်ကြီးက စီးပွားရေးကို အလွန်အမင်း ပိုးပန်းသူဖြစ်သည်။ သက်သောင့်သက်သာ နေထိုင်ချိန် မရှိလောက်အောင် အလုပ်ဇောကပ်သူဖြစ်သည်။

သို့တစေ သားဖြစ်သူ၏ ပညာရေးကိုမူ လျစ်လျူမရှု။ ဂရုတစိုက် ကြည့်ရှုထိန်းမတ်ပေးသည်။ အလေးထား၍ ပံ့ပိုးပေးသည်။ တွန်းအားပေးသည်။

တစ်ဦးတည်းသောသား ဆိုပြီး အလွန်အကျွံ အလိုမလိုက်။

စာနှင့်ပတ်သက်လာလျှင် မျက်နှာသာမပေး။

သူ လေးတန်းရောက်သည့်နှစ်၊ အစိုးရစစ်စာမေးပွဲ။

စာမေးပွဲစစ်ရန် နှစ်လအလိုကတည်းက အပေါင်းအဖော် မိတ်ဆွေများထံ အလည်အပတ် ထွက်လေ့ရှိသော ရပ်ရေးရွာရေး ကိစ္စများအတွက် သွားသွားလာလာရှိသော ဖခင်ကြီးမှာ ဘယ်ကိုမှ အသွားအလာ မလုပ်တော့။

နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ဆိုသလို ဝတ်မပျက် ရောက်လေ့ရှိသော ဘုရားကြီးကျောင်းတိုက် ဆရာတော်ဘုရားကြီးထံသို့ပင် ဝင်ပြုအပ္ပဇော်မရောက်။

သူ စာကျက်သည့်နေရာတွင် ပက်လက်ကုလားထိုင်တစ်လုံးနှင့် ဆေးလိပ်ဖွာရင်း အချိန်ပြည့် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးလေး မှာသွားသည့်အတိုင်း ဦးလေး၏ဇနီးဖြစ်သူက ရေမိုးချိုးပြီး လဲလှယ်ရန် စွပ်ကျယ်နှင့် လုံချည်ထုတ်ပေးသည်။

ရေချိုးပြီးနောက် အဆင်သင့် ခူးခတ်ထားသည့် ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်ရသည်။

ဦးလေး၏ဇနီးဖြစ်သူ ဒေါ်လေးမိက ထမင်းပွဲပြင်ပေးပြီး အိမ်ရှေ့ခန်းတွင် ဆေးလိပ်ထိုင်သောက်နေသဖြင့် စကားမပြောရ၊ စားသောက်ဆေးကြောပြီး ဒေါ်လေးမိက အိမ်ကိုအပ်၍ အပြင်ခဏ သွားဦးမည်ဟု ပြောပြီးထွက်သွားသည်။

တကယ်ပဲ အပြင်သွားစရာရှိ၍လား၊ အခြားနှသာအကြောင်း ကြောင်းများကြောင့်လား ဆိုသည်ကိုတော့ တတ်အပ်မတ်ချ မပြော နိုင်။

ဦးလေးရော ဒေါ်လေးပါ အခြေပျက်သည့်သဘော ရှိနေသည်မှာ သူ့စိတ်ထဲတွင် ထင်လိုက်မိသည်။

ဤသို့ ထင်စရာ အတိတ်အကြောင်း ဖြစ်ရပ်များလည်း ရှိခဲ့ဖူးသည်။

သူက ဒေါ်လေး ခင်းပေးခဲ့သော ဖျာပေါ်လှဲရင်း တောင် စဉ်ရေမရ အတွေးများနှင့် ရစ်ထွေးနေသောကြောင့် အိပ်လို့မရ။

မည်သို့ပင်ရှိပါစေ။

သူ၏ဘဝအခြေအနေမှာ ခြေသလုံးအိမ်တိုင် အခြေအနေ ဘက်သို့ ယိမ်းယိုင်နေပြီကိုတော့ သူက သဘောပေါက်ထားပြီး သား။





နာရီမရှိသဖြင့် အချိန်နာရီကို အတိအကျ မသိနိုင်ပေမယ့် မွန်းတိမ်း နေအတော်စောင်းသွားပြီကိုတော့ သိနေသည်။

အဦးဆုံး အိမ်ပြန်ရောက်လာသူမှာ ဒေါ်လေး။

ဒေါ်လေးလက်ထဲမှာ အင်ဖက်နှင့် ထုပ်ထားသည့် အထုပ် ကလေးတစ်ထုပ် ပါလာသည်။

ညနေဘက် ဟင်းစားသွားရှာရသည်ဟု ပြောပြီး မီးဖိုချောင် ဘက် ဝင်သွားသည်။ ဒေါ်လေးက တော်တော်နှင့် ပြန်ထွက်မလာ။

သူက လှဲလိုက် ထိုင်လိုက်နှင့် တပိန်ပိန် တလိမ်လိမ်။

အောင်ကျော်တို့အိမ်ဘက် သွားရကောင်းမလားလို့ ဖြစ်စိတ် ပေါ်လာသည်။

စိတ်ဖြစ်ရှိလာပေမယ့် အပြင်ထွက်ရမည်ကို ဝန်လေးနေ သောကြောင့် မသွားဖြစ်။

ဟိုကြည့်သည်ငေး လုပ်ဖို့ကလည်း စည်စည်ကားကား အသွားအလာရှိသော ရပ်ကွက်မဟုတ်သဖြင့် ကြည့်စရာ ငေးစရာ ကလည်း မရှိ။

ထိုင်နေသည်နှင့်စာလျှင် လှဲနေရသည်က သက်သောင့် သက်သာ ရှိတာမို့ လှဲနေရင်း တစ်မှေးခနဲ ဖြစ်သွားသည်။

ဦးလေး၏အသံကို နားထဲတွင် ဝိုးတဝါး ကြားလိုက်သော ကြောင့် မှေးခနဲဖြစ်နေရာမှ ငေါက်ခနဲ ထထိုင်မိလျက်သား ဖြစ် သွားသည်။

ဦးလေး ပြန်ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းနာရင်ကျပ် ချောင်းဆိုးအစွဲကို မဖျောက်နိုင်သောကြောင့် ပန်းနာရင်ကျပ် ကောင်းနိုးရာရာ ဆေးများဖြင့်ကုသရင်း အိပ်ရာထဲ ဘုန်းဘုန်းလဲသည့် အခြေအနေသို့ ရောက်သွားသည်။

ဒီတော့မှ ဆရာဝန်ကို အိပ်ပင့်ပြီး အင်္ဂလိပ်ဆေးဝါးများနှင့် ကုသခဲ့သည်။

ဆရာဝန်က ဆေးရုံတက်မှ ဖြစ်မည်ဟု ပြောသည်။

လူနာက ဆေးရုံတော့ မတက်ပါရစေနဲ့ဟု တောင်းပန်ပြီး ဆေးရုံ မတက်ဖြစ်ခဲ့။

အိပ်ရာထဲ ဗုန်းဗုန်းလဲပြီး တစ်လပင် မခံလိုက် မိသားစု အေးရိပ်ငြိမ်ကလေးကို ကျောခိုင်းသွားသည်။

သူ့ဖခင်ကြီး မတိမ်းပါးခင် တစ်ပတ်လောက် အလိုက သူ့အား အနားသို့ခေါ် လေသံသဲ့သဲ့နှင့် အမှာစကားပြောခဲ့သည်များကို သူ ယနေ့အထိ မှတ်မိနေသည်။

"သား … ဖေဖေတို့ ဒီအခြေအနေထိရောက်အောင် ဖေဖေ ဘယ်လောက် ရုန်းကန်လှုပ်ရှားခဲ့တယ် ဆိုတာကို ဖေဖေ ရှည်ရှည်ဝေးဝေး မပြောနိုင်တော့ဘူး၊ မင်းမေမေကို မေးကြည့်၊ ဖေဖေမှာ ပညာအခြေခံနည်းတယ်၊ ပညာအရင်းအနှီး မရှိဘူး၊ ဒီတော့ ကာယအား၊ ဝီရိယအားတို့နဲ့ ကြိုးစားမှုကို အရင်းအနှီးလုပ်ပြီး ဝန်နဲ့အား မမျှအောင် ရုန်းကန်လှုပ်ရှားခဲ့ရတယ်၊ ငါ့သားကို ဖေဖေ ဒီလောက်ထိ ကြပ်ကြပ်မတ်မတ်နဲ့ တွန်းအားပေးနေရတာ ဖေဖေလို အရင်းအနှီးမဲ့မှာစိုးလို့ပဲ၊ ခု ဖေဖေပြောနေတာတွေကို





သား သေသေချာချာ နားထောင်ပြီး ခေါင်းထဲမှာ စွဲနေအောင် မှတ်ထား၊ ပြီးရင် ဖေဖေ ပြန်မေးမယ်"

တိုးအောင်အဖေက ပြန်မေးမယ်လို့ ပြောတာကြောင့် တိုးအောင်ကလည်း သေသေချာချာ နားထောင်ခဲ့ရသည်။ သို့မို့ကြောင့်လည်း သူ့ခေါင်းထဲမှာ စွဲထင်နေအောင် မှတ်မိခဲ့ခြင်းဖြစ်သည်။

သူ့အဖေက နားလိုက် ပြောလိုက်ဖြင့် ပြောသွားရှာသည်။

"မင်း … အခု ပညာသင်နေတာဟာ သားရဲ့ဘဝရှေ့ရေးအတွက် အရင်းအနှီးရအောင် သင်နေတာ၊ အရင်းအနှီးများရင် အမြတ်များတယ်သား၊ အရင်းအနှီးများလေ အမြတ်များလေပဲ၊ ရှစ်တန်းသမားတစ်ယောက်ရဲ့ အရင်းအနှီးတန်ဖိုးနဲ့ ဆယ်တန်းသမားတစ်ယောက် အရင်းအနှီး တန်ဖိုးမတူသလို ဆယ်တန်းသမားတစ်ယောက်ရဲ့ အရင်းအနှီးနဲ့ ဘွဲ့ရသမားတစ်ယောက်ရဲ့ အရင်းအနှီးဟာလည်း ဘယ်တူပါ့မလဲ၊ ခု ဖေဖေပြောနေတာ သား နားလည်ရဲ့လား"

ထိုစဉ်က သူ့ဖခင် ပြောနေသည်ကို တိတိပပ နားမလည်၊ ရိုးတိုးရိပ်တိတ် သဘောလောက်ပဲ နားလည်သည်။ ပြန်မေးရင် ပြန်ပြောနိုင်အောင်တော့ ဂရုတစိုက် နားထောင်ခဲ့သည်။

"ရိုးရိုးဘွဲ့နဲ့ အင်ဂျင်နီယာဘွဲ့၊ ဆရာဝန်ရဲ့ အရင်းအနှီးဟာလည်း မတူပြန်ဘူး၊ အရင်းအနှီးများမှ အမြင်များတယ်ဆိုတဲ့ သဘောအရ အမြတ်များများရအောင် သားက အရင်းအနှီးများ



www.burmeseclassic.com

www.burmeseclassic.com



များ ရှာထားရမယ်၊ အဲဒါကို သား ခေါင်းထဲမှာ စွဲအောင်မှတ်ထား၊ ကဲ ... ဖေဖေ ပြောတာကို သား နားလည်သလို ပြန်ပြောစမ်း"

သူက သူနားလည်သလို ပြန်ပြောသည်။ ကြိုးစားပြီး အတန်းကြီးကြီးရောက်အောင်လုပ်ဖို့။

"အေး ... သား ပိုရှင်းအောင် ဖေဖေ ပြောမယ်၊ ငွေတစ်ကျပ်ရင်းလို့ ဆယ်ပြားမြတ်ရင် ငွေတစ်ဆယ်ရင်းစမ်း ဘယ်လောက်မြတ်မလဲ၊ တစ်ကျပ်မြတ်မယ်၊ တစ်ရာရင်းရင် တစ်ဆယ်မြတ်မယ်၊ အဲဒါပဲ သား၊ အမြတ်များများရအောင် ဘာလုပ်ရမလဲ ဆိုတာ သားဘာသာ စဉ်းစားပေတော့"

သူ၏ဖခင်ဖြစ်သူက သူတို့မိသားစုကို မျက်နှာမလွှဲခင် ထိုသို့မှာခဲ့သည်။ ဖခင်မရှိသည့်နောက် သူကလည်း ဖခင်ရှိစဉ် တုန်းကလိုပင် စာကိုကြိုးစားခဲ့သည်။

ခြောက်တန်းကို ချောချောမောမော အောင်မြင်ခဲ့သည်။

ဖခင်မရှိသည့်နောက် ဖခင်ကြီး၏ စပါးအရောင်းအဝယ် လုပ်ငန်းမှာ ရပ်ဆိုင်းသွားခဲ့သည်။

ဖခင်ကြီးက ထိုလုပ်ငန်းကို သဘောလောက်ပဲ နားလည်သည်။

ပိုင်ပိုင်နိုင်နိုင် မလုပ်တတ်သလို တောဆင်းဖို့လည်းလည်း မလုပ်တတ်။

မိခင်ကြီးက အထုပ်အထည် ထားခဲ့သည်။





တိုးပွားအောင်လုပ်ဖို့ကျတော့ သူတို့မှာ အခက်အခဲတွေ ရှိလာသည်။

လုပ်ရေးကိုင်ရေးသာမဟုတ်၊ နေရေးထိုင်ရေးလည်း အခက်အခဲ ရှိလာသည်။

ခြံနှင့်ဝင်းနှင့် သုံးပင်နှစ်ခန်းအိမ်ကြီးမှာ သူတို့သားအမိနှစ်ယောက်တည်း။ သူက လူမမယ်။

သူတို့မှာ အထုပ်အထည်ကလည်း ရှိထားတော့ ညရေး ညတာအတွက် စိတ်မချရ။

အသိမိတ်ဆွေထဲက မိန်းမဖော်တစ်ယောက် လာအိပ်ပေမယ့် ယောကျ်ားသား ကြီးကြီးမားမားမရှိ။

မတတ်သာသည့်အဆုံး အမေ့မောင် လင်မယားကို အိမ်ပေါ်ခေါ်တင်ထားရသည်။

အမေ့မောင် ဦးလေးဖြစ်သူမှာ လက်ကြောတင်းအောင် ဟုတ္တိပတ္တိ အလုပ်လုပ်သူ မဟုတ်။

အပြော ကြွ ဆိုသည့် ယောင်ခြောက်ဆယ်သမား။

တစ်ချိန်သောအခါက ကားပိုင်ရှင် ဖြစ်ခဲ့ဖူးသည်။

ဖဲကစား ဝါသနာထုံမှု့ခဲ့ရာမှ ကားရောအိမ်ပါပြုတ်ပြီး ဒရိုင်ဘာအဖြစ် သူများကားကို ပြန်မောင်းနေရသူ။

သူကတော့ ဖဲကြောင့် စီးပွားပျက်သည်လို့ ဘယ်တော့မှ မပြော။



www.burmeseclassic.com

www.burmeseclassic.com



ကားထောင်ရာက လူယုံဒရိုင်ဘာလုပ်လို့ ကားထဲတွင် မဟုတ် ပြားသွားရသည်ဟူ ကားနှင့်အကျိုးမပေးပုံကိုသာ အပြစ်ဆောက်ထောက် ပြောလေ့ရှိသည်။

လူကတော့ အတော့်ကို လူရည်လည်သည်။

အမေ့ နောက်အိမ်ထောင်ပြုဖို့ အကြောင်းဖန်တီးလာသူမှာ သူ၏ဦးလေး ကိုစိန်အောင်ပင်ဖြစ်၏။

ဦးလေးဖြစ်သူက သူ့အမေကို ကားထောင်ဖို့ပြောသည်။

တွက်ရေးတော့ စက်သူဌေးဟု ဆိုရမည်သို့အောင်၊ ဝင်ငွေပြဇယားမှာ ရင်တလှပ်လှပ် ခေါင်းတညိတ်ညိတ်သို့နှယ် စိတ်ပါဝင်စားစရာ ရှိပါချေ၏။

သို့တစေ အမေက သူ့မောင်ဖြစ်သူကို မယုံမရဲ ရှိနေသောကြောင့် ချက်ချင်းမဆုံးဖြတ်သေးဘဲ ချီတုံချတုံ ဖြစ်နေဆဲပင်ရှိသည်။

အမေက သူ့မောင်ဖြစ်သူနှင့် လောလောဆယ် အိမ်စရိတ်ကျေ အိမ်ဆိုင်လေး ဖွင့်ရကောင်းမလားဟု တိုင်ပင်သည်။

ဦးလေးဖြစ်သူက အိမ်ဆိုင်လေးဖွင့်ရုံနှင့် ရေ့ရေးကြီးပွားလမ်း မဖြစ်နိုင်သည့်အကြောင်း၊ အခြေကြီး အနေကြီး နေလာပြီးမှ ဒီလိုအသေးအဖွဲ့လုပ်ရင် သူများလက်ညှိုးထိုးခံရမည့်အကြောင်း၊ ကိုထွန်းအေး မျက်နှာနှင့် သားမျက်နှာပျက်အောင် လုပ်သလိုဖြစ်မည့်အကြောင်း၊ သူ၏ပညာရေးစရိတ် တစ်နှစ်ထက်တစ်နှစ်ကြီးလာတော့မည့်အကြောင်း၊ တက္ကသိုလ်ရောက်သွားရင် ထောင်ပုံရမည့်စရိတ် မသေးသည့်အကြောင်းများပြော၍ ကားထောင်ဖို့ကိုသာ လှည့်ဆွယ်ခဲ့သည်။





ကားထောင်တာ မည်မျှအကျိုးအမြတ်ရှိကြောင်း၊ သူပြောတာ ဟုတ်မှပါ့မလားလို့ သံသယဖြစ်နေရင်း လက်ရှိကားထောင်နေသည့်သူနှင့် အလွန်ရင်းနှီးသော ကိုညွန့်မောင်ကို ခေါ်လာပြီး တွေ့ပေးမည့်အကြောင်းပြော၍ ...

"အစ်မ ... ကိုညွန့်မောင်နဲ့ တွေ့မေးပြီးမှ လုပ်သင့်မလုပ်သင့် အစ်မဆုံးဖြတ်ပေါ့၊ ကျွန်တော်လည်း အရင်စိတ်မျိုးမရှိတော့ဘူး၊ မောင်တိုးအောင်ဟာ ခုအခြေမှာ တူဆိုလည်းဟုတ်တယ်၊ သားဆိုလည်းဟုတ်တယ်၊ သူ့ပညာရေးနဲ့ ဘဝရေ့ရေးအတွက် ကျွန်တော့်မှာလည်း တာဝန်ရှိပါတယ်၊ အစ်မကားထောင်ပြီး ကျွန်တော့်ကို စိတ်မချရင် မခိုင်းပါနဲ့၊ အစ်မခိုင်းချင်တဲ့လူကိုခိုင်းပါ၊ ကျွန်တော် ဘေးကနေ ကြီးကြပ်ပေးပါ့မယ်၊ ကျွန်တော်က အစ်မတို့အထုပ်အထည် မလျော့အောင် စေတနာနဲ့ပြောတာပါ၊ တခြားလုပ်ငန်းဆိုတာ အစိမ်းသက်သက်တည်ဖို့ ဖြစ်တာမှမဟုတ်ဘဲ"

သူ့ဦးလေး ကိုစိန်အောင် ထိုသို့ပြောဆိုစဉ်က သူလည်း အနားမှာရှိသည်။

နောက်တစ်နေ့ ဦးလေးဖြစ်သူက သူ့အပေါင်းအသင်း ကိုညွန့်မောင်ကို ခေါ်လာသည်။

သူလည်း အိမ်မှာရှိနေသည်။ ဒါပေမဲ့ သူက စာကျက်နေသောကြောင့် စကားဝိုင်းအနားသို့ မရောက်ဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



အအေ ကားထောင်ဖို့ ဆုံးဖြတ်လိုက်သည်ကိုတော့ သူ့အား ပြောပြသည်။

သူက အကောင်းအဆိုး ဝေဖန်နိုင်သည့်အရွယ် မဟုတ်တော့ ဘာမှပြန်မပြော။ ခေါင်းညိတ်ရုံပဲမို့ ခေါင်းညိတ်လိုက်ရသည်။

သူ၏ခေါင်းထဲတွင် စွဲထင်နေသည်မှာ ဖခင်ကြီးပြောသွားသည့် စကားစုသာဖြစ်၏။

တိတိပပ နားမလည်သော်လည်း စဉ်းစားရမည်ကို နားလည်သည့်အလျောက် ဖခင်ကြီးရှိစဉ်ကထက် ပို၍ကြိုးစားခဲ့သည်။

ကားအကြောင်းပြောဖို့ ဦးလေး ခေါ်လာသည့် ကိုညွန့်မောင်ဆိုသူနှင့် သူတို့သားအမိ နောင်တွင် ပတ်သက်လာလိမ့်မည်ကိုတော့ မထင်မှတ်ခဲ့။

ပတ်သက်မယ့် ပတ်သက်တော့လည်း ...။

❋ ❖ ❋



(နှစ်)

မစိန်ပွင့်မှာ နာမည်နှင့်လိုက်အောင်ပင် စိန်ပွင့်လေးလို တောက်ပလင်းလက်သည့် အလှကို ပိုင်ဆိုင်သူဖြစ်၏။

ကိုထွန်းအေးနှင့် အိမ်ထောင်မကျခင် အပျိုစင်ဘဝတုန်းက လေးတိုင်စင်ရွာ၏ ကွမ်းတောင်ကိုင်။

ရွာမှာသာမဟုတ်။ ရွာနီးချုပ်စပ်မှာပါ သူမ၏အလှသတင်း ကျော်ဝင့်ခဲ့သည်။

ကိုထွန်းအေးနှင့် မစိန်ပွင့်တို့က တစ်ရွာတည်းသား။

သို့စေကာမူ သူတို့ရွာမှာ တစ်ဆက်တစ်စပ်တည်း မရှိသောကြောင့် အပိုင်းကွဲသည်။

ရွာ၏အလယ်ကြောကို ဖြတ်သန်းစီးဆင်းနေသည့် ချောင်းရိုးရှိနေသမို့ ရွာ၏တစ်ဖက်ခြမ်းကို တောင်ပိုင်း၊ ရွာ၏တစ်ဖက်ခြမ်းကို မြောက်ပိုင်းဟု ခွဲခြား အခေါ်အဝေါ် ပြုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းအေးက မြောက်ပိုင်းသား၊ မစိန်ပွင့်က တောင်ပိုင်းသူ။

ကိုထွန်းအေးက အသားညိုပေမယ့် အကျည်းတန်ရုပ်ဆိုးစာရင်းမဝင်၊ ရုပ်ချောလှလှဟု မဆိုသာစေကာမူ ကိုယ်လုံးကိုယ်ပေါက် ပြည့်ပြည့်ဖြိုးဖြိုးနှင့် ရုပ်သန့်သည်။ ကြည့်ပျော် ရှုပျော် ရုပ်ရည်သွင်ပြင်ထင်သည်။

မစိန်ပွင့်၏ ရိုးယဉ်သောအလှတွင် ဝါရီဝင်းလက်သော အသားဆောင်ထားသည်ကြောင့် သူမ၏အလှမှာ ပို၍ပေါ်လွင်သည်။

မြန်မာမိန်းကလေးတို့၏ အလှဟု တင်စားရသော ပိတုန်းရောင်ကေသာမှာ ဒူးထောက်ကွေးလွန်အောင်ကို ရှည်လျားကော့သွယ်သည်။

ကိုယ်လုံးကိုယ်ပေါက်မှာ သွယ်ကျဉ်စွင့်ကား အင်္ဂါရပ်များနှင့် ပြည့်စုံသည်။

ရက်ရက်ယိုယို လှပါသည်ဟု မဆိုသာစေကာမူ ကွမ်းတောင်ကိုင် ဖြစ်လောက်သည့် လှရည်လှသွေး ကြွယ်ဝင့်သည်ဟု ဆိုရမည်သော အလှရုပ်ထင်သည်။

ထို့ကြောင့်လည်း မစိန်ပွင့်၏အလှနှင့် မျက်လုံးတည့်နေသော ထွန်းအေးမှာ ဒူးဆစ်သာသာချောင်းကို တစ်နေ့တစ်ခေါက် ပုံမှန်ဖြတ်၍ မြောက်ပိုင်းသားလေးမှာ တောင်ပိုင်းသို့သာ ခြေဦးလည်နေသည်။





ရှေးစွန်းညို ဘာကိုလိုလို့ ဝဲသည်ကို မယ်ဒွေးကလည်းသိသည်။

မဒွေးမိဘတွေကလည်း သိသည်။

မစိန်ပွင့်က ငြူစူဟန်မပြသလို ဣန္ဒြေထိပါးလောက်သည့် လိုက်လျောဟန်လည်း မပြဘဲ ဣန္ဒြေထိန်း အထာလေးပေးနေခဲ့သည်။

မစိန်ပွင့် မိဘတွေကလည်း အတားအဆီး အဟန့်အတား မလုပ်ဘဲ လူငယ်ချင်း ချိတ်ဆက်မိသွားရင် ရှိပါစေသဘောဆောင်နေသည်။

အသောက်အစားမရှိသော ထွန်းအေး၏ ရိုးသားကြိုးစား၍ အလုပ်လောဘကြီးသော ဗီဇစရိုက်ကို သဘောကျကြသည်။

ထွန်းအေး၏မိဘများမှာ ကြေးရတတ် မဟုတ်သော်လည်း အိမ်ပိုင်၊ လယ်ပိုင်၊ နွားပိုင်နှင့် ချောင်ချောင်လည်လည် ရှိကြ၏။

သူတို့နှင့်စာလျှင်တော့ မစိန်ပွင့်တို့က အခြေအဆင့် အနည်းငယ် နိမ့်ပါးသည်။

အိုးပိုင်အိမ်ပိုင် ရှိသော်လည်း လယ်ပိုင်နွားပိုင်မရှိ။

အငှားချလယ်ကို နွားနှင့်ဖက်ပြီး လူ၏လုပ်အားနှင့်ပေါင်းစပ်၍ ထွန်ယက်စိုက်ပျိုးရသော သီးစားခံလယ်သမား။

လယ်ပိုင်လုပ်သူထက် ပို၍လုပ်ရသော်လည်း အကျိုးခံစားခွင့်မှာ ထိုက်သင့်သလောက်မရ။



www.burmeseclassic.com

www.burmeseclassic.com



မစိန်ပွင့်အဖေ ကိုမောင်ရှင်က အလုပ်အလွန်လုပ်သူဖြစ်၍ သူတို့မိသားစု စားဝတ်နေရေးမှာ ကသီလင်တ မဖြစ်။

အိုးနှင့်ဆန် တန်ရုံလောက်တော့ မပူမပင် နေနိုင်သည်။

လယ်ယာလုပ်ငန်းခွင် ပြီးသည်နှင့် ဝါးခုတ်တက်ပြီး ဝါးထရံရက်၊ ဝါးကပ်လုပ်၍ အပိုဝင်ငွေရှာသည်။

သည်အလုပ်ကလည်း သူတို့မိသားစုအတွက် ထိုက်ထိုက်တန်တန် အပိုဝင်ငွေရသည်။

မစိန်ပွင့်အမေ ဒေါ်ထင်မိကလည်း အလကားမနေ။

မောင်တစ်ထမ်း မယ်တစ်ရွက် ဆိုသလို ယောကျာ်းဖြစ်သူ၏ လုပ်ငန်းမှာ သူ လုပ်နိုင်သမျှ ကူညီလုပ်ကိုင်ပေးသည်။

ချက်ပြုတ်လျှော်ဖွပ် အိမ်ထောင့်တာဝန်ကို မစိန်ပွင့်က ယူရသည်။

မောင်ငယ်နှစ်ယောက်မှာ ကျောင်းသား။

အပျိုဖော်ဝင်စသမီးကို အများနည်းတူ ဆင်ယင်ထားနိုင်သည်။

သူတို့မိသားစုမှာ သူများ ကစီပတ်မတင်၊ ကျေးမြီကင်းကင်း နေနိုင်ကြ၏။

ထွန်းအေးတို့လောက် အခြေမမြင့်စေကာမူ အခြေတင့်တင့်လေးတော့ နေနိုင်သည်။

ထွန်းအေးက မစိန်ပွင့်ကို သုံးနှစ်သုံးမိုး မဟုတ်ပေမယ့် တစ်မိုးတစ်နှစ်တော့ လှည့်ခဲ့ရ၏။





မစိန်ပွင့်က လက်ခံပါပြီဟု ခေါင်းညိတ်ချိန်အထိ ဆိတ်ကွယ်ရာတွင် တနှစ်ကိုယ် အလိုကျ တွေ့ဆုံရခြင်းမျိုး မရှိခဲ့။

မစိန်ပွင့်က မိဘများကို အသိပေးပြီး မိဘတွေ ခေါင်းညိတ်တော့မှ အချိန်မရွေး အိမ်ကိုဝင်ထွက်သွားလာခွင့် ပေးခဲ့သည်။

လူကြီးစုံရာနှင့် တောင်းရမ်းပြီးမှသာ တွဲလက်မြဲ၍ အများအမြင်အသိ ခံခဲ့သည်။

ထွန်းအေးတို့ မြောက်ပိုင်းသို့ အတူလက်တွဲ၍ လျှောက်လှမ်းခဲ့သည်။

မစိန်ပွင့်က အလွန်ဆုံးပေးသည့် အခွင့်အရေးဖြစ်၍ ထိုအဆင့်ထက် မပိုခဲ့။

လက်ထပ်မင်္ဂလာပွဲကို မစိန်ပွင့်တို့ အိမ်ဝိုင်းထဲမှာ ဓလေ့ထုံးစံနှင့်အညီ သင့်တင့်သော အကျွေးအမွေးဖြင့် မင်္ဂလာကိစ္စကို အကျဉ်းရုံး ပြီးစေခဲ့သည်။

မင်္ဂလာကိစ္စပြီးသည်နှင့် သျှောင်နောက် ဆံထုံးပါထုံးစံနှင့်အညီ မစိန်ပွင့်မှာ တောင်ပိုင်းကနေ မြောက်ပိုင်းသူ ဖြစ်လာသည်။

နဂိုကတည်းက အနေအထိုင် ရိုးအေး၍ ဣန္ဒြေကိုထိန်းစမြဲ ရှိခဲ့သည့်အတိုင်း နေထိုင်ခဲ့သည့်အပြင် အိမ်ထောင်မှုဟာဟီရလုပ်စရာ အထွေထွေကို ကျွမ်းကျင်နိုင်နင်းစမြဲ ရှိခဲ့သည့်အတိုင်း မိဘအိမ်မှာလိုပင် လုပ်ကိုင်နေထိုင်ခဲ့သည်။

ယောက္ခမအိမ်တက် ချွေးမမျက်နှာမငယ်ရဘဲ၊ ယောက္ခမဖြစ်သူများ၏ မျက်နှာသာပေး ခံခဲ့ရရုံမျှမက ချွေးမ အရေတော်



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ချီးမွမ်းစကား ပြောဆိုကြသည်ကို ပြန်လည်ကြားလာရသည်။

ယောက္ခမများနှင့် အတူနေထိုင်စဉ် ဆန်စပါး အရောင်းအဝယ်လုပ်ငန်းနှင့် ကြီးပွားအောင်မြင်နေသော ဖခင်ကြီး၏အစ်ကို ဘကြီးဖြစ်သူ၏ လမ်းပြပေးမှုကြောင့် ဘကြီးဖြစ်သူနှင့် လက်တွဲခဲ့ရ၏။

ဘကြီးဖြစ်သူက လက်ထပ်သင်ပေးသည်။

စားကျက်ကွက်ကို ပြသည်။

ကွန်ယက် ဘယ်လိုဖြန့်ကျက်ရသည့် ခွင်ကို သူ့အားခိုင်းခဲ့သည်။

ထိုသို့ လက်လွှတ်ခိုင်းသော လုပ်ငန်းအပေါ်မှ ရရှိလာသည့် အကျိုးအမြတ်ကိုလည်း သူ့အား ခွဲဝေပေး၏။

မုန့်ဖိုး ပဲဖိုးလေ ာက်သာ ပေးသည်မဟုတ်ပါ။ ထိုက်ထိုက်တန်တန် ခွဲဝေပေးသည်။

သူက ထိုသို့ရရှိလာသော ငွေထဲမှ မိဘများကို အဝတ်အထည်များဖြင့် ကန်တော့သည်။

ကျန်သောငွေကို မစိန်ပွင့် လက်ထဲ အပ်သည်။

မိဘတွေက ကြည်နူးဝမ်းသာရသလို မစိန်ပွင့်ကလည်း ကျေနပ်သည်။

သူတို့လင်မယားနှစ်ယောက်မှာ အပိုကုန်ကျစရိတ်မရှိ။

မိဘတွေက ကျွေးထား၏။





အဝတ်အစား ဘာညာ အသုံးပစ္စည်း ဝယ်ခြမ်းသည်ကလွဲ၍ တခြားအသုံးစရိတ်မရှိ။

မစိန်ပွင့်ကလည်း ဝင်လာသမျှ ငွေကြေးကို ပြန်အထွက်မရှိအောင် ကျစ်ကျစ်ပါအောင် ထုပ်စည်းထားသည်။

သူစုဆောင်းထားတာ ဘယ်၍ဘယ်မျှ ရသည်ကိုလည်း သိဝှက်မထား၊ လျှို့မထား။

ထွန်းအေး ငွေထပ်ပေးတိုင်း၊ ယခင် စုဆောင်းထားငွေ ဘယ်လောက်ရှိသည်၊ ယခုထပ်ပေးငွေနှင့်ပေါင်းလျှင် ဘယ်၍ဘယ်မျှ ရှိပြီကို အထုပ်ဖြေ၍ အသိပေးသည်။

ဘကြီးဖြစ်သူနှင့် လုပ်ငန်းတွဲလုပ်သည့် ကာလမှာ နှစ်နှစ်နီးပါးရှိခဲ့ပြီ။

အဲသည်အချိန်မှာ တိုးအောင်ကို မွေးခဲ့သည်။

တိုးအောင်၏အမည်ကို ဘကြီးဖြစ်သူကပင် ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။

တိုးတက်အောင်မြင်ရမည်ဟူ၍ အတိတ်နိမိတ် ဆောင်ယူပြီး နေ့သင့်နံသင့် ပေးခဲ့သောအမည်။

သားဦးစနေ မီးလိုမွှေဟူသော အယူအဆစွဲ ရှိခဲ့သည့်အတိုင်း အဦးသားရလို့ ဝမ်းသာရပေမယ့် စိတ်ထဲမှာလည်း စိုးတထင့်ထင့် ဖြစ်ခဲ့ကြသေးသည်။

စိုးတထင့်ထင့် ဖြစ်ရသည့်အတွက် ယတြာအမျိုးမျိုးလုပ်ခဲ့ကြသည့်အပြင် ဘကြီးဖြစ်သူကို ငွေငါးမတ်နှင့်ရောင်းပြီး ဘကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေးသည့်ငွေသားငါးမတ်ကို အပြားခတ်၍ လက်ဖွဲ့လေးတစ်ခု၊ ခြေတျင်းလေးတစ်ခုနှင့် ကြေးစည်လေးတစ်လုံး လုပ်ပြီး အဆောင် အဖြစ် ပေးခဲ့သည်။

တိုးအောင် တစ်ခါလည်ကျော်ကျော်တွင် ဖခင်ကြီး ထုတ်ပေးသည့် ငွေရင်းနှင့် မစိန်ပွင့် စုဆောင်းထားသည့်ငွေ ပေါင်းပြီး ကိုယ်ပိုင်လုပ်ငန်းကို စတင်လုပ်ခဲ့သည်။

ငွေမလုံလောက်သည့်အခါ အကျိုးအမြတ် တစ်ဝက်စီဖြင့် ဘကြီးဖြစ်သူထံမှ လက်လှည့်ငွေဆွဲရသည်။

သူ၏ဝီရိယကြိုးစားမှုနှင့် အပင်ပန်းခံ လှုပ်ရှားနိုင်မှုကြောင့် ဖြစ်ထွန်းလာသည့် လုပ်ငန်းပမာဏမှာ ကြီးမားလာသည်။ လုပ်ငန်းပမာဏ ကြီးမားလာသည့်အလျောက် တိုးတက်မှုမှာလည်း မယုံနိုင်စရာသို့အောင် ရှိခဲ့သည်။

ဘကြီးဖြစ်သူက ပင် လက်ဖျားခါရသည်အထိ စီးပွားတက်လာသည်။

ကိုထွန်းအေးက လာဘ်မြင်သူဖြစ်သည့်အလျောက် တစ်ဆင့်တက်လိုက်သည်။

မြို့ပေါ်မှာ အခြေချနိုင်လျှင် ထိုထက်မက လုပ်ငန်းခွင်ကျယ်ပြန့်လာမည်ကို ကွက်ကျော်မြင်သူ ကိုထွန်းအေးက ဘကြီးဖြစ်သူနှင့် တိုင်ပင်ပြီး ဝမ်းနာပန်းနာ ရောင်းချင်သူတစ်ဦးထံမှ မြေနှင့်အိမ်ကို ဝယ်ယူ၍ စိတ်တိုင်းကျ ပြင်ဆင်ပြီး တိုးချဲ့ဆောက်လိုက်သည်။



သူ၏ရင်းနှီးငွေ တစ်ဝက်လောက် မြှုပ်လိုက်ရသည်။

ပွဲစားကုန်သည်ဆိုတာ ဟိတ်ဟန်ရှိရမည်။

ပွဲစားကုန်သည်အလုပ်က နှုတ်ရေးကြွယ်ရုံ လူရည်လည်ရုံနှင့် ယုံကြည်ကိုးစားမှုကို အပြည့်အဝမရ။

ဟိတ်ဟန် အပြထည်မှ ပို၍အလုပ်ဖြစ်သည်။

သူက နှုတ်ရေးကြွယ်ပြီး လူရေလည်ပြီးသားမို့ ဟိတ်ဟန်အပြနှင့် ပေါင်းစပ်ပြီး ကြိုးကြိုးစားစား လှုပ်ရှားခဲ့သည့်အတိုင်း တိုးအောင် ငါးနှစ်သားအရွယ်တွင် စီးပွားတရှိန်ရှိန် တက်ခဲ့တော့သည်။

မစိန်ပွင့်မှာလည်း နာမည်နှင့် လိုက်ဖက်အောင်ပင် နားမှာ စိန်နားကပ် ပွင့်တက်လာသည်။

ထုပ်ထုပ်ထည်ထည် စုမိဆောင်းမိ ရှိလာ၏။

သို့စေကာမူ ကိုထွန်းအေး၏ ကျန်းမာရေးမှာမူ ယိုယွင်းယိုင်နဲ့လာသည်။

ဆေးဝါးကုသဖို့ ငွေကြေးပြည့်စုံပေမယ့် ကျန်းမာရေးကို အလေးမထားဘဲ လောဘနောက်သို့ တစိုက်မတ်မတ် လိုက်ခဲ့သောကြောင့် လာရာလမ်းသို့ စောစီးစွာ ပြန်သွားခဲ့ရလေသည်။

ပြန်သူက ပြန်သွားပြီ။

ကျန်ရစ်သူ သူတို့သားအမိမှာ တည့်မတ်သော ဘဝလမ်းကြောင်းကို ထိန်းသိမ်းနိုင်သော အခြေအနေ ပြည့်စုံနေပါလျက် အကြောင်းကလည်းဖန်၊ လူကလည်းမဟန်ဟု ဆိုရသည်သော



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်ကြောင့် ဖြောင့်မတ်နေသော လမ်းကြောင်းကနေ အကောက်အကွေ့လမ်းကြောင်းပေါ်သို့ ပြောင်းလဲရောက်ရှိသွားခဲ့၏။

ဣန္ဒြေနှင့် သိက္ခာကို တည်တည်တန့်တန့် ထိန်းသိမ်းခဲ့သူ မစိန်ပွင့်မှာ ထိန်းသိမ်းလာရသော ဣန္ဒြေနှင့် သိက္ခာကို စွန့်လွှတ်လိုက်ရသူ ဖြစ်သွားသည်။

တစ်ပင်လဲ၍ တစ်ပင်ထူသည်မှာ လောကဓမ္မတာဖြစ်ထုံးဟု ဆိုရမည်သောကြောင့် ရာနှုန်းပြည့် အပြစ်တင်စရာ မဟုတ်သော်လည်း ထူလိုက်သောအပင်မှာ အရိပ် အာဝါ ရှင်သန်သည့် အပင်မျိုး ဖြစ်ပါမှ အကြောင်းမဲ့ဟုတ်။

မျိုးစေ့မမှန်သော ခြောက်သွေ့နေသော အရွက်ရိုင်းများနှင့် အရိုးရိုင်းရိုင်း အပင်မျိုး ထူထောင်မိပါမူ ငါးပါးမက သံဃာစင်ပါ ဓောက်ထိုးမိုးမျှော် ဖြစ်သည်ဆိုသော အဖြစ်ဆိုးကို ပိုက်ထွေးလိုက်ရသည်သို့ ဖြစ်ရှိသွားတတ်၏။

ခု ... သူတို့အဖြစ်က ထို့ထက်ပင် ပိုဆိုးသွားသည်။

မျိုးရိုးကောင်းမှ ဗီဇကောင်းသည်ဟု အဆိုစကားရှိသည်။

တိုးအောင်မှာ မျိုးရိုးရော ဗီဇပါ ကောင်းပါလျက် ဒုစရိုက်လောကနယ်ပယ်ထဲသို့ ခြေကန်သွားခဲ့ရသည့် အကြောင်းရင်းအခြေခံမှာ မိခင်ဖြစ်သူ တစ်ပင်လဲ တစ်ပင်ထူလိုက်သည့် အကြောင်းအခြေခံကြောင့်ပင် ဖြစ်သည်။

"ကျွန်တော့်အမေကိုပဲ အပြစ်တင်ရမလား၊ ပထွေးဆိုးအပေါ်ကိုပဲ အပြစ်ပုံချရမလား၊ ကျွန်တော်တို့ရဲ့ ထည်ငြိမ်အေးချမ်းနေတဲ့





ဘဝကို လှုပ်ခတ်သွားအောင် ဖန်တီးလိုက်တဲ့ ဦးလေးဦးစိန်အောင်ကိုပဲ အပြစ်တင်ရမလား၊ ကျွန်တော့်ဘဝကြမ္မာ အလှည့်အပြောင်းကိုပဲ အပြစ်တင်ရမလား၊ နောက်ဆုံးတော့ တယ်သူမပြု မိမိအမှုဆိုရိုးစကားအတိုင်း ကျွန်တော့်ကိုယ် ကျွန်တော်ပဲ အပြစ်တင်လိုက်ရပါတယ်"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com

ကိုထွန်းအေး သေဆုံးသည့် အချိန်တွင် မစိန်ပွင့်၏အလှမှာ တင့်မောဖွယ်ရာ အရိပ်အဆင်များ ပြည့်ဖြိုးနေဆဲ။ ကျန်းမာရေးကောင်းပြီး အေးအေးမြမြနေရသူ မိန်းမသားများ အလှရိပ်တွင် လက်နေဆဲအရွယ်။

ကားထောင်ဖို့ ဆုံးဖြတ်ပြီး ကားဝယ်ရန်အတွက် မောင်အရင်းဖြစ်သူကို အဖော်ပြု၍ ကိုညွန့်မောင်နှင့် သွားသွားလာလာ လုပ်ခဲ့ရသည်။

ကိုညွန့်မောင်နှင့် ဆက်သွယ်ပေးသူက မစိန်ပွင့်၏မောင်အရင်း။

ကိုညွန့်မောင်က အပြောအဆို ညက်ညောသည်။ သိမ်မွေ့ရိုးသားသည့်အသွင် ဆောင်ထားသည်။ သူတစ်ပါးကို ကူညီတတ်သည့် စိတ်ရင်းစေတနာပြည့်ဝဟန် ဖမ်းထားသည်။

မောင်ဖြစ်သူ ကိုယ်တိုင်ကလည်း ကိုညွန့်မောင် အကြောင်းကို ညွှန်းထားသမို့ မစိန်ပွင့်ကလည်း ယုံကြည်စိတ်ချစွာ ဆက်ဆံခဲ့သည်။





ကိုထွန်းအေး ရှိစဉ်က မစိန်ပွင့်မှာ ဈေးနှင့်အိမ်လွဲ၍ ကိုထွန်းအေး မပါဘဲ ပြင်ပသို့ သွားသွားလာလာ ရှိသူမဟုတ်။ ခင်ပွန်းဖြစ်သူ၏ လုပ်ငန်းနှင့် ပတ်သက်ရာ ညှိသည်များပါလာရင် လက်ဖက်ရည် ပြင်ဆင်ပေးသည်ကလွဲ၍ သူတို့စကားဝိုင်းထဲမှာ ဝင်မထိုင်။

မစိန်ပွင့်က နဂိုကတည်းက စကားနည်းသူ ဖြစ်သည့်အလျောက် ဘာသီးဘာသာ နေတတ်သည်။

ခု ... အပြင်သို့ မသွားမဖြစ် အခြေအနေ ဖြစ်လာသောကြောင့်သာ လှုပ်ရှားသွားလာရခြင်း ဖြစ်သည်။

တကယ်တော့ ကိုညွန့်မောင်က လူရိုးလူကောင်းတစ်ယောက်မဟုတ်။ လူလည်လူရှုပ်တစ်ယောက်ဖြစ်၍ မိန်းမရှုပ်သည့်လောင်းကစားထုမွှေသူ ဖြစ်သည်။

ကားထောင်ထားသော်လည်း ကြွေးပတ်လည် ဝိုင်းနေသည်ကိုမှု ကိစိန်အောင်ပင် မသိ။

လက်ရှိအိမ်ထောင်နှင့်လည်း အဆင်မပြေ။

သည်လို အခြေအနေမှာ မစိန်ပွင့်နှင့် ကိုညွန့်မောင်တို့ ချိတ်မိသွားရာမှ မစိန်ပွင့် ထိသွားသည်။

မိန်းမကျမ်းကျေသူ ကိုညွန့်မောင်၏ ညွှတ်ကွင်းထဲသို့ သက်ဆင်းသွားရာသူ မနူးမနပ် မစိန်ပွင့် ခမျာ ဘယ်လိုမှ ပြန်လည်မရုန်းထွက်နိုင်အောင် ဖြစ်သွားရသည်။

သည်ကိစ္စမျိုးက အတော်ကိုခက်သည်။

ရွှေဟင်္သာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ငြိပြီ ထိပြီဆိုလျှင် ငဲ့ကွက်စရာတွေကို မျက်နှာမူလို့မရ တော့၊ မျက်နှာမူရာ နေရာပြောင်းလဲသွားစမြဲ ရှိကြသည်။

အမေတော့ သားရှေ့ရေးအတွက် ကိုညွန့်မောင်နဲ့ လက်ဟွဲရတော့မည်ဟု အတိအလင်း ဖွင့်ပြောသည်နှင့် တစ်ချိန်တည်း ကိုညွန့်မောင် အိမ်ဦးခန်းသို့ ရောက်လာခဲ့သည်။

မဈေးနပ်သည်ကို အမေဖြစ်သူအား ဘယ်လိုပြန်ပြောရမှန်း မသိ။

မဖြစ်သင့် မဖြစ်ထိုက်သည်များ ဖြစ်ကုန်ပြီလို့ နားလည်လိုက်ရသည်။

ဦးလေးဖြစ်သူ ကိုယ်တိုင်ကလည်း ဖျောင်းဖျနားချခဲ့သည်။

ရှက်စွံ့ခြင်းနှင့် ကြေကွဲဝမ်းနည်းရခြင်းကို ကြိတ်မှိတ်ခံစားလိုက်ရသည်။

လူသိရှင်ကြား ဖြစ်သွားသည့်ကိစ္စကို ခုမှဝင်ပြီး ဟန့်တားဖို့လည်း မဖြစ်တော့။ ဟန့်တားနိုင်စွမ်းလည်း မရှိ။

သူ့သဘောမကျကြောင်းကိုတော့ အမေ့အား ပြောပြခဲ့သည်။

အမေက သူလုပ်တာ မှန်သည်ဟု တစ်ဇွတ်ထိုး မ( ဘဲ။ ဘာကြောင့် လုပ်ရသည်ကို အကြောင်းပြချက် တစ်သီတ ထွေးကြီးဖြင့် နှစ်သိမ့်စကားများပြော၍ သူ့အား ဖြေသိမ့်ခဲ့သည်။

သူ့အား ရင်ခွင်မှာထွေးပိုက်ပြီး မျက်ရည်သွယ်လျက် ပါးချင်းအပ်ပြီး အမေ့အပေါ် နားလည်ခွင့်လွှတ်ဖို့ ပြောခဲ့သည်။





သူက ကျောင်းမှာ မျက်နှာအပြရခက်ပြီး ကျောင်းမတက်ဘဲ နေသည်ကို ပြန်တက်ဖို့ တောင်းတောင်းပန်ပန် ပြောရှာသည်။

"အမေ့ကို သနားရင်"ဆိုသည့် စကားကို ထပ်ပြန်တလဲလဲ ပြောလာသောကြောင့် နောက်ဆုံးတွင် သူ ခေါင်းညိတ်လိုက်ရသည်။

✱❖✱



www.burmeseclassic.com

www.burmeseclassic.com

ကိုညွန့်မောင်မှာ အိမ်ထောင်နှစ်ဆက် ကျခဲ့ဖူးသည်။

ကလေးတစ်ယောက်နှင့် ပထမအိမ်ထောင်ဆက်ကို ပစ်ခွာလိုက်သည်။

ဒုတိယအိမ်ထောင်ဆက်က လည်လည်ဝယ်ဝယ် ပါးပါးနပ်နပ်ရှိသည်။

ကိုင်လို့ရမလားလို့ အချိုင်ခံလိုက်ခြင်းဖြစ်သည်။ ကိုင်လို့မရမှန်းသိတော့ ဖွတ်မရ ဓားမဆုံး မဖြစ်အောင် ရသလောက်သယ်ပိုးပြီး ခွာသွားခဲ့သည်။

ပထမအိမ်ထောင်မှာ ကိုညွန့်မောင်၏ နှိပ်စက်မှုဒဏ်ကို အတော်လေး ခံလိုက်ရသောကြောင့် စိတ်ကုန်နေပြီဖြစ်သည့် အလျှောက် သူ၏ပစ်ခွာခြင်းကို လွယ်လွယ်ကူကူပင် လက်ခံလိုက်သည်။

ကလေးအတွက် အထောက်အပံ့ ပေးသည်ကိုပင် လက်မခံ။





ဒုတိယအိမ်ထောင်ဆက်နှင့် စိုပြည်အိုကေတော့မည့် အခြေအနေတွင် ပထမအိမ်ထောင်ကို ပစ်ခွာလိုက်ခြင်းဖြစ်၏။

ဒုတိယအိမ်ထောင်က လည်ဝယ်ပါးနပ်စွာဖြင့် ရသလောက်အပိုင် သဘောမှု၍ သူ့အား ဖယ်ခွာသွားခဲ့သည်။

သူကလည်း နောက်အသစ်တစ်ယောက်ကို ဖန်ရန် လမ်းပွင့်သွားသည်မို့ သွားပေတော့ လုပ်ပစ်လိုက်သည်။

တတိယမြောက် အိမ်ထောင်ဆက်အဖြစ် သဘောမှုလိုက်သည့် အမျိုးသမီးတစ်ယောက်နှင့် တွဲသွား တွဲလာ လုပ်နေဆဲကာလတွင် အမှတ်မထင်ဘဲ မစိန်ပွင့်နှင့် ဆုံစည်းလိုက်ရခြင်းဖြစ်သည်။

သူ တွဲသွားတွဲလာလုပ်နေသည့် အမျိုးသမီးနှင့် မစိန်ပွင့်ကို ယှဉ်ကြည့်လိုက်ရာတွင် မစိန်ပွင့်က အဘက်ဘက်တွင် သာလွန်နေသည့်အပြင် ဟန်သာရှိ၍ အဆန်မရှိတော့သော သူ့အတွက် ငွေရေးကြေးရေး အပါအဝင် အစစအရာရာ ပြေလည်စေမည့် မစိန်ပွင့်ဘက်သို့ ဦးလှည့်လိုက်သည်။

ထိုမှ မစိန်ပွင့်သည် သူ၏တတိယမြောက်ဇနီး ဖြစ်လာသည်။

သူက လူလည်လူနပ် ဖြစ်သည့်အလျှောက် အစဦးပိုင်းဘဝင်အထာပြပုံမှာ ညက်ညောလွန်းသည်။

စိတ်ရင်းကောင်း၍ စိတ်သဘောထား ပြည့်ဝသူအသွင် ဆောင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုလည်း တူလေးလို သဘောမှုပြီး လိုက်လိုက်လျောလျော ခေါ်ပြောဆက်ဆံခဲ့သည်။

တိုးအောင်က ခပ်မှန်မှန် ခပ်တန်းတန်း နေသည်ကိုပင် သူက မသိကျိုးကျွန်ပြု၍ အတင်းပူး အတင်းလုံးပြီး သူဖွင့်ထားသည့်အကွက်ထဲ ဝင်လာအောင် ဆွဲသွင်းခဲ့သည်။

တစ်ဖက်က အလွန်အကျွံ လိုက်လျောဆက်ဆံလာသည်က တစ်ကြောင်း၊ ဦးလေးဦးစိန်အောင်က ကြားဝင်ဖျောင်းဖျနားချခဲ့သည်ကတစ်ကြောင်းကြောင့် အထိုက်အလျောက် ပြန်လည်ဆက်ဆံလိုက်ရသည်။

အဲဒီတော့မှ အမေလည်း ပြုံးနိုင်ရယ်နိုင် ရှိသွားသည်။

မင်းသားခေါင်း ဆောင်းထားသည့် ကိုညွန့်မောင်၏ ဘီလူးရုပ်သွင်မှာ တစ်နှစ်ပြည့်အောင်ပင်မခံ။

မစိန်ပွင့်ကို မရိုးအီခင် လုပ်ငန်းကို ကြိုးစားပမ်းစား လုပ်သယောင်ပြပြီး သူတို့သားအမိကို ကျေနပ်နှစ်သိမ့်မှု ပေးခဲ့သည်။

ကျည်ထောက်စွပ်ထားသည့် ခွေးမြီးကောက်မှာ ခဏပဲ ဖြောင့်သွားသည်။

အမေ့ဆီက နည်းအမျိုးမျိုးဖြင့် အကြောင်းအမျိုးမျိုးပြ၍ တောင်းခံခဲ့သည့် ငွေကြေးပမာဏမှာ မနည်း။ အမေက ပြဿနာမပေါ်စေရန် ကြိတ်မှိတ်ပေးခဲ့သည်ကို လူပင်မသိ။

အဲဒီငွေတွေနှင့် အပြင်မှာ အပျော်အပါးလိုက်သည်။ လောင်းကစားဝိုင်းမှာ ဖြုန်းပစ်သည်။





အမေ့ခမျာ ဆုပ်ရူး စားရူးဖြစ်နေသည်။ တိုးတိုးတိတ်တိတ်ကျိတ်ပြောတော့လည်း အကြောင်းမထူး။ ကျယ်ကျယ်လောင်လောင် ပြောရမည်ကြပြန်တော့ အမေက မပြောရဲ။

ရှက်လည်း ရှက်သည်။ သားဖြစ်သူ သိသွားမှာလည်း စိုးရိမ်သည်။

သည်အခြေအနေကို သိထားသည့် ကိုညွန့်မောင်က အခွင့်အရေးကို ရသလောက် တိုးယူလာသည်။

အမေက ဦးလေးအကူအညီကိုယူ၍ ကိုညွန့်မောင်ကို ထိန်းဖို့ ကြိုးစားကြည့်သည်။

အကြောင်းမထူး။

မထူးဖြစ်ရသည်မှာ လောင်းကစားထုံမွှေ့သည့် မောင်ဖြစ်သူနှင့် လောင်းကစား အသည်းအမည်းကြိုးသည့် ခင်ပွန်းဖြစ်သူတို့မှာ အဲတွဲမိနေကြသောကြောင့်ဖြစ်၏။

မစိန်ပွင့်မှာ သားဖြစ်သူကိုလည်း အသိမပေးချင့်၊ ပတ်ဝန်းကျင် သိမှာကိုလည်း အလွန်စိုးရိမ်လွန်ပြီး ဖုံးဖိခဲ့ရင်းမှ ပြောလည်းပြော ပေးလည်းပေး၊ ပေးနေရသောကြောင့် အတွင်းပစ္စည်းအထုပ်အထည်မှာ အတော်ကြီး လျော့ပါးလာသည့် အခြေအနေသို့ ရောက်ခဲ့သည်။

သည်အခြေအနေအတိုင်း ရှေ့ဆက်သွားလို့ မဖြစ်တော့။

ကိုညွန့်မောင်က ကားဝင်ငွေကို လုံးဝမပေးတော့သည့်အပြင် ၎ ဆုပ်ကိုပါ တစ်နဲ့နဲ့ဖွဲ့ထုတ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မပြောမပြီး မတိုးမပြည့် အနေအထားသို့ ရောက်လာပြီမို့ အမေက တိုးတိုးမဟုတ်တော့ဘဲ ပြောရေးဆိုတာ ရှိလာသည်ကို ပြောင်ပြောင် ပြောင်ဆိုခဲ့ရသည်။

အဲဒီလို အမေ့ရဲ့ အပြောအဆို ရှိလာတော့မှ သူလည်း အိမ်မှာဖြစ်နေသည့် အခြေအနေကို နားလည်လိုက်ရသည်။

ဘာတွေဖြစ်နေသည်ကို မမေးမဖြစ်တော့သမို့ ကိုညွန့်မောင် မရှိတုန်း အမေ့ကို မေးရသည်။

အမေကတော့ အခြေအနေကို ထိန်းထိန်းသိမ်းသိမ်း ပြောသည်။ သည်ပြဿနာထဲမှာ သူကိုယ်တိုင် ဝင်မပါဖို့နှင့် မသိလိုက် မသိဘာသာနေဖို့ကိုပါ အမေက ပြောသည်။

မောင်ဖြစ်သူ ကိုစိန်အောင် ကိုယ်တိုင် ကိုညွန့်မောင်ဘက် ပါနေသည်ကိုလည်း ပြောသည်။

ကြားလိုက်ရသည့် အခြေအနေမှာ အကောင်းမပါ၊ အသား ထဲက လောက်ထွက်ဆိုသလို အမေ့မောင်အရင်း ကိုယ်တိုင်က အစ်မမျက်နှာမထောက်ဘဲ သူစိမ်းဘက်သို့ ယိမ်းနေသည်မှာ ခံပြင်းစရာ ဖြစ်နေသည်။

သူက အမေနှင့် ကိုညွန့်မောင်တို့ ပြဿနာကြားသို့ မဝင်ခင် ဦးလေးဖြစ်သူနှင့် အရင်ရှင်းရမည်ဟု ဆုံးဖြတ်လိုက်သည်။

ကိုညွန့်မောင် အိမ်မှာမရှိသည့် တစ်နေ့။

ဦးလေးဖြစ်သူနှင့် ရှင်းကြသည်။ ဦးလေးဖြစ်သူက အစ်မ သူ့အပေါ် အထင်လွဲနေခြင်းသာဖြစ်ကြောင်း၊ သူ့မှာ ဒီလိုသဘော





ထားမျိုး မရှိကြောင်း၊ အစ်မဖြစ်သူကသာ ကိုညွန့်မောင် အပေါ် လိုအပ်သည်ထက် ပိုမိုလိုက်လျော့ခဲ့ခြင်းသာဖြစ်ကြောင်း ပြော၍ သူ့ဘက်ဦးတည်လာသည့် မြားဦးကို ပုတ်ထုတ်ပစ်လိုက်သည်။

"ဒီမှာ တိုးအောင်၊ ခုလို ပြဿနာပေါ်ခဲ့ရတာဟာ တခြား လူကြောင့် မဟုတ်ဘူး၊ မင်းအမေကြောင့်ပဲ၊ သူ့သဘောနဲ့သူ ဇွင်ရာစိုင်းခဲ့ပြီး မရှုနိုင် မကယ်နိုင် ဖြစ်လာမှ ဟိုပြောဒီပြော ပြောလာတာ၊ ကိုညွန့်မောင်နဲ့ ဘာလိုလို စဖြစ်ကတည်းက ငါ သတိပေးဖူးသားပဲ၊ ငါက ဒါထက်ပိုပြီး ဘာလုပ်နိုင်မှာလဲ"

ဦးလေးဖြစ်သူက ဒီလိုပြောလာပြန်တော့ သူက ဘာပြန် ပြောရမှန်းမသိ ဖြစ်သွားသည်။ စိတ်ထဲမှာလည်း ဇဝေဇဝါ ဖြစ် သွားရသည်။ စိတ်ထွေးသွားသည်။

"ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ ဦးလေး"

"ငါ့အစ်မရဲ့သဘောထား ဘယ်လိုရှိတယ်ဆိုတာ မေးစမ်း ကြည့်ဦးမယ်၊ အစ်မရဲ့သဘောထားပေါ်တည်ပြီး ဘာဆက်လုပ် ရမယ်ဆိုတာ စဉ်းစားကြတာပေါ့၊ မင်းလည်း ဒီကြားထဲမှာ နေ သာသလို ကြည့်နေလိုက်ပေါ့"

အဲဒီနောက်ပိုင်း သူတို့အိမ်တွင်းရေး အခြေအနေ ပိုဆိုးလာ သည်။

ကိုညွန့်မောင်နှင့် မစိန်ပွင့်တို့မှာ နေ့စဉ်လိုပင် စကားများ ကြသည်။ ခုနောက်ပိုင်း စကားများကြသည်မှာ တိုးတိုးတိတ်တိတ် မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်အိမ်ကြား ရှစ်အိမ်ကြား မဟုတ်စေကာမူ ဘေးအိမ်က ကြားနေ သိနေ အဆင့်သို့ ရောက်လာသည်။

သူလည်း အိမ်သိပ်မကပ်တော့သလို ကျောင်းတက်လည်း ပျက်လာသည်။

ရှက်လည်းရှက် ခံပြင်းနာကြည်းစိတ်ကို ထိန်းရသည်မှာလည်း ခက်သောကြောင့် စိတ်လေလွင့်ပြီး ခြေဦးတည့်ရာတွင် အထိုင်ကျနေသည်။

တစ်နေ့ ...

သူ မိုးချုပ်မှ အိမ်ပြန်ရောက်သည်။ အမေ နေမကောင်း။ အိပ်ရာထဲ လဲနေသည်။ ကိုယ့်ဘာသာကိုယ် ထမင်းဟင်းများ ခူးခပ်ပြီး စားသောက်ရန် ထမင်းဝိုင်းတွင် ထိုင်ကာစရှိသေးစဉ် ကိုညွန့်မောင် အိမ်ပြန်ရောက်လာသည်။

ထမင်းစားပွဲဆီသို့ တန်းတန်းမတ်မတ် ရောက်လာပြီး အခြောက်တိုက် ဆဲဆိုကြိမ်းမောင်းသည်။

ကျောင်းလည်းမတက်၊ အိမ်အလုပ်လည်း ဘာမှမလုပ်ဘဲ ထမင်းလက်လှို့စားစရာလားဟု ပြော၍ သူ့ကို ခွေးနှင့်နှိုင်းပြီး ရင့်ရင့်သီးသီး ပြောလာသည်။

သူက ထမင်းစားပွဲမှ ဝုန်းခနဲ ထလိုက်သည်။

"ဒီမှာ ကိုညွန့်မောင်၊ ခင်ဗျား ကျွန်တော့်ကို ဘာမှပြောစရာ မလိုဘူး၊ ကျုပ် အခုစားနေတာ ခင်ဗျားရှာတဲ့ထမင်းကို စားနေတာ မဟုတ်ဘူး၊ ကျုပ်အမေရဲ့ထမင်းကို ကျုပ်စားနေတာ၊





ခင်ဗျားသာ ကျုပ်အမေရဲ့ထဘီရိပ်ခိုပြီး စားနေတာ၊ ကျုပ်အမေ စိတ်နေမကောင်း ဖြစ်မှာစိုးလို့ ခင်ဗျား လုပ်နေတာတွေကို ဘာမှ မပြောဘဲ ကြည့်နေတာ၊ ခင်ဗျား သဘောပေါက်"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ကိုညွန့်မောင်က သူ ပြောတာကို ဘာမှတုံ့ပြန်မပြောဘဲ အမေ့ဘက်သို့ လှည့်သွားသည်။

"ဟဲ့ ... မစိန်ပွင့်၊ မျိုးမစစ်တဲ့ နင့်သား ခွေးလေးကြိမ်းပိုး ပြောနေတာ ကြားတယ် မဟုတ်လား၊ နင့်သားကို နင်ဆုံးမ,မလား၊ ငါ ဆုံးမရမလား၊ ဒါပဲပြော"

"ဒီမှာ ကိုညွန့်မောင်၊ မျိုးမစစ်တာ ကျုပ်မဟုတ်ဘူး၊ ခင်ဗျား၊ အဲဒါကို ခင်ဗျား နားလည်ရင် ခင်ဗျားပါးစပ်ကိုပိတ်ထား၊ နောက်ထပ် ရင့်ရင့်သီးသီး စကားလုံး ခင်ဗျားပါးစပ်က ထွက်လာရင် ကျုပ်နဲ့ တွေ့မယ်၊ ဒါပဲ၊ ခင်ဗျား ဘာမှထပ်မပြောနဲ့"

"အောင်မာ၊ ခွေးမသား၊ မင်းကလား ငါ့ကို၊ ကဲ ... ကွာ"

ကိုညွန့်မောင်က ခြေထောက်နှင့် လှမ်းကန်သည်။ သူက နောက်ဘက်သို့ ဆုတ်လိုက်သဖြင့် ကိုညွန့်မောင်၏ကန်ချက်မထိ။

သူက ရှေ့သို့အတိုး အမေက သူတို့နှစ်ယောက်ကြားသို့ ဝင်ရပ်လာသည်။

သူ့ဘက်သို့ မျက်နှာမူ၍ ဝင်ရပ်လာသည့် အမေကြောင့် သူက ရှေ့ဆက်မတိုးသာ ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ ထိုသို့ဝင်ရပ်လိုက်စဉ်မှာပဲ သူက ဖြုန်းခနဲ လှည့်ထွက်ပြီး ဒရောသောပါး အိမ်ပေါ်က ဆင်းသွားသည်။

အမေက မျက်ရည်ခံထိုးပြီး တောင်းပန်သည်။

သူ့ဘဝ ဝဋ်ကြွေးမကင်းလို့ ခုလိုဖြစ်ရတာမို့ သားဝင်ပါရင် ကျော်မကောင်း ကြားမကောင်းတွေဖြစ်ပြီး ပြဿနာပို၍ရှုပ်ထွေးသွားမည်ဖြစ်ကြောင်း၊ ကိုညွှန့်မောင်နှင့် ကွာရှင်းပြတ်စဲရေးလုပ်ဖို့ ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ မကြာခင် ဒီကိစ္စ ပြီးပြတ်အောင်လုပ်တော့မည်ဖြစ်ကြောင်း ပြော၍ ဒီကိစ္စကြားထဲမှာ သားမပါအောင် သည်းခံနေဖို့ အမေက ပျောင်းဖျနားချ ပြောပြသည်။

သူ့ဆီက ကတိတောင်းသည်။

နောက်ထပ် ပြဿနာမဖြစ်အောင် သူ ရှောင်နေမည့်အကြောင်း ကတိပေးလိုက်သည်။

အမေ့ကို က[illegible]ပေးပြီးကာမှ ထိုနေ့ညမှာပင် ပြဿနာထပ်ဆင့်တက်လာသည်။

ပြဿနာကို အိမ်ပေါ်အရောက် ထိုးတင်လာသူက ကိုညွှန့်မောင်။

ညရှစ်နာရီလောက်တွင် ကိုညွှန့်မောင် အိမ်ပြန်ရောက်လာသည်။

ဦးလေးဦးစိန်အောင်လည်း အိမ်မှာရှိနေသည်။

ကိုညွှန့်မောင် အိမ်ပြန်ရောက်လာသည်မှာ သူတစ်ယောက်တည်းမဟုတ်၊ အဖော်နှစ်ယောက်နှင့်။





တစ်ယောက်က အရပ်ဝတ် အရပ်စားနှင့် လွယ်အိတ်လွယ်ထားသည့် ဆားပုလင်း ခေါ် လူဆိုးထိန်း တစ်ယောက်က ယူနီဖောင်းဝတ်ထားသည့် ရဲသား။

ကိုညွှန့်မောင်က သူပဲဟုပြော၍ လက်ညှိုးထိုးပြသည်။

အရပ်ဝတ်နှင့်လူက မေးသည်။

"တိုးအောင် ဆိုတာ မင်းလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"အေး ... ဒါဖြင့် ရဲစခန်းလိုက်ခဲ့"

"ခင်ဗျာ ... ကျွန်တော် ဘာဖြစ်လို့"

"ဘာဖြစ်လို့တွေ ဘာတွေ လုပ်မနေနဲ့၊ ရဲစခန်းကိုလိုက်ခဲ့"

"နေကြပါဦးရှင်၊ ကျွန်မသားလေးမှာ ဘာအပြစ်များရှိလို့ ရဲစခန်းကို ခေါ်ရတာပါလဲရှင်"

အမေ့အသံတွေ တုန်နေသည်။

"စစ်ဆေးစရာရှိလို့ ခေါ်တာ၊ နောက်တော့ သိလိမ့်မယ်"

ဆားပုလင်း၏ အသံမှာ မာမာပြတ်ပြတ်။

ကိုညွှန့်မောင်က ဝင်ဟောက်လိုက်သည်။

"စိန်ပွင့် ... သူ့ကိစ္စ သူ့ဟာသူ ရှင်းလိမ့်မယ်၊ မင်း ဝင်မပါနဲ့"

သည်သို့မှ ရဲစခန်းသို့ လိုက်ခဲ့ရသည်။

အိမ်နီးနားချင်းတွေက ထွက်ကြည့်နေကြသည်။

သူက ခေါင်းငုံ့ပြီး လိုက်ခဲ့ရသည်။

ရွှေဟင်္သာစာပေ

www.burmeseclassic.com

www.burmeseclassic.com

လက်ထိတ်တော့ မခတ်။ ယူနီဖောင်းဝတ် ရဲသားနှင့်အေး ချင်းယှဉ်လျက် လိုက်ခဲ့ရသောကြောင့် ပတ်ဝန်းကျင်နေသူတွေက ရဲစခန်းမှ လာဖမ်းသွားသည်ဟု အထောင်းမမြင် ပြောကြမှာ သေချာသည်။

ရဲစခန်းရောက်သည့်အခါ မမျှော်လင့်သော မေးခွန်းနှင့် ရင်ဆိုင်လိုက်ရပြန်သည်။

ကိုညွန့်မောင် လွယ်အိတ်ထဲက နိုက်ယူထားတဲ့ ပိုက်ဆံအိတ် ဘယ်မှာလဲတဲ့။

"ဗျာ ... ပိုက်ဆံအိတ်၊ ဟုတ်လား"

သူ့ပါးစပ်မှ အာမေဋိတ်သံ လွှတ်ခနဲ ထွက်သွားရသည်။

"အေး ... ဟုတ်တယ်၊ မင်း ယူထားတဲ့ ပိုက်ဆံအိတ်ကို မေးနေတာ"

"ကျွန်တော် သိလည်း မသိဘူး၊ ယူလည်း မယူပါဘူးဗျာ"

"မင်းကို ကောင်းကောင်းမေးနေတာနော်၊ အသားအနာမခံ ချင်နဲ့၊ ပိုက်ဆံအိတ်ထဲက ငွေငါးရာကျော်ကို ဘာလုပ်ပစ်တယ်၊ ဒါမှမဟုတ် ဘယ်မှာဝှက်ထားတယ်ဆိုတာ ပြော"

"ကျွန်တော့်ကို သက်သက် မဟုတ်မတရား စွပ်စွဲတာပါ ဗျာ၊ ညနေက သူနဲ့ ကျွန်တော်နဲ့ စကားများကြပါတယ်၊ အဲဒါကို မကျေမနပ်ဖြစ်ပြီး မတရားတိုင်တာပါ ဆရာကြီးတို့ရာ"

"မင်း ဘာလို့ကျောင်းမတက်တာလဲ၊ အဲဒီငွေတွေရလို့ ကျောင်းမတက်ဘဲ ဖဲလည်ရိုက်နေတာ မဟုတ်လား"





"ကျွန်တော် စိတ်ညစ်လို့ ကျောင်းမတက်တာ မှန်ပါတယ်၊ ကျွန်တော် ဖဲမကစားတတ်ပါဘူး"

"ကဲ ... ကွာ"

"အမယ့်လေးဗျ"

"သူက မင်းပထွေး မဟုတ်လား၊ မင်းတို့အိမ်ထဲမှာ ပျောက် တဲ့ပိုက်ဆံအိတ် မင်းမယူရင် ဘယ်သူယူမလဲ၊ မင်းအမေလား၊ မင်းဦးလေးလား"

"သူက ကျွန်တော့်အမေ ပိုက်ဆံတွေကို သုံးဖြုန်းနေတာပါ ဆရာကြီးတို့ရာ၊ ကျွန်တော့်အမေက ဘယ်ယူပါ့မလဲ"

"ရှည်တယ်ကွာ"

"အင့် ..."

"အချုပ်ခန်းထဲဝင်၊ မနက်ကျမှ ဆက်မေးမယ်၊ မနက်ကျ မှ မင်း မှန်အောင်မဖြေနိုင်ရင် မင်း နာပြီသာမှတ်"

အချုပ်ခန်းထဲ ဝင်ရမည်ဟု ပြောနေစဉ် ဦးလေးဦးစိန်အောင် နှင့် ရပ်ကွက်လူကြီး ဦးထင်ပေါ်တို့ ရောက်လာကြသည်။

သူ့အား စစ်မေးနေသည့် ဆားပုလင်းက ထိုင်ရာမှထပြီး ရဲစခန်းရုံးခန်းအပြင်သို့ထွက်ပြီး ဦးလေးတို့နှင့် စကားပြောကြသည်။

ဘာတွေ ပြောကြသည်ကိုတော့ သူ မသိ။

ဦးလေးတို့ကို မြင်ရုံပဲ မြင်လိုက်ရ၏။

စကားမပြောလိုက်ရ။



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းကြီး ပြန်ဝင်လာပြီး အဲသည်ခုံတန်းရှည်ပေါ်မှာ အိပ်ဟု ပြောပြီး အိပ်ရမည့် ခုံတန်းရှည်ကို လက်ညှိုးထိုးပြသည်။

ခေါင်းအုံးစရာ အခုအခံမရှိသော ခုံတန်းရှည်ပေါ်တွင် မအိပ်ချင်သောကြောင့် ခုံတန်းရှည် ကပ်ထားသည့် နံရံကို ကျော မှီပြီး ထိုင်နေလိုက်၏။

ဦးလေးတို့နှင့် ဘယ်လိုနားလည်မှု ရသွားသည်မသိ။ အချုပ် ခန်းထဲသို့ မဝင်လိုက်ရ။

ပထွေးကိုညွန့်မောင်၏ ယုတ်မာကောက်ကျစ်စဉ်းလဲသော လုပ်ရပ်မှာ နာကြည်းခံပြင်း အတိုင်းအတာ နယ်ဆုံးသွားရုံမက ဘယ်လိုနည်းနှင့်မှ ခွင့်မလွှတ်နိုင်စရာ ဆူးကြီးတစ်ချောင်း နှလုံး သားထဲသို့ စူးဝင်နစ်မြုပ်သွား၏။

ရှက်လည်းရှက်၊ နာလည်းနာ၊ ခံလည်းခံရသည့်အဖြစ်။

အိပ်စရာနေရာမရှိ၊ ခြင်ကကိုက်၊ ငုတ်တုတ်ထိုင်ရင်း ခေါင်း ထဲသို့ ဝင်လာသည့် အတွေးစဉ်များမှာ ကောင်းသောနှင့်ယှဉ်သည့် အတွေးစဉ်မပါ။

အဲတကြိတ်ကြိတ်၊ တက်တခေါက်ခေါက်နှင့် ထိန်းသိမ်း ခြင်းငှာ မစွမ်းသာအောင် ဒေါသပြည့်လျှံနေသည့်ရင်မှာ သိသိ သာသာကြီး ခုန်နေ၏။

သူက ရဲစခန်းမှာ ထိုသို့ခံစားနေရစဉ် အိမ်မှာပြဿနာ အကြီးအကျယ်တက်ပြီး ကျော်မကောင်း ကြားမကောင်း ဖြစ် ဖြောင်း ဖြစ်ရပ်တွေ ဆူပေါ်ပြောင်းဆန်နေသည်။





အရှက်ကိုငုံပြီး ကြိတ်မှိတ်ခံခဲ့သည့် အမေသည် သားဇော ကြောင့် ဆက်လက်သည်းခံနိုင်စွမ်း မရှိတော့ဘဲ ပေါက်ကွဲထွက် သွား၏။

သည်လောက်ထိ ယုတ်မာပက်စက်သော ကောက်ကျစ် စဉ်းလဲမှုမျိုးကို လုပ်ရပါမို့လားဟု လက်ညှိုးငေါက်ငေါက်ထိုးပြီး လူယုတ်မာကြီး အကြောင်းကို လူသိရှင်ကြား ဖွင့်ထုတ်လိုက်သည်။

ညောင်မြစ်ကြီးကို နက်နက်ကြီး တူးပစ်လိုက်သည်။

မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်အတိုင်း သူတို့အိမ်ဝန်းကျင် မှာ လာရောက်စူးစမ်းသူများနှင့် ပြည့်နှက်သွား၏။

ကိုညွန့်မောင်က မစိန်ပွင့် ပါးစပ်ကို လက်ရောက်မှုဖြင့် ဟန့်တားပိတ်ပင်ဖို့ ကြိုးစားသည်။

အမေကလည်း မခံ။

တွေ့ရာ လက်လှမ်းမီရာ ပစ္စည်းမျိုးစုံဖြင့် ပစ်ပေါက်၍ တုံ့ပြန်သည်။

အရပ်ကို အော်ဟစ် အကူအညီတောင်း၏။

အကြောင်းသိ အိမ်နီးချင်းများနှင့် ရပ်ကွက်လူကြီးတချို့ ရောက်လာကြသည်။

ကိုညွန့်မောင် ထင်တိုင်းလုပ်လို့ မရတော့။

ပါးစပ်သေနတ်ပစ်ပြီး နောက်ဖေးပေါက်ကနေ ဆင်းလစ် သွားရသည်။

မစိန်ပွင့်က မရပ်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့ထွက်ပြီး ရပ်ကြည့်နေသူများကို တိုင်တည်၍ ကိုညွန့်မောင်၏ ယုတ်မာပက်စက်မှုများကို တစ်ခုစီ တစ်ခုစီ အပိုင်းခွဲပြီး ဖွင့်အန်လိုက်၏။

ကိုညွန့်မောင်၏ သိက္ခာမှာ နစ်ပြားသားမျှ မကျန်တော့။ လမ်းဘေးသို့သာမက မြောင်းထဲသို့ပါ ကျရောက်သွားသည်။

မစိန်ပွင့်မှာ ကိုညွန့်မောင်၏ အထိုးအကြိတ်၊ အရိုက်အနက်ကို ဖူးဖူးရောင်ရောင် ကွဲကွဲပြဲပြဲ ခံလိုက်ရပေမယ့် မမှု။

ကိုညွန့်မောင်၏ အကျင့်ဓာဂများကို လူသိရှင်ကြား အန်ထုတ်လိုက်ရသောကြောင့် ကျေနပ်နေသည်၊ ဖြေသာနေသည်၊ ပီတိဖြစ်နေသည်။

ခုံတန်းရှည်လေးပေါ်မှာ ငုတ်တုတ်ထိုင်ရင်း မိုးလင်းခဲ့ရသော တိုးအောင်က ဒါတွေကို မသိသေး။

ကိုညွန့်မောင် နောက်ဖေးပေါက်က ဆင်းပြေးခဲ့ရသော အဖြစ်အပျက်ကို သူသိလျှင် အတိုင်းအဆ မရှိသော ပီတိဖြင့် ကြည်နူးဝမ်းသာနေမှာ သေချာသည်။

မိုးလင်းသွားပြီ။

တစ်ညလုံး ငုတ်တုတ်ထိုင်ခဲ့ရသည့်အတွက် ခါးရော ကိုယ်ပါ ညောင်းကိုက်နေ၏။

ဝမ်းထဲမှာ ဟာလာဟင်းလင်းမို့ ရင်ထဲမှာ ပူပြုံးဆာလောင်နေသည်။

ဝယ်စားဖို့ ပိုက်ဆံမပါ။





ပိုက်ဆံပါသည့်တိုင် ဝယ်စားဖို့ မလွယ်ဘူး။

မျက်နှာသစ်ပြီး ရေနွေးခွက် ဆင့်သောက်လိုက်တော့မှ ရင်ပူနည်းနည်း သက်သာသွားသည်။

ဆာလောင်နေသည်မှာမူ ပြေလျော့မသွား။

သူ့အား နောက်ထပ် စစ်မေးခြင်းလည်းမရှိ။ ပြန်လည်းမလွှတ်။

ခုံတန်းရှည်မှာပဲ ထိုင်နေရ၏။

နောက်ထပ် ရေနွေးခွက် သောက်ရသည်။

စားစရာမရှိသောကြောင့် ဝမ်းမီးအပူ အနည်းငယ်ငြိမ်သက်စေရန် ရေအိုးရှိရာ သူ ထသွားပြီး သောက်လိုက်၊ ထိုင်မြဲနေရာ ပြန်ထိုင်လိုက် လုပ်နေရ၏။

မနက်ရှစ်နာရီသာသာလောက်ကျမှ ဦးလေးဦးစိန်အောင်နှင့် ရပ်ကွက်လူကြီးနှစ်ဦး ရောက်လာကြသည်။

ဦးလေးကို တွေ့လိုက်ရတော့ အရမ်းကြီး ဝမ်းသာသွားသည်။

သူ သိပ်ဆာနေသည့်အကြောင်း ကမန်းကတန်း ပြောလိုက်ရသည်။

ဦးလေးက ခဏနေရင် မင်း အိမ်ပြန်ရတော့မှာ၊ အိမ်ကျမှပဲ စားကြတာပေါ့ဟု ပြောသဖြင့် ပြန်ထိုင်နေလိုက်ရသည်။

ခဏနေရင် အိမ်ပြန်ရတော့မှာ ဆိုသောကြောင့် ဝမ်းသာရသည်နှင့်အတူ ဆာနေတာလည်း ပြေလျော့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ရဲစာရေးကြီးနှင့် ဦးလေးတို့ ဘာတွေပြောနေကြသည်မသိ။ ပြောနေကြတာကိုတော့ လှမ်းမြင်နေရသည်။ စာရွက်ပေါ်မှာ သုံးယောက်စလုံး လက်မှတ်ထိုးနေကြတာကိုလည်း တွေ့ရသည်။

ခဏကြာတော့ ဦးလေးတို့ ထလာပြီး သူ့ကိုပါခေါ်၍ ရဲစခန်းထဲမှ ထွက်ခဲ့ကြသည်။

စားသောက်စရာ ဆိုင်တန်းဘက် နီးလာသည့်အခါ ဝမ်းထဲက တကြွတ်ကြွတ်မြည်သံ ပိုကျယ်လာသည်။

"ဦးလေး ဗိုက်ဆာပါရင် ကျွန်တော့်ကို တစ်ခုခု ကျွေးပါဦး၊ ကျွန်တော် သိပ်ဆာနေပြီ"

ဟု ပြောလိုက်ရသည်။

ဆိုင်ထဲထိုင်မိလို့ မုန့်ပွဲလာချသည်နှင့် ဘာမုန့်ဟူ၍ ရွေးမနေတော့ဘဲ တွေ့ရာမုန့်တစ်ခုကို နှိုက်ယူပြီး အငမ်းမရ စားလိုက်ရာ လည်ချောင်းဝတွင် တစ်ဆို့သွားသဖြင့် ရေနွေးကြမ်းနှစ်ခွက်ဆင့် သောက်လိုက်ရသည်။

မုန့်နှစ်ခုနှင့် လက်ဖက်ရည်တစ်ခွက် ဝင်သွားတော့မှ နေသာထိုင်သာ ရှိသွားသည်။

လက်ဖက်ရည်သောက်ရင်း နောက်ထပ် ဘာ ပြဿနာမှ ဆက်မဖြစ်အောင် နေထိုင်ဖို့ပြောရင်း မနေ့ညက ဒီ ဖြစ်သည့် အခြေအနေကို အကြမ်းဖျင်း ပြောပြသည်။

ဦးလေးက သူ့ထင်မြင်ချက်ကိုပါ ဆက်ပြောသည်။





ကိုညွန့်မောင် သည်အတိုင်းနေလိမ့်မည်ဟု မထင်သည့်အကြောင်း။ သူ၏ ပင်ကိုစရိုက်အတိုင်း ဉာဏ်နီဉာဏ်နက်ဆင်ပြီး ပြဿနာရှာမှာ သေချာကြောင်း၊ သည်ပြဿနာထဲသို့ သူမပါဝင်ဖို့ အကြောင်းပါ ပြောသည်။

ရပ်ကွက်လူကြီးများကလည်း ဝိုင်းပြောကြသည်။

သူက လူကြီးတွေ ပြောသည့်အတိုင်း နေထိုင်ပါမည်ဟု ကတိပေးလိုက်သည်။

အိမ်ပြန်ရောက်၍ အမေ့ကို မြင်လိုက်သည့်အခါ ပြဿနာကြားထဲသို့ သူ မပါဝင်ဘဲ နေပါမည်ဟု ပေးခဲ့သည့်ကတိကို ဖျက်ရတော့မည်ဖြစ်ကြောင်း သူ့ဟာသူ နားလည်ခံစားလိုက်ရသည်။

အမေ့မျက်နှာပေါ်တွင် ထင်ရစ်နေသည့် ဒဏ်ရာဒဏ်ချက်များမှာ မြင်မကောင်း ရှုမရကောင်းရှိရာ ကိုညွန့်မောင် အပေါ် ဘယ်လိုမှ ခွင့်မလွှတ်နိုင်အောင် ဖြစ်သွားရသလို ရင်ထဲမှာလည်း ဆို့နစ်သွားသည်။

အမေက ခုအတောအတွင်း ရွာမှာသွားနေရန် ဖျောင်းဖျနားချခဲ့သော်လည်း သူက လုံးဝလက်မခံ။

ကိုညွန့်မောင်၏ လက်တွင်းမှာ အမေ့ကို တစ်ယောက်တည်း မထားရစ်ခဲ့နိုင်။ သူ အိမ်ကနေ ဘယ်ကိုမှခွာမသွားနိုင်ကြောင်း အပြ ်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့အလစ်မှာ အဖေ၏ဆောင်းကို ပြန်သွေးပြီး သ, ထားလိုက်၏။ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုသလို ကိုယ့်ဘက်က ပြင်ဆင်စရာရှိသည်ကို ပြင်ထားလိုက်ခြင်းဖြစ်၏။

ကိုညွန့်မောင်ကို လက်နက်မပါဘဲ ယှဉ်နိုင်သည့် အနေအထား ရှိစေကာမူ အဖော်အပေါင်း လိုလာခဲ့သော် လက်ချည်းသက်သက် ရင်ဆိုင်ဖို့မလွယ်။ ဒါကြောင့် လိုရမယ်ရ ဆောင်းကိုသွေးသ,၍ အလွယ်တကူ ယူလို့ရသည့် နေရာတွင် အဆင်သင့်ထားလိုက်ရသည်။

ထိုသို့ ပြဿနာဖြစ်ပြီးနောက် ကိုညွန့်မောင် အိမ်သို့ပြန်မလာ။ သုံးရက်မြောက်နေ့တွင်မှ အိမ်သို့ပြန်လာသည်။

သူတစ်ယောက်တည်း မဟုတ်၊ အဖော်နှစ်ယောက်နှင့်အတူ ရောက်လာသည်။ သူနှင့်ပါလာသူ အဖော်နှစ်ယောက်၏ ဟန်ပန်မှာ ထောင့်မကျိုးသည့် ဟန်ပန်နှင့်။ အောက်သိုးသိုး ရှုတင်းတင်း မျက်နှာထားမှာ အတော့်ကို အမြင်ကတ်စရာအသွင် ပေါ်လွင်နေသည်။

သူတို့နှစ်ယောက်က သူ့ကို မထီလေးစားဟန်ပန်နှင့် ကြည့်လိုက်၊ သူတို့အချင်းချင်း တိုးတိုးပြောလိုက်၊ ရိတိတိအပြုံး ပြုံးလိုက်ဖြင့် သူ့စိတ်ကို ဆွနေကြသည်။

သို့တစေ သူက အမေ့ကို ပေးထားသည့် ကတိအတိုင်း ကိုယ့်ဘက်က ပြဿနာစတာမျိုး မဖြစ်အောင် မျက်နှာလွှဲပြီး ဝရန်တာဘက် ထွက်နေလိုက်သည်။





ကိုညွန့်မောင်က အမေ့ကို ရင့်ရင့်သီးသီး အသံခပ်မာမာနှင့် ခေါ်လိုက်သည်။

"ဟဲ့ ... စိန်ပွင့်၊ ထွက်ခဲ့စမ်း"

အရင်က ပွင့်လို့ နာမည်အဖျားဆွတ် ခေါ်ခဲ့သည်။ ခုတော့။

အမေ အခန်းထဲက ထွက်လာသည်။

"စိန်ပွင့် ... နင်က ငါ့ကို အာခံတယ်ပေါ့၊ ညွန့်မောင်ကို အာခံလို့မရဘူး၊ နင် ဘာလုပ်ချင်သလဲ ပြော"

"ကျွန်မ ရှင့်ကို ဆက်မပေါင်းနိုင်ဘူး၊ ကျွန်မ ပြောချင်တာ အဲဒါပဲ"

"သြော် ... ဒီလိုကိုး၊ ကောင်းပြီ၊ ရှိတဲ့ပစ္စည်း တစ်ဝက်ခွဲပေးရင် နင့်ကိုကွာရှင်းပြတ်စဲစာချုပ် လက်မှတ်ထိုးပေးမယ်၊ ငါပြောတာကို ငြင်းရင် နင့်တစ်သက်လုံး ငါ့ကိုကွာလို့ မရဘူး"

"ဘာဆိုင်လို့ ရှင်က ပစ္စည်းစကား ပြောလာတာလဲ၊ ကျွန်မမှာရှိတဲ့ ပစ္စည်းတွေက ရှင်ရှာဖွေထားတဲ့ လက်ပွားပစ္စည်းတွေ မဟုတ်ဘူး၊ ကျုပ် တစ်ပြားတစ်ချပ်မှ မပေးနိုင်ဘူး"

"မင်းနဲ့ငါက ဒီအတိုင်း လင်မယားဖြစ်နေကြတာ မဟုတ်ဘူးလေ၊ စာချုပ်စာတမ်းနဲ့ လင်မယားအရာ မြောက်ထားတာ၊ မင်း ငါ့ကို ကွာချင်တိုင်း ကွာလို့မရဘူး၊ ဒါကိုတော့ မင်းနားလည်ထားဖို့ လိုလိမ့်မယ်၊ ငါ ဒီအိမ်ပေါ်မှာ နေပိုင်ခွင့် ရှိတယ်ဆိုတာ မင်းမမေ့နဲ့ ငါ ပြောချင်တာ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com

ကိုညွန့်မောင်က အဲဒီလိုပြောပြီး သူ့အဖော်နှစ်ယောက်ကို ခေါ်၍ ပြန်ထွက်သွားသည်။

စိန်ပန်းချက်ခုံတန်းမှာ ထိုင်နေသည့် သူ့ကို နောက်ပါနှစ်ယောက်က ပေစောင်းစောင်း ကြည့်သွားသည်။

နှုတ်နှင့်စိတ်ကို မနည်းကြီး ထိန်းထားရသည်။

ဖခင်ဖြစ်သူက ငယ်ငယ်ရွယ်ရွယ်နှင့် သေရသည်အထိဖြစ်အောင် တရားလွန် စီးပွားရေးလောဘနှင့် ရှာဖွေခဲ့သည့်ပစ္စည်းများကို သုံးဖြုန်းခဲ့ရုံမက ခု ကျန်ပစ္စည်းတစ်ဝက် ပေးရမည်ဟု မျက်နှာပြောင်တိုက်ပြီး တောင်းနေပြန်ပြီ။

မိခင်ဖြစ်သူ၏အမှား ပါသင့်သလောက် ပါနေသော်လည်း သူ့အနေနှင့် ဒီလောက်ထိအောင် လုပ်ဖို့မသင့်။

အမေနှင့် ပြောနေစဉ်ကတည်းက ဝင်ပြောချင်သော်လည်း အမေက ကြိုတင်တားမြစ်ထားသောကြောင့် ဝင်မပြောခဲ့စေကာမူ စိတ်ထဲမှာ တနုံ့နုံ့ ဖြစ်နေခဲ့ရသည်။

အမေကတော့ ထုံးစံအတိုင်း မျက်ရည်နှင့် မျက်ခွက် ဖြစ်နေရှာသည်။ သူ လုပ်ခဲ့မိသည့် အမှားအတွက်ကိုလည်း တစ်ဖျစ်တောက်တောက် ပြောမဆုံး ရှိနေသည်။

အိမ်မှာ ဘယ်သူမှမရှိ။ ဦးလေးက ကားမောင်းထွက်နေသည်။

ပြဿနာဖြစ်သည့်ညက ကိုညွန့်မောင် ဒရောသောပါးထွက်သွားစဉ်က ကျန်ရစ်ခဲ့သည့် ကားသော့ကို ဦးလေးလက်ထဲအပ်ပြီး ဦးလေးကိုပင် မောင်းစေခဲ့သည်။





အမေက ဘာလုပ်ရမှန်းမသိ။ သူ့ကို တိုင်ပင်သည်။ သူ တောင်းသည့်အတိုင်း စီးပွားတစ်ဝက် ခွဲပေးပြီး အပြတ်ရှင်းရရင် ကောင်းမလားဟု ပြောလာသည်။

အမေ ပြောလာသည်ကို သူက ဘယ်လိုမှ လက်မခံနိုင်သောကြောင့် ခေါင်းကို သွက်သွက်ခါပစ်လိုက်သည်။

သူတို့သားအမိနှစ်ယောက် သုံးအိမ်ကျော်ရှိ ရပ်မိရပ်ဖ ဦးသူတော် အိမ်သို့ ထွက်ခဲ့ကြသည်။

မနက်က ကိုညွန့်မောင် ပြောသွားသည့်ကိစ္စကို ပြောပြ၍ ဘာဆက်လုပ်ရမည်ကို အကြံဉာဏ်တောင်းခဲ့သည်။

ဦးသူတော်က ဒီကိစ္စအတွက် သူလည်းမပြောတတ်ကြောင်း၊ ရှေ့နေရှေ့ရပ်များနှင့် တိုင်ပင်သင့်ကြောင်း၊ တရားရုံးရောက်ရင် အရှည်တစ်လံ ငွေကုန်လူပန်း ဖြစ်မည့်အကြောင်း၊ ဒါမှမဟုတ် လူကြီးစုံရာ ရှေ့မှောက်မှာ တွေ့ဆုံညှိနှိုင်းပြီး ထိုင်သင့်သလောက် ပေးလိုက်မှ ကိစ္စအေးမည်ထင်ကြောင်း ပြောလိုက်သည်။

အမေက ဦးကြီးဦးသူတော် ပြောလိုက်သည့် နောက်ဆုံးအချက်ကို လက်ခံချင်သည့် သဘောထားရှိသည်။

သူက တစ်ပြားတစ်ချပ်မှ ပေးဖို့မလိုကြောင်း၊ သူ အရှက်ရှိလို့ အိမ်ပေါ်ပြန်တက်လာပြီး နေချင်နေပစေ၊ သူ့ကို ချက်ပြုတ်နုးခပ်ကျွေးစရာ မလိုကြောင်း ပြောလိုက်သည်။

ဦးလေးကတော့ လူကြီးစုံရာနှင့် ဖြေရှင်းပြီး ထိုက်သင့်သလောက် ပေးလိုက်တာ ကောင်းမည်ဟု ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတစ်ဝက် ခွဲပေးရမည်ပြောပြီး နှစ်ရက်မြောက်နေ့။

နောက်ပါနှစ်ယောက်နှင့်အတူ ကိုညွန့်မောင် ရောက်လာသည်။

သုံးယောက်စလုံး မူးနေသည်။ အရက်ပုလင်းများလည်း ပါလာသည်။

ညှော်ခန်းမှာ အရက်ဝိုင်းဖွဲ့ပြီး ဟေးလားဝါးလား လုပ်ကြသည်။ မထိခလုတ် ထိခလုတ် စကားများဖြင့် ခနဲ့သည်။

"ဒါ ငါ့အိမ်ကွ၊ ငါ ထင်သလိုနေမယ်၊ ငါ့အိမ်မဟုတ်ဘူးလို့ ဘယ်သူပြောမလဲ၊ ဘယ်သူက တားမြစ်မလဲ၊ ပြောတဲ့လူ တားမြစ်တဲ့လူ ငါနဲ့တွေ့မယ်၊ မင်းတို့လည်း အိမ်ပြန်စရာမလိုဘူး၊ ငါနဲ့အတူနေ၊ လွတ်လွတ်လပ်လပ် နေနိုင်တယ်၊ ကြိုက်သလို သောက်နိုင်တယ်၊ ကြိုက်သလို ပျော်နိုင်တယ်"

တိုက်ရိုက်မဟုတ်စေကာမူ သွယ်ဝိုက်၍ အယုတ္တ အနတ္တ အပြောတွကိုပါ စောင်းမြောင်းပြောဆိုလာသည်။

အမေက အခန်းထဲမှထွက်လာပြီး ကိုညွန့်မောင်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောသည်။

"ကိုညွန့်မောင် .... ရှင်တို့ အတော့်ကို တရားလွန်လာပြီနော်"

"ဒီမှာ မစိန်ပွင့်၊ နားမထောင်ချင်ရင် နားပိတ်ထားနှငါတို့ကို ဘာမှလာပြောစရာ မလိုဘူး၊ ဒီအိမ်ဟာ မင်းတစ်ယောက်တည်း ပိုင်တဲ့အိမ် မဟုတ်ဘူး"





"ဘာပြောတယ် ကိုညွန့်မောင်၊ ရှင်ဟာ လူ မဟုတ်ဘူး၊ လူကျင့်မကျင့်ဘူး"

"ဘာကွ၊ မင်းကလား ငါ့ကို"

ကိုညွန့်မောင်က ထိုင်ရာမှထပြီး အမေ့ကို ဖြတ်ရိုက်လိုက်သည်။

အမေ ပုံလဲသွားသည်။

သူက အခန်းထဲ ပြေးဝင်သွားပြီးနောက် တစ်အိမ်လုံး ရုန်းသုန်းကား ဖြစ်သွားသည်။

သွေးအိုင်ထဲမှာ လဲကျနေသူက နှစ်ယောက်၊ အိမ်ပေါ်မှ ပြေးဆင်းသွားသူက တစ်ယောက်။

အမေက သူ့ကို အတင်းဖက်ထားသည်။

ကိုညွန့်မောင်၏ ညာဘက်လက်ဖျံမှာ ဓားဒဏ်ရာတစ်ချက်။ ချက်နှာပေါ်မှ ကန့်လန့်ဖြတ် ဓားဒဏ်တစ်ချက်။

သူနှင့်ပါလာသူ ထွန်းရွှေ ဆိုသူ၏ ညာဘက်ပခုံးမှာ ဓားဒဏ်ရာတစ်ချက်၊ နဖူးမှာ ဓားဒဏ်ရာတစ်ချက်။

ကိုညွန့်မောင် ဒဏ်ရာက ပို၍ပြင်းထန်သည်။

ညာဘက်မျက်လုံးကိုပင် ထိခိုက်မည့် အနေအထား ရှိသည်။

သူတို့နှစ်ယောက် ဆေးရုံသို့ ရောက်သွားသည်။

သူက ရဲစခန်းအချုပ်သို့ ဝင်သွားရသည်။

ရဲတွေ အလုပ်ရှုပ်သွားပေမယ့် တရားခံကို အချင်းဖြစ်နေရာတွင်ပင် ဖမ်းဆီးရမိပြီး တရားခံကိုယ်တိုင်က ပြစ်မှုကျူးလွန်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ဝန်ခံချက် ပေးသောကြောင့် အမှုနှင့် ပတ်သက်ပြီး ဦးနှောက်မခြောက်ရတော့။

သွေးစွန်းနေသည့် သက်သေခံများကို လက်ဗွေရာမပျက်အောင် ဂရုတစိုက်ယူဆောင်၍ ရဲစခန်းတွင် သိမ်းဆည်းထားရသည်။

အမှုဖြစ်ကြောင်းကို စစ်မေးသည့်အခါ သူက အဖြစ်မှန်အတိုင်း အစစ်ခံခဲ့သည်။

"အမေ ပုံလဲသွားတာကို မြင်လိုက်တာနဲ့ မျက်လုံးတွေ ပြာပြီး ဘာကိုမှ စဉ်းစားမနေတော့ဘဲ အခန်းထဲပြေးဝင်ပြီး ဓား လက်ထဲရောက်လာတာနဲ့ ထိချင်တဲ့အကောင်ထိ ထိချင်တဲ့နေရာ ထိဆိုပြီး ခွတ်ခုတ်ပစ်တာပဲ၊ အချုပ်ထဲရောက်ပြီး နောက်လည်း ကျွန်တော် ဒီအကြောင်းကို ဘာမှပြန်စဉ်းစား မနေတော့ဘူး၊ ကျွန်တော် လုပ်သင့်တာကို လုပ်လိုက်တာပဲလို့ပဲ သဘောထားပြီး အေးအေးပဲ နေလိုက်တယ်၊ ဖြစ်ချင်ရာဖြစ်တော့ ရင်ဆိုင်မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ကျွန်တော် ထောင်ထဲစရောက်တဲ့မှုခင်းဖြစ်ရပ်ကြောင်း အစက ဒါပါပဲ ဆရာ"

"ကိုတိုးအောင် ပြောသလို လုပ်သင့်လုပ်ထိုက်လို့ လုပ်တယ်ဆိုတာဟာ လူမှုရေးအရတော့ မှန်ပါတယ်၊ ဥပဒေအရဆိုရင် မမှန်ဘူး၊ တရားဥပဒေက လူမှုရေးဘက်ကို စောင်းပေးလို့ မရဘူး၊ ထိုက်သင့်တဲ့ သက်ညှာမှုလောက်ပဲ ပေးနိုင်တယ်၊ အပြစ်ပေးတဲ့အပိုင်း ရောက်ရင်တော့ ကျူးလွန်တဲ့ပြစ်မှုအတိုင်း အတာပေါ် ကြည့်ပြီး ပေးရတယ်"





"ဟုတ်ပါတယ် ဆရာ၊ ဆရာ ပြောသလိုပါပဲ၊ ကျွန်တော့်လည်း နောက်တော့ သဘောပေါက်ပါတယ်"

"အဲဒီအမှုမှာ ကိုတိုးအောင် ထောင်ဘယ်နနှစ်ကျသလဲ"

"ဟုတ်ကဲ့ ပြောပါ့မယ် ဆရာ၊ ထောင်ကျတာထက် ပိုဆိုးတာက ကျွန်တော်တို့သားအမိဘဝ၊ အထူးသဖြင့် ကျွန်တော့်ဘဝ ပျက်စီးဖို့ ဖြစ်လာတဲ့အကြောင်းပါ၊ ငွေကုန်သံပြာဆိုတဲ့ တင်စားစကားဟာ ကျွန်တော်တို့ သားအမိ အဖြစ်အပျက်နဲ့ အလိုက်ဆုံးလို့ ပြောရမယ့် ပမာစကားပါ ဆရာ"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com

## (သုံး)

နောက်တစ်နေ့မနက် ရပ်ကွက်လူကြီး နှစ်ယောက်နှင့်အတူ အမေ ရဲစခန်းသို့ ရောက်လာသည်။

သူ့အတွက် မုန့် လက်ဖက်ရည် လာပို့သည့် ရဲသားပြော သွားသဖြင့် အမေတို့ ရောက်လာကြောင်း သိလိုက်ရသည်။

လက်ဖက်ရည်သောက် မုန့်စားပြီးနောက် အမေနှင့် ဆယ်မိနစ်လောက် တွေ့ရသည်။

အပြင်သို့ ထွက်မတွေ့ရပါ။ အမေ့ကို အချုပ်ခန်းရှေ့ခေါ် လာပြီး တွေ့ပေးသည်။

တဘက်ကလေးခေါင်းပေါ်တင်လာသည့် အမေက မျက် ရည်သွယ်စီးလျက် စကားမပြောနိုင်ဘဲ အချုပ်ခန်းသံတိုင်တွေ ကိုင်ပြီး အချုပ်ခန်းရှေ့မှာ ထိုင်ကျသွားသည်။

သူကလည်း ဘာကစ၍ ဘာပြောရမှန်းမသိ။ အမေ့ကို တွေပြီးကြည့်နေမိသည်။





အနားတွင် စောင့်နေသည့် ရဲသားက အကြာကြီးမတွေ့ရ ဘူးနော်။ ဆယ်မိနစ်လောက်ပဲ တွေ့ရမှာ။ ပြောစရာရှိတာပြော ကြဟု သတိပေးသည်။

အမေ့မှာ—သူ့ကြောင့် ဒီလိုအဖြစ်ဆိုးကြီး ဖြစ်ရကြောင်း အမှုအတွက် ရှိတာကုန်ပစေ လိုက်မည့်အကြောင်း ပြောသည်။

အမေ့အသံမှာ တိုးလွန်းတိမ်လွန်းသည့်အပြင် ငိုပြော,ပြော နေသောကြောင့် မနည်းကြီး အာရုံစိုက်ပြီး နားထောင်ရသည်။

ဖြစ်ပြီးတာကို ရင်ဆိုင်ရတော့မည့်အကြောင်း၊ အမှုအတွက် ငွေကုန်ကြေးကျ မခံဖို့နှင့် ကားကိုရောင်းပြီး အိမ်ကိုသော့ပိတ် ပြီး လောလောဆယ် လူကြီးများထံ အပ်နှံဖို့အကြောင်းနှင့် အမေ ရွာကိုပြန်နေဖို့အကြောင်း ပြောရသည်။

အမေက ခေါင်းတခါခါနှင့် ရှိုက်ကြီးတငင် ငိုနေသည်။

အစောင့်ရဲက အမေ့ကို တွဲထူပြီး ခေါ်သွားသည်။

သူလည်း ထိုင်နေရာက မထဖြစ်တော့။ ရင်ထဲမှာ ဆို့နစ် ပြီး မျက်ရည်ဝိုင်းလည်လာသည်။ သတိလက်လွတ်သူပမာသို့ ဖြစ်သွားရသည်။

အဖြစ်လွယ်သလောက် အရှင်းရခက်သည်မှာ ပြစ်မှုဆိုင်ရာ မှုခင်းပင်ဖြစ်သည်။

ဒေါသလွန်ကဲမှုကြောင့် ဖြစ်ရသောမှုခင်းနှင့် ဟူသမျှတွင် ပြုလုပ်သူရော ခံရသူပါ ပြဿနာအဖုံဖုံ ဒုက္ခအသွယ်သွယ် ရစ် သိုင်းလာစမြဲရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ထဲမှာ နှစ်ရက်ထားပြီး ရဲစခန်းမှ အမှုအတွက်ပြင်ဆင်စရာရှိသည်များ ပြင်ဆင်၍ ရုံးတင်ခဲ့သည်။

တရားရုံးမှ တရားခံအဖြစ် စွပ်စွဲထားသူအား ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ မိမိဆန္ဒအလျောက် ဖြောင့်ချက်ပေးလိုမပေးလို မေးမြန်းပြီး ဖြောင့်ချက်ပေးလိုကြောင်း ဝန်ခံလျှင်ဖြောင့်ချက်ရယူသည်။

သူက ဖြောင့်ချက် ပေးခဲ့သည်။

ဖြောင့်ချက်ပေးသည်မှာ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံခြင်းဖြစ်၏။

သူ၏အမှုမှာ ကွယ်ဖြောင့်၍ သက်သာခွင့်ရမည့်အမှု မဟုတ်၊ အမှန်အတိုင်း ဝန်ခံ၍ ဖြောင့်ချက်ပေးခြင်းဖြင့် အပြစ်ပေးရာတွင်အထိုက်အလျောက် သက်သာခွင့်ကို ရရှိစေနိုင်၏။

ဒါကို သူကနားမလည်ပါ။ သူ့အမှုကို ကိုင်တွယ်စစ်ဆေးသည့် ရဲအရာရှိ၏ ရှင်းပြချက်အရ သိရခြင်းဖြစ်သည်။

ဖြောင့်ချက်ယူပြီးနောက် ရမာန်ကြီးတစ်ပတ် ရုံးချိန်းပေး၍ ထောင်သို့ပို့လိုက်သည်။

ထောင်အဝင်ဝမှာ ထုံးစံအတိုင်း အဝင်ပုံစံအထာ အကိုင်အတွယ်နှင့် မိတ်ဆက်လိုက်ရသည်။

ပြင်းပြင်းထန်ထန်တော့ မဟုတ်၊ သဘောလောက်ပဲ ခံလိုက်ရသည်။





အချုပ်ထောင်သို့ ရောက်ပြီးနောက် ဒုတိယပုံစံအထာ အကိုင်အတွယ် ခံလိုက်ရသည်။

အဝင်အထာပြထက်တော့ သာသာထိုးထိုးလေး ခံလိုက်ရသည်။ အသက်ကငယ်ငယ်၊ သန်သန်မာမာ ခွန်အားလေးပြည့်နေဆဲမို့ သူ့အတွက် ခံရချက်မှာ မပြောပလောက်ခဲ့။

အစားအသောက် အနေအထိုင် ဆင်းရဲသည်ကိုလည်း ခံနိုင်ရည်ရှိခဲ့သည်။

လုပ်ခင့်လုပ်ထိုက်သည်ကို လုပ်ခဲ့သောကြောင့် ဟူသော ခံယူချက်သဘောထားကြောင့် အထိုက်အလျောက် ဒုက္ခများကို ခွဲတင်းပြီး ခံခဲ့သည်။

အိမ်ကလည်း ထောင်ဝင်စာ မှန်မှန်လာသည်။

အမေက ထောင်ဝင်စာ မလာနိုင်။ ဦးလေး ဦးစိန်အောင်က နှစ်ပတ်တစ်ခါ လာတွေ့သည်။

အမေကတော့ ရုံးထုတ်နေ့ ရုံးမှာလာတွေ့သည်။

ဒါတောင် အမေက မှန်မှန်မလာနိုင်။ အမေ့ကျန်းမာရေးမကောင်း။ စိတ်ထောင်း ကိုယ်ကြေ ဖြစ်နေရှာသည့် အမေ့ရုပ်သွင်မှာ သုံးလေးလအတွင်း ယိုယွင်းကျဆင်းသွားသည်။

သူကတော့ အသားအနည်းငယ် ညိုသွေးသမ်းသည်မှအပ ကိုယ်လုံးကိုယ်ပေါက်မှာ ပို၍တောင့်ထည်သလို ရှိလာသည်။

သူ့ဘက်ကသာ ရှေ့နေရှာသည်။ တရားလိုဘက်က ရှေ့နေမငှား။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတွက် အမှုခွင် တစ်ပန်းသာသည်ဟု ဆိုနိုင်သည်။

သက်သေထွက်ဆိုချက်မှာလည်း သူ့ဘက်က တစ်ပန်းသာသည်။

ကိုညွန့်မောင်ဘက်က သက်သေ အားနည်းသည်။ အချင်းမှုခင်းဖြစ်ရာတွင် သူနှင့်အတူပါသူ ထွန်းရွှေနှင့် သိန်းငွေတို့ နှစ်ယောက်ကိုသာ အဓိကသက်သေ ပြနိုင်သည်။

သူတို့နေထိုင်ရာ ရပ်ကွက်မှ အိမ်နီးချင်း တစ်ဦးတလေကိုသော်လည်းကောင်း၊ ရပ်မိရပ်ဖ တစ်ဦးတလေကိုသော်လည်းကောင်း သက်သေပြနိုင်ခြင်း မရှိပေ။

ဆရာဝန်၏ ထွက်ဆိုချက်မှာမူ အတော်လေးပင် လေးနက်သည်။

လူနာနှစ်ဦးစလုံးတွင် ရရှိသည့်ဒဏ်ရာ ပြင်းထန်ပုံ၊ အသက်ကို မထိခိုက်နိုင်စေကာမူ ကြီးမားလောက်သော ကိုယ်အင်္ဂါချွတ်ယွင်းမှု ဖြစ်စေနိုင်ပုံ၊ ကိုညွန့်မောင်၏ ညာဘက်မျက်လုံးမှာ ပျက်စီးမသွားသော်လည်း မူလ အမြင်စွမ်းအား မရရှိနိုင်တော့ပုံများကို ဆေးပညာရှုထောင့်ကနေ ပီပီပြင်ပြင် ထွက်ဆိုသွားသည်။

ကိုညွန့်မောင်၏နောက်လိုက် အချင်းဖြစ်နေ့က ကိုညွန့်မောင်နှင့်အတူ ပါလာသူ အဓိကသက်သေ ထွန်းရွှေနှင့် သိန်းငွေတို့၏ ထွက်ဆိုချက်မှာ ဖြစ်မှုကျူးလွန်သူ သူ့အပေါ် ပို၍လေးနက်သွားစေအောင် ထိထိမိမိ ကွက်ကွက်ကွင်းကွင်း အမြင်ပေါ်လာအောင် ထွက်ဆိုသွားခဲ့သည်။





သို့စေကာမူ ရှေ့နေကြီး၏ ပိုင်နိုင်ထိမိလေသော မေးခွန်းများကြောင့် သူတို့နှစ်ယောက် ကိုညွန့်မောင်နှင့် အတူပါလာကြပုံ၊ သရုပ်သကန် ပေါ်လွင်သွားရုံမက သောက်စားမူးယစ်ပြီး တစ်ဖက်သား မခံမရပ်နိုင်အောင် ဖြစ်စေခဲ့သည့် လွန်ကဲမှုကိုပါ ထင်ရှားပေါ်လွင်သွားစေခဲ့သည်။

ထွန်းရွှေမှာ ကိုညွန့်မောင်၏ ကားစပယ်ယာတစ်ယောက်ဖြစ်ခဲ့ဖူး၍ နေထိုင်ရာ ရပ်ကွက်တွင် သောက်စားမူးယစ်ရမ်းကားတတ်သူတစ်ယောက် ဖြစ်ကြောင်းကိုပါ ဖော်ထုတ်နိုင်ခဲ့သည်။

အမှုစစ်ဆေးခဲ့သည်မှာ ခြောက်လကျော်သွားပြီ။

လျှောက်လဲချက်နှင့် စီရင်ချက် အပိုင်းလောက်ပဲ ကျန်တော့သည်။

စစ်ဆေးပြီး အမှုခွင် အနေအထားအရ အသာစီးဘက်က ရှိနေခဲ့သည်ဟု ဆိုနိုင်သော်လည်း ကွင်းလုံးကျွတ်လွတ်မြောက်ရန်အထိတော့ မမျှော်မှန်းနိုင်။

သူ ခံနိုင် ခုတ်သည်မှာ တစ်ယောက်တည်း မဟုတ်၊ နှစ်ယောက်။

ခုတ်ချက်ပြင်းသလို ရရှိသွားသည့် ဒဏ်ရာအတိမ်အနက်မှာ ကြီးသည်။

ပြစ်ဒဏ် အနည်းနှင့် အများပဲ ကွာမည်။ ပြစ်ဒဏ်ခံရဖို့တော့ သေချာသည်။

လျှောက်လဲချက် ပြီးသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ရှေ့နေကြီးက ပထွေး၊ မိထွေးနှင့် လင်ပါ၊ မယားပါ၊ သားသမီးတို့ သင့်မြတ်ရိုး မရှိသည်မှာ ရှေးအစဉ်အလာကတည်းက တည်ရှိခဲ့သော ယခုထက်တိုင် မပျက်ပယ်သွင်းသေးသည့် နိယာမပင်ဖြစ်ကြောင်း။

မောင်တိုးအောင်၏မိခင်ဖြစ်သူက နောက်အိမ်ထောင်ပြုခဲ့သောကြောင့် ကိုညွန့်မောင်ကို ပထွေးအဖြစ် တော်စပ်ခဲ့ရကြောင်း။

သို့တစေ မောင်တိုးအောင်က ပထွေးဖြစ်သူကို ကလန်ကဆန် လုပ်တာတို့၊ မထေမဲ့မြင် ပြုမူတာတို့၊ ရိုးရိုင်းပျပျ ဆက်ဆံတာတို့ မလုပ်ခဲ့ဘဲ ဘာသာ ဘာသာပင် နေထိုင်ခဲ့ကြောင်း။

ဤသို့နေထိုင်ခဲ့သည်မှာ ဟော့ဟော့ရမ်းရမ်း တေတေပေပေ နေထိုင်ခဲ့သူ လူငယ်တစ်ယောက် မဟုတ်ဘဲ ရိုးရိုးသားသား နေထိုင်၍ ပညာသင်ကြားနေဆဲ ကျောင်းသားတစ်ယောက်သာဖြစ်ကြောင်း။

ပထွေး ကိုညွန့်မောင်နှင့် သူ၏မိခင်တို့ အဆင်မပြေဖြစ်လာသည့်တိုင် သူက ပါဝင်စွက်ဖက်ခြင်း မလုပ်ခဲ့ကြောင်း။

သူ၏မိခင်ဖြစ်သူ မစိန်ပွင့်၏ ရိုးသားအေးဆေးပုံနှင့် ကိုညွန့်မောင်မှာ မရိုးမသား အကျင့်ပျက်ယွင်းသူတစ်ယောက်ဖြစ်၍ မစိန်ပွင့်ပိုင် ငွေကြေးဥစ္စာများကို သုံးဖြုန်းခဲ့သည့် လောင်းကစားသမားတစ်ဦး ဖြစ်ကြောင်းကို ခံပြသက်သေ ရပ်မိရပ်ဖ လူကြီးများ၏ ထွက်ဆိုချက်အရ ထင်ရှားနေပြီဖြစ်သောကြောင့် အထူးထပ်မံ၍ မဖော်ပြလိုတော့ပါကြောင်း။





မိခင်ဖြစ်သူ၏ ပစ္စည်းများ၊ ငွေကြေးများကို ကိုညွန့်မောင် သုံးဖြုန်းပစ်ခဲ့သောကြောင့် လုံးပါးပါးလာသည်ကို သိခဲ့ရသည့်တိုင် မောင်တိုးအောင်က ဝင်ရောက်စွက်ဖက် ပြောဆိုခြင်းမရှိခဲ့ကြောင်း။

သို့စေကာမူ အိမ်ရှေ့မှ အိမ်နောက်မချမ်းသာ ဆိုသလို စိတ်ထိခိုက်မှု ခံစားရသည့်အလျှောက် သူ၏ပညာသင်ကြားရေးကို ထိခိုက်ခဲ့ရကြောင်း။

မိခင်ဖြစ်သူအား အကြိမ်ကြိမ် ကိုယ်ထိလက်ရောက်ကျူးလွန်မှု လွန်ကဲလာသည့်အခါတွင် ဤသို့မလုပ်သင့်ကြောင်းကို နှုတ်ဖြင့်သာ ဝင်ရောက်ပြောဆိုခဲ့ကြောင်း။

ထိုမှ နောက်ပိုင်း အိမ်တွင် နေထိုင်ရသည်မှာ အဆင်မပြေသောကြောင့် တစ်ကြောင်း၊ ဒေါသကို မထိန်းနိုင်ရာမှ ပြဿနာဖြစ်လာရမည်ကို စိုးရိမ်သည်ကတစ်ကြောင်း၊ မိခင်ဖြစ်သူက သူ့ပြဿနာ သူရှင်းမည်ဟု ပြောဆို၍ တားခဲ့သည်က တစ်ကြောင်းကြောင့် အိမ်တွင်အနေမမြဲခဲ့ကြောင်း။

ထို့ကြောင့် သူ၏ပညာသင်ကြားရေးကိုလည်း ထိခိုက်ခဲ့ရကြောင်း။

မစိန်ပွင့်က နည်းအမျိုးမျိုး ကိုယ်ထိလက်ရောက်မှု အကြိမ်ကြိမ် ခံနေရခဲ့ရာမှ မခံနိုင်တော့သည့်အဆုံး ကွာရှင်းပြတ်စဲလမ်းခွဲကြဖို့ ပြောခဲ့ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ကို လက်ချည်းသက်သက် တက်လာသူ ကိုညွန့်မောင်က ကွာရှင်းပြတ်စဲချင်ရင် ရှိပစ္စည်းတစ်ဝက် ပေးရမည်ဟု တရားလက်လွတ် တောင်းဆိုခဲ့ကြောင်း။

ဒီလို သည်နည်းနဲ့ ကိုညွန့်မောင်က အနိုင်ကျင့်ရန် ဖန်တီးတောင်းဆိုလာသည်ကို မစိန်ပွင့်က ခံပြသက်သေ(၄)ဦးထံသို့ သွားရောက်ပြောဆိုပြီး မည်သို့မည်ပုံ လုပ်ရမည်ကို အကြံဉာဏ်တောင်းခံခဲ့ကြောင်း။

ခံပြသက်သေ(၄)ဦး၏ ထွက်ဆိုချက်တွင် ပါရှိပြီးဖြစ်၍ အသေးစိတ် မတင်ပြလိုတော့ပါကြောင်း။

ထိုမှ လင်မယား စကားများခဲ့ရာ ကိုညွန့်မောင်က ကြိမ်းမောင်း ခြိမ်းခြောက်ပြီး ထွက်သွားခဲ့ကြောင်း။

ထိုမှတစ်ဖန် သူ၏ပိုက်ဆံအိတ်ကို မောင်တိုးအောင်က ခိုးယူခဲ့ပါသည်ဟု ရဲစခန်းတွင် လိမ်လည်တိုင်တန်းခဲ့ကြောင်း။

ထိုသို့ တိုင်တန်းမှု ရှိလာသောကြောင့် ရဲစခန်းမှ မောင်တိုးအောင်ကို လာရောက်ခေါ်ယူ စစ်ဆေးမေးမြန်းခဲ့ကြောင်း။

ကိုညွန့်မောင်၏ ကောက်ကျစ်စဉ်းလဲလွန်းသော လုပ်ရပ်ကြောင့် မောင်တိုးအောင်၏ နာကြည်းခံစားမှုမှာ ပို၍အစိုင်အခဲ ထုထည်ကြီးမားခဲ့ရကြောင်း။

တစ်ဖန် နောက်နှစ်ရက်အကြာတွင် ကိုညွန့်မောင်က လိုပြသက်သေ(၁)နှင့်(၂)ကို ခေါ်ပြီး အိမ်သို့ ရောက်လာခဲ့ပြန်ကြောင်း။





သုံးယောက်စလုံး အရက်သေစာ သောက်စားမူးယစ်လျက် ပစ္စည်းတစ်ဝက်ခွဲဖို့ကိစ္စကို ထပ်မံပြောဆိုခဲ့ရာ မစိန်ပွင့်က မပေးနိုင်ကြောင်း တုံ့ပြန်ပြောဆိုခဲ့ကြောင်း။

ထိုနေ့ကလည်း ကြိမ်းမောင်းခြိမ်းခြောက်ခဲ့ကြောင်း။

ကိုညွန့်မောင်က သူ၏မိခင်ကို နိုင်ထက်စီးနင်း ပြောဆိုနေစဉ် မောင်တိုးအောင်မှာ အိမ်၏ဖိနပ်ချွတ် ခုံတန်းတွင် ရှိနေခဲ့သော်လည်း ရပ်ကွက်လူကြီးများ၏ ဆုံးမပြောဆိုထားသည်ကြောင့် တစ်ခွန်းတစ်ပါဒမျှ ဝင်ရောက်မပြောဆိုခဲ့ကြောင်း။

သူ့အား ကိုညွန့်မောင်၏ နောက်ပါများက ပြုလုပ်ခဲ့သည်ကိုလည်း မမြင်အောင်ပြု၍ မျက်နှာလွှဲနေခဲ့ပါကြောင်း။

သူတို့အား နှုတ်ဖြင့်သော်လည်းကောင်း၊ ကိုယ်ထိလိုက်ရောက် တုံ့ပြန်ရန် ကြံစည်ချက် လုံးဝမရှိကြောင်း။

ထင်ရှားသည့် အချက်အဖြစ် အထူးဖော်ပြရမည် ဖြစ်ပါကြောင်း။ အချင်းဖြစ်သည့်နေ့ကမူ ကိုညွန့်မောင်နှင့် အပေါင်းအပါနှစ်ယောက်မှာ သောက်စားမူးယစ်လာရုံမက အိမ်ပေါ်မှာ အရက်ပုလင်းထောင် ဝိုင်းဖွဲ့ပြီး မကြားဝံ့ မနာသာ မခံနိုင်စရာသော ယုတ်ရမ်းကြမ်းတမ်းသော အဆဲအဆိုများဖြင့် စော်ကားခဲ့ပြန်ပါသည်။

သူတို့ထင်သလို ရိုင်းပျသော အပြောအဆို ကြမ်းတမ်းသော အဆဲအဆိုများဖြင့် စော်ကားမော်ကား ပြုမူရာတွင် ဘာမှမဆက်ဆိုင်သည့် သူစိမ်းများကပါ ဝင်ရောက်ဆဲဆိုခဲ့ကြကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တိုင် ဝရန်တာတွင် ထိုင်နေသော မောင်တိုးအောင်က လုံးစိပတ်စိ ကြားနေပါလျက် မည်သို့မျှ ဝင်ရောက်ဟန့်တား ပြောဆိုခြင်း မပြုခဲ့ပါကြောင်း။

မခံမရပ်နိုင်လွန်းအောင် တရားလွန် ပြောဆိုလာသည်ကို မစိန်းပွင့်က အခန်းထဲမှ ထွက်လာပြီး ပြောပိုင်ဆိုပိုင်ခွင့်ရှိသည့် အလျောက် ဟန့်တားပြောဆိုခဲ့ကြောင်း။

ကိုညွန့်မောင်က နှုတ်ဖြင့်မတုံ့ပြန်ဘဲ ကိုယ်ထိလက်ရောက် စတင်ကျူးလွန်ခဲ့ပါကြောင်း။

မစိန်ပွင့်ကို တအားကုန်လွှဲ၍ ရိုက်နှက်သည့်အတွက် မစိန်ပွင့်မှာ မတ်တတ်ကနေ ပုံလျက်သား လဲကျမေ့မြောသွားခဲ့ပါသည်။

မိခင်ဖြစ်သူ၏ အဖြစ်ကို မြင်လိုက်ရသော မောင်တိုးအောင်မှာ ဒေါသကို ထိန်းသိမ်းခြင်းငှာ မစွမ်းတာတော့ဘဲ အိမ်ခန်းထဲတွင်ရှိနေသော ဆောင်ဓားကိုယူပြီး တုံ့ပြန်ခဲ့သည်မှာ လက်လွန်ခြေလွန် အဆင့်သို့ ရောက်သွားခဲ့ပါကြောင်း။

အားကောင်းမောင်းသန် လူသုံးယောက်ကို မောင်တိုးအောင်လို လူငယ်တစ်ယောက်အနေနှင့် တစ်စုံတစ်ရာသော လက်နက်မပါဘဲ ရင်ဆိုင်ရန် ဖြစ်နိုင်သည့်အလျောက် ယခုကဲ့သို့ လက်နက်ဖြင့် ရင်ဆိုင်လိုက်ရခြင်းသာ ဖြစ်ပါကြောင်း။

သည်သို့ဖြစ်လာခဲ့သော် သည်ပုံစံဖြင့် တုံ့ပြန်မည်ဟူသော ရည်ရွယ်ချက် မရှိသလို ကြိုတင်ကြံစည်ခဲ့ခြင်းလည်း မရှိခဲ့ပါ။





ဆောင်ဓားမှာ အိမ်တိုင်းတွင် အဆောင်အဖြစ် လိုရမယ်ရ ဆောင်ထားလေ့ရှိတတ်သော ဓားဖြစ်ပါသည်။

အိမ်ခန်းထဲသို့ဝင်၍ တွေ့ရာလက်နက်ကို ရှာဖွေခဲ့ရာတွင် မြင်ကွင်းမှာ တုတ်ကိုတွေ့လျှင် တုတ်နှင့် ရင်ဆိုင်မည်သာဖြစ်ပါသည်။

မြင်ကွင်းမှာ ဓားကိုအလွယ်တကူ တွေ့သည့်အတွက် ဓားကို အသုံးပြုလိုက်ရခြင်းသာ ဖြစ်ပါသည်။

ပေါက်ကွဲမှု လွန်ကဲသွားသော ဒေါသအရှိန်ကြောင့် ဘယ်သူဘယ်ဝါ နေရာဟူ၍ မရွေးနိုင်တော့ဘဲ လက်ရောက်မှု ပြုမိရခြင်း ဖြစ်ပါသည်။

တရားခံ မောင်တိုးအောင်မှာ အချင်းဖြစ်မှုခင်း ဖြစ်လာအောင် ဖန်တီးသူ မဟုတ်သလို ကြိုတင်ကြံစည်မှုလည်း မရှိခဲ့ပါ။

တရားလိုဖြစ်သူက ဖန်တီးလှုံ့ဆော်သောကြောင့် ဖြစ်ပွားရသောမှုခင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားသည်ကို ပြရမည်ဖြစ်ပါကြောင်း။

တရားခံ မောင်တိုးအောင်မှာ အပြစ်မရှိပါဟု လျှောက်လဲလိုပါကြောင်း။

ဒေါသလွန်ကဲသည်မှ လက်ရောက်မှု ကျူးလွန်မိရာတွင် မဖြစ်သင့်သော အဆင့်သို့ ရောက်ရှိသွားသောကြောင့် အထိုက်အလျောက် အပြစ်ရှိသည်ဟု ဝန်ခံဖော်ပြရမည်သာ ဖြစ်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



**တရားခံမောင်တိုးအောင်မှာ ဟောင့်ရမ်း ဆိုးသွမ်းသော လူငယ်တစ်ယောက်** မဟုတ်ပါ။

ရာဇဝတ်ကြောင်းနှင့် ဆက်နွယ်သော ဖြစ်ရပ်ဖြစ်ကြောင်း။

တစ်စုံတစ်ရာကို ပြုလုပ်ခဲ့ဖူးခြင်းလည်း မရှိပါကြောင်း။

ပညာသင်ဆဲ ရိုးသားသော လူငယ်တစ်ယောက်၏ ဘဝ ရှေ့ရေးကို သက်ညှာစွာ စဉ်းစားအပြစ်ပေးရန် ရုံးတော်သို့လေးစားစွာ ပန်ကြားတင်ပြအပ်ပါကြောင်း။

"ကျွန်တော့်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေကြီးက အဲဒီလို သဘောသက်ဝင်တဲ့ လျှောက်လဲချက်ကို ပေးခဲ့ပါတယ်၊ ကျွန်တော် မှတ်မိသလောက် အချက်အလက်များကို ပြန်ပြောရတာပါ၊ အပို အလိုတော့ ရှိကောင်း ရှိပါလိမ့်မယ်"

ကိုတိုးအောင်က သူ မှတ်မိသရွေ့ အချက်အလက်များကို ပြန်လည်ပြောပြခဲ့ရာ စာရေးသူက ဖတ်ရှုရာတွင် အဆင်ပြေအောင် အလျဉ်းသင့်သလို ပြန်လည်ရေးသားရခြင်း ဖြစ်ပါသည်။

တရားရုံးက အကျိုးအကြောင်း ဖော်ပြချက်များဖြင့် အသက်သာဆုံး ပြစ်ဒဏ်ချမှတ်လိုက်ပါသည်။

အလုပ်နှင့် ထောင်ဒဏ် တစ်နှစ်နှင့် ခြောက်လ။

သူ့ဘက် လိုက်ပါဆောင်ရွက်သော ရှေ့နေကြီးက အလွန် သက်ညှာသော ပြစ်ဒဏ်ချမှတ်ခြင်းဟု ပြောသည်။





ထောင်ထဲက လုံးတီးမိတ်ဆွေများကလည်း အနည်းဆုံး သုံးနှစ်လောက်ချရမည့် ပြစ်ဒဏ်ကို တစ်ဝက်လျှော့ချလိုက်သည်ဟု ပြောကြ၏။

ရှေ့နေကြီးက အယူခံဝင်မည်ဟု ပြောသည်။

မည်သို့ပင်ဆိုစေ၊ နောက်ထပ် တစ်နှစ်ကျော် ထောင်ထဲမှာ နေရဖို့ သေချာသွားပြီ။

သူကတော့ ထိုထောင်ဒဏ်ချမှတ်မှုအတွက် မည်သို့မျှ မခံစားရ။

သူ ထောင်ကျသည်မှာ ခိုးဆိုး တိုက်ခိုက်သော ဒုစရိုက်မှုကြောင့် မဟုတ်ဘဲ ပထွေးဆိုးကို ဓားနှင့်ခုတ်ခဲ့ပြီး ထောင်ထဲရောက်ရခြင်းဖြစ်သောကြောင့် အရှက်တကွဲဖြစ်စရာ အကြောင်းမရှိသလို မျက်နှာငယ်စရာလည်း မရှိ။

ဂုဏ်ယူစရာ မဟုတ်သည့်တိုင်အောင် ဂုဏ်ငယ်စရာလည်း မဖြစ်ခဲ့။

သိမ်ငယ်စရာလည်း မခံစားမိ။

လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ခဲ့သောကြောင့် ခံသင့်ခံထိုက်သော အပြစ်ဒဏ်ကို ခံရသည်ဟူသော သဘောပိုက်ပြီး ခပ်အေးအေးပင် နေလိုက်၏။

ထောင်ထဲမှာ ပြစ်ချက်မရှိအောင် နေမည်။

စည်းကမ်းဖောက်ဖျက်မှု မဖြစ်အောင် ထိန်းသိမ်းနေထိုင်မည်။

ရွှေဟင်္သာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြစ်ဒဏ်စေ့ရောက်၍ ထောင်မှလွတ်မြောက်သောအခါ ပညာဆက်မသင်နိုင်သည့်တိုင် မိခင်နှင့်အတူ နေထိုင်၍ လုပ်ကိုင်စားသောက် နေထိုင်မည်ဆိုသော ဆုံးဖြတ်ချက်ကို ရင်ဝယ်ပိုက်ထွေးပြီး ကြံ့ခိုင်စိတ်ဓာတ် မွေးထား၏။

အမေ့စီးပွားရေး၊ ငွေရေး ကြေးရေး အခြေအနေမကောင်းသည်ကိုလည်းကောင်း။

ကျန်းမာရေး အခြေအနေ အဆိုးဝါးဆုံး အနေထားသို့ရောက်နေခဲ့သည်ကိုလည်းကောင်း သူ မသိခဲ့။

သူ့အမှုအတွက် ငွေကိုလမ်းခင်းပြီး လိုက်ခဲ့ရ၏။

ကျန်းမာရေး မကောင်းသည့် ကြားထဲကနေ အမေ အားခဲပြီး လှုပ်ရှားခဲ့ရသည်။

သူ၏အမှု အမိန့်ချမှတ်သည်နှင့် အမေအိပ်ရာထဲ ဗုန်းဗုန်းလဲသွား၏။

ဒါတွေကို ဘာမှမသိ။

အယူခံဝင်ခဲ့ရာတွင် နောက်ထပ်လိုက်ရငွေ အတော်လေးကုန်သွားသော်လည်း အရေးမသာခဲ့။

အောက်ရုံးမှ ချမှတ်သော အပြစ်ဒဏ်ကို အတည်ပြုလိုက်သည်။

သူက လက်သမားရုံးမှာ အလုပ်ကျ၏။

အလုပ်မပင်ပန်းသော်လည်း လုပ်ကိုင်စရာ မရှိသောကြောင့် အားစိုက်ခွန်စိုက် လုပ်ရသည်။





သူက အလုပ်ဘက် ဆရာနှင့် အလုပ်ဘက်တန်းစီးတို့၏ ဝေယျာဝစ္စ ကိစ္စအထွေထွေကို အလိုက်တသိ လုပ်ကိုင်ပေးသောကြောင့် လပိုင်းအတွင်းမှာ မျက်နှာသာ အပေးခံရပြီး သက်သောင့်သက်သာ အလုပ်များကိုသာ လုပ်ရသည်။

လုပ်ငန်းခွင်တွင် ရှိနေသူ အားလုံးနှင့် သင့်မြတ်အောင် ပေါင်းသင်း၍ တာဝန်ရှိသူများကို ကျိုးကျိုးနွံနွံ ဆက်ဆံခဲ့သည့်အလျောက် သက်သောင့်သက်သာ နေထိုင်ရသည်။

ဆုမှတ်ရက် မပါ။

ထောင်ကျရက် အသားချည်း ခြောက်လရှိသွားခဲ့ပြီ။

သုံးဖို့တစ်ဖို့ ဆုမှတ်ရက် အပြည့်ကိုက်လျှင် နောက်ထပ် ရှစ်လခန့်ပဲ နေထိုင်ရတော့မည်။

အမေနှင့်အတူ ပြန်နေရတော့မည့် ကာလမှာ မဝေးကွာတော့ပြီ။

ခွန်သစ် အားသစ် လူသစ် စိတ်သစ်နှင့် ထောင်ကထွက်နိုင်ဖို့အတွက် ဗီတာမင်"ဘီ"အပြည့်ပါသည့် လုံးတီးထမင်း၊ ဗီတာမင်"ဒီ"ပါသည့် ပဲမျိုးစုံဟင်းကို အားပါးတရစား၍ အားမွေးခဲ့၏။

ဆုမှတ်ရက် အဖြစ်မခံရအောင် ထောင်စည်းကမ်းကို တိတိကျကျ လိုက်နာ၊ ပြည့်ပြည့်ဝဝ လိုက်နာနေထိုင်ခဲ့သည်။

စိတ်ဓာတ်ရော ကျန်းမာရေးပါ ရာနှုန်းပြည့် ကောင်းမွန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အုတ်ရိုးအတွင်း လူမဖြစ်သင့်ပါပဲလျက် ဖြစ်ခဲ့ရသည်ကို သင်ခန်းစာ သဘောမှူပြီး နောက်ထပ်တစ်ဖန် အုတ်ရိုးအတွင်း အတွင်းလူ မဖြစ်ရေးဘက်သို့ မျက်နှာမူခဲ့သည်။

ထိုသို့ရှိနေစဉ် ဘဝလမ်းကြောင်းကို အလှည့်အပြောင်းဖြစ်စေမည့် အခြေအနေနှင့် ရင်ဆိုင်လိုက်ရပြန်၏။

မိခင်ဆုံးသွားပြီ ဆိုသော သတင်းဆိုးကို ကြားလိုက်ရသည်။

အမေ ...။

ထိုသတင်း သူ့ဆီရောက်လာသည်မှာ ရက်လည်ဆွမ်းသွတ်ပြီး နှစ်ရက်မြောက်နေ့။

အမေဆုံးသည်မှာ ကိုးရက်ရှိသွားပြီ။

အမေ့အလောင်းကို မမြင်လိုက်ရ။

အမေ ဘယ်သို့ဘယ်ပုံသော ရောဂါဝေဒနာ ခံစားပြီး ဆုံးပါးသွားရသည်ကိုလည်း အပြည့်အစုံ မသိရ။

သူ ထောင်ကျကတည်းက အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့သော အမေသည် ထူထူထောင်ထောင် ပြန်ဖြစ်မလာသည်မှာ မျက်လုံးပိတ်သွားသော အချိန်အထိပဲဟု ဆိုသည်ကိုသာ အကြမ်းဖျင်းသိလိုက်ရ၏။

နာကြည်းမှု၊ ဝမ်းနည်းကြေကွဲမှု ဝေဒနာအသစ်ကို တစ်ဖန်ပြန်လည်ခံစားလိုက်ရသည်။

တမ်းတမ်းတတ ထားရှိခဲ့ရသော လွတ်မြောက်ရေး ရည်မှန်းချက်မှာ သူ့အတွက် အဘယ်သို့မျှ မထူးခြားသလို ဖြစ်သွားရ၏။





လက်တွဲစရာ အမေ မရှိတော့။

တစ်ကောင်ကြွက်ဘဝသို့ ရောက်သွားပြီ။

ဆွေမျိုးသားချင်းများ ရှိသေးသော်လည်း သူ့အတွက် ဆောက်မှီစရာဟု အပြည့်အဝ သဘောမှူ၍မရ။

"အဲဒါပါပဲ ဆရာ၊ စိတ်သစ်လူသစ်ဘဝနဲ့ ဘဝသစ်ကိုတည်ဆောက်မယ်လို့ ထားရှိခဲ့တဲ့ ကျွန်တော့်ရဲ့ရည်မှန်းချက်ဟာ အမေဆုံးပြီဆိုတဲ့ သတင်းနဲ့အတူ လဲယိုင်ပြိုကျသွားတော့တာပါပဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

## (လေး)

သူ တရားလွန် ခံစားနေရသည့် ဝမ်းနည်းကြေကွဲမှုကို အချိန်နှင့်အမျှ ဖြေသိမ့်စကား အမျိုးမျိုးဖြင့် နှစ်သိမ့်ဖြေလျှော့ပေးခဲ့သူမှာ ကိုလွင်မောင်။

ကိုလွင်မောင်မှာ သူ့နောက် နှစ်နှစ်လောက် နောက်ကျပြီး သူ့အဆောင် သူတို့အခန်းထဲသို့ ရောက်လာသူ။

သူ၏အိပ်ရာဘေးသို့ ရောက်လာသည်မှာမှ လပိုင်းပဲရှိသေးသည်။ ဖော်ဖော်ရွေရွေ ဆက်ဆံတတ်၏။

အပြောညက်သည်။ ထောင်အထာ ကျွမ်းသည်။ တန်းစီးနှင့် ပြေလည်၏။

ပျော်ပျော်ပါးပါး နေတတ်သည်။

သူက အစိမ်းသမားမဟုတ်၊ အကြွက်သမား။

အုတ်ရိုးအတွင်းကို အခုမှ ရောက်ဖူးသည့် အစိမ်းသမားမဟုတ်။





ခုတစ်ကြိမ်အပါ သုံးကြိမ်မြောက် ရောက်ရှိလာသူ အကြွက်သမား။

လက်ထောက်တစ်ဦး ဖြစ်သည်။

အမှုက "ခါး"မှု။ ခါးပိုက်နှိုက်။

ခုတစ်ခေါက် ကျခံရသည့် ထောင်ဒဏ်မှာ တစ်နှစ်။

ကိုလွင်မောင် အကြောင်းကို ဒါလောက်ပဲ အကြမ်းဖျင်း သိထားရသည်။

သူ့အကြောင်းကိုလည်း ကိုလွင်မောင့်အား အကြမ်းဖျင်း လောက်ပဲ ပြောပြထားသည်။

လုံးတီးမိတ်ဆွေများမှာ တစ်ယောက်၏ ဖြစ်ကြောင်းကို တစ်ယောက်က အမေးအမြန်း ရှိကြသည်မှာ အုတ်ရိုးထုံးစံ။

သို့တစေ အိတ်သွန် ဖာမှောက်တော့ ပြောလေ့ ပြောထ မရှိကြ။

တစ်ယောက်နှင့် တစ်ယောက် ရင်ဘတ်ပေး ပေါင်းသည့် မိတ်ဆွေအဆင့်လောက် ရောက်မှသာ အိတ်သွန်ဖာမှောက် ပြောလေ့ရှိကြသည်။

ကိုလွင်မောင်နှင့် ဘေးချင်းယှဉ်လျက် နေထိုင်အိပ်စက်ခဲ့သော်လည်း တရင်းတနှီး အပေါင်းအသင်း သဘောမမှုခဲ့။

အလိုက်အထိုက် ပြောဆိုဆက်ဆံသည့် အဆင့်အနေအထားပဲ ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူ သူတို့သားအမိကို မျက်ကွယ်ပြုခဲ့စဉ်က စိတ်ထိခိုက်မှု ခံစားခဲ့ရသော်လည်း တွယ်တာစရာ မိခင်ရှိသေးသောကြောင့် ဖြေသာနေသာရှိခဲ့၏။

ခု မိခင်ဆုံးပါးသွားသည့်အခါ ထူးထူးထင်ထင်ကြီး စိတ်ထိခိုက်မှု ခံစားရသည့် တစ်ကောင်ကြွက်ဘဝ ရောက်သွားရပြီဆိုသော အသိကြောင့် တစ်ကြောင်း၊ မိခင်ကြီးရဲ့အလှောင်းကိုသော်မှ မမြင်လိုက်ရသည့် ခံစားမှုကြောင့်တစ်ကြောင်း၊ မဖြေသာမနေသာ ဖြစ်နေရသည်။

မည်သူနှင့်မှ စကားမပြောတော့ဘဲ အချိန်ရှိသရွေ့ တငေးငေး တငိုင်ငိုင် တတွေးတွေး တမှိုင်မှိုင် ဖြစ်နေသည်။

နှစ်ပုံစံလောက်စားသည့် လုံးတီးထမင်း တစ်ပုံစံပင်မကုန်တော့။ ညဘက်အတွေးစဉ်များနှင့် ရစ်ထွေးပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းကိုလည်း စွန့်လွှတ်လိုက်ရပြီ။

ထောင်ကထွက်လျှင်ဆိုပြီး ထားရှိခဲ့သည့် ရည်မှန်းချက်လည်း မှေးမှိန်သွားပြီ။

ရှေ့ရေးကို တွေးလိုက်တိုင်း မရေရာ မသေချာ လမ်းပျောက်နေသည်။

သူ့အမေ ဆုံးသည်ကို ကိုလွင်မောင် သိသွားသည်။ သူ ဘယ်လိုခံစားနေရသည်ကိုလည်း မျက်မြင်ကိုယ်တွေ့ တွေ့နေရသည့် ကိုလွင်မောင် ဖြေသိမ့်စရာ အမျိုးမျိုးပြော၍ သူ၏ခံစားမှုကို ပြေလျော့စေခဲ့သည်။





ထိုမှ သူနှင့် ကိုလွင်မောင်တို့ ခင်မင်ရင်းနှီးသွားကြသည်။

သူက ကိုလွင်မောင့်ကို သူ့အကြောင်း အိတ်သွန်ဖာမှောက်ပြောပြသလို ကိုလွင်မောင်ကလည်း သူ့အကြောင်းကို အဖုံးအကွယ်မရှိ အရင်းအတိုင်း ဖောက်သည်ချပြန်သည်။

"ကိုယ်ကတော့ ဘဝကို သိပ်အလေးအနက် မထားတော့ဘူး၊ တစ်ချိန်တုန်းကတော့ ဘဝကို သိပ်အလေးအနက် ထားခဲ့တာပေါ့၊ ဘဝခရီးကို ရည်မှန်းချက်နဲ့ လျှောက်ခဲ့တာပေါ့၊ ဒါပေမဲ့ ဖြစ်လာတဲ့ အခြေအနေက အလေးအနက်ထားလို့မရတဲ့ အခြေအနေ၊ ရည်မှန်းချက် လမ်းစပျောက်တဲ့ အခြေအနေ ဖြစ်လာတာနဲ့ ဖြစ်လာတဲ့ အခြေအနေ လမ်းကြောင်းအတိုင်း လျှောက်ခဲ့တာပဲ၊ ကိုယ့်အကြောင်းကို ပြောရင် မောင်ရင် ယုံချင်မှယုံမှာ၊ ကိုယ်ကလည်း ကိုယ့်အကြောင်းကို ကန့်လန့်ကာပိတ်ထားခဲ့တာ ကြာပြီပဲ၊ ခု မောင်ရင် ခံစားနေရတာကို ကိုယ်ချင်းစာပြီး ပိတ်ထားတဲ့ ကန့်လန့်ကာကို ပြန်ဖွင့်လိုက်ရတာပဲ၊ ကိုယ်လည်း မောင်ရင့်လိုပါပဲ၊ လူတော်တစ်ယောက် မဖြစ်ခဲ့ပေမယ့် လူကောင်းလေးတစ်ယောက်တော့ ဖြစ်ခဲ့ပါတယ်၊ ဆယ်တန်းရောက်တဲ့နှစ်အထိဆိုပါတော့"

"အစ်ကိုလွင်မောင်က ဆယ်တန်းအထိ ပညာသင်ခဲ့ရတာပေါ့နော်"

"ဆယ်တန်းအထိ တစ်နှစ်တစ်တန်းနဲ့ မကျခဲ့ဘူး၊ အောင်မယ့်အလားအလာ ရှိတယ်လို့ သတ်မှတ်ခံရတဲ့အထဲမှာ ပါတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားတစ်ယောက် ဖြစ်ခဲ့တာပေါ့၊ ခုတော့ ခါးပိုက်နှိုက်လေ၊ အဲဒီအကြောင်း ပြန်ပြောရင် ဘယ်သူယုံမှာလဲ၊ ဒါကြောင့်လည်း မပြောခဲ့တာ၊ မောင်ရင် ဖြစ်ခဲ့တဲ့ အဖြစ်အပျက် အလှည့်အပြောင်းနဲ့ ကိုယ်ဖြစ်ခဲ့တဲ့ အဖြစ်အပျက် အလှည့်အပြောင်း ခပ်ဆင်ဆင်တူနေလို့ မောင်ရင် စိတ်သက်သာမှုလေး ရပါစေတော့လို့ ပြောရတာ၊ မယုံရင် ပုံပြင်လို့ပဲ သဘောထားလိုက်၊ မောင်ရင်က ဘဝလမ်းကြောင်း အလှည့်အပြောင်း အဆိုးနဲ့ကြုံရတာ၊ ပထွေးဆိုးကြောင့်။ ကိုယ့်ဘဝလမ်းကြောင်း အလှည့်အပြောင်း အဆိုးနဲ့ ကြုံရတာ မိထွေးဆိုးကြောင့်"

လွင်မောင်၏ဖခင်ဖြစ်သူမှာ ဘီလစ်စာရေးကြီး၊ မိခင်ဖြစ်သူက ရွှေပေါင်ခံသည်။

ဖခင်ဖြစ်သူ ဘီလစ်စာရေးကြီးက လစာထက် ဆားပေါက်ဝင်ငွေပိုကောင်းသည်။

မိခင်ဖြစ်သူ၏ ရွှေပေါင်ခံဝင်ငွေမှာ အိမ်စရိတ်ကို အထောက်အကူ ပေးနိုင်သည်။

သူတို့မှာ ပျဉ်ကာ ပျဉ်ခင်း သွပ်မိုး ပျဉ်ထောင်အိမ်ကလေး ပိုင်ဆိုင်သည်။

မိသားစုက ငါးယောက်။

ခြေဆန့်လက်ဆန့် ချောင်ချောင်ချိချိ နေသာသည်။

ဖခင်ဖြစ်သူက လောင်းကစားပေမယ့် အသောက်အစားလေးတော့ မကင်း။





ဟော့ဟော့ရမ်းရမ်း သောက်စားတာမျိုးတော့ မဟုတ်။ ညနေ့ရရ သောက်သည့် အရက်ကြိုက် အသောက်သမား။

သူတို့မိသားစု၏ စီးပွားရေး အခြေအနေမှာ ချမ်းသာသည့်တန်းမဝင်သော်လည်း ချောင်ချောင်လည်လည် လှည့်သာပဲ့သာ ကြွေးမြီးကင်း နေနိုင်သည့်အဆင့်။

သူတို့မှာ မောင်နှမသုံးယောက် ရှိသည်။

သူက အကြီးဆုံး။

နှမအလတ်မှာ သူတို့နှင့် အတူမနေ။

အဒေါ်အပျိုကြီးက အမွေစား အမွေခံ ခေါ်ယူမွေးထားသည်။

ဆွေနီးမျိုးစပ် အတူနေ အမျိုးကြီးတစ်ယောက် ရှိသည်။

ကိုလွင်မောင်၏ ငယ်စဉ်ဘဝမှာ အစစအရာရာ ပြီးပြည့်စုံခဲ့သည်။ သားဦးမို့ အရှုံးအမှုး ချစ်ကြသည့်အလျောက် ငယ်စဉ်ဘဝမှာ လိုလေသေးမရှိအောင် ပြုစုချော့ခဲ့သည်။

ကျောင်းနေအရွယ် ရောက်ပြန်တော့လည်း မုန့်ဖိုးကအစ လိုအပ်တာမရှိအောင် နေထိုင်ခဲ့ရသည်။ သူ၏ပညာသင်ကြားရေးလမ်းကြောင်းမှာ ဖြောင့်ဖြူးခဲ့သည်။

ဉာဏ်ရည်ဉာဏ်သွေးမှာလည်း တောက်တောက်ပပကြီး မဟုတ်သည့်တိုင် လင်းလင်းလက်လက် အနေအထား ရှိခဲ့သည်။

တစ်နှစ်တစ်တန်း ပုံမှန်အောင်သည်။

အိမ်မှာ အစစအရာရာ အဆင်ပြေနေသမို့ ပူပင်ကြောင့်ကြသောကမရှိ။



www.burmeseclassic.com

www.burmeseclassic.com



စားလိုက် ကစားလိုက် ကျောင်းသွားလိုက်ဖြင့် ဘဝ၏အ
ပိုင်းအစွယ်ကို သက်သောင့်သက်သာ ကုန်လွန်ခဲ့ရသည်။

ခုနစ်တန်းအောင်သည်နှင့် ...။

လှုပ်ရှားမှု နည်းပါးလွန်းပြီး အဆိုပိုတွေ အရမ်းတက်လာ
သည့် မိခင်ကြီး၏ ကျန်းမာရေးအခြေအနေမှာ ယိုယွင်းလာသည်။

သွားလာလှုပ်ရှားမှု လေးကန်လာသည်။ ကောင်းတစ်လှည့်
မကောင်းတစ်လှည့် ဖြစ်လာသည်။

ဆရာဝန်ကို ပြသ၍ အင်္ဂလိပ်ဆေးဝါးဖြင့် ကုသရန်ဆွေ
မျိုးမိတ်သင်္ဂဟများက ဝိုင်းဝန်းတိုက်တွန်းသော်လည်း ဖခင်ကြီး
က လက်မခံ။

ကောင်းနိုးရာရာ မြန်မာဆေးဝါးဖြင့်သာ ကုသခဲ့သည်။

ကောင်းလိုက် မကောင်းလိုက် ရှိခဲ့ရာမှ ဘယ်ဘက်တစ်
ခြမ်း လေဖြတ်သွားသည်။

ခါတိုင်းလို သွားလာလှုပ်ရှားမှု မလုပ်နိုင်တော့။ သို့စေကာ
မူ ချေပေါင်လုပ်ငန်းကိုတော့ အိပ်ရာထဲကပင် လုပ်နေနိုင်ခဲ့သည်။

သူတို့မောင်နှမ နှစ်ယောက်က ကျောင်းတက်နေရသော
ကြောင့် မိခင်ကြီး၏ ဝေယျာဝစ္စကို အချိန်ပြည့် လုပ်မပေးနိုင်။

အတူနေသူ အပျိုကြီး ဒေါ်စိန်ရင်က အိမ်မှုကိစ္စအထွေထွေ
ကို တာဝန်ယူထားရသည်က တစ်ဖက်၊ မိခင်ကြီးကို ပြုစုရသည်က
တစ်ဖက်မို့ မနိုင်မနင်း ဖြစ်လာသည်။





မိခင်အတွက် အချိန်ပြည့် အနီးကပ်ပြုစုရမည့် အိမ်ဖော်
တစ်ယောက် မထားမဖြစ်သော အခြေအနေသာ ဖြစ်လာသည်။

မိခင်ကြီးညီမ အပျိုကြီးက အိမ်ဖော်တစ်ယောက် ရှာဖွေ
ခေါ်ယူလာသည်။

အိမ်ဖော်အဖြစ် ရောက်လာသူ၏ ရုပ်လက္ခဏာမှာ အိမ်ဖော်
ရုပ်လက္ခဏာမပေါက်။

ရုပ်ရည်သန့်ပြန့် ချောထင်သည်။ ကိုယ်လုံးကိုယ်ပေါက်မှာ
လုံးကြီးပေါက်လှ ကိုယ်လုံးကိုယ်ပေါက်။

အသားလတ်၊ ပြုံးလိုက်လျှင် ပါးချိုင့်ကလေး ရေးရေးပေါ်
သည်။ ကြည့်ပျော် ရှုပျော် ရုပ်ရည်အဆင့်ထက် သာလွန်သည်။

အခြယ်အသ ထုံမွမ်းလိုက်လျှင် ပွင့်ထွက်လာမည့် ရုပ်ဆင်း
အင်္ဂါထင်သည်။

မော်လမြိုင်သူ၊ မြို့ပေါ်ကတော့မဟုတ်၊ ရွာလွတ်သူ။

စကားပြော ညက်ညောသည်။

ဟုတ်ကဲ့ပါနော၊ သွားမယ်နော၊ သွားပါမယ်နော်ဟု စကား
ပြောတိုင်း "နော"ဖြင့် အဆုံးသတ်ပြောပုံလေးမှာ တစ်မျိုးနား
ထောင်လို့ ကောင်းသည်။

သူ့အပြောအရ အသက်နှစ်ဆယ့်ကိုးနှစ် ရှိပြီဟု သိရသည်။
အလုပ်အကိုင် လုပ်ရာတွင်လည်း သွက်သွက်လက်လက်ရှိသည်။

လူမမာကိစ္စကိုသာမက အိမ်မှုကိစ္စတွင်လည်း ဒေါ်စိန်ရင်
ကိုပါ အကူအညီပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လအတွင်း မိသားစုနှင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ရှိသွားသည်။

ကိုလွင်မောင်တို့ မောင်နှမလည်း အေးအေးဆေးဆေး စာကျက်နိုင်သည်။

သူမ၏အမည်မှာ မထွေးရီ။

အနေမြဲ အနေကြာလာသည့်အလျောက် မထွေးရီကို တစ်အိမ်လုံးက အိမ်ဖော်လို သဘောမမူကြတော့။

မိသားစုလိုပင် ဆက်ဆံကြသည်။

ကိုလွင်မောင် ရှစ်တန်းစာမေးပွဲဖြေပြီး တစ်ပတ်အကြာတွင် မိခင်ကြီးကို ဆေးရုံတင်ရသည်။

ဆေးရုံတင်ပြီး သုံးရက်မြောက်နေ့ မိခင်ကြီး ကွယ်လွန်အနိစ္စရောက်သွားသည်။

အေးအေးသက်သက်ရှိခဲ့သည့် အိမ်ထောင်စုလေးမှာ သောကဗျာပါဒမီး အဟပ်ခံလိုက်ရသည်။

ရက်လည်ဆွမ်းသွတ်ပြီးနောက် မထွေးရီက ရွာပြန်တော့မည်ဟု ပြောလာသည်။

လူမမာအား ပြုစုရမည့်သူ၏ လုပ်ငန်းမရှိတော့သည့်အလျောက် သူ့အား ရွာပြန်ခွင့်ပြုဖို့ ဖခင်ကြီးထံ ခွင့်တောင်းခဲ့သည်။

ဖခင်ကြီးက ခွင့်မပြု။ အကြောင်းနှစ်ချက်ပြ၍ တားမြစ်လိုက်သည်။





ဒေါ်စိန်ရင်လည်း အသက်အရွယ် ထောက်လာပြီ၊ သားနှင့်သမီးလည်း အတန်းရလာပြီမို့ အိမ်မှုကိစ္စ ကူဖော်လောင်ဖက်အဖြစ် ဆက်နေဖို့ လိုအပ်သည်ဟု ပြော၍ ပြန်ခွင့်တောင်းသည်ကို ခွင့်မပြုခဲ့။

သူတို့ကလည်း မပြန်ဖို့ ဝိုင်းပြောကြသည်။

ဒီလိုမှ မထွေးရီမှာ သူတို့နှင့်အတူ ဆက်လက်နေဖြစ်သွားသည်။

သူမအတွက် လုပ်အားခကိုလည်း ယခင်အတိုင်းပင် ဆက်ပေးခဲ့ကြသည်။

သူ ကိုးတန်းရောက်ပြီး ပထမအစမ်းစာမေးပွဲ စစ်ပြီးသည့်အချိန်။

မထွေးရီမှာ ကူဖော်လောင်ဖက်ကနေ ကူပင့်လောင်စာဖြစ်သွားသည်။

မဖြစ်နိုင်ရာသောလို့ ထင်ခဲ့သည်မှ ဖြစ်နိုင်ရာသောသို့ ပြောင်းလဲသွားသည့် အချိန်ကာလမှာ တိုတောင်းလှ၏။

အေးသက်ငြိမ်းချမ်းခဲ့သည့် သူတို့မောင်နှမမှာ ပူလောင်ဗျာပါတွေ ထွေးရစ်သွားရသည်။

ဖြစ်လာသည့်အဖြစ်က မဖြေသာ ရင်နာစရာနှင့် ရှေ့မျက်နှာရှေ့ထားရန် ခက်ခဲသည့် အရှက်ရစရာဖြစ်ရပ်။

ဖခင်ကြီးက ကြီးမှ ဝက်သက်ပေါက်သည်၊ ပေါက်သည့်ဝက်သက်က ရိုးရိုးဝက်သက်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အိမ်က ကူဖော်လောင်ဖက်ကို လူသိရှင်ကြား တရားဝင် သိမ်းပိုက်၍ အိမ်တွင်းရေးကို စီးမိုးခြယ်လှယ်ခွင့် ပေးလိုက်ခြင်းဖြစ်၏။

ဖခင်ကြီး ဖန်တီးလိုက်သည့် အမည်းရိပ်ကြီးမှာ သူတို့မောင်နှမနှစ်ယောက်ပေါ်သို့ ကျရောက်ပြီး သွားလေရာ လာလေရာသို့ တွဲစပ်လျက် ပါနေသည်။

ဖခင်ကြီးက ကြီးမှဝက်သက်ပေါက်သည်။

သူတို့မောင်နှမ နှစ်ယောက်က ကြီးမှ အမေလေးရသည်။

အသစ်အမေလေးကို ဘယ်လိုဘယ်ပုံ မျက်နှာမူ၍ ဆက်ဆံရမည်ကို သူတို့မောင်နှမ နှစ်ယောက်စလုံး နားမလည်နိုင်အောင် ဖြစ်နေရသည်။

ညီမဖြစ်သူက ကျောင်းမတက်တော့။ အိမ်မှာလည်း မနေတော့။ အစ်မရှိရာ ဒေါ်လေးအိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

အိမ်ကနေ ဒုတိယခွာရသူမှာ သူတို့၏ အထိန်းတော်ကြီး ဒေါ်စိန်ရင်။

သူ့သဘောဆန္ဒနှင့် ခွာသွားရခြင်းမဟုတ်။ အမေအရွယ်လင်သားကို အမေလေးက ပတ်ချွဲနပ်ချွဲလုပ်ပြီး တိုမီးရှို့မီးလုပ်သောကြောင့် ဖခင်ကြီး၏ နှုတ်ထွက်စကားအရ မျက်ရည်စက်လက်နှင့် ခွဲခွာသွားရခြင်း ဖြစ်၏။

အိမ်မှာ တိုးအောင်ပဲ ရှိတော့သည်။

သူက အိမ်ချိန်မှာသာ အိမ်ပြန်ရောက်သည်။





မနက်ထမင်း ညထမင်းကိုပင် ဒေါ်လေးအိမ်မှာပဲ စားသည်။

အိမ်မှာ စားလို့ကလည်း အဆင်မပြေ။ ဟင်းကို အတိုင်းအတာနှင့် ပန်းကန်ထဲ ပုံထည့်ပေးသည်။

ဒီအတွက် တစ်ကြိမ် နှစ်ကြိမ်မက စကားများခဲ့ရပြီ။

အမေလေးနှင့် စကားများသည့်နေ့ည အိမ်ပြန်ရောက်သည်နှင့် ဖခင်ကြီး၏ အဆူအပူ အကြိမ်းအမောင်းကို ခံရသည်။

သူတို့အိမ်တွင် ဩဇာသက်ရောက်မှုမှာ ဖခင်ကြီး မဟုတ်တော့ပြီကို တဖြည်းဖြည်း သဘောပေါက်လာရသည်။

ကူဖော်လောင်ဖက် ဘဝကနေ အိမ်ကြီးရှင်ဖြစ်လာသူ အမေလေးသည်သာ ဩဇာသက်ရောက်သူ ဖြစ်လာသည်။

သူတို့အတွက် မုန့်ဖိုးကိုသော်မှ ဖခင်ကြီးက တိုက်ရိုက်မပေးတော့ မိထွေး အမေလေးပေးသည့် ခွဲတမ်းကို လက်ဖြန့်ခံရသည့် အခြေအနေကို အသိရောက်လာသည်။

တတိယမြောက် အိမ်ကနေ ခွာရသူမှာ သူဖြစ်လာသည်။

သူတို့မိသားစု အခြေအနေကိုသိသည့် အိမ်နီးနားချင်းများနှင့် ဆွေမျိုးအသိုင်းအဝိုင်းကမူ သူ့အနေနှင့် အိမ်ကိုမခွာသင့်ကြောင်း၊ ဘယ်လိုအခြေအနေမျိုး ဖြစ်လာ ဖြစ်လာ၊ အိမ်တွင်သာ ဆက်နေသင့်ကြောင်း၊ အိမ်မှာဆက်မနေဘဲ အိမ်ကိုခွာလျှင် မိထွေးဖြစ်သူက လုံးဝအုပ်စီးသွားလိမ့်မည် ဖြစ်ကြောင်းများ ပြောဆိုအားမြှစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းမညိတ်နိုင်တော့။ ဖခင်ကြီး၏ သဘောထား လုံးဝပြောင်းလဲသွားပြီကို သူက အသိဆုံး။

ပြဿနာတက်လာလျှင် မိထွေးနှင့် ရင်ဆိုင်ရမည် မဟုတ်ဘဲ ဖခင်ကြီးနှင့်သာ ရင်ဆိုင်ရမည်ဖြစ်ရာ တစ်သက်ပန်လုံး ပြင်မရမည့် နာမည်ဆိုး အမည်းစက်ကြီး စွန်းထင်ဖွယ်ရာ အခြေအနေဖြစ်ရှိလာမည်မှာ သေချာနေသောကြောင့် အိမ်ကိုစွန့်ခွာလိုက်ရသည်။

အဒေါ်ဖြစ်သူအိမ်သို့ ရောက်သွားသည်။

ဖခင်ကြီးက သူတို့မောင်နှမနှစ်ယောက် ပညာသင်စရိတ်နှင့် စားစရိတ်အတွက် ထောက်ပံ့မည်ဟု စကားဆိုဖော်ရသော်လည်း ဒေါ်လေးက လက်မခံဘဲ ငြင်းပယ်လိုက်သည်။

ဒေါ်လေးက အစ်မကြီး ထားရစ်ခဲ့သည့် အတွင်းပစ္စည်းများကို သူတို့မောင်နှမနှစ်ယောက်အတွက်ပေးပြီး အိမ်ကိုဖခင်ကြီးကယူ၍ သားသမီးများနှင့် အပြီးသတ် အဆက်ပြတ်ရန် ကြားလူမှတစ်ဆင့် စကားကမ်းလှမ်းကြည့်သည်။

ဖခင်ကြီးက မပေးနိုင်ကြောင်း ဘူးမခံဘဲ မိခင်ကြီး ထားရစ်ခဲ့သည့် ရတနာပစ္စည်းထဲက မဖြစ်စလောက်သာ ရတနာပစ္စည်းအချို့ကို စာရင်းပြ၍ ပေးမည်ဟု တုံ့ပြန်စကား ပြောလာသည်။

အစ်မဖြစ်သူ၏ ပစ္စည်းပစ္စယ ဘယ်၍ဘယ်မျှ ရှိသည်ကို ညီမဖြစ်သူ ဒေါ်လေးက သိသည်။





ဒေါ်လေးက ဘာတွေ ဘာတွေ ရှိသည်ဟု စာရင်းလုပ်ပြီး ပေးချင်ရင် အပြည့်အစုံပေး၊ မပေးချင်ရင် အရှင်းမပေးနဲ့ဟု လူကြီးနှစ်ယောက်ကိုလွှတ်၍ အပြောခိုင်းသည်။

ဖခင်ကြီးက ဒေါ်လေးပေးသည့် စာရင်းမှာ အထင်စာရင်းသာဖြစ်၍ တကယ်မရှိကြောင်း ငြင်းဆိုသည်။

တကယ်ရှိသည့်ပစ္စည်းမှာ သူပြသည့် စာရင်းအတိုင်းသာ ရှိကြောင်း အကြောက်အကန်ပြော၍ ငြင်းဆိုသည်။

ဖခင်ကြီးနှင့် ဒေါ်လေးတို့ လူကြီးများကတစ်ဆင့် အပြန်အလှန် ပြောဆိုနေသည့်ကြားထဲသို့ မိထွေးဖြစ်သူက ဝင်ပါလာသည်။

တိုက်ရိုက်တော့ မဟုတ်။

သွေးစကားပြော၍ ဝင်ပါလာခြင်းဖြစ်သည်။

သူတို့မိခင်ကြီး လေဖြတ်စဉ်ကတည်းက ဒေါ်လေးနှင့်အတူနေသည့် သမီးကြီးကိုခေါ်၍ ပေးသင့်တာတွေ ပေးထားခဲ့ပြီးပြီ၊ ကျန်ပစ္စည်းသော့ကို သမီးငယ်က ကိုင်ထားသည်။

သူတို့အားလုံးကဲ့ပြီးမှ ကျန်တာလေးကို မရအရတောင်းလာခြင်းဖြစ်သည်။

ဖအေကြီးတစ်ယောက်လုံး ငုတ်တုတ်ကြီး ရှိနေပါလျက် အမွေတောင်းရက်လေခြင်း၊ သုံးယောက်စလုံး အိမ်မှာမနေဘဲ ဆင်းသွားတာကိုက ရစရာရှိတာတွေ ရပြီးလို့ ဆင်းသွားတာ၊ ဒါတွေဟာ သူတို့ဒေါ်လေးရဲ့ အစီအမံတွေပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဖေလောက် အရွယ်ကြီးကို ယူလိုက်ရတာ အဲဒီပစ္စည်းတွေ မက်လို့မဟုတ်ဘူး။

အတင်းအကျပ် မျက်ရည်ခံထိုးပြီး တောင်းပန်လွန်းလို့ သနားပြီး ယူလိုက်ရတာ စသည်ဖြင့် ဖခင်ကြီးသိက္ခာကိုပါ မထောက်မညှာ ပြောလာသည်။

ပတ်ဝန်းကျင်ဆိုတာကလည်း အခက်သား။

လိုသူရှိသလို မလိုသူလည်း ရှိသည်။

လိုသူတွေက မထွေးရီ ပြောတာကို မဲ့ကာရွဲ့ကာလောက်နှင့် ပြီးကြသည်။

မလိုသူတွေကတော့ မလိုသလို မထွေးရီ အပြောကို ထပ်ဆင့်၍ ချဲ့ကားလိုက်ကြသည်။

ဒေါ်လေးလက်ထဲကို ပစ္စည်းတွေ အစုလိုက် အပုံလိုက် ရောက်နေပြီဆိုတာ မယုံသူကနည်းနည်း၊ ယုံသူကများများမို့ ဒေါ်လေးကိုပါ ထိခိုက်လာသည်။

မထွေးရီက အနေအထိုင် ကျစ်လျစ်သိပ်သည်းသည်။

ဆံ့ကြိုးလေးတစ်ကုံး၊ လက်ကောက်ကလေး နှစ်ကွင်းက လွဲလို့ မြင်သာထင်သာ လွန်လွန်ကဲကဲ လက်ဝတ်ရတနာတွေ မဝယ်။

မထွေးရီ ပြောသလို ဟုတ်ကောင်း ဟုတ်မှာလို့ တွေးထင်ယောက်သူတွေ အများစုရှိလာသည်မို့ ဒေါ်လေးသိက္ခာကိုပါ ထိခိုက်လာရသည်။





ဒေါ်လေးက ဘာကိုမှ လက်မခံခဲ့သလို ဘာမှလဲ ထပ်မပြောတော့ဘဲ သူတို့ဖခင်ကြီးနှင့် လုံးဝအဆက်အသွယ် ဖြတ်လိုက်သည်။

ဒေါ်လေးက သူတို့မောင်နှမသုံးယောက်စလုံး၏ တာဝန်ကို ယူထားသည်။

ညီမနှစ်ယောက်မှာ မိန်းကလေးများ ဖြစ်သည့်အလျောက် နေရေးထိုင်ရေး အဆင်ပြေသလို ပြဿနာလည်းမဖြစ်။

ပြဿနာဖြစ်လာသည်က သူနှင့်။

သူက စိတ်လေလွင့်နေသူ ဖြစ်သည့်အတိုင်း အနေအထိုင်ခြေမြဲသက်၊ ကျောင်းမှန်မှန် မတက်တော့သလို ခြေဖွေမွှေ့ရာ ခြေဦးတည်ရာ သွားလာနေထိုင်ခဲ့သည်။ အပေါင်းအသင်းလည်း များလာသည်။ အပေါင်းအသင်းထဲမှာ လူစုံပါလာသည်။

အဒေါ်အပျိုကြီးက စည်းကမ်းသမား အထိန်းအသိမ်း လွန်ကဲသည်။

သူ့အပေါ် မျက်စိမတည့် ဖြစ်လာသည်။ ပြောရေးပြောရာ ရှိစာသည်ကို မထောက်မညှာပြောသည်။ အဆူအပူများလာသည်။

နောက်တိုးအပေါင်းအသင်းများနှင့် ဖြစ်သလိုစား၊ ဖြစ်သလို နေပြီး ဘဝကို ရေစုန်မျောလိုက်သည်။

ဦးတည်ချက်မရှိသော ဘဝလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရင်း ဒုစရိုက်လောကထဲသို့ ဝင်ဆန့်သူ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကိုယ့်အကြောင်းပဲ၊ အပေါင်းအသင်းတစ်ယောက်က ဆက်သွယ်ပေးလို့ ခါးဆရာကြီးဆီ ရောက်တယ်၊ ဆရာကြီးဆီမှာ ခါးအတတ်ကို လက်ထပ်သင်ယူပြီး၊ အဲဒီလောကမှာ ကျင်လည်ခဲ့တာပဲ၊ ဆရာကြီးနိုင်းတာလုပ်၊ ဆရာကြီးပေးတဲ့ဝေစုနဲ့ ကိုယ့်ရဲ့ စားဝတ်နေရေးကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းခဲ့တာပဲ၊ လက်သင်ကနေ ဝေစုစား၊ ဝေစုစားကနေ အုပ်စုလက်ထောက်၊ အုပ်စုလက်ထောက်ကနေ အုပ်စုခေါင်းဆောင်၊ အုပ်စုခေါင်းဆောင်ကနေ ဆရာကြီး၊ အဲဒီလို အဆင့်တက်ခဲ့ရတာပဲ၊ ခုတော့ ဆရာကြီးဖြစ်လာပြီလေ၊ မောင်ရင့်အဖြစ်က ပိုတောင်ဆိုးတာပေါ့"

"ကျွန်တော့် အဖြစ်က ဆိုးလှပြီလို့ အောက်မေ့နေတာ၊ အစ်ကိုလွင်မောင့်အကြောင်း ကြားလိုက်ရတော့ ကျွန်တော့် အဖြစ်က ဖြေသာသလို ရှိသွားတာပေါ့၊ ဒါပေမဲ့ ထောင်ကလွတ်ရင် ဆိုတဲ့ ကျွန်တော့်ရည်မှန်းချက်တော့ ပျက်သွားရပြီလေ၊ ကျွန်တော် ဘယ်သွားပြီး ဘာလုပ်ရမလဲ ဆိုတာတောင် လမ်းစပျောက်သွားရပြီ အစ်ကိုလွင်မောင်"

"မောင်ရင့် အခြေအနေက ဒီလောက်လည်း မဟုတ်သေးပါဘူးကွာ၊ ဆွေမျိုးအသိုင်းအဝိုင်း ရှိပါသေးတယ်၊ သူတို့ဆီပြန်ပေါ့၊ မောင်ရင့်အမေက ဘာတွေ ညာတွေ ထားခဲ့တာလဲရှိချင်ရှိမှာပေါ့၊ အဲဒီမှာ မောင်ရင့်အတွက် လမ်းစတွေ့ကောင်းပါတယ်"

"ကျွန်တော်တော့ သိပ်မထင်ဘူး အစ်ကိုလွင်မောင်၊ ကျွန်တော့်ဦးလေးက သိပ်မှန်တာ မဟုတ်ဘူး၊ ကိုညွန့်မောင်နဲ့ အမေ့





ကိစ္စမှာ သူ့ပယောဂ အများကြီးပါတယ်၊ နောက်ပိုင်း ကျွန်တော်တို့ဘက်ကလို့ ဆိုနိုင်ပေမယ့် ငွေရေးကြေးရေးကိစ္စတော့ စိတ်မချရတဲ့ အနေအထားမှာ ရှိတယ်၊ အမေက ပေးစရာ အပ်စရာရှိရင် သူ့ကိုပဲ ပေးခဲ့ရမှာဆိုတော့ ကျွန်တော့်အတွက် မျှော်လင့်ချက်ထားဖို့ သိပ်မဖြစ်နိုင်တဲ့ အခြေအနေပဲ အစ်ကိုလွင်မောင်"

"သိပ်လည်း ဆန္ဒမစောပါနဲ့ကွာ၊ အခြေအနေ ဆိုတာ အကောင်းကနေ အဆိုးဖြစ်တတ်သလို အဆိုးကနေလည်း အကောင်းဖြစ်တတ်ပါတယ်"

ကိုလွင်မောင့်ဇနီးက ထောင်ဝင်စာ မှန်မှန်လာသည့်အပြင် ထောင်ဝင်စာလာတိုင်း စားစရာ ဖောဖောသီသီ ပါလာ၏။

ပေးနိုင် ကမ်းနိုင် ကျွေးနိုင်သောကြောင့် မျက်နှာသာရသည်။

သူ့ကို စိတ်မာတတ်ရေးရာ ထိန်းသိမ်းပေးသည့်လူ၊ စားရေးသောက်ရေးကိစ္စတွင်ပါ အကူအညီ ပေးခဲ့သည်။

ဤအကူအညီမှာ စေတနာသန့်သန့် အကူအညီဖြစ်သည်။ သူ့ဆီက တုံ့ပြန်လာမည့် အကူအညီကို မျှော်ကိုးပြီး ပေးသည်မျိုး မဟုတ်ပါ။

ဒါ့အပြင် ကိုလွင်မောင်က အုတ်ရိုးအပြင်ရောက်သည့်အခါ အခြေအနေ အဆင်မပြေဖြစ်ခဲ့ရင် သူ့ဆီ အချိန်မရွေး လာနိုင်ကြောင်း အားပေးစကား ပြောကြားခဲ့သည်။

"ကိုယ်က မောင်ရင့်ကို ကိုယ်တို့လောကထဲဝင်ဖို့ ဆွယ်ပြီခေါ်တာ မဟုတ်ဘူးနော်၊ စားရေးသောက်ရေး နေရေးထိုင်ရေး



www.burmeseclassic.com

www.burmeseclassic.com

သိပ်အကျပ်အတည်း ဖြစ်လာရင် နှစ်ပတ်တန်သည် သုံးပတ်တန်သည် အလည်အပတ်သဘော လာနေဖို့ပြောတာ၊ အလုပ်အကိုင်လေး ဘာလေး ရှာဖွေမယ်ဆိုရင်လည်း ကိုယ်တတ်နိုင်သလောက် ကူညီမှာပေါ့"

ဟာပဲဖြစ်ဖြစ် ဆွေမတော် မျိုးမစပ် အုတ်ရိုးထဲရောက်မှ သိရသူတစ်ယောက် အားပေးစကားကို လှိုက်လှိုက်လှဲလှဲ လက်ခံမိလိုက်ရသည်။ ကိုလွင်မောင် ပေးသည့်လိပ်စာကို မမေ့မလျော့မရှိရအောင် အလွတ်ကျက် မှတ်ထားလိုက်ရသည်။

"ကျွန်တော် သူ့ဆီသွားဖို့ ရည်ရွယ်ချက် မရှိပါဘူး၊ သူတို့လောကနဲ့ သူတို့လုပ်ငန်းကိုလည်း စိတ်မဝင်စားပါဘူး၊ လိုရမယ်ရသဘော မှတ်ထားလိုက်ရတာပါ၊ ဒါပေမဲ့ ကျွန်တော့်ဘဝ အခြေအနေ အပြောင်းအလဲက သွားရမယ့် အနေအထားဖြစ်လာတာမို့ ရောက်သွားရတာပါဟု"

ကိုတိုးအောင်က ထောင်မှလွတ်ပြီးနောက် သူ့ဘဝအပြောင်းအလဲ အခြေအနေကို ဤသို့ပြောပြသည်။

* ❖ *



(၆း)

အမေ ဆုံးပြီးနောက် ဦးလေးက နှစ်ခေါက်ပဲလာသည်။ နောက်ထပ် မလာတော့။

ကားရောင်းပြီးသည်ကို သိထားပြီးမို့ ဘာမှမမေးတော့၊ အိမ်အကြောင်းကိုတော့ နောက်ဆုံးအခေါက်လာစဉ် မေးကြည့်ခဲ့သည်။

ဟိုလိုလို သည်လိုလို မရေမရာ ပြောသွားသည်။

"ဒီအကြောင်းတွေကို ခု မင်းသိလည်း ဘာမှလုပ်နိုင်မှာမဟုတ်ဘူး၊ စိတ်မကောင်းဖြစ်ရုံပဲရှိမယ်၊ လွတ်လာတော့ ဒီအကြောင်းတွေ အသေးစိတ် ပြောကြတာပေါ့၊ ခု ဒီအကြောင်းတွေကို ဘာမှမစဉ်းစားဘဲ အေးအေးနေ"

စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားရပေမယ့် ထပ်မမေးသင့်သောကြောင့် မမေးလိုက်တော့၊ ဦးလေး ပြောသွားသည့်ပုံ


www.burmeseclassic.com

www.burmeseclassic.com



သိတော့လည်း ဘာမှအကြောင်းမထူးသမို့ ဖြစ်သမျှအကြောင်း သဘောမှုပြီး နောင်ခါလာ နောင်ဈေး သဘောထားလိုက်ရသည်။

ခုထောင်ကလွတ်ပြီ။

ရှင်လိပ်ပြန် ထောင်ထွက် မင်္ဂလာဆောင်သောရက် ထိုသုံးရက်ကို လူ့ဘဝတွင် အပျော်ဆုံးရက်များဟု စကားရထားကြသည်။

သို့တစေ၊ တိုးအောင် အတွက်မှာမူ အပျော်ဆုံးနေ့ မဟုတ်ဘဲ စိတ်အညစ်ရဆုံးနေ့ ဖြစ်သွားရသည်။

ထောင်တံခါးမကြီးနှင့် တစ်သားတည်းရှိနေသည့် တံခါးပေါက် အသေးလေးမှ ခေါင်းငုံ့၍ အပြင်သို့ ထက်လိုက်သည်နှင့် အရှေ့ အနောက် တောင် မြောက် ဘယ်ဘက်သို့ မျက်နှာမူ၍ ဘယ်ဆီသို့ ခြေဦးတည်ရမှန်းမသိ ဖြစ်နေသည်။

အမေသာရှိနေသေးရင် သွားရမည့်လမ်းကြောင်းကို မြေကြော်ရှု၍ ခြေလှမ်းသွက်သွက် လှမ်းထွက်ပြီးဖြစ်မှာ သေချာသည်။

ဘယ်ဆီသို့ ဘယ်ဝယ်သို့ဟု ခြေလှမ်းဦးမထည်နိုင် ဖြစ်နေရာမှ ဦးလေးဖြစ်သူအား တွေ့လိုတွေ့ငြား မျှော်လင့်ချက်ဖြင့် အိမ်ဘက်သို့ ဦးတည်လိုက်သည်။

ပြောသာပြောရသည်။

နေထိုင်ခဲ့ရာ ရပ်ရွာသို့ ရောက်ဖို့မှာ မိုင်သုံးဆယ်နီးပါး ခရီးကွာဝေးသည်။

ခြေလျင်ခရီး ဆက်လို့မရ။





ကား သို့မဟုတ် ရထားနှင့် သွားရမည့်ခရီး။

ရထားစီးရန် ထောင်ကထုတ်ပေးလိုက်သည့် ခရီးသွားလက်မှတ် ဝရမ်းစာရွက်ကလေးတော့ ပါလာသည်။

ကားစီးရန်အတွက်တော့ ပိုက်ဆံမပါ။

ထမင်းစရိတ် ထုတ်ပေးလိုက်သည့် ငွေသုံးကျပ်သာ အိတ်ထဲမှာရှိသည်။

အင်းစိန်ထောင်အထွက် မြေနီလမ်းကလေးအတိုင်း လျှောက်လာပြီး မြေနီလမ်းဆုံး၍ ကတ္တရာလမ်းပေါ် ခြေချချိုးကွေ့လိုက်သည်နှင့် လူစည်ကားသည့် အင်းစိန်ဈေးဝန်းကျင်သို့ ရောက်သွားသည်။

သူထောင်က ထွက်လာသည့်အချိန်မှာ ဈေးကွဲသည့်အချိန်မို့ လူသိပ်မစည်ကားတော့။ လက်ဖက်ရည်ဆိုင်များတွင်မူ စားသုံးသူများ ရှိနေဆဲ။

လက်ဖက်ရည်တစ်ခွက်လောက် သောက်ချင်သည့် ချဉ်ခြင်းတပ်လာသော်လည်း အိတ်ထဲမှာပါသည့် ငွေလောက်နှင့် ဆိုင်ထဲဝင်ရန် မဖြစ်နိုင်သောကြောင့် အမြင်အကြည့်လောက်နှင့်ပဲ ချဉ်ခြင်းတပ်လာသည်ကို တံတွေးမျိုချ၍ အာသာဖြေလိုက်ရသည်။

ကားစီးရန် သွားရမည့်လမ်းကြောင်းကို မသိ။

ဘယ်နေရာသို့သွား၍ ဘယ်နေရာကနေ စောင့်စီးရမည်ကိုလည်း မသိ။



www.burmeseclassic.com

www.burmeseclassic.com



ထောင်သို့အဝင်ခရီးလမ်းမှာ မည်သို့မျှ အခက်အခဲမရှိခဲ့။

သက်ဆိုင်ရာစခန်းမှ ထောင်ထဲသို့အထိ လိုက်ပို့ခဲ့သည်။

ထောင်ကအထွက် အိမ်အပြန်ခရီးမှာမူ ကိုယ့်အစီအစဉ်နှင့် ကိုယ်သွားလာရမည်မို့ ကြီးမားသော အခက်အခဲ ရှိလာသည်။

ဟိုမေးသည်စမ်းနှင့် အင်းစိန်ဘူတာသို့ ရောက်ခဲ့သည်။

ဘူတာမှာတွေ့သည့် ခရီးသည်များကို မေးမြန်းကြည့်သည့်အခါ ပုံမှန်အထွက်ရထားများ မရှိတော့ကြောင်း သိလိုက်ရသည်။

ပုံမှန်ရထားများ စီးရန်အတွက် နောက်တစ်နေ့မနက်အထိ စောင့်ရမည်။

လူစီးတွဲမပါသော ကုန်ရထားတော့ လာတတ်သည်။

သေတော့ မသေချာ။

ကုန်ရထားလာသည့်အခါ ဂါတ်ဗိုလ်ကိုပြောဆို၍ ပေးစရာရှိတာပေးရင် လိုက်လို့ရကြောင်းလည်း သိရသည်။

လာခဲ့သော် မျှော်လင့်ချက်ဖြင့် စောင့်ရမည့် အခြေအနေ။

မထူးတော့ပြီမို့ ဘူတာခုံတန်းအလွတ်မှာ ဝင်ထိုင်နေလိုက်ရသည်။

သည်လို အခက်အခဲတွေ တွေ့လာလေ ကိုယ့်ဘဝကို နာကြည်းလေ ဖြစ်ရလို့ လောကကြီးကိုပါ နာကြည်းလာသည်။

ဘူတာထဲမှာ သူ့လိုပင် ထိုင်နေကျသူ ခရီးသွားဆယ်ယောက် ဆယ့်ငါးယောက်ခန့် ရှိနေကြသည်။





အများစုက ကိုယ့်အဖော် အပေါင်းအသင်းနှင့် ကိုယ်မို့ စကားထိုင်ပြောနေကြသည်။

သူ့လို အဖော်အပေါင်းမပါ။

တစ်ကိုယ်တစ်ကာယသမားများမှာမူ ငေးငိုင် တွေးမှိုင်ရင်း ငိုက်မျဉ်းနေကြသည်။

သူက ညောင်းရင် ထလျှောက်လိုက်၊ ရေအိုးစင်က ရေသွားသောက်လိုက်နှင့် လာကောင်း လာတတ်သည်ဆိုသော ကုန်ရထားကြီးကို မျှော်စောင့်နေရသည်။

တဖြည်းဖြည်း နေစောင်းလာသည်။

ခရီးသွားလေးငါးဦးကလည်း ထပ်တိုးလာသည်။

လော်ကယ်နှင့် မြို့ပါတ်ရထားများ အဝင်အထွက်နီးသည့်အခါ ခရီးသည်တွေ များလာသည်။

ဆင်းသူဆင်း တက်သူတက်ဖြင့် ရထားထွက်သွားပြီးနောက် ဘူတာတွင် ခရီးသွားများ ခြောက်သွားသည်။

ပုံမှန်ရှိနေသည့် သူတို့လူစုသာ ကျန်ရစ်သည်။

ညနေစောင်းလာပြီ။

ဗိုက်ကလည်း အသံပေးလာပြီ။

ထမင်းဝယ်စားဖို့က သူ့အိတ်ကပ်ထဲတွင် ရှိနေသည့် ပိုက်ဆံက ဘဲဥဟင်းနှင့်စားရန်လောက်တော့ ဖြစ်နိုင်ဖွယ်ရှိသည်။

ဗိုက်တော့ ပြည့်သွားမည်။



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကပ်ထဲတွင် ဘာမှရှိတော့မည် မဟုတ်သောကြောင့် ထမင်းတစ်နပ်အတွက်ကို ဦးနှောက်ခြောက်လုခမန်း တွက်ချင့်စဉ်းစားနေရသည်။

ထိုစဉ် မြို့ပတ်ရထားတစ်စီးက ဘူတာသို့ ဝင်လာသည်။

သူက ထိုင်နေရာမှ မထဘဲ ခရီးသည်များ တက်ကြဆင်းကြသည်ကို ထိုင်နေရာမှပင် ကြည့်ရှုနေသည်။

ရထားပေါ်မှ ဆင်းလာသူတစ်ယောက်က သူထိုင်နေရာဆီသို့ လက်ညှိုးထိုးပြီး ရောက်လာသည်။

သူ ထိုင်နေရာဆီသို့ တန်းတန်းမတ်မတ် လက်ညှိုးထိုးပြီး ရောက်လာသူ ပုဂ္ဂိုလ်ကို သူကမသိ။

သူ မသိသောပုဂ္ဂိုလ်မှာ အတော့်ကို သပ်သပ်ရပ်ရပ် ဝတ်စားထားသည်။ လက်ထဲမှာလည်း လက်ဆွဲသားရေအိတ်အကောင်းစားကို ဆွဲကိုင်ထားသည်။

အနားရောက်လာသည့်အခါ ထိုပုဂ္ဂိုလ်က အမေးစကားဖြင့်လာသည်။

"မင်း ... ကိုထွန်းအေး မစိန်ပွင့်တို့သား၊ တိုးအောင်မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် တိုးအောင်ပါ"

သူက ထိုင်နေရာမှ မတ်တတ်ရပ်၍ တလေးတစား ပြန်ဖြေလိုက်သည်။





"နေပါဦး၊ မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ၊ မင်းအမေရော မပါဘူးလား၊ မင်း တစ်ယောက်တည်းလား"

"ဟုတ်ကဲ့၊ ကျွန်တော် တစ်ယောက်တည်းပါ၊ အမေဆုံးသွားပါပြီ"

သူက အမေဆုံးသွားသည့်အကြောင်းနှင့် သူ့အကြောင်းဖြစ်စဉ်ကို အကျဉ်းရုံးပြောပြ၍ သူ ထောင်မှထွက်လာသည့်အကြောင်း ပြောပြလိုက်ရသည်။

"ဖြစ်ရလေကွာ၊ မစိန်ပွင့် သတင်း ကြားတုန်းကများ တို့က ဘယ်ယုံလိမ့်မလဲ၊ မစိန်ပွင့်က အင်မတန် ဣန္ဒြေသိက္ခာအကဲလွန်တဲ့ မိန်းမသားပဲဟာ၊ အေးလေ ဖြစ်ချိန်တန်တော့လည်း ဖြစ်သွားရတောပေါ့၊ ခု မင်းက အိမ်ပြန်ဖို့ပေါ့"

သူက ကားနဲ့သွားဖို့ စရိတ်စကမရှိလို့ ရထားစောင့်နေသည့်အကြောင်း ပြောပြလိုက်ရသည်။

"ဟာ ... မင်း ညဘက် ဒီမှာနေလို့ ဘယ်ဖြစ်မလဲ၊ ကင်းလှည့်အဖွဲ့လာရင် ပြဿနာတက်နိုင်တယ်လေ၊ ငါနဲ့လိုက်ခဲ့ မနက်ကျမှ ကားဂိတ်ပို့ပေးမယ်"

ဤသို့ဖြင့် မမျှော်လင့်ဘဲ စိုင်ကော်၍ ချုပေါ်ရောက်ကိန်းကြုံသွားသည်။

မိဘများ၏ မိတ်ဆွေ တစ်ချိန်က ဖခင်ဖြစ်သူနှင့် လုပ်ငန်းတွဲလုပ်ခဲ့ဖူးသူ ဦးဟန်တင် ဆိုသူက သူနေထိုင်ရာ အောင်ဆန်းမြို့သို့ ခေါ်သွားပြီး သူ့အိမ်မှာပင် ထမင်းကျွေးပြီး အိပ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆာကလည်းဆာ မစားရသည်မှာ ကြာပြီဖြစ်သော အိမ်ထောင်း အိမ်ဟင်းကို ပြန်လည်စားသောက်လိုက်ရသည်ကြောင့် ငတ်မရှက်ဆိုသည့် ပမာစကားအတိုင်းပင် စားပိုးနှင့်အောင် စားပစ်လိုက်သည်။

ဦးဟန်တင်၏ဇနီးကလည်း အတော့်ကို စေတနာပါပါဖြင့် ကျွေးမွေးသည်။

ဦးဟန်တင်တို့ အိမ်အခြေအနေကို ကြည့်ရခြင်းအားဖြင့် အတော်လေး စီးပွားရေးကောင်းပုံလည်း ရသည်။

အကျဉ်းအကျပ် အခြေအနေကနေ မမျှော်လင့်ရသော အပြောင်းအလဲ ကြုံဆုံလိုက်ရသောကြောင့် ရှေ့လျှောက် သူ့ဘဝအခြေအနေ ကောင်းမည့်အလားအလာပဲဟူ၍ တွေးထင်မိလိုက်ရသည်။

ဦးဟန်တင်က ထိုသို့ကျွေးမွေး၍ အိပ်စရာ နေရာကိုပါ စီစဉ်ပေးရုံမက သူ့အဝတ်အစားထဲမှ အတော်သစ်လွင်သည့် ဝတ်စုံတစ်စုံကိုပါ ထုတ်ပေးသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ရပ် ကိုယ့်ရွာနေကို ချောချောပြေပြေ ပြန်ရောက်ခွင့်ရဖို့ သေချာသွားပြီမို့ စိတ်အေးလက်အေး အိပ်လိုက်ရသည်။

ဗိုက်ကလည်းလေး၊ မျက်လုံးကလည်း စင်းလာသမို့ ခေါင်းအုံးနှင့် ခေါင်း ထိစပ်ပြီး ခဏအတွင်းမှာပင် အိပ်ပျော်သွားခဲ့သည်။





မနက်မိုးလင်း အိပ်ရာထ၊ ထမင်းကြော်နှင့် လက်ဖက်ရည်သောက်ပြီး ဦးဟန်တင်နှင့်အတူ လိုက်ပါခဲ့ရသည်။

သူက တစ်ညတာ ကျွေးမွေးအကူအညီပေးခဲ့သော ဦးဟန်တင်တို့ ဇနီးမောင်နှံကို လက်အုပ်ချီ၍ တရိုတသေ ကန်တော့ခဲ့သည်။

ဦးဟန်တင်က သူ့ကို တိုက်ကြီးသွား ကားပေါ်အရောက် တင်ပေးပြီး ငွေသုံးဆယ်ပါ ပေးလိုက်သည်။

သူ၏ဘဝတစ်သက်တာတွင် ရင်မှာသိမ်ထားရမည့် ဖထမဆုံးသော ကျေးဇူးရှင်ကြီးများအဖြစ် စွဲထင် စွဲမှတ်လိုက်ရသည်။

ကားခကို ဦးဟန်တင်က ပေးလိုက်သောကြောင့် အိတ်ကပ်ထဲတွင် ငွေသုံးဆယ် အသားတင်ရှိနေသည်။

ဘာရယ်တော့မဟုတ်၊ ကိုယ့်ရပ်ကိုယ့်ဒေသနှင့် နီးလာတော့ ရင်မငြိမ်တော့။

ရင်တုန် ရင်ခုန်လာသည်။

ရင်ထဲမှာ တစ်မျိုးကြီး။

ဝမ်းနည်းသလိုလို ဝမ်းသာသလိုလိုနှင့် ထွေရောစပ်ခံစားနေရသည်။

ကားရပ်သည့်နေရာက ဈေးလူစည်ကားသည့်နေရာ။

လမ်းမကြီးမှာ သူတို့ ကျောင်းသွားကျောင်းပြန် ဖြတ်သန်းရမြဲရှိသည့် လမ်းမကြီး။

သူတို့ဆိုင်မှာ ဈေးနှင့် သိပ်မဝေး။



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်နှာကိုမော့သည့်ပုံစံမျိုးလည်း မဟုတ်၊ ငုံ့သည့်ပုံစံမျိုးလည်းမဟုတ် ပုံမှန်အနေအထားဖြင့် အိမ်ဘက်သို့ ခြေဦးတည်၍ လျှောက်ခဲ့ရာ သူငယ်ချင်းနှစ်ယောက်က လက်ဖက်ရည်ဆိုင်ထဲက ထွက်လာပြီး ဆိုင်ထဲသို့ ခေါ်သွားကြသည်။ ဘယ်တုန်းက လွတ်လာကြောင်းမေးပြီး လက်ဖက်ရည်နှင့် မုန့်များ အတင်းတိုက်ကျွေးကြသည်။

ဝမ်းသာရသည်။ ငြင်းစရာ မဟုတ်သောကြောင့် မုန့်နှစ်ခုနှင့် လက်ဖက်ရည်တစ်ခွက် သောက်လိုက်ရသည်။

သူငယ်ချင်းတွေက ဖြစ်ရပ်ဟောင်းနှင့် ထောင်အကြောင်းကို မမေးကြ၊ သိပြီးကိစ္စများအတွက် မမေးတာလည်း ဖြစ်မည်။

ဒါမှမဟုတ် စိတ်မကောင်းစရာ အကြောင်းကို ပြန်မနှူးချင်၍လည်း ဖြစ်မည်။

လက်ဖက်ရည်သောက်ပြီးနောက် စီးကရက် မှာတိုက်ကြသည်။

သူက ငယ်စဉ်ကတည်းက ဆေးလိပ်မသောက်ခဲ့သည်မှာ ခုထက်တိုင်ဖြစ်၏။

ဆေးလိပ်မသောက်တတ်သောကြောင့် ထောင်ထဲမှာ ဆေးဝေဒနာ မခံစားခဲ့ရ။ ဆေးလိပ်တစ်ဖွာ တစ်ရှူအတွက် အောက်ကျို့ခံပြီးလည်း မတောင်းခဲ့ရ။

ဆေးလိပ်သောက်တတ်သူများမှာ ထောင်ထဲတွင် ပို၍ဒုက္ခရောက်ကြသည်။





ဆေးလိပ်မသောက်ဘဲ မနေနိုင်သူများမှာ ရရာစက္ကူစလေးများဖြင့် ထဘီခါ ဆေးတောင်းရမ်းပြီး ပွတ်ချွန်းလိပ်သောက်ကြရသည်။

ထဘီခါဆေး ဆိုသည်မှာ ဆေးပြင်းလိပ် လိပ်သူ အမျိုးသမီးများ၏ ဆေးပြင်းလိပ်မှ ထဘီပေါ်သို့ ထွက်စဉ်ကျလာသည့် ဆေးမှုန်ဆေးမွှား အပ်ပွဲအစလေးများကို အကြောင်းကြောင်းကြောင့် ဆေးလိပ် လိပ်နေရာမှ ထသည့်အခါ ထဘီပေါ်မှ ခါချလိုက်သည့် ဆေးကို ထဘီခါဆေးဟု အခေါ်အဝေါ် ပြုကြသည်။

ညနေ အလုပ်သိမ်းပြန်သည့်အခါ ထဘီဆေးများကို လှည်းကျင်းသိမ်းဆည်းပြီး နို့ဆီဘူးတစ်လုံး ဘယ်၍ ဘယ်မျှဖြင့် ဝေါ်ရင်ဂျီကုလားများကို ပြန်ရောင်းကြသည်။

ထဘီခါဆေးမှာ ထောင်ထဲ၌ ပွတ်ချွန်းလိပ်ရာတွင် အလွန်အသုံးတည့်သည်။

သူက ဆေးလိပ်မသောက်တတ်သောကြောင့် ထဘီခါဆေးတောင်းရရှာသည့်ဒုက္ခမှ ကင်းလွတ်ခဲ့သည်။

တကယ်တော့ ပွတ်ချွန်းဆေးလိပ်မှာ ရောဂါဆိုးကို မိမိ၏ခန္ဓာကိုယ်ထဲသို့ နေ့စဉ်နှင့်အမျှ ပို့ဆောင်ပေးနေခြင်းကို သိပါလျက် ဆေးဝေဒနာမခံနိုင်သူများက နောင်ခါလာ နောင်ချေးသဘောမှုပြီး အသက်ဆုံးနေရခြင်းဖြစ်၏။

သူက သည်အန္တရာယ်မှ လွတ်ကင်းခဲ့သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက ဆေးလိပ်သောက်တတ်နေပြီထင်ပြီး ဆေးလိပ်မှာ၍ တိုက်ခြင်းဖြစ်လိမ့်မည်။

သူ့အား လက်ဖက်ရည် ခေါ်တိုက်သည့် သူငယ်ချင်းနှစ်ယောက်အနက် တစ်ယောက်မှာ သူတို့ရပ်ကွက်ထဲမှ ဖြစ်သည်။

အိမ်နီးပါးချင်းတော့ မဟုတ်၊ သူက တောင်ဘက်ဖျားမှာ နေသည်။

မြို့ထဲသို့ ထွက်သည့်အခါ ကျောင်းသွားသည့်အခါ ကျွန်တော်တို့အိမ်ရှေ့မှ ဖြတ်သွားရစမြဲ ရှိသောကြောင့် အိမ်မှာဘယ်သူတွေနေထိုင်သည်ကို မေးကြည့်ရသည်။

လက်ရှိ ဘယ်သူမှ မနေထိုင်ကြောင်း အိမ်ကိုသော့ခတ်ပိတ်ထားကြောင်း ရောင်းပြီးပြီဟု တစ်စွန်းတစ်စ သိရကြောင်း ပြောပြသည်။

ဦးလေးဖြစ်သူ သူတို့ရပ်ကွက်ထဲတွင် အိမ်ငှားနေထိုင်ကြောင်းကိုပါ တစ်ဆက်တည်း ပြောပြသည်။

အကြောင်းစုံ သိဖို့က ဦးလေးနှင့် တွေ့ရမည်။

သူငယ်ချင်း ကျော်မောင် အိမ်အပြန် တစ်ပါတည်း လိုက်သွားရမည်။

အိမ်ရှေ့ကဖြတ်ရမည်ကို ဝန်လေးသောကြောင့် အတွင်းလမ်းမှ သွားကြဖို့ ကျော်အောင်ကို ပြောရသည်။

သူငယ်ချင်းဖြစ်သူကလည်း အလိုက်တသိ လမ်းဖြောင့်မှ မသွားတော့ဘဲ လမ်းကောက်ကို ကွေ့ဝိုက်၍သွားခဲ့ကြသည်။





ကျော်အောင် လိုက်ပို့ပေးသည့် ဦးလေးဖြစ်သူ နေထိုင်သည့်အိမ်သို့ ရောက်ရှိသည့်အခါ ဦးလေးဖြစ်သူအား အဆင်သင့်ပင် တွေ့ရသည်။

ဦးလေးက ဝမ်းသာအားရ နှုတ်ဆက်ပြီး လှေကားရင်းအထိ ထွက်ခေါ်ခဲ့သည်။

သို့တစေ ဦးလေးဖြစ်သူ မျက်နှာမကောင်းသည်ကိုတော့ သတိပြုလိုက်မိသည်။

စိတ်မကောင်း၍ပဲလား၊ အကြောင်းတစ်စုံတစ်ရာကြောင့်လား ဆိုသည်ကိုတော့ မဝေခွဲတတ်။

ဘယ်နေ့က လွတ်မြောက်လာသည်ကို မေးပြီး နားနားနေနေ ရေမိုးချိုး ထမင်းစားပြီး တစ်ရေးတစ်မော အိပ်စက်နားနေရန် လောကွတ်စကားပြောသည်။

သူက အမေသေဆုံးရပုံအကြောင်းနှင့် နောက်ပိုင်းအဖြစ်အပျက်များကို အလောတကြီး မေးလိုက်သည်။

နောက်ပိုင်းအဖြစ်အပျက်၏ အဓိကမှာ သူ သိပ်သိချင်နေသည့် အိမ်ကိစ္စမှာ အဓိက။

ဦးလေးက သူ မသွားမဖြစ်သည့် အလုပ်ကိစ္စချိန်းပြီးသားဖြစ်နေ၍ သွားရမည့်အကြောင်းနှင့် ပြန်လာမှ အေးအေးဆေးဆေး ပြောကြတာပေါ့ဟုပြောပြီး အပြင်ထွက်သွားသည်။

ကိုယ်က အတင်းတားလို့ မဖြစ်သောကြောင့် ခေါင်းညိတ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး မှာသွားသည့်အတိုင်း ဦးလေး၏ဇနီးဖြစ်သူက ရေမိုးချိုးပြီး လဲလှယ်ရန် စွပ်ကျယ်နှင့် လုံချည်ထုတ်ပေးသည်။

ရေချိုးပြီးနောက် အဆင်သင့် ခူးခတ်ထားသည့် ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်ရသည်။

ဦးလေး၏ဇနီးဖြစ်သူ ဒေါ်လေးမိက ထမင်းပွဲပြင်ပေးပြီး အိမ်ရှေ့ခန်းတွင် ဆေးလိပ်ထိုင်သောက်နေသဖြင့် စကားမပြောရ၊ စားသောက်ဆေးကြောပြီး ဒေါ်လေးမိက အိမ်ကိုအပ်၍ အပြင်ခဏသွားဦးမည်ဟု ပြောပြီးထွက်သွားသည်။

တကယ်ပဲ အပြင်သွားစရာရှိ၍လား၊ အခြားသောအကြောင်းကြောင်းများကြောင့်လား ဆိုသည်ကိုတော့ တတ်အပ်မတ်ချ မပြောနိုင်။

ဦးလေးရော ဒေါ်လေးပါ အခြေပျက်သည့်သဘော ရှိနေသည်မှာ သူ့စိတ်ထဲတွင် ထင်လိုက်မိသည်။

ဤသို့ ထင်စရာ အတိတ်အကြောင်း ဖြစ်ရပ်များလည်း ရှိခဲ့ဖူးသည်။

သူက ဒေါ်လေး ခင်းပေးခဲ့သော ဖျာပေါ်လှဲရင်း တောင်စဉ်ရေမရ အတွေးများနှင့် ရစ်ထွေးနေသောကြောင့် အိပ်လို့မရ။

မည်သို့ပင်ရှိပါစေ။

သူ၏ဘဝအခြေအနေမှာ ခြေသလုံးအိမ်တိုင် အခြေအနေဘက်သို့ ယိမ်းယိုင်နေပြီကိုတော့ သူက သဘောပေါက်ထားပြီးသား။





နာရီမရှိသဖြင့် အချိန်နာရီကို အတိအကျ မသိနိုင်ပေမယ့် မွန်းတိမ်း နေအတော်စောင်းသွားပြီကိုတော့ သိနေသည်။

အဦးဆုံး အိမ်ပြန်ရောက်လာသူမှာ ဒေါ်လေး။

ဒေါ်လေးလက်ထဲမှာ အင်ဖက်နှင့် ထုပ်ထားသည့် အထုပ်ကလေးတစ်ထုပ် ပါလာသည်။

ညနေဘက် ဟင်းစားသွားရှာရသည်ဟု ပြောပြီး မီးဖိုချောင်ဘက် ဝင်သွားသည်။ ဒေါ်လေးက တော်တော်နှင့် ပြန်ထွက်မလာ။

သူက လှဲလိုက် ထိုင်လိုက်နှင့် တပိန်ပိန် တလိမ်လိမ်။

အောင်ကျော်တို့အိမ်ဘက် သွားရကောင်းမလားလို့ ဖြစ်စိတ်ပေါ်လာသည်။

စိတ်ဖြစ်ရှိလာပေမယ့် အပြင်ထွက်ရမည်ကို ဝန်လေးနေသောကြောင့် မသွားဖြစ်။

ဟိုကြည့်သည်ငေး လုပ်ဖို့ကလည်း **စည်စည်ကား**ကား အသွားအလာရှိသော ရပ်ကွက်မဟုတ်သဖြင့် ကြည့်စရာ ငေးစရာကလည်း မရှိ။

ထိုင်နေသည်နှင့်စာလျှင် လှဲနေရသည်က သက်သောင့်သက်သာ ရှိတာမို့ လှဲနေရင်း တစ်မှေးခနဲ ဖြစ်သွားသည်။

ဦးလေး၏အသံကို နားထဲတွင် ဝိုးတဝါး ကြားလိုက်သောကြောင့် မှေးခနဲဖြစ်နေရာမှ ငေါက်ခနဲ ထထိုင်မိလျက်သား ဖြစ်သွားသည်။

ဦးလေး ပြန်ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးက ခေါ်လေးမိကို ပါခြမ်းကြော်သုပ်နှင့် ရေနွေးကြမ်း လုပ်ခိုင်းပြီး သူ့အနားတွင် လာထိုင်သည်။

အမေသေဆုံးရပုံအကြောင်းကို ပထမ ပြောပြသည်။

ရောဂါကြီးကြီးမားမား မဖြစ်ပေမယ့် မိသားစုပြဿနာအတွက် စိတ်ထောင်းကိုယ်ကျေ ဖြစ်ရာက အအိပ်ပျက် အစားပျက်ဖြစ်ပြီး အားအင်ချို့တဲ့လာကြောင်း။

သူ၏အမှုအတွက် မနားမနေ လှုပ်ရှားခဲ့ရသည်မှာ တရှောင်ရှောင် ဖြစ်လာကြောင်း၊ အမှုအမိန့်ချပြီးသည့် နောက်ပိုင်းတွင် အိပ်ရာထဲ ဗုန်းဗုန်းလဲပြီး နာလန်ထူမလာတော့ကြောင်း။

သေခါနီး တစ်ပတ်လောက်တွင် အစာလုံးဝမစားသည့်အပြင် သတိလည်း မကောင်းတော့ကြောင်း၊ မြန်မာဆရာနှင့် ကုသနေရာက အင်္ဂလိပ်ဆရာဝန်နှင့် ပြောင်းလဲကုသခဲ့ကြောင်း။

အခြေအနေမှာ ထူးခြားမလာဘဲ မျက်စိမှိတ်သွားကြောင်း ပြောပြသည်။

ဘာဘာညာညာ မေးစရာ ပြောစရာ မရှိသောကြောင့် နားထောင်ရုံမျှသာ နားထောင်ပြီး အမေ့အတွက် ဘာတွေ ကောင်းမှုကုသိုလ် လုပ်ခဲ့သည်ကိုသာ မေးလိုက်ရသည်။

ဒုတိယ ဦးလေး ပြောပြသည်မှာ အိမ်ကိစ္စ။

အမှုအတွက် ကားနှင့် လက်ဝယ်ရှိ လက်ကျန်ပစ္စည်းများ ရောင်းချခဲ့သည့်တိုင် ကုန်ကျစရိတ်တွေ ထပ်ပေါင်း ထပ်ဆင့် ပေါ်လာသောကြောင့် အိမ်ကို အပေါင်ထားပြီး ငွေလှည့်ခဲ့ရကြောင်း။





အမေ၏ဆန္ဒစောလွန်းမှုကြောင့် အမှုကိစ္စတွင် မကုန်သင့်သော ငွေကြေးများ ကုန်ကျခဲ့ရကြောင်း၊ အမေသည် အမှုကိစ္စနှင့် ပတ်သက်လာလျှင် ငွေကြေးကုန်ကျရမည်ကို မချင့်ချိန်ကြောင်း။

အမေ့ အကာမ်း လက်လွယ်လွန်းကြောင်း၊ ထို့ကြောင့်အိမ်ကိုပါ အပေါင်ထားရသည်အထိ ဖြစ်လာရကြောင်းများ ပြောသည်။

သည်လို ဖြစ်ခဲ့ရသည်များ ဟုတ်၏ မဟုတ်၏ ဆိုသည်များကို ကိုယ့်ဘက်က ပြောလို့မဖြစ်။

အရောင်းအဝယ် လုပ်သလို စာရင်းအင်းနှင့် လုပ်ရသည့်ကိစ္စမျိုးမဟုတ်၊ ပြီး အမေက သားဖြစ်သူ၏ အမှုအတွက် ကုန်ကျစရာ ရှိသမျှ လက်တွန့်လိမ့်မည် မဟုတ်သည်မှာလည်း သေချာသည်။

ပေးသင့် မပေးသင့်၊ ကုန်သင့် မကုန်သင့် ချင့်ချင့်ချိန်ချိန် လုပ်လိမ့်မည် မဟုတ်သည်မှာလည်း သေချာသည်။

ပြီး အမေက မိန်းမသား၊ နဂိုကတည်းက လည်လည်ပတ်ပတ် ရှိသူလည်း မဟုတ်၊ မှုခင်းဖြစ်ရသည်မှာ သူ့ကြောင့်ဟု ယူကျုံးမရ အစွဲအလမ်းကလည်း ရှိနေသမို့ ကုန်ရမည့်ကိစ္စကို ချင့်ချိန်နေလိမ့်မည် မဟုတ်သည်မှာလည်း သေချာသည်။

ပြီးတာတွေလည်း ပြီးသွားပြီ။

ပြန်ပြောနိုင်သူ အမေလည်း မရှိတော့။

အဖြစ်အပျက် အချိန်ကာလပိုင်းမှာ သူက ထောင်ထဲရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်အကြောင်းကို အခုကျမှ အစပြန်ကောက်၍မကောင်း။

သံသယစွဲထင်ပြီး ဦးလေးတို့နှင့် ပဋိပက္ခ ဖြစ်လာစရာ အကြောင်းသာ ရှိမည်မို့ သိပြီးရဲ့ သဘောထားပြီး ဖြတ်တောက်လိုက်ရသည်။

အိမ်ရောင်းရသည့် အကြောင်းကိုသာ မေးရသည်။

အမှုအတွက် အိမ်ကို ရောင်းပေါင်စာချုပ်ချုပ်၍ ငွေလှည့်ရသည်။

ပထမငွေငါးထောင်နှင့် ရောင်းပေါင်စာချုပ်ချုပ်သည့်အခါတွင် ဦးလေးက သူပါ ပါသည့်အကြောင်းပြောသည်။

အယူခံကိစ္စနှင့် ထပ်ယူသည့်ငွေ ဘယ်ရွေ့ဘယ်မျှ ရှိသည်ကိုတော့ သူလည်းမသိ။

အရင်းထားလို့ အတိုးပင် တစ်ကြိမ်တစ်ခါမှ ပေးဆပ်နိုင်သည့် အခြေအနေ ရှိမလာသောကြောင့် ထပ်တိုးငွေ တစ်စတစ်စ ပို၍ စုးဝင်လာသည်။

"ဘာအလုပ်မှ မရှိဘဲ ဒီအတိုင်း ထိုင်စားနေရတာရယ်၊ မင်းအမေ ကျန်းမာရေးအခြေအနေကြောင့် ဆေးကုဖို့ ငွေလိုလာတာရယ်ကြောင့် အဝင်မရှိဘဲ အထွက်ချည်း ဖြစ်လာတော့ ထပ်ထပ်ယူရတော့တာပေါ့၊ နောက်ဆုံးတော့ ရောင်းရတဲ့ အခြေအနေရောက်သွားတာပဲ"

"တန်ဖိုး ဘယ်လောက် သတ်မှတ်ပြီး ရောင်းလိုက်ရသလဲ ဦးလေး"





"နှစ်သောင်းသုံးထောင် ဈေးဖြတ်တယ်၊ ဝယ်မယ့်ဘက်က ဖြတ်တဲ့ဈေးပေါ့ကွာ၊ အေးအေးဆေးဆေး ရောင်းရတာမျိုး ဆိုရင်တော့ သည်ထက်မကရနိုင်တာပေါ့၊ ခုဟာက ဖုတ်ပူမီးတိုက်ရောင်းရတဲ့ အခြေအနေဆိုတော့ ရသင့်သလောက် မရလိုက်ဘူးပေါ့"

"ဘယ်သူက ဝယ်တာလဲ ဦးလေး"

"တစ်ချိန်က မင်းအဖေနဲ့ အလုပ်လုပ်ခဲ့ဖူးတဲ့ ဦးဘနိုင်က ဝယ်လိုက်တာ"

"အမေ ဆုံးပြီးတဲ့နောက်တော့ကော"

"ငွေနှစ်ထောင်ကျော်လောက်ပဲ ကျန်တယ်၊ ဒီအိမ်လေးကို ငါ့ငွေငါးထောင့်ခြောက်ရာနဲ့ ဝယ်လိုက်တာ၊ ကျန်ငွေမှာ ခုဒီအိမ်ဝယ်တဲ့အထဲမှာ ပါနေတယ်၊ ဒါကလည်း မင်းအမေရဲ့ အစီအစဉ်အရ ဦးလေးက လုပ်ရတာပဲ၊ မင်း လွတ်လာတဲ့အခါ နေရေးထိုင်ရေး အခက်အခဲမရှိအောင်ဆိုပြီး မင်းအမေက စီစဉ်သွားတာပဲ"

"အမေက ကျွန်တော်တို့ အိမ်ဟောင်းမှာ ဆုံးတာလား၊ ဒီအိမ်လေးမှာ ဆုံးတာလား"

"အိမ်ဟောင်းမှာ ဆုံးတာကွ၊ ဦးဘနိုင်တို့က အိမ်ကိုဝယ်ပြီးပေမယ့် မင်းအမေကို ဖယ်မခိုင်းခဲ့ဘူး၊ ကျန်းမာရေး ပြန်ကောင်းလာတဲ့အထိ ဆက်နေထိုင်သွားဖို့ ကြည်ကြည်ဖြူဖြူ ခွင့်ပေးခဲ့တယ်၊ မင်းအမေ မရှိတဲ့နောက် ငါက ဆက်နေလို့ ဘယ်ဖြစ်ပါတော့မလဲ၊ မင်း လွတ်လာရင်ဆိုတဲ့ ကိစ္စကလည်း ရှိနေတာကြောင့် ဒီအိမ်လေးကို ဝယ်လိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆက်မေးစရာ မရှိသလို၊ ဆက်ပြောစရာလည်း မရှိတော့။

ဦးလေး ပြောခဲ့သလို ဟုတ်၏ မဟုတ်၏ ဆိုသည်ကို ဆက်လက် စုံစမ်းရမည်က တစ်ကိစ္စ။

မည်သို့ပင်ရှိစေ။

အမေ့အစီအစဉ်ကြောင့် ထောင်ကထွက်လာပြီး ခြေသလုံး အိမ်တိုင် နေရမည့် အနေအထားတော့ ယာယီလွတ်သွားပြီဟု သဘောပိုက် နားလည်လိုက်ရသည်။

မခိုင်မခန့် အိမ်တိုင်ကလေးတော့ ကိုယ့်အတွက် ရှိနေသေး သည်ဟု ဆိုရမည့် အခြေအနေ။

နေရေးအတွက်တော့ အထိုက်အလျောက် အပူအပင် လျော့ သွားရပြီ။ စားရေး ဝတ်ရေးအတွက်တော့ ဆက်လက်လှုပ်ရှားရ ဦးမည်။

ဆက်လက် လှုပ်ရှားရဦးမည်ဟုသာ ဆိုရသည်။

တကယ်တော့ သူက ဘာမှလုပ်ဖူးကိုင်ဖူးခြင်း မရှိသလို လုပ်တတ် ကိုင်တတ်လည်း မရှိ။

ရင်းစရာ နှီးစရာငွေလည်း မရှိ။

ဦးလေးက သူတို့နှင့်အတူနေပြီး အတူလုပ်ကိုင်စားသောက် ကြတာပေါ့။

ဘာမှမပူနှင့်ဟု အားပေးစကား ပြောသည်။

ထိုနေ့ညက ရှေ့ရေးကိစ္စကို စဉ်းစားလွန်းပြီး တော်တော်နှင့် အိပ်မရ။ စဉ်းစားသည့်အထဲမှာ အမေ့ရွာမှာ သွားနေရင် ကောင်း





မလား၊ မြို့ပေါ်မှာထက် ရွာမှာက လုပ်ရေးကိုင်တာ အဆင်ပြေမ လား ဆိုသည့် အတွေးလည်းပါသည်။

တစ်ဝမ်းတစ်ခါးပဲ ဆိုသည်မှာ အပြောလွယ်သော်လည်း လက်ရှိအခြေအနေအရ သူ့အဖို့တော့ မလွယ်။

ဦးလေးက နှစ်ပတ်သုံးပတ်လောက် နားနားနေနေ နေပြီး အားမွေးဦးဟု ပြောသည်။

ဘယ်ကိုမှလဲ မထွက်။

ဘာမှလဲ မလုပ်သေးဘဲ ဦးလေးတို့အိမ်တွင် ထိုင်စားနေ သည်မှာ တစ်ပတ်ရှိသွားပြီ။

ထင်းခွဲ၊ ရေခပ်၊ ဘာညာ ဘာညာ အိမ်အလုပ်တွေကိုတော့ ကူညီလုပ်ပေးသည်။

သူ ရှိနေသည်ကို ဒေါ်လေးကလည်း သဘောကျသည်။

အိမ်စောင့်ရှိနေသဖြင့် သူ သွားချင်ရာ သွားလို့ရနေသော ကြောင့်ဖြစ်သည်။

ဦးလေးတို့အိမ်မှာ ဆန်အတွက် မပူရ။

ရွာရှိ ဆွေမျိုးသားချင်းက တစ်ခွဲ တစ်တင်း စသဖြင့် အပေးအကမ်း ရှိသောကြောင့် အိမ်စားအတွက် ဖူဖူလုံလုံရှိသည်။

ဟင်းကျွေးအတွက်ကလည်း အကြောင်းမဟုတ်။ ဝက်သား ကြက်သား နေ့စဉ်မချက်။

ဒေါ်လေးက ဈေးပေါသည့် ငါးသေး ငါးမွှားများဝယ်ပြီး စားလို့ဖြစ်အောင် ချက်တတ်သည်။

www.burmeseclassic.com



အမိက အားပြုစားသည်မှာ ငါးပိရည်နှင့် တို့စရာအစုံ။

ထောင်ထဲမှာ စားရသည်ထက်တော့ အများကြီးသာသည်။

တစ်ပတ်လောက်နေတော့ သူက ရွာသွားချင်ကြောင်းပြောသည်။

ဦးလေးက သူလည်း ရွာသွားစရာကိစ္စ ရှိသောကြောင့် သူသွားသည့်နေ့တွင် လိုက်ခဲ့ရန်ပြောပြီး ခေါ်သွားသည်။

ရွာတွင်ရှိသည့် ဆွေမျိုးအုပ်စုက ဝမ်းပန်းတသာ ပျူငှာဖော်ဖော်ကြိုပြီး သူ့အိမ်နေပါ။ ကိုယ့်အိမ်နေပါဟု အလုအယက်ခေါ်ကြသည်။

ဆွေမျိုးအသိုင်းအဝိုင်းက ခုထက်ထိ အမေ့အား ပြစ်တင်စကား အပြောမလွတ်ကြသေးသော်လည်း သူ့လုပ်ရပ်အတွက် သူ့ကို ဝိုင်းဝန်းထောက်ခံ ထောပနာပြုကြသည်။

သူတို့ဆီမှာ ကြိုက်သလောက်နေ၊ ရာသက်ပန်နေမည်ဆိုလည်း နေနိုင်ကြောင်း ဝိုင်းဝန်းပြောဆို အားပေးနှစ်သိမ့်ကြသည်။

တစ်ကောင်ကြွက်၊ တစ်မျက်နှာဟု အားငယ်စိတ် လျော့သွားသည်။

သူတို့တတ်နိုင်သမျှ အကောင်းဆုံး သားငါး ဟင်းလျာများဖြင့် ချက်ပြုတ်ကျွေးမွေးသည်။

အကျီလုံချည်နှင့် လိုအပ်သည်များ ဝယ်ခြမ်းပေးကြသည်။

ဆွေမျိုးအသိုင်းအဝိုင်း၏ လွန်လွန်ကဲကဲ စေတနာကြောင့် ဝမ်းနည်းဝမ်းသာ မျက်ရည်လည်ရသည်။





ထို့ကြောင့်လည်း ရွာမှာ တစ်လကိုးသီတင်း အနေမြဲသွားသွားရ၏။

အနေကြာလာတော့ နေရထိုင်ရ ရိုးအီလာပြီး ဟိုအိမ်စားလိုက်၊ သည်အိမ်စားလိုက် နေရတော့ မျက်နှာပူလာသည်။

သူ တတ်စွမ်းသမျှ လုပ်ငန်းကိုင်ငန်း လုပ်ခွင့်ပေးရန် ပြောသော်လည်း ဆွေမျိုးအသိုင်းအဝိုင်းက လုပ်ခွင့်မပေးကြ။

အနေအစားချောင်ချောင် ဆော်ကြော့ နေရသည်ကို စိတ်ထဲတွင် မသိုးမသန့် ဖြစ်လာ၏။

လိပ်ပြာမသန့် ဖြစ်လာလေသည်။

ရွာမှာနေထိုင်ရသည်ကို ငြီးငွေ့သလို ဖြစ်လာချိန်တွင် ဦးလေး ရောက်လာ၏။

သူတို့မြို့နှင့် ခြောက်မိုင်ခန့်အကွာ သစ်စက်တွင် ဝိုင်းအကူ အလုပ်သမား လိုနေကြောင်း။

သစ်စက်တွင် နေထိုင်မည့် လူလွတ်သမားကို အလိုရှိနေကြောင်း။

လစာအပြင် နေရေးစားရေးကိုပါ သစ်စက်က တာဝန်ယူမည်ဖြစ်ကြောင်း။

လုပ်စကိုင်စတွင် အနည်းငယ် ဝင်ပန်းမည်ဖြစ်သော်လည်း နောက်ပိုင်း အဆင်ပြေသွားလိမ့်မည် ထင်ကြောင်းများ ပြောပြီး သူ၏သဘောထားကို မေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းကို အိမ်မှာမနေစေချင်လို့ အလုပ်လုပ်ဖို့ လာပြီးတိုက်တွန်းတာ မဟုတ်ဘူးနော်၊ မင်းက သင့်တော်တဲ့အလုပ်တစ်ခုခု တွေ့ရင် ပြောပါဆိုလို့ ပြောရတာ၊ ငါကတော့ မတိုက်တွန်းပါဘူး၊ မင်းဟာမင်း ဆန္ဒရှိရင်လုပ်၊ အလုပ်ရဖို့တော့ ငါပြောပေးမယ်၊ အလုပ်ရှင်က မင်းအဖေရဲ့မိတ်ဆွေဆိုတော့ အဆင်ပြေပါလိမ့်မယ်၊ အဲဒါ မင်း စဉ်းစားဖို့ပဲ"

ရွာမှာ သည်အတိုင်း ထိုင်စားနေတာက ကြာရှည်တော့ မကောင်း။

အလုပ်မရှိ အကိုင်မရှိ ဦးလေးအိမ်မှာ နေရမည်ကလည်း မသင့်တော်။

ကိုယ့်ပညာအရည်အချင်းကလည်း သည်လိုအလုပ်မျိုးမှအပ အခြားအလုပ်ကို မျှော်ကိုးရာမရှိ။

တစ်ညတာ စဉ်းစားပြီးနောက် ဦးလေးနှင့် ပြန်လိုက်ခဲ့သည်။

နောက်တစ်နေ့ ဦးလေးနှင့်အတူ သစ်ခွဲစက်သို့ ရောက်သွားကြသည်။

သစ်ခွဲစက်မှာ ကြီးကြီးမားမား သစ်ခွဲစက်မျိုးတော့မဟုတ်။

ဝိုင်းကြီးတစ်ဝိုင်းနှင့် ဝိုင်းလေးတစ်ဝိုင်းသာ ရှိသည်။

အငယ်စား သစ်ခွဲစက်။

ထမင်းကျွေး လစာတစ်ရာနှစ်ဆယ်။

အလုပ်ချိန်ဟူ၍ အကန့်အသတ်မရှိ။

မနက်မိုးလင်းမှ ညနေစောင်းအထိ လုပ်ရသည်။





အရှေ့အပြောင်း အထမ်းအပိုးနှင့် ကားပေါ်အတင်အချ အလုပ်များတွင်လည်း ပါဝင်ရ၏။

မနက်အစောကြီးတွင် ထမင်းကြော်နှင့် လက်ဖက်ရည်ကြမ်း။

ထမင်းနှစ်နပ် ကျွေးသည်။

နေ့လယ်ဘက်တွင် အလျှင်းသင့်သည့် သွားရည်စာတစ်မျိုးမျိုး ကျွေးသည်။

ထမင်းနှစ်နပ်မှာ အတော်လေး သင့်သည်ဟု ဆိုရမည့် ဟင်းလျာများဖြင့် ကျွေး၏။

တစ်ပတ်မှာ ခြောက်ရက် အချိန်ပြည့် အလုပ်ဆင်းပြီး တစ်ရက် အနားရသည်။

နားရက်မှာ ရုပ်ရှင်ကြည့်ဖို့လို့ ပြောပြီး တစ်ကျပ်ခွဲပေးသည်။

အလုပ်ဝင်စ တစ်ပတ်လောက် အတော်လေး ခံလိုက်ရသည်။

ပင်ပင်ပန်းပန်း မလုပ်စဖူး လုပ်ရသောကြောင့် ကိုယ်တွေ ဘက်တွေ ကိုက်ခဲသည့် အလုပ်ဒဏ် ခံရသည်။

သူက အားတင်းပြီး လုပ်ခဲ့၏။

နောက်ပိုင်းတွင်မူ အလုပ်နှင့် အံဝင်ခွင်ကျ ဖြစ်သွားလေသည်။

ရေ့အလားအလာ တက်လမ်းဟူ၍ ဝိုင်းဆရာ အဆင့်တက်နိုင်သာ မျှော်မှန်းစရာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ရသည့်လခကို ကျစ်ကျစ်ကုတ်ကုတ် စုဆောင်းခဲ့သည်။

ငွေကြေးအတော်အသင့် စုဆောင်းမိရင် ရန်ကုန်သွားပြီး ဒီထက်တိုးတက်ကြီးပွားနိုင်မည့် အလုပ်အသစ် ရှာဖွေမည်ဟု ရည်မှန်းချက် ထားရှိခဲ့သည်။

"ဒါကြောင့်လည်း ကျွန်တော် ပင်ပန်းမှုဒဏ်ကို ခွဲတင်းခံပြီး လုပ်ခဲ့တာပါ၊ သစ်စက်လုပ်ငန်းခွင်မှာ ငါးလကျော် လုပ်ကိုင်ပြီး တဲ့နောက် ကျွန်တော့်ရည်မှန်းချက်ဖြစ်တဲ့ ရန်ကုန်သွားဖို့ အခြေအနေတစ်ရပ် ဖန်တီးလာပါတယ်"

တစ်နေ့ ဦးလေးဖြစ်သူ သစ်စက်ကို ရောက်လာပြီး ဒီတစ်ပတ်အားရက် အိမ်ကိုလာဖို့ မှာသွားသည်။

ဘာအကြောင်း ညာအကြောင်း ဆိုသည်ကိုတော့ မပြောသွား။

ပြောစရာအကြောင်းထူး ရှိသည်ဟု၍သာ ပြောသွားသည်။

ဦးလေး လာစဉ်က အလုပ်ရှင်လည်း ရှိနေသဖြင့် အားရက်တွင် ဦးလေးထံသွားမည့်အကြောင်း ခွင့်ပန်သည့်အခါ အလုပ်ရှင်က ညနေဘက်အရောက် ပြန်ရောက်ဖို့ပြောပြီး ရှောရှောရှုရှုပင် ခွင့်ပြုလိုက်သည်။

ဒေါ်လေးမိက သူကြိုက်သည့် ဝက်သားနီနှပ် ချက်ထားသည်။





ထမင်းစားသောက်ပြီး ဦးလေးက သူ့ခေါ်သည့်အကြောင်း ပြောပြသည်။

သူလုပ်ငန်းတစ်ခု အပေါက်အလမ်း တည့်သွားသောကြောင့် ငွေငါးထောင်ကျော်လောက် တစ်လုံးတစ်ခဲတည်း ရလိုက်ကြောင်း။

လက်ရှိအိမ်ကို ဝယ်ယူရာတွင် သူ့အတွက် အမေပေးခဲ့သည့် ငွေကြေးတစ်ဝက်နီးပါးလို ပါဝင်ကြောင်း။

အခု သူ့မှာ ငွေကြေးအဆင်ပြေလာသည့် အလျောက် ထိုငွေကို သူ ပြန်ပေးထားရရင် ကောင်းလေမလားဟု စဉ်းစားမိသည့်အကြောင်း ဒါအတွက် သူ၏သဘောထား ဘယ်လိုရှိသည်ကို ခေါ်မေးရသည့်အကြောင်းဖြင့် စကားစခဲ့သည်။

"မင်း ဒီငွေကို ပြန်ယူလိုက်လို့ ဒီအိမ်ဟာ မင်းရဲ့ပိုင်ဆိုင်မှု မရှိတော့ဘူး၊ နေပိုင်ခွင့်မရှိတော့ဘူးဆိုတဲ့ သဘောမျိုးနဲ့ ပြောတာမဟုတ်ဘူး၊ အချိန်မရွေး ဝင်နိုင် ထွက်နိုင် နေနိုင်တယ်၊ တစ်ရက်နှစ်ရက်နေတာမျိုး ပြောတာမဟုတ်ဘူးနော်၊ မင်းနေချင်သလောက် နေနိုင်ခွင့် နေပိုင်ခွင့်ရှိတယ်၊ အဲဒါနဲ့ ပတ်သက်ပြီး မင်းစိတ်ထဲမှာ ဘာမှစနိုးစနောင့် မဖြစ်နဲ့၊ ငါ့ကို ပထုတ်တာပဲ ဆိုတဲ့ သဘောမျိုးလည်း လုံးဝမထားနဲ့၊ အကယ်၍ မင်းက အဲဒီငွေကို ပြန်မယူချင်ဘူး ဆိုရင်လည်း ဖြစ်တယ်၊ ငါက အတင်းအကျပ် ပြန်မပေးဘူး၊ ခု ငါ့မှာ ငွေရေးကြေးရေး အဆင်ပြေလာလို့ မင်း သုံးချင်တာ သုံးရအောင် ယူချင်သပဆိုရင် ယူဖို့ပြောရတာ"



www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒီငွေကို ပြန်ရကောင်းစေလို့ နဂိုကတည်းက သဘောမထားခဲ့။

သည်အိမ်ကို သူပိုင်အိမ်လို့လည်း သဘောမထားခဲ့။

အမေ ဒီလိုစီစဉ်ခဲ့သည်လို့သာ ခေါင်းညိတ်လိုက်ရခြင်းဖြစ်သည်။

ခုတော့ တပင်တပန်း အလုပ်လုပ်ပြီး ငွေစုနေသည့်ရည်ရွယ်ချက် ထမြောက်မည့် အခြေအနေ ဖြစ်လာသောကြောင့် သူကလည်း သူ့ရည်ရွယ်ချက်ကို ဦးလေးဖြစ်သူအား ပြောပြလိုက်ရသည်။

"ကျွန်တော် ရကောင်းစေဆိုတဲ့ သဘောမျိုးနဲ့ ယူတာတော့ မဟုတ်ဘူးနော် ဦးလေး၊ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဆိုသလို ကျွန်တော့်ရည်ရွယ်ချက်ကို အထောက်အကူဖြစ်ဖို့ အခြေအနေပေးသလို ရှိလာတာမို့ ကျွန်တော် ယူရတယ်လို့ပဲ ဦးလေးတို့ကလည်း သဘောထားပါလို့ ကျွန်တော် တောင်းပန်ပါရစေ"

ဤသို့ဖြင့် ဦးလေးထုတ်ပေးသည့် ငွေနှစ်ထောင်ငါးရာ သူ့လက်တွင်းသို့ ရောက်လာရသည်။

သူက ရိုးရိုးစာရွက်တစ်ရွက်နှင့် ငွေနှစ်ထောင်ငါးရာ ရရှိပြီးဖြစ်ကြောင်းနှင့် ဤအိမ်နှင့် ပတ်သက်၍ သူ၏ပိုင်ဆိုင်ခွင့်မရှိကြောင်း အိမ်နီးနားခြင်းတစ်ဦးကို သက်သေထား၍ လက်မှတ်ထိုးပေးလိုက်သည်။





ဦးလေးနှင့် ဒေါ်လေးတို့က စာတွေပေတွေနှင့် လုပ်ဖို့မလိုကြောင်း ပြောပေမယ့် သူက အားလုံးစိတ်ကျေနပ်မှု ဖြစ်စေရန် လုပ်ပေးလိုက်သည်။

ငွေကိုတော့ လောလောဆယ် မယူသေး။

ဦးလေးတို့ထံမှာပဲ အပ်ထားလိုက်သည်။

အလုပ်ကထွက်ဖို့အတွက် အလုပ်ရှင်နှင့် ပြောရဦးမည်။

ပြောပြောထွက်ထွက် ထွက်လို့မကောင်း။

ကိုယ့်ကို အလုပ်ချက်ချင်းပေးခဲ့သည့် ကျေးဇူး။ စက်ဝင်းထဲတွင် အဆင်ပြေပြေ နေထိုင်ရသည့် ကျေးဇူးကို ထောက်ထားမည်။

လူစားရှာဖို့အတွက် အချိန်ပေးရမည်။ ရန်ကုန်သွားဖို့ကိစ္စက အလောသုံးဆယ် လုပ်ရန်မလို။ ဆယ့်ငါးရက်တန်သည်၊ တစ်လတန်သည် အချိန်ပေးလို့ရသည်။

"ကိုယ့်ကိစ္စထက် သူများကိစ္စပါ ထည့်စဉ်းစားတတ်တဲ့ အလေ့ဟာ ကျွန်တော် ငယ်စဉ်ဘဝကတည်းက ကျွန်တော့်မှာ ရှိထင်ခဲ့ပါတယ်၊ ကျွန်တော် ဒီလိုပြောတာဟာ ကိုယ့်ကို အထင်ကြီးသွားအောင် ပြောတာမဟုတ်ပါဘူး ဆရာ၊ ကျွန်တော်နဲ့ ဆရာဟာ ခဏတွေ့ကြတာပါ၊ ကျွန်တော်က ကိုယ့်အပေါ် အကောင်းထင်အောင် ပြောလို့လည်း ကျွန်တော့်အတွက် အကျိုးထူးစရာ အကြောင်းမရှိပါဘူး၊ ခုလို ကျွန်တော် ပြောခဲ့သမျှဟာ အကြွ အဖန်အပြော လုံးဝမပါပါဘူး၊ ကျွန်တော့်ရဲ့ ဖြစ်ကြောင်းအမှန်ကို ပြောပြနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် စွက်ချက်ကလေးများ ထည့်ပြောရင်း ကိုတိုးအောင်က သူ့အကြောင်းကို ဆက်ပြောသွားသည်။

"တစ်ရွာမပြောင်း သူကောင်းမဖြစ်"ဆိုတဲ့ ပမာဆိုရိုးစကားသည် သူ့အတွက်တော့ မမှန်ဟု ပြော၍ရမည်ပါ။

တစ်ရွာပြောင်းခဲ့သည့် ကိုတိုးအောင်မှာ သူကောင်းမဖြစ်ဘဲ သူနိုးဖြစ်သွားခဲ့သောကြောင့် ဖြစ်ပါသည်။

သစ်စက်မှာ နောက်ထပ်တစ်ဆယ့်ရှစ်ရက် အလုပ်ဆက်လုပ်ခဲ့ရပြီးနောက် လူစားရသဖြင့် ထွက်ခွင့်ရခဲ့သည်။

သူစုဆောင်းထားသည့်ငွေနှင့် ဦးလေးထံမှရသည့် ငွေပါပေါင်းလျှင် သူ့လက်ဝယ်မှာ ငွေသုံးထောင်ကျော်ကျော် ရှိနေသည်။

ထမင်းတစ်နပ် အဝစား အချိန်ကာလ၌ ငွေသုံးထောင် စစ်စစ်စီစီ သုံးစွဲလျှင် တစ်နှစ်နီးပါး သုံးနိုင်သည်။

ထိုကာလ အတိုင်းအတာအတွင်း သူ့အတွက် အလုပ်အဆင်မပြေစရာမရှိ။

သူက အလုပ်မရွေးလုပ်မည်ဆိုသည့် ဖွဲမာန်ရှိပြီးသား။

သူက အဲဒီတွက်ကိန်းဖြင့် တစ်ရွာပြောင်း၍ သူကောင်းဖြစ်စေရမည်ဟု မျှော်လင့်ချက် အပြည့်အဝထားခဲ့သည်။

သူ့အတွက် တစ်ခုပဲ အခက်အခဲ ရှိနေသည်။

ရန်ကုန်ရောက်ရင် ဘယ်မှာတည်းခိုနေထိုင်ရမလဲ ဆိုသည့် အခက်အခဲ။





ဦးတည်ချက်ထား၍ စဉ်းစားရမည့် နေရာမှာ နှစ်နေရာတည်းသာ။

တစ်နေရာမှာ လုံးတီးမိတ်ဆွေ ကိုလွင်မောင် နေထိုင်ရာနေရာ။

နောက်တစ်နေရာမှာ သူ့ ထောင်ကထွက်စဉ်က လိုလိုလားလား အကူအညီ ပေးလိုက်သည့် ဦးဟန်တင် နေထိုင်ရာနေရာ။

ကိုလွင်မောင်က ဦးဟန်တင်ထက်စာရင် ပို၍ရင်းရင်းနှီးနှီးရှိသည်။

ဒါပေမဲ့ သူက ဒုစရိုက်လုပ်ငန်းနှင့် မကင်း။

ကိုယ်က သူတို့လုပ်ငန်းကို စိတ်ဝင်စားပေမဲ့ သူတို့နှင့် အတူနေခိုက် သူတို့ပြဿနာဖြစ်လာရင် အဖျားခတ် ခံရနိုင်ဖွယ်ရှိသည်။

ဦးဟန်တင်ဆီ သွားရောက် အကူအညီတောင်းရမည်ကလည်း လွယ်မယောင်နှင့် ခက်နေပြန်သည်။

ဆွေမတော် မျိုးမစပ် လူတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်ထားရမည့်ကိစ္စမှာ ခေါ်ထားရမည့်ဘက်က စဉ်းစားစရာအချက်တွေ ရှိလာမည်။

နောက်ဆုံးတွင် ကိုလွင်မောင့်ထံ ပထမသွားကြည့်ဖို့ ဆုံးဖြတ်ပြီး ရန်ကုန်သို့ ထွက်ခဲ့၏။

ကိုလွင်မောင်ပေးထားသည့်လိပ်စာအတိုင်း တောင်ဥက္ကလာပသို့ ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလွင်မောင်နှင့် မတွေ့ရ။

အဒေါ်ကြီးတစ်ယောက်နှင့် သူ့အရွယ် လူငယ်လေးတစ်ယောက်နှင့် တွေ့ရ၏။

ကောင်လေးက အစ်ကိုလွင်မောင် မြို့ထဲသွားနေကြောင်း ပြော၍ လာရင်းကိစ္စကို မေးသည်။

သူက ကိုလွင်မောင် မှာထားပြီး သူနှင့်တွေ့ရန်လာသည့် အကြောင်း ပြောလိုက်၏။

ကောင်လေးက သူ့ကို ဘယ်လိုသဘောပေါက်သွားသည် မသိ။

တွေ့တွေ့ချင်းတုန်းကလို ခပ်တည်တည် မဟုတ်တော့။

လိုက်လိုက်လျောလျောဖြင့် ထိုင်ဖို့နေရာပေးသည်။

ကိုလွင်မောင် ဘယ်အချိန်လောက် ပြန်ရောက်မည်ကို မေးသောအခါ ကောင်လေးက ပြန်ရောက်မည့် အချိန်ကို မပြောနိုင်ကြောင်း။

မကြာခင် ပြန်ရောက်လာလိမ့်မည်ထင်ကြောင်း။

ထိုင်မစောင့်ချင်လျှင် နောက်တစ်ခေါက် ပြန်လာဖို့အကြောင်း ပြောသည်။

သူက ထိုင်စောင့်မည့်အကြောင်းပြော၍ ဖိနပ်ချွတ် ကပြင်ခေါင်းရင်းဘက်တွင် ထိုင်နေလိုက်၏။

ကောင်လေးက သူနှင့်မနီးမဝေးတွင် ယုင်နေသည်။

သူတို့နှစ်ယောက် နောက်ထပ် စကားမပြောဖြစ်ကြ။





သူကလည်း ငေးမိငေးရာ ငေးနေလိုက်၏။

ကိုလွင်မောင် ရောက်မလာမီစပ်ကြား လူနှစ်ယောက်ရောက်လာ၏။

ကောင်လေးကို အတွင်းခန်းသို့ ခေါ်သွားပြီး ငါးမိနစ်လောက်အကြာ ပြန်ထွက်လာသည်။

သူ့ကို တစ်ချက်စောင်းကြည့်ပြီး ပြန်ထွက်သွားကြသည်။

မကြာခင် အမျိုးသမီးနှစ်ယောက် ရောက်လာကြပြန်သည်။

တစ်ယောက်သော အမျိုးသမီးက သူ့ကို စောင်းကြည့်ပြီး အိမ်ပေါ်ရောက်သောအခါ ကောင်လေးကို မေးလေသည်။

"အစ်ကိုနဲ့တွေ့ဖို့ လာစောင့်နေတာ အစ်မ"

"အေး ... အေး၊ ရေနွေးကြမ်းတို့ ဆေးလိပ်တို့ ချပေးလိုက်လေ"

"ဟုတ်ကဲ့ မမ"

အမျိုးသမီးနှစ်ယောက်စလုံး အိမ်ထဲသို့ ဝင်သွားကြလေသည်။

ပြန်ထွက်မလာ။

နောက်ဖေးဘက်တွင် ထိုင်၍ စကားပြောဆိုနေကြဟန်ရှိသည်။

သူတို့စကားပြောနေသော အသံကို ကြားနေရသည်။

သူ ရောက်လာစဉ်က တွေ့လိုက်ရသော အဒေါ်ကြီးကိုမူ မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်လောက်ကြာတော့ ကိုလွင်မောင် ဝင်လာသည်ကို တွေ့လိုက်ရ၏။

အဖော်တစ်ယောက်နှင့် စကားတပြောပြောနှင့် ဝင်လာသည့် ကိုလွင်မောင်က သူ့ကိုတွေ့လိုက်သောအခါ ပြောလက်စ စကားကိုဖြတ်ပြီး သူ့ကိုလှမ်းနှုတ်ဆက်၏။

ကိုလွင်မောင်၏ ပုံစံမှာ အပြောင်းအလဲ မရှိ။

ထောင်ထဲမှာတုန်းက ပုံစံအတိုင်းပင်။

ဝတ်ဆင်ထားသည့် ဝတ်ဆင်မှုသာ ပြောင်းလဲသွားလေသည်။

စပို့ရှပ်အကောင်းစားနှင့် ဘောင်းဘီလက်ရှည် ဝတ်ထားသည်။

ရွှေရောင်ကိုင်း နေကာမျက်မှန်နှင့်။

ထောင်ထဲမှာတုန်းကထက် အပြုတ်သားနားနေ၏။

သူတို့ ညှော်ခန်းထဲက ကုလားထိုင်ခုံပေါ်မှာ ထိုင်ခိုင်းပြီး လက်ဖက်ရည်သောက်ပြီး မသောက်ပြီး မေးသည်။

သူက သူ့အတွက် ရေနွေးကြမ်းရှိရင် ပြီးပါသည်ဟု ပြောလိုက်ရသည်။

ကိုလွင်မောင်က ကောင်လေးကို လက်ဖက်ရည်ဝယ်ခိုင်းပြီး အခန်းထဲ ဝင်သွားသည်။

ပြန်ထွက်လာတော့ ဘောင်းဘီ အင်္ကျီများ လဲပြီးသားဖြစ်နေသည်။





အဖော်ပါလာသူနှင့် သူတို့ လုပ်ငန်းကိစ္စတချို့ကို သူ့ရှေ့မှာပင် ပြောနေကြသည်။

သူတို့ စကားပြောနေကြစဉ်မှာပင် လက်ဖက်ရည်ဝယ်သည့် ကောင်လေး ပြန်ရောက်လာသည်။

လက်ဖက်ရည် လာချပေးသည်။

သူတို့နှစ်ယောက်အတွက် မပါ။

သူ့တစ်ယောက်တည်းအတွက် ချပေးသည်။

"ကဲ ... မောင်ရင် လက်ဖက်ရည် သောက်လိုက်ဦး၊ တို့ ကိစ္စလေးပြတ်အောင် ပြောလိုက်ဦးမယ်"

"ရပါတယ် အစ်ကိုလွင်မောင်၊ ကျွန်တော်က အေးအေး ဆေးဆေးပါ"

သူတို့ကိစ္စကို ဆယ်မိနစ်လောက် ဆက်ပြောပြီးမှ ပြတ်သွားသည်။

အတူပါလာသူ ပြန်သွားပြီးမှ သူနှင့် အေးအေးဆေးဆေး စကားပြောရ၏။

"ကဲ ... မောင်ရင်ဆို၊ ကိုယ့်ကို ထောင်ထဲမှာလိုပဲ ရင်းရင်းနှီးနှီးဆက်ဆံ ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်းပြော"

ကိုလင်မောင်က ဤသို့ လမ်းကြောင်းပေးလာသောကြောင့် သူ၏ လက်ရှိဘဝ အခြေအနေနှင့် သူ ရောက်လာသည့်အကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဘာလဲ၊ ဘာလုပ်သလဲဆိုတာကို မောင်ရင် သိပြီးသား မို့ ပြောစရာမလိုဘူး၊ မောင်ရင် အလုပ်အဆင်ပြေတဲ့အထိ ကိုယ့်ဆီမှာနေနိုင်တယ်၊ အလုပ်အဆင်ပြေလာတဲ့အခါကြတော့ မောင်ရင့်သဘောပေါ့၊ တစ်ခုတော့ရှိတယ်၊ ကိုယ်တို့အကြောင်းနဲ့ကိုယ်တို့လုပ်ငန်းကိုတော့ မောင်ရင် နှုတ်လုံဖို့လိုလိမ့်မယ်၊ ဘာအကြောင်းကြောင်းကြောင့်ဖြစ်ဖြစ် ဘယ်သူ့ကိုမှ လေသံမဟမိအောင် မောင်ရင် ထိန်းရလိမ့်မယ်၊ ကိုယ်ပြောတာ သဘောပေါက်တယ်နော်"

"ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော့်အတွက်တော့ စိတ်ချပါ၊ ဒီအတိုင်းမပြောနဲ့ လိုက်မေးရင်တောင် နှုတ်စမထွက်စေရဘူး"

"ကိုယ် မောင်ရင့်ကိုယုံတယ်၊ နောက်တစ်ခုပြောစရာရှိတာက မောင်ရင့်ရဲ့ စားသောက်ရေးကိစ္စ၊ အလုပ်မရခင် အပြင်မှာမစားနဲ့ အိမ်မှာပဲစား၊ အလုပ်ရှာတယ်ဆိုရင် သွားရလာရ စရိတ်စကရှိတယ်၊ ထမင်းဖိုးလည်းကုန်တယ်၊ စရိတ်စကလည်းကုန်တယ်ဆိုရင် မင်းမှာပါတဲ့ငွေ လပိုင်းအတွင်း ပြောင်သွားမယ်၊ အဲဒီအလုပ်အတွက်တော့ ကိုယ်က အကူအညီမပေးနိုင်ဘူး၊ ဒါက ငါတို့လိုင်း မဟုတ်ဘူး"

ကိုလွင်မောင်က အပြောပြတ်သလို ပွင့်လင်းသည်။

လုံးတီးစကားကို ပြောသူအများစုမှာ အုတ်ရိုးအပြင်ရောက်ပြီး ဆန်ဖြူနှင့်တွေ့သောအခါ လုံးတီးစကားကို အလေးမထားမေ့တတ်စမြဲရှိကြ၏။





အုတ်ရိုးအတွင်းမှာ လုံးတီးစကားကို ရွှန်းရွှန်းဝေအောင် ပြောကြပေမယ့် အုတ်ရိုးအပြင်ရောက်သည့်အခါ လုံးတီးစကားကို မေ့တတ်ရုံမျှ ဆက်ဆံရေးရော ဟန်ပန်အမူအရာပါ အပြောင်းလဲကြီးပြောင်းလဲသွားတတ်ပုံများကို နောက်ပိုင်း ထောင်အတွေ့အကြုံများလေလေ ပို၍ သိခဲ့ရလေရှိခဲ့သည်။

ထိုအထဲမှာ ကိုလွင်မောင်မပါ။

ကိုလွင်မောင်တို့အိမ်မှာ အမြဲနေထိုင်သူ လေးယောက်၊ ခုသူပါမှ ငါးယောက်ပဲရှိသည်။

သို့တစေ သူတို့အိမ်မှာ နေ့စဉ် လူဆယ်ယောက်စာလောက်ချက်ပြုတ်ရသည်။

သူတို့လိုင်းသမားတပည့်လက်သားတွေက ကြုံရင်ကြုံသလိုဝင်စားတတ်သောကြောင့် အတိုင်းအတာနှင့် ချက်လို့မရ။ ပိုပိုသာသာချက်ထားရစမြဲရှိသည်။

ထို့ကြောင့် သူတစ်ယောက်တည်းအတွက် ထမင်းပို၍ချက်ရသည့်သဘောမရှိ။

သူသည်လည်း ကြုံစားထဲမှာပါသွားသည်။

သူတို့လိုင်းသမား ကြုံစားတွေက ပုံသေမရှိ။

နည်းသည့်နေ့ရှိသလို များသည့်နေ့လည်းရှိသည်။

အကြုံဝင်စား များသည့်နေ့မျိုးတွင် ညနေစာအတွက် ထမင်းပြောင်သော်လည်း ဟင်းပြောင်သွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနေ့မျိုးမှာ ကိုလွင်မောင်တို့ဇနီးမောင်နှံကို ဦးစားပေးပြီး သူတို့သုံးယောက်မှာ ဝဝလင်လင်စားရသည်။

ကိုလွင်မောင်မိန်းမ မသန်းရီက ပိုးခနဲပက်ခနဲပြောတတ်သော်လည်းမယ့် စိတ်ရင်းစေတနာကောင်းသည်။ လက်မတွန့်တတ်။

လက်ထဲမှာ ငွေရှင်ရင်ရွှင်သလို ဟင်းလျာကောင်းချက်သည်။ ငွေခန်းသည့်အခါမျိုးတွင် ဟင်းလျာမဖောသီပေမယ့် စားကောင်းအောင်ချက်ပြုတ်တတ်သည်။

ကြံ့ရာစားထဲမှာ သူတို့လိုင်းသမားတွေက အိမ်မှုကိစ္စတွင် ကူဖော်လောင်ဖက်မလုပ်။

အဆင်သင့် လက်ရှိစား စားကြရသည်။

သူတို့လိုင်းသမားတွေက အကြောင်းမဟုတ်။ လက်ရှိစားလို့ အပြစ်ပြောစရာမရှိ။

သူတို့က ကိုလွင်မောင်တို့အိမ် ဆန်အိုးကို တစ်ဖက်တစ်လမ်းက ဖြည့်တင်းပေးနေသူတွေ။

သူက သူတို့ပိုင်းသမားမဟုတ်။ ဆန်အိုးဖြည့်တင်းပေးသည့်အထဲမှာ မပါ။ တခြားသမား။

ဒါကို သဘောပေါက်သည့်အလျောက် လက်ရှိစား အခန့်သမားလိုမနေဘဲ လုပ်စရာရှိသမျှကိုနိုင်း ခိုင်းမှမဟုတ်ဘဲ အလိုက်တသိ လက်ကြောတင်းတင်း လုပ်ပေးသည်။

အထူးသဖြင့် မသန်းရီ၏ ချက်ရေးပြုတ်ရေးကိစ္စဟူသမျှကို ပဲ့ခူးဆားလုပ်ပေးခဲ့သောကြောင့် တစ်ပတ်အတွင်းမှာ မသန်းရီ





၏ ကြည်ဖြူလိုက်လျှော၍ မျက်နှာသာပေးဆက်ဆံမှုဘောင်ထဲသို့ ရောက်ရှိသွားခဲ့သည်။

မနက်ပိုင်း အိမ်မှုကိစ္စမှန်သမျှ ဝင်ကူ၍ မနက်စာစားပြီးမှ အလုပ်ရှာထွက်သည်။

အလုပ်ရှာထွက်သည်ဟုသာ ပြောရသည်။

တကယ်တော့ နှစ်ပတ်လောက်အထိ ရန်ကုန်အကြောင်းနှင့် ရန်ကုန်အထာကို သိအောင် လေ့လာရေး ထွက်ရခြင်းသာဖြစ်၏။

"မှန်းချက်နဲ့ နှမ်းထွက်မကိုက်ခဲ့ပါဘူးဆရာ၊ ကျွန်တော် ခြေတိုအောင် လျှောက်ခဲ့ပါတယ်၊ အလုပ်ရမယ်လို့ထင်ရတဲ့နေရာတွေကိုလည်း မရှက်မကြောက် ဝင်မေးပြီး စုံစမ်းခဲ့ပါတယ်၊ အလုပ်တောင်းခဲ့ပါတယ်၊ ထမ်းရပိုးရမယ့်အလုပ်ကြမ်းမျိုးတောင် ရဖို့မလွယ်ခဲ့ပါဘူး၊ ကျောထောက်နောက်ခံအဆက်အသွယ် ဘာမှမရှိဘဲ အလုပ်လိုက်ရှာရတာက နှာမည်းသာသိပြီး လိပ်စာမသိတဲ့ ဝက္ကိုလ်ကို ရှာသလိုမျိုးပဲဖြစ်ခဲ့ပါတယ်"

"ဦးဟန်တင်ဆီကိုရော မရောက်ဘူးလား"

"ရောက်တာပေါ့ ဆရာ ဘယ်နေပါ့မလဲ၊ ဦးဟန်တင်က အရောင်းအဝယ်သမားဆိုတော့ စက်ရုံအလုပ်ရုံတွေနဲ့ အဆက်အစပ်မရှိပြန်ဘူး၊ သူနဲ့မနိုင်ယဉ်ဟာ ရင်းနှီးတဲ့မိတ်ဆွေတစ်ဦးရဲ့ ပုံနှိပ်စက်မှာ အလုပ်ပြောပေးပါတယ်၊ တစ်နေ့သုံးကျပ်ရတဲ့ ဗာဟီရအလုပ်ကို ဝင်လုပ်ခဲ့ပါသေးတယ်၊ လုပ်ရတဲ့အလုပ်နဲ့ ရတဲ့နေ့တွက်



www.burmeseclassic.com

www.burmeseclassic.com



က ဘာယ်လိုမှမကိုက်ဘူး၊ လမ်းစရိတ်နဲ့ ထမင်းတစ်နပ်စာအတွက် လောက်ပဲ စုမိပါတယ်၊ မနက်စောစော အိမ်ကထွက် ညမိုးချုပ်မှ အိမ်ပြန်ရောက်တာဆိုတော့ အိမ်အလုပ်တွေ ခါတိုင်းလို ကူမလုပ်နိုင်တဲ့ လူပိုကပ်စားလိုဖြစ်နေတာကြောင့် နေရစားရတာ မျက်နှာပူလာတယ်၊ ဒါကြောင့် တစ်လကျော်ကျော်လောက် လုပ်ပြီး အဲဒီအလုပ်က ထွက်ခဲ့ပါတယ်"

အဲဒီလို အခြေအနေမှာ သူက ကိုလွင်မောင်၏တပည့်များနှင့် ခင်မင်ရင်းနှီးနေပြီ။

တစ်ခါတစ်ရံ မြို့ထဲသို့ အလုပ်ရှာထွက်သည့်အခါ ခရီးကြုံလျှင် သူတို့နှင့်အတူ သွားလာနေသည်များလည်း ရှိနေပြီ။

လက်ဖက်ရည်ဆိုင် အတူထိုင်သည့်မျိုးလည်းရှိနေပြီ။

သို့တစေ သူတို့လုပ်ငန်းနှင့်တော့ မဆက်နွယ် မပတ်သက်ခဲ့။

တချို့သော သူတို့လုပ်ငန်းခွင်အကြောင်းများကို သူတို့အချင်းချင်း ပြောဆိုနေသည်ကို ကြားရခြင်းဖြင့် နားယဉ်နေပြီ။

လုပ်ငန်းခွင်၏ သဘောအထားများကို အတော်အတန်လေး တီးမိခေါက်မိရှိနေပြီ။

အလုပ်အကိုင် အဆင်မပြေသည့်အတူ သူတို့နှင့် လက်တွဲပါလားဟု စကားလမ်းကြောင်းပေးသူလည်းရှိ၏။

သူက ပါလာသည့်ငွေမကုန်ခင် နယ်ပြန်ပြီး သစ်စက်လုပ်ငန်းခွင် ပြန်ဝင်ရကောင်းမလားဟု စဉ်းစားနေသည်။





သူတို့အထဲက အခင်မင်ဆုံးလည်းဖြစ် သူ့ကို အမြဲတမ်း လက်ဖက်ရည်နှင့်မုန့် ဒကာခံခဲ့သော ထွန်းဝေနှင့် သူ ရှေ့ဘာဆက်လုပ်ရင်ကောင်းမလဲဆိုသည်ကို တိုင်ပင်ကြည့်ရသည်။

သူ့မှာက အခြားတိုင်ပင်ဖော် တိုင်ပင်ဖက်ကလည်းမရှိ။

အပေါင်းအသင်းကလည်းမရှိ။

သူတို့နှင့် အတွေ့အမြင်များခဲ့ရာမှ အပြောအဆို အဆက်အဆံရှိလာပြီး သူတို့နှင့်သာ အပေါင်းအသင်းဖြစ်ခဲ့ရသည်။

"တိုးအောင် ... တိုးအောင်၊ မင်း တော်တော်မအူမလည်ကျတဲ့ကောင်ပဲ၊ ဆရာကြီးအိမ်မှာနေပြီး မင်းက နေကုန်နေခန်း ခြေတိုအောင် အလုပ်လိုက်ရှာနေရတယ်လို့ကွာ၊ တို့လုပ်နေတာက အလုပ်မဟုတ်ဘူးလား ...

မင်း စိတ်တော့မဆိုးနဲ့၊ ငါ ဘွင်းဘွင်းပဲပြောမယ်၊ လက်ရှိ ခင်ဗျာက ခြေသလုံးအိမ်တိုင်ဘဝ၊ အဲဒီအဆင့်ထက် မင်းက ထူးပြီး ဘာဖြစ်ဦးမှာမို့လို့လဲ၊ ကဲ ... ပြောစမ်းပါဦး"

"အေးပါ ... မင်းပြောတာဟုတ်ပါတယ်၊ ဒါပေမဲ့ ငါက အဲဒီအလုပ်ကိုမှ မလုပ်ချင်ဘဲ"

"လုပ်ချင်တာမဖြစ်ရင် လုပ်လို့ဖြစ်တာကိုပဲ လုပ်ရမှာပေါ့ကွာ"

သူ့ဘက်က ဘာမှဆက်မဖြေသာတော့။

ရွေးစရာက နှစ်လမ်းပဲရှိသည်။

နေရပ်ဌာနေကိုပြန်မလား ...။



www.burmeseclassic.com

www.burmeseclassic.com

ခါးလောကထဲဝင်မလား။

တစ်ပတ်လောက် စဉ်းစားခဲ့သည်။

နောက်ဆုံးတွင် ထွန်းဝေပြောသလို လုပ်လို့ဖြစ်တာပဲ၊ လုပ်ဖို့ဆုံးဖြတ်လိုက်သည်။

သူက ကိုလွင်မောင်ကို သူလုပ်လို့ဖြစ်တာပဲလုပ်တော့မည့် အကြောင်းပြောသည်။

"အေး ... လူဆိုတာ ကောင်းတာကိုပဲလုပ်လုပ်၊ မကောင်းတာကိုပဲလုပ်လုပ်၊ သူများတိုက်တွန်းလို့လုပ်ရတာ မကောင်းဘူးကွ၊ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်နဲ့ ကိုယ်လုပ်တာအကောင်းဆုံးပဲ ...

မောင်ရင့်ဟာမောင်ရင် ဆုံးဖြတ်ပြီးမှလုပ်ဖို့ပြောလာမှတော့ ကိုယ်က လက်မခံပါဘူးလို့ ဘယ်ငြင်းလို့ဖြစ်ပါ့မလဲ၊ တို့လိုင်းစင်ရဲ့အထာသဘောတွေကို မဲကြီးက မင်းကို အကုန်လုံးပြောပြလိမ့်မယ် ...

သင်ပေးစရာရှိတာတွေကို နက်ဖြန်ကစပြီး မောင်ရင် ပထမ မဲကြီးရဲ့တပည့်ဖြစ်သွားပြီ၊ တစ်ခုတော့ရှိတယ်နော်၊ တို့လောကမှာက အဝင်ပဲရှိတယ်၊ အထွက်မရှိဘူး၊ တို့လောကကို ရင်ဘတ်ပေးပြီးမှ ကျောခိုင်းဖို့တော့ စိတ်မကူးနဲ့၊ ဒဏ်ခတ်ခံရလိမ့်မယ်၊ အဲဒါကိုတော့ ပိုင်ပိုင်နိုင်နိုင် စဉ်းစားဦး"

"ကျွန်တော်ဟာ အဲဒီလိုနဲ့ ဒုစရိုက်လောကသားဘဝကို ရောက်ခဲ့ရတာပါပဲ"

* ❖ *



## (ခြောက်)

သူ၏လက်ဦးဆရာ ဆရာမဲကြီး၏နာမည်မှာ ကျော်ထွန်း။

ခါးလောကမှာတော့ သူ့ကို ဘယ်သူကမှ ကျော်ထွန်းလို့ မခေါ်ကြ။

မဲကြီးလို့သာ ခေါ်ကြ၏။

ဘာကြောင့် ကျော်ထွန်းနာမည်ပျောက်ပြီး မဲကြီးနာမည် ပေါက်ခဲ့သည်ကိုတော့ သူလည်းမသိ။

နက်မှောင်အောင်မည်းသော အသားအရောင်ကြောင့် မဲကြီး နာမည် တွင်ခဲ့လေသည်လား။

ဒါမှမဟုတ် ...

အခြားသော ဝိသေသအကြောင်းရှိ၍လားဆိုသည်ကိုတော့ သူလည်း မစူးစမ်းခဲ့။

မဲကြီးကို သူက အာစရိလို့ အခေါ်အဝေါ်ပြုရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂင်တိုတို၊ ကိုယ်လုံးတုတ်တုတ်၊ လေးထောင့်စပ်စပ်နှင့် သူ၏ မျက်နှာသွင်ပြင်မှာ လုံမင်းသား ကိုစံတင်လို ပုံရိပ်မျိုးထင်သည်။

အသားမည်းလို့လားမသိ။ သူ ရယ်လိုက်လျှင် ပါးစပ်ထဲမှာ ဖွေးလက်သောအရောင် ထင်ဟပ်စမြဲရှိ၏။

အသားမည်းသူများ၏ သွားများမှာ ပို၍ ဖြူဖွေးလက်ထင်သည်။

"တို့တောလက်ကျေးရွာတွေမှာ ကျောင်းသားကို ကျောင်းအပ်ရင် ဆရာအတွက် ငှက်ပျောပွဲပါရတယ်၊ ငှက်ပျောပွဲအပြည့် မတတ်နိုင်ရင် ငှက်ပျောတစ်ဖီး ဆန်တစ်ပြည်နဲ့ ငွေငါးမတ်ပါရတယ် ...

တပည့်ရဲ့ အနည်းဆုံးကန်တော့ကြေးဆိုပါတော့၊ အဲဒီတော့ မင်းလည်း အနီးစပ်ဆုံး ထုံးစံကန်တော့ကြေးနဲ့ မင်းကိုယ်မင်း အပ်ရလိမ့်မယ်၊ ငါ့အတွက် ကန်တော့ကြေးကတော့ ဘီအီးအဖြူ တစ်ပုလင်းနဲ့ မုံ့ရှာမြေပဲလှော်တစ်ထုပ်ပေါ့ကွာ ...

အဲဒါကို မင်းက ကိုယ့်ကိုယ်ကိုယ် အပ်တဲ့သဘောနဲ့ ဆရာအတွက်တင်၊ ဟုတ်ပြီလား၊ ပြီးတော့ မင်း သိအပ်တတ်အပ်တာကို သင်ပေးမယ်"

ဘီအီးတစ်ပုလင်း၊ မုံ့ရှာမြေပဲလှော်တစ်ထုပ်ဖြင့် အပ်နှံကြေးပေးပြီးတဲ့နောက် အာစရိကိုမဲကြီးက သိအပ်စရာများကို ပြောပြသည်။





"တို့လောကရဲ့အထာသဘော၊ စကားကြီးစကားကျယ်နဲ့ ပြောရင် သစ္စာတရားဆိုပါတော့ကွာ၊ အဲဒါကို မင်းရဲ့နှလုံးသားထဲမှာ စွဲထင်နေအောင် မှတ်သားထားဖို့လိုမယ်"

ကိုယ့်ရဲ့အာစရိအပေါ် မပတ်ရဘူး။

အချင်းချင်းမပတ်ရဘူး။

ချွန်တွန်း၊ လှည့်ခွေမလုပ်ရဘူး။

ရလာတဲ့ပစ္စည်းကို သို၊ ကစ်၊ ဝှက်၊ လှည့် မလုပ်ရဘူး။

ကိုယ့်ပြဿနာ၊ ကိုယ့်ကိစ္စကို တစ်ယောက်တည်းရှင်းမယ်ဆိုတဲ့သတ္တိရှိရမယ်။

တစ်ကိုယ်တော်လုပ်ရှားခြင်း၊ အစုအဖွဲ့နှင့်လှုပ်ရှားခြင်း၊ အောက်လိုင်းဝင်ခြင်း၊ အထက်လိုင်းတက်ခြင်း၊ လမ်းကြောင်းကို အခြေအနေပေါ်ကြည့်၍ လှုပ်ရှားရမည်။

ဖော်ရမည်။

"တို့လောကမှာ လိုင်းသုံးလိုင်းရှိတယ်"

အောက်လိုင်း။

အပေါ်လိုင်း။

အပြင်လိုင်း။

အောက်လိုင်းတွင် လိုင်းသေးလိုင်းကြီးရှိသလို၊ အပေါ်လိုင်းနှင့် အပြင်လိုင်းတွင်လည်း လိုင်းသေးလိုင်းကြီး ရှိပေသည်။

အောက်လိုင်းကျွမ်းမှ အပေါ်လိုင်းတက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အောက်လိုင်းရော အပေါ်လိုင်းရော လိုင်းပူးကျွမ်းမှ အပြင်လိုင်းထွက်ရသည်။

လိုင်းအဆင့်မဝင်ခင် လိုက်သင်အဆင့်ဖြင့် စတင်လှုပ်ရှားရသည်။

လိုင်းသင်အဆင့်မှာ ဝေစုမရ။

အကူကြေးပဲရ၏။

လိုင်းသင်အဆင့်မှာ လိုင်းဝင်သမားကို ဘယ်လို အကာအကွယ်ပေးရသည်။

ဘယ်လို အလုပ်အပြောင်းလုပ်ပေးရသည်။

လုပ်သာကိုင်သာချောင်အောင် ဘယ်လိုဖန်တီးကွက်ထွင်ပေးရသည်။

ဘယ်လိုလမ်းကြောင်း ဖော်ရသည် စသည်များကို ညက်နေကျွမ်းနေအောင် လက်တွေ့ကွင်းဆင်းလှုပ်ရှားရ၏။

နှစ်မျိုးကျွမ်းကျင်လျှင် အောက်လိုင်းဝင်လို့ရသည်။

နှိုက် ... ဆွဲ။

အနှိုက်နှင့်အလစ်ဆွဲခြင်း။

နောက်ထပ်နှစ်မျိုး ကျွမ်းလျှင် အပေါ်လိုင်းသို့ တက်လို့ရသည်။

ခွဲ ... ဖြတ်။

အပေါ်အင်္ကျီအိတ်၊ လွယ်အိတ်၊ သားရေအိတ်အမျိုးမျိုးခွဲခြင်းနှင့် လည်ပင်းတွင်ဆွဲထားသည့် ဆွဲကြိုး၊ မိန်းမအင်္ကျီထက်





ရှိကြယ်သီး (ယနေ့ခေတ်တွင် မရှိသလောက်ရှားသွားပြီ) သံမဏိကတ်ကြေးရာပေး၍ဖြတ်ခြင်း။

နောက် အောက်လိုင်းရော အပေါ်လိုင်းမှာပါ လုပ်၍ရသည့် နည်းတစ်နည်းလည်းရှိသေးသည်။

ညှစ်ဖြတ်။

နာရီကြိုးထိပ်နှစ်ဆက်ကို လက်ညှိုးလက်ခလယ်နှင့်ညှပ်၍ နာရီကိုဖြတ်ယူခြင်း။

ထိုနည်းကို ခါးတိုင်းမတတ်သလို အသုံးချမှုလည်း နည်းသည်။

နှိုက်၊ ဆွဲ၊ ခွဲ၊ ဖြတ်၊ ညှစ်ဖြတ် ငါးမျိုးစလုံးကျွမ်းလျှင် စွယ်စုံခါးကြီးဖြစ်ပြီ။

စွယ်စုံခါးကြီးဖြစ်ပြီဆိုရင်တော့ ဆရာကြီးလည်းဖြစ်ပြီပေါ့။

ကိုယ်တိုင် ကွင်းမဆင်းဘဲ ဝေစုရသည့်အဆင့်။

တပည့်တပန်းတွေ လက်သပ်မွေးပြီးခိုင်းရုံသာ။

ကိုလွင်မောင်တို့အဆင့်။

အဲဒီအဆင့်ရောက်ရင်တော့ လုပ်စားအဆင့်မဟုတ်တော့။ ရိုက်စားတန်းဝင်သွားပြီ။

သူက ဤသို့ ခါးလောက၏ အထာသဘောများ ပြောလာသောကြောင့် သူရော ဘယ်အဆင့် ဘယ်တန်းဝင်ခဲ့သည်ကို ကြားဖြတ်မေးလိုက်ရသည်။

"ကိုတိုးအောင်ရော ရိုက်စားတန်းဝင်ခဲ့သူလား"



www.burmeseclassic.com

www.burmeseclassic.com



“ခင်ခဲ့ပါတယ်ဆရာ၊ ဒါပေမယ့် အထာငါးချက်တော့ မပြည့်ခဲ့ဖူးဆရာ၊ လိုင်းကတော့ လိုင်းစုံဝင်ပါတယ်”

နိုက်၊ ဆွဲ၊ ခွဲ၊ ဖြတ်၊ ညှစ်ဖြတ် အထာငါးမျိုးရှိသည့် နိုက်ခွဲနှစ်မျိုးမှာသာ အဆင့်မြင့်တန်းဝင်ခဲ့သည်။

ဆွဲဖြတ်၊ ညှစ်ဖြတ်သုံးမျိုးကိုတော့ သဘောလောက်သာ အထာပေါက်ခဲ့သည်။

ဆွဲ၊ ဖြတ်၊ ညှစ်ဖြတ်ကို သူက စိတ်မဝင်စား။

သူက နိုက်နှင့် လုပ်ငန်းခွင်စဝင်ခဲ့သော်လည်း သူက နိုက်ထက် ခွဲကို ပို၍ စိတ်ဝင်စားသည်။

အထူးတလည် လေ့ကျင့်ခဲ့သည့်နောက်ပိုင်းတွင် နိုက်ကို စွန့်လွှတ်လိုက်သည်အထိ ခွဲစမါယ်ရှယ်လစ်ဖြစ်ခဲ့သည်။

ခွဲနှင့်လည်း အကျိုးပေးခဲ့သည်။

တစ်ချိုတွင် စိုစိုပိုပိုကြီး ရလိုက်ရာမှ ကိုယ်ပိုင်ဆိုင်ကယ် ဝယ်ပြီး စီးနိုင်သည့်အဆင့်သို့ ရောက်ခဲ့ရုံမက ချောသော၊ လှသော၊ တောင့်သော၊ ဖြောင့်သော၊ ရုံးစားရေးမတစ်ဦးနှင့် အိမ်ထောင်ကျပြီး ယောက္ခအိမ်ထက် သမက်မျက်နှာမငယ်သော ရွှေသမက် ငွေသမက်ပင် ဖြစ်ခဲ့သေးသည်။

* ❖ *



သူ၏လက်ဦးဆရာ မဲကြီးက သူတို့ဆရာကြီးကိုယ်တိုင် သူ့လက်ထဲသို့ အပ်နှံပေးသည့် သူ့အားလုပ်ငန်းခွင်သို့ သူနှင့်အတူ တွဲ၍ လုပ်ငန်းခွင်အထာသဘောကို လက်တွေ့လုပ်နည်းလုပ်ဟန်နှင့် လှုပ်ရှားပုံရိပ်များကို အသေးစိတ်သင်ပြပေးခဲ့သည်။

“တို့လုပ်ငန်းအထာသဘောက ကြောက်ရွံ့စိတ်၊ စိုးရွံ့စိတ်၊ မဝေမခွဲနိုင်စိတ်၊ တွေဝေစိတ်၊ လုံးဝမထားရဘူး၊ အဲဒီလို မပြတ်မသားစိတ်မျိုးနဲ့ လှုပ်ရှားလို့တော့ ဘယ်တော့မှ အလုပ်မဖြစ်ဘူး၊ ငါလုပ်ရင် ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ ယတိပြတ်စိတ်နဲ့ လှုပ်ရှားဖြင်ဆင်ဖို့က ပထမအရေးကြီးဆုံးပဲကွ၊ မင်း အလုပ်လုပ်မယ့်လူအနားကပ်ဖို့နဲ့ လုပ်ရမယ့်အလုပ်ကိုလုပ်ဖို့ တွန့်ဆုတ် တွန့်ဆုတ် လုံးဝ မဖြစ်နဲ့၊ ရဲရဲကပ်ပြီး ရဲရဲလုပ်ဖို့က ဒုတိယအရေးကြီးဆုံးဆိုတာ သဘောပေါက်ထားဖို့လိုတယ်၊ ကိုယ့်အတွက် အကျိုးအမြတ်မထွက်ဆိုတဲ့ အကဲဖြတ်ချက်နဲ့ ဆုံးဖြတ်ချက်တိကျဖို့က တတိယအရေးကြီးဆုံးအချက်ပဲ၊ အချိန်မဆွဲဘဲ ချဉ်းကပ်တာမှန်ဖို့နဲ့ လှုပ်ရှားမှုသွက်လက်မြန်ဆန်ဖို့က အချက်ငါးချက်ထဲမှာ အဓိကအချက်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အခု ငါပြောခဲ့တဲ့အချက်တွေကို သဘောပေါက်ဖို့က ငါတို့နဲ့တွဲပြီး လက်တွေ့ကွင်းဆင်းတဲ့အခါမှာ မျက်စိကို ရှင်ရှင်ထားပြီး အာရုံရှုးစိုက်လေ့လာပေတော့၊ အပြောနဲ့တော့ မင်း သဘောပေါက်မှာမဟုတ်ဘူး၊ လက်တွေ့နဲ့ကျမှ သဘောပေါက်မှာ"

ဆရာမကြီးက လုပ်ငန်းခွင်အဝင် အထာသဘောကို ဤသို့ လမ်းကြောင်းဖော်ပေးခဲ့သည်။

"လုပ်ငန်းခွင်ဝင်ဖို့သွားရင် အဝတ်အစားကောင်းဖို့နဲ့ ဝတ်ဆင်မှုသပ်ရပ်မှုရှိရမယ်၊ လုပ်ငန်းခွင်ဝင်မယ့် နေရာကိုရောက်ရင် မှင်မောင်းကောင်းရမယ်၊ မှင်မောင်းသေရမယ်၊ အာရုံမပျံ့လွင့်ရဘူး၊ မခုတ်တတ်တဲ့ကြောင် အရိပ်အဆင် ကိုယ့်ကိုယ်ပေါ်မှာ ထင်နေအောင် ဖန်တီးရမယ်၊ မင်း ငါတို့ခွင်ထဲ ဝင်မယ်ဆိုရင် ငါတို့ပြောတာတွေကို စွဲနေအောင်မှတ်ထား၊ မင်းလက် အလေ့အကျင့်လျှင်လာလို့ အိတ်ကပ်ထဲကို လက်အဝင်မှန်ဖို့နဲ့ လက်အထုတ်မြန်ဖို့ကို အောင်ကြီးက သင်ပေးလိမ့်မယ်၊ လျှင်သွက်မြန်လက်ဖြစ်ဖို့ကတော့ မင်းဟာမင်း လေ့ကျင့်ရလိမ့်မယ်၊ လေ့ကျင့်တဲ့နေရာမှာ အပျင်းကပ်လို့တော့မရဘူးနော်၊ မင်း ဘယ်လောက်အလေ့အကျင့်လုပ်ထားတယ်ဆိုတာကို ငါစစ်လိုက်တာနဲ့ ဒက်ခနဲသိတယ်"

ကွင်းဆင်းသည့်အခါ မဲကြီးက သူနှင့်အတူ ခေါ်သွားသည်။

လုပ်ငန်းခွင်ဝင်သည့်အခါတွင်မူ သူ့ကို အနားကပ်မခံ။

သူတို့အထာသဘောကို ခပ်လှမ်းလှမ်းကသာ ကြည့်စေခဲ့သည်။





သူ့ဟာသူလုပ်ရမည့်လေ့ကျင့်ခန်းအတွင်း အောင်ကြီးက သင်ပေးသည်။

အောင်ကြီးမှာ မဲကြီး၏ညာလက်ရုံး။

သူတို့က တစ်ကိုယ်တော်လှုပ်ရှားသည်ထက် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ၊ ငါးယောက်တစ်တွဲ၊ အတွဲအစုနှင့် လှုပ်ရှားလေ့ရှိကြသည်။

တစ်ခါတစ်ရံ အတွဲမပါဘဲ တစ်ယောက်တည်း သွားရင်းလာရင်း လုပ်ကွက်ပေါ်ရင်ပေါ်သလို တစ်ယောက်တည်း လှုပ်ရှားရသည်မျိုးလည်းရှိသည်။

အောင်ကြီးက မဲကြီးလိုမဟုတ်။

အထာနည်းနည်းကြီးချင်သည်။

ဆရာဂိုက်အဖမ်းကဲသည်။

အပြောအဆို မောက်မာချင်သည်။

သူက အောင်ကြီးအထာကိုလိုက်ပြီး မြှောက်လုံးပင့်လုံးများတွန်း၍ ဆက်ဆံသည်ကြောင့် မပြေမလည်မဖြစ်ခဲ့။

"လက်ငါးချောင်းရှိပေမယ့် တို့က လက်သုံးချောင်းပဲ အသုံးပြုကြတယ်၊ လက်သုံးချောင်းကို တစ်ချိန်တည်း တစ်ပြိုင်တည်းတွဲပြီး အသုံးမပြုဘူး၊ နှစ်ချောင်းတစ်တွဲ တွဲပြီး လုပ်ရတယ်...

လက်ညှိုးနဲ့လက်မ အဲဒါက တစ်တွဲ၊ လက်ညှိုးနဲ့လက်ခလယ် အဲဒါက တစ်တွဲ၊ ဟောဒီမှာကြည့် လက်ညှိုးနဲ့လက်မကို



www.burmeseclassic.com

www.burmeseclassic.com



တော့ မျက်နှာချင်းဆိုင်ပူးရတယ်၊ လက်ညှိုးနဲ့ လက်ခလယ်ကျတော့ ဘေးချင်းကပ်ပူးတာရှိတယ်၊ အပေါ်အောက်ထပ်ပြီး ပူးတာရှိ တယ် ...

အိတ်ထဲကို လက်သွင်းပုံသွင်းနည်း၊ ထုတ်ပုံထုတ်နည်းမသင် ခင် လက်ငြိမ်ငြိမ်နဲ့ အပူးအကပ်နဲ့ အဆွဲကို လက်တွေ့လေ့ကျင့်ဦး တို့အလုပ်မှာ အဓိကအရေးအကြီးဆုံးက စိတ်ငြိမ်ဖို့နဲ့ လက်ငြိမ်ဖို့ ပဲ၊ စိတ်မငြိမ်ရင် လက်မငြိမ်ဘူး"

အောင်ကြီးက လက်ညှိုးနှင့်လက်မ အပူးအကပ်နှင့် လက် ညှိုးနှင့်လက်ခလယ် ဘေးတိုက် အပူးအကပ် အပေါ်အောက်ကပ် နည်းကို သင်ပေးသည်။

"အဲဒါလေးကို တစ်ပတ်လောက်လုပ်ခိုင်းတာ ဆရာ အထာကြီးတာလည်းပါတာပေါ့ ဆရာရယ်၊ ကျွန်တော်က ငြင်း အားမရှိတော့လည်း လုပ်ရတော့တာပေါ့၊ အစ်ကိုလွင်မောင်က ဘာမှ မမေးဘူး၊ မပြောဘူး၊ ကျွေးစရာရှိရင်ကျွေးပြီး ပေးစရာ ရှိတာပေးပါတယ်"

ကိုလွင်မောင်၏အဖွဲ့တွင် သူ့လက်အောက်ခံအဖွဲ့ဝင် ဆယ် သုံးယောက်ရှိသည်။

ကိုလွင်မောင်က သူတို့ကို ပိုင်ပိုင်နိုင်နိုင် ကိုင်ထားနိုင်သည်။ သူ့အပေါ် မခွေရဲ၊ မလှန်ရဲအောင် အချင်းချင်းပြန်ပြီး ချက်ကင် သည့်နည်းကိုလည်း အလှည့်အပတ် အသွယ်သွယ်ဖြင့် အကွက် ဖော်ထားသည်။





"ဒါဖြင့် ကိုလွင်မောင်က အခန့်သားထိုင်ပြီး စေစုခွဲတဲ့ ရိုက်စားအလုပ်ပဲလုပ်တာပေါ့"

"ဘယ်ဟုတ်မလဲဆရာ၊ သူတို့လုပ်ငန်းနဲ့ ဆက်နွှယ်နေတဲ့ လူတွေ၊ သူတို့ကို အန္တရာယ်ပေးနိုင်မယ့်လူတွေနဲ့ ဆက်ဆံတာ တို့၊ အပေးအကမ်းလုပ်ရတဲ့ကိစ္စတွေကို ကိုလွင်မောင်က တာဝန်ခံ ပြီးလုပ်တာပေါ့ဆရာ၊ ဒါကလည်း လွယ်တဲ့အလုပ်မှမဟုတ်ဘဲ ဆရာရယ်၊ ပရိယာယ်လည်းကြွယ်ဝရမယ်၊ နေရာတကာမှာ ဝင်ဆန့် မှုလည်းရှိရမယ်၊ ပြောတတ်ဆိုတတ် လုပ်တတ်ကိုင်တတ်လည်း ရှိရမယ်၊ ရဲစခန်းမှာ ရဲစခန်းအလျောက်၊ တရားရုံးမှာ တရားရုံး အလျောက်၊ ထောင်မှာထောင်အလျောက် အဆက်အဆံ အဝင် အထွက်လည်းကျွမ်းမှ အလုပ်ဖြစ်တာပါ ဆရာ၊ ပြီးအဖွဲ့သားထဲ က တစ်ယောက်ယောက် အထဲဝင်သွားရင် အပြင်မှာ ကျန်ရစ်တဲ့ မိသားစု စားသောက်နေထိုင်ရေးအတွက် ဖြေရှင်းတာတို့၊ ပံ့ပိုးကူ ညီတာတို့လည်းလုပ်ရတယ်၊ သူထို့ ဒါတွေအတွက် အားကိုးရလို့ သာ တပည့်လက်သားတွေက သူ့စီမံခန့်ခွဲမှုကို လက်ခံကြတာ ပေါ့၊ အရေးဟယ် အကြောင်းဟယ်ရှိလာရင် သူတို့က ဘာမှလုပ် တတ်ကြတာမဟုတ်ဘူး၊ ကိုလွင်မောင်ကို တပည့်တပန်းတွေက ချစ်ခင်လေးစားကြတာလည်း အဲဒါကြောင့်ပဲ၊ ကိုလွင်မောင်က တပည့်တပန်းတွေကိစ္စပေါ်လာရင် ထိထိလိုက်ပေးတယ်၊ လုပ်ပေး တယ်၊ ငွေကြေးကိုမကြည့်ဘူး"

"ကဲ ... ဆက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို လက်သားသေအောင် လေ့ကျင့်ပြီးမှ အိတ်ထဲကို လက်အသွင်းအထုတ် စလုပ်ရသည်။ တကယ်လုပ်တော့ အဟုတ်ခက်သည်။ အင်္ကျီအိတ်က အသားနှင့်ကပ်နေစမြဲရှိသည်။

အသွင်းမြန်မြန် အဆွဲအထုတ်လုပ်ရသည့်လက်နှင့်အသားကိုမထိအောင် လုပ်ရသည့်အပိုင်းမှာ လွယ်မယောင်နှင့်ခက်၍ တိမ်မယောင်နှင့်နက်သည်။

ပထမ ကိုယ့်အင်္ကျီအိတ်ကပ်ထဲကို အသွင်း၊ အဆွဲ၊ အထုတ်နှင့် အလေ့အကျင့်လုပ်ကြည့်ရသည်။

လက်ငြိမ်ရသည်။ သွက်လက်မြန်ဆန်ရသည်။

တစ်မိနစ်အတွင်းမှာ လက်အသွင်းရော၊ ငွေစက္ကူအထပ်ကိုညှပ်ဆွဲရော၊ လက်အထုတ်ရော တစ်ပြိုင်တည်းကျအောင် လုပ်ရသည်မို့ တကယ်လက်တွေ့လုပ်ကြည့်သည့်အခါ ထင်သလောက်မလွယ်။

ကိုယ့်အိတ်ကပ်နှင့် စမ်းသပ်လေ့ကျင့်ပြီး ပိုင်ပါသည်ဟု ပြောနိုင်သည့်အဆင့်ရောက်မှ အောင်ကြီးကို အစမ်းသတ်ခံနိုင်ပြီဖြစ်ကြောင်း ပြောရသည်။

အောင်ကြီးက သူ့အိတ်မှ ငွေစက္ကူအထပ်ကို ဆွဲနိုင်းသည်။

အောင်ကြီးက လက်သွင်းအထုတ်၊ အနုတ်အသိမ်း၊ တစ်၊ နှစ်၊ သုံး၊ လေး ရေတွက်ပြီး မှတ်နေသည်။

တစ်ဆယ်ထက်ကျော်သွားလျှင် ခေါင်းခါသည်။ တစ်ဆယ်အတွင်းမှာ ပြီးအောင်နှိုက်ပြရသည်။





သူ့ စိတ်တိုင်းမကျတိုင်း ထပ်ခါတလဲလဲနိုင်းသည်။

လက်ညှိုးနှင့်လက်မကို အသုံးပြု၍တစ်မျိုး၊ လက်ညှိုးနှင့် လက်ခလယ် ဘေးချင်းကပ်ပူးနှိုက်နည်းဖြင့် လက်ညှိုးနှင့် လက်ခလယ် ထပ်နည်းဖြင့်တစ်သွယ် အမျိုးမျိုးစမ်းသပ်ပြီး အနှိုက်နိုင်းသည်။

သူက အိုကေပြီဆိုတော့မှ မဲကြီးထံဝင်ရသည်။

မဲကြီးက အထပ်ထပ် အပြန်ပြန်စမ်းသပ်ပြန်သည်။

မဲကြီးက တစ်ဆယ်အထိ ရေတွက်မှုအချိန်မပေး။ ခုနစ်နှင့်အပြီး လုပ်နိုင်းသည်။

"ဒီလောက်မြန်မြန်နဲ့ ဖြစ်ကောဖြစ်ရဲ့လား"

"ဖြစ်ပါတယ်ဆရာ၊ တစ်၊နှစ်မှာ လက်အဝင်သုံးလေးမှာ အညှပ်အဆွဲ၊ ငါးခြောက်မှာ လက်အထုတ်အလေ့အကျင့်ပေါ့ဆရာရယ်၊ ဖြစ်အောင်လုပ်ရမယ့်အခြေအနေဆိုတော့လည်း ဖြစ်အောင်လုပ်ရတော့တာပေါ့"

မဲကြီးက အိုကေပြီဆိုတော့မှ အောင်ကြီးတို့နှင့် အောက်လိုင်းကစဝင်ရသည်။

အောက်လိုင်းမှာ အတော်ကြီးကျင်လည်ပြီး ဝေစုအဆင့်ဝင်လာတော့မှ အပေါ်လိုင်းတက်ခဲ့ရသည်။

တိုးအောင်မှာ ဒုစရိုက်နယ်ပယ်ထဲတွင် မားမားမတ်မတ်ရပ်တည်နိုင်သူဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခါးလုပ်ငန်းနှင့် အကျိုးပေးသည်ဟုဆိုရမလား၊ သူကိုယ်တိုင်က စိတ်ပါလက်ပါကြိုးစား၍ အထာကျွမ်းသည်ဟုဆိုရမလား၊ မကောင်းမှုနှင့် အကျိုးပေးသည်ဟု ဆိုရမလားမသိ။

ဆရာ့ထက် လက်စောင်းထက်သောတပည့်အဖြစ် ထွန်းပေါက်အောင်မြင်ခဲ့သည်။

ကိုလွင်မောင်ကပင် ကျောသပ်၍ ချီးကျူးစကားပြောရသည်အထိ အလုပ်ဖြစ်ခဲ့သည်။

သူတို့ခါးလောကမှာ နယ်မကျူးရ။ ကိုယ့်အပိုင်းနှင့်ကိုယ့်အပိုင် ကိုယ့်နယ်မြေမှာသာ ကျက်စားရသည်။ အခြေအနေအရ အပိုင်နယ်မြေကျော်ရသည့်အခါမျိုးလည်းရှိသည်။

အပိုင်နယ်မြေကျော်သည့်ကိစ္စတွင် တစ်ခါတစ်ရံ ပြဿနာပေါ်တတ်သည်။ အဲဒီလိုပြဿနာမျိုးကျတော့ ကိုလွင်မောင်တို့အုပ်စုခေါင်းဆောင်ချင်းစကားပြောရသည်။ ရှင်းရလင်းရသည်။

သို့တစေ သူတို့လောကသားများမှာ ဘယ်တောက်ပဲရရ ပိုနေလျှံနေသည်ဟူ၍မရှိ။ အမြဲတမ်း လိုနေကြစမြဲရှိသည်။

ဖောင်းလာသည့်အိတ်မှာ ခံလှ နှစ်ရက်သုံးရက်ထက်မပို။ ထုံးစံအတိုင်း ပြန်လည်ပြားကပ်သွားစမြဲသာရှိသည်။

သူတို့က ငွေကို ငွေလိုသဘာမူကြသူများမဟုတ်။ ရလာရင် ရလာသလို သောက်စား လောင်းကစားပစ်ကြသည်။

သောက်၊ လောင်း၊ မ သုံးချက်နှင့်ညီသူတွေချည်း။

သောက်စားသည်။ လောင်းကစားသည်။ မိန်းမပွေရှုပ်သည်။





သူတို့လောကသားတွေထဲမှာ တစ်လင်တစ်မယားစနစ် အိမ်ရာထူထောင်နေထိုင်သူဟူ၍ အလွန်ရှားသည်။

နှစ်မယား၊ သုံးမယားနှင့် စခန်းသွားနေသူတွေချည်း။

အိမ်ခြေရာခြေကိုလည်း အတည်တကျ ထားလေ့မရှိ။

ကြက်လိုလူစားမျိုးတွေ၊ ချေးကျရာပျော်သည်။ တွေ့သည့်နေရာမှာ တွေ့သူနှင့် အပျော်ကျူးနေထိုင်လေ့ရှိကြသည်။

သူကတော့ သူတို့လောကသားများနှင့် တစ်မူတစ်ဘာသာကွဲပြားသူ။

အပေါ်လိုင်းတက်ပြီး အတော်လေးအဆင်ပြေလာသည့်တိုင် အသောက်အစားမမက်၊ လောင်းကစားကင်းသည်။ မိန်းမ မရှုပ်။

သူက ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်သည်။ ငွေလိုရင် လိုသလို၊ အသုံးတည့် ရွှေထည်များဝတ်သည်။

သူ၏ပုံရိပ်မှာ ယခင်တိုးအောင် ပုံရိပ်နှင့် လုံးဝကွဲပြားခြားနေပြီ။

တောင်းမှာအကွပ်၊ လူမှာအဝတ်ဆိုသည့်အတိုင်း မြန်မာဆန်ဆန်ဝတ်မလား။ ဘိုဆန်ဆန်ဝတ်မလား။ ရှိုးပြည့်မိုးပြည့်စမတ်ကျကျ ဝတ်ဆင်တတ်သည်။

နာရီနှင့် လက်စွပ်နှင့် လည်ပင်းမှာချိန်းနှင့်။

သူ၏ ဝတ်စားဆင်ယင်မှုပုံရိပ်မှာ ခါးလောကသားထဲကလို့ထင်မှတ်စရာ အလျဉ်းမရှိအောင် ပုံရိပ်သွင်ပြင်လွှမ်းထင်နေသာကြောင့် လုပ်ကွက်ချောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က လုပ်ငန်းခွင်ဝင်သည့်အခါ ဝတ်စားဆင်ယင်မှုကို အသွင်မျိုးမျိုး အပြောင်းအလဲလုပ်၍ ဝတ်ဆင်ကြသည်။

တက္ကသိုလ်ကျောင်းသားအသွင်၊ ရုံးဝန်းထမ်းအသွင်၊ ချိန်ဘာဆင်းနေသည့် ရှေ့နေပေါက်စလေးအသွင် စသည်ဖြင့် အမျိုးအသွင် အပြောင်းအလဲလုပ်ကြသည်။

အနိုက်ပိုင်း အတော်လေးကျွမ်းလာတော့မှ အခွဲပညာကို ထပ်ဆင့်ထုတ်ခဲ့ရသည်။

အခွဲပညာရပ်ကိုတော့ ကိုလွင်အောင်ကိုယ်တိုင် သင်ပေးသည်။

နှိုက်၊ ခွဲ၊ ဆွဲဖြတ် ငါးမျိုးသောလုပ်ကွက်တွင် ခွဲ၊ ဖြတ်၊ နှစ်မျိုးမှာ ခက်သည်။ နက်သည်။

ဓားကိုင်ကျွမ်းရသည့်နှုန်းသွက်လက်မြန်ဆန်ရသည်။ ချိန်သားကိုက်ရသည်။ မလိုအပ်သော အတိုင်းအတာထက် ပို၍ မခွဲမိအောင် လက်ငြိမ်ရသည်။ ခွဲပြီးနောက် ပြူတစ်လာသည့် ပစ္စည်းကို အောက်မကျခင် လက်ထဲပါလာအောင် အဆွဲအသိမ်း ကျင်လည်ရသည်။

ခွဲရမည့်ပုဂ္ဂိုလ်ထံတွင် အဖိုးတန်ပစ္စည်း ပါနိုင်မပါနိုင် အကဲဖြတ်စွမ်းမှုတော်ရသည်။

တစ်ဖက်တုံးလုပ်ထားသည့် ဘလိတ်ဓားအသစ်စက်စက်၊ ဒါမှမဟုတ် လက်နှစ်သာသာ အပြားခတ်ထားသည့် အထူးစပါယ်ရှယ်သော သံမဏိဓားများကို အသုံးပြုရသည်။





ဓားကို လက်ညှိုးနှင့်လက်ခလယ်နှစ်ခုကြားတွင် ညှပ်ပြီး လက်ဝါးနှင့် အကာအကွယ်အုပ်၍ ဘာအိတ်ကိုခွဲခွဲ တစ်ချက်တည်း တိခနဲပြတ်အောင် ခွဲရသည်။

အပေါ်အင်္ကျီအိတ်ကို ခွဲသည့်အခါ အထူးသတိထားပြီး ချိန်သားကိုက် ခွဲရသည်။ ချိန်သားကိုက်မခွဲနိုင်လျှင် အလုပ်မဖြစ်ရုံမက ပြဿနာပေါ်နိုင်သည်။

ကိုတိုးအောင်က နှိုက်၊ ခွဲ၊ ဆွဲ၊ ဖြတ်၊ ညှစ်ဖြတ်နည်းငါးမျိုးလုံး လက်တွေ့လုပ်ပြသည်။ လက်တွေ့ပိုင်းကိုမူ ရေးသားဖော်ပြရန် မသင့်တော်သောကြောင့် ချန်ထားခဲ့ပါမည်။

"နို့ ... နေပါဦး၊ ကိုတိုးအောင်က တစ်ခါမှ ပြဿနာခွင်ထဲမရောက်ခဲ့ဘူးလား၊ အဖမ်းအဆီးရော မခံခဲ့ရဘူးလား"

"ခံရတာပေါ့ ဆရာရယ်၊ ဘာသားထုထားတာမှတ်လို့၊ ကျွန်တော်တို့ လောကသားတွေဟာ ဘယ်လောက်ပဲအထာကျွမ်းကျွမ်း ရလှည့်ချည့် ဘယ်ကြုံပါမလဲ၊ ခံလှည့်လည်းကြုံတာပေါ့၊ ရုံးခန်းကို ရောက်သွားရတဲ့ ခံလှည့်မျိုးကတော့ အကြောင်းမဟုတ်ဘူးပေါ့ ဆရာရယ်၊ ကိုလွင်မောင်တို့လို နောက်ကလိုက်မယ့်လူရှိနေတာကိုး၊ အဲ ... ရုံးခန်းမရောက်ခင် တစ်ယောက်တစ်ချက်နိုင်းပြီး ဘောတဲ့ပွဲမျိုးနဲ့ကြုံရင်တော့ ရေရေလည်လည်ပဲ၊ ကျွန်တော်လည်း အဲဒါမျိုး တစ်ခါကြုံခဲ့ဖူးတယ်၊ ဒါပေမဲ့ သိပ်တော့ မခံလိုက်ရဘူး၊ ပရိသတ်ထဲမှာ ကျွန်တော့်ဘက်က ရပ်တည်ပေးမယ့် ဘိုလ်တစ်ယောက်ပါလာတယ်၊ သိလို့တော့ မဟုတ်ပါဘူး၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်က လက်လွန်ခြေလွန်ဖြစ်ကုန်မယ်ဆိုပြီး ဝင်တားပေးလို့ သက်သာသွားပါတယ်"

"အချုပ်စခန်းတွေထဲမှာပဲ ကိစ္စပြီးသွားလား၊ ခါးမှုနဲ့ ထောင်ထဲကိုတော့ မရောက်ခဲ့ဘူးလား"

"နှစ်ကြိမ်ရောက်ခဲ့ပါတယ်၊ ပထမအခေါက်တုန်းက ကိုလွင်မောင်နဲ့ ပြေလည်တဲ့ရုံးရှိ ရောက်ခဲ့တာကြောင့် တစ်နှစ်အတွင်း ကောင်းမွန်စွာနေစေ စိတ်ချက်လောက်နဲ့ ပြီးသွားပါတယ်၊ ဒုတိယအခေါက်မှာတော့ ခြောက်လကျပါတယ်"

ခါးပိုက်နှိုက်မှုအများစုမှာ တရားလိုမရှိ၊ ရဲစခန်းမှသာ အမှုစတင်ရသည်။ ရဲအဖွဲ့သည်ပင် တရားလို။

ခါးတွေက ရှေ့နေရှေ့ရပ်ငှားရမ်း၍ အမှုကို ကာကွယ်ခြင်း၊ သက်သေများပြ၍ အမှုကို ရင်ဆိုင်ခြင်းမလုပ်ကြ။

အမှုစစ်ဆေးခြင်း အမြန်ဆုံးပြီးရေးကိုသာ ဦးတည်ချက်ထားကြသည်။

ထိုစဉ်ကာလက အချုပ်ရက်ကို ထောင်ကျကာလထဲထည့်မတွက်ဘဲ ထောင်ကျကာလကို သပ်သပ်တွက်ချက်သောကြောင့် အချုပ်ရက်ကြာလျှင် သူတို့အတွက် ထိခိုက်သည်။

တရားရုံးရောက်သည့်အခါ သူတို့က အကြောင်းအကန့်မငြင်းကြ။ ပြစ်မှုကျူးလွန်ကြောင်း၊ နောက်နောင် ထိုလုပ်ငန်းနှင့် ပတ်သက်တော့မည် မဟုတ်ကြောင်း ဝန်ခံချက်ပေး၍ ပြစ်ဒဏ်လျှော့ပေါ့ပေးရန်သာ အသနားခံလျှောက်ကြသည်။





တိုးအောင်က နှစ်နှစ်ကျော် နှိုက်လိုင်းတွင် ကျင်လည်ခဲ့ရာ၌ အတော်လေးအလုပ်ဖြစ်ခဲ့သည်။ သည်နောက်ပိုင်း ခွဲလိုင်းသို့ ပြောင်းခဲ့သည်။

လက်ဦးဆရာ ကိုလွင်မောင်ကိုယ်တိုင် လက်ထပ်သင်ပေးခဲ့သလို၊ သူ၏ ကိုယ်တိုင်စာဘ်မြင်မှု၊ လုပ်ငန်းကျွမ်းကျင်အောင် လေ့ကျင့်မှုတို့ကြောင့် အခွဲပိုင်းဘက်သို့ အလွယ်တကူ ကူးပြောင်းနိုင်ခဲ့သည်။

ပထမပိုင်းတွင် ငွေကြေးပစ္စည်းရဖို့ကို အဓိကမထားဘဲ ထုံထုံထိုင်းထိုင်းပုံရိပ်ပေါ်လွင်သူများ၏ အိတ်အမျိုးမျိုးကို အလေ့အကျင့်သဘောမျှပြီး မိမိ၏လက်တည်ငြိမ်မှုကို စမ်းသပ်သည့်အနေဖြင့် သားကောင် ဖြစ်နိုင်မဖြစ်နိုင်မရွေးတော့ဘဲ လက်ကစားခဲ့ရသည်။

ခွဲတော့မည်ဆိုလျှင် စိတ်ကိုငြိမ်အောင်ထား။ စိတ်ငြိမ်မှ လက်ငြိမ်သည်။

ခွဲသည့်အခါ လက်မြန်ရမည်။ လက်မှန်ရမည်။

နှိုက်လိုင်းကနေ ခွဲလိုင်းပြောင်းစက အခက်အခဲသဘောများတွေ့ရသည်။

အခွဲလိုင်းမှာ အလေ့အကျင့်မရခင် အသုံးစရိတ်ရှာဖွေရေးအတွက် အနှိုက်ကိုပါ တွဲလက်ဖွဲ့ခဲ့ရသည်။

ခြောက်လလောက်ကြာတော့ ခွဲလိုင်းမှာ ဆရာကြီးအဆင့်သို့ရောက်လာသည်။ ရန်ကုန်တွင်မက မော်လမြိုင်၊ မန္တလေး



www.burmeseclassic.com

www.burmeseclassic.com



စသည့် စီးပွားရေးသမားများ ကျက်စားသော ဒေသများသို့ပါ ကွင်းဆင်းခဲ့သည်။

ငွေကြေးမြက်မြက်သက်သက်ရနိုင်မည့် မှောင်ခိုသမားတို့ သွားလာရာခရီးကြောသို့လည်း ရောက်ခဲ့သည်။

တစ်ခါတစ်ရံ စီမံချက်ဖြင့် သူတို့လောကကို ထိုးဖောက်မွှေနှောက်လာသည့်အခါ သူတို့မှာ ရေကြည်ရာ မြက်နုရာနယ်ကို ရွေးပြီး အရှောင်အတိမ်းလုပ်ကြရသည်။

ရှောင်ရင်းတိမ်းရင်း စားဝတ်နေရေး ဖြေရှင်းရန် လုပ်ကွက်ဖော်ရသည်မျိုးလည်းရှိသည်။

ခွဲပိုင်းဆရာကြီးဖြစ်လာပြီး နောက်တစ်နေ့တွင် မမျှော်လင့်ဘဲ လုပ်ကွက်ကြီးတစ်ခုနှင့် တိုးခဲ့သည်။

စိန်ရွှေပစ္စည်းစုံ ကာလတန်ဖိုး ငါးသိန်းကျော်မျှ လက်ဝယ်ပိုင်လိုက်နိုင်သော လုပ်ကွက်ကြီးမှာ ယုန်ကမတိုးဘဲ ပိုက်ကတိုးလာသောလုပ်ကွက်ကြီးဖြစ်၏။

တစ်နေ့ ...

ဆူးလေဘုရားလမ်းရှိ ဟိုက်ခင်ပျော်ပွဲစားရုံ၌ သူကြိုက်သည့် စပါယ်ရှယ်ထမင်းကြော်၊ ဝက်အူချောင်း အကြွပ်ကြော်နှင့် ဆယ့်နှစ်မျိုးဟင်းချို တစ်ခွက်မှာပြီး နံပါတ်တစ်အတွင်းခန်းနှင့် အနီးဆုံးစားပွဲမှာထိုင်နေသည်။

ထိုစဉ် လူသုံးယောက်ဝင်လာပြီး သူထိုင်နေသည့် စားပွဲနှင့်ဆောင်တိုက်ရှိနေသည့် နံရံကပ်စားပွဲတွင် ဝင်ထိုင်ကြသည်။





နှစ်ယောက်စလုံး ဝတ်စားထားသည်မှာ အတော်လေး သားနားသည်။

တစ်ယောက်က အသက်လေးဆယ်အရွယ်၊ တစ်ယောက်က အသက်လေးဆယ်နီးပါး။

သူတို့နှစ်ယောက်ဝင်လာစဉ် အထူးတလည် မဟုတ်သော်လည်း အမှတ်တမဲ့ပင် လှမ်းကြည့်လိုက်သည်။

ထိုစဉ်မှာပင် သူမှာထားသည့် စားသောက်စရာများ လာချပေးသောကြောင့် ဖတ်လက်စသတင်းစာကို ခေါက်ချပြီး စားသောက်ရန်ပြင်ဆင်သည်။

ထမင်းကြော်သုံးလေးဇွန်းလောက် စားပြီးချိန်တွင် သူ၏အာရုံဓာတ်မှာ စားပွဲပေါ်ရှိ စားသောက်ဖွယ်ရာများဆီမှ တစ်ဖက်စားပွဲဆီသို့ ပြောင်းလဲရောက်ရှိသွားသည်။

သူတို့ပြောနေကြသည်မှာ စိန်ထည်များ အရောင်းအဝယ်ကိစ္စ။

လွန်ခဲ့သည့်တစ်နာရီခန့်က ပါလာသည့် စိန်ထည်များပြသခဲ့ရာ ဝယ်မည့်သူများက ပစ္စည်းတွေကို ကြိုက်နှစ်သက်သော်လည်း ဆိုဈေးနှင့်ပေးဈေး အနည်းငယ်ကွာနေကြောင်း၊ သူတို့တိုင်ပင်စရာရှိသည့် ပါတနာနှင့်တိုင်ပင်ပြီး ဈေးပြန်ညှိရန်အတွက် ညနေလေးနာရီ ချိန်းလိုက်ကြောင်းများ ပြောဆိုနေကြသဖြင့် သူတို့ဘက်သို့ အာရုံစူးရောက်ပြီး နားစွင့်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါဆိုရင် တို့ ပြန်ကြမလား၊ မြို့ထဲမှာပဲ အချိန်ဖြုန်းမလား ဟု တစ်ယောက်က မေးသည်။

တစ်ယောက်က တို့ပြန်လိုက်၊ ညနေ ပြန်လာလိုက်ဆိုရင် လမ်းစရိတ်စားသွားလိမ့်မည်။ ကားခက နည်းတာမဟုတ်ဘူးကွ၊ သုံးလေးနာရီလောက်တော့ မြို့ထဲမှာပဲ အချိန်ဖြုန်းကြတာပေါ့ဟု ပြန်ပြောသည်။

သူတို့နှစ်ယောက် ညှိကြသည်။

တစ်ယောက်က သူ့အမျိုးသမီးရှိသည့် ရုံးကိုသွားမည်ဟု ပြောပြီး အဖော်ဖြစ်သူကိုပါ သူနှင့်လိုက်ခဲ့ဖို့ခေါ်သည်။

လိုက်ခဲ့ဖို့အခေါ်ခံရသူက သမ္မတရုံတွင် နေ့ပွဲကြည့်ပြီး အချိန်ဖြုန်းမည်။

ရုပ်ရှင်ပြီးသည့်အချိန်မှာ မဂိုလမ်းကိုပြန်သွားဖို့ အချိန်အတော်ပဲဟုပြောပြီး သူတို့နှစ်ယောက် ပြန်ဆုံကြမည့်နေရာကို ချိန်းကြသည်။

တိုးအောင်က စားသောက်ရာတွင် ကျသင့်သည့်ငွေပေးချေပြီး ဆိုင်အပြင်သို့ထွက်၍ ရဲရင့်ရုံထောင့်ကနေ သူတို့ထွက်လာမည်ကို မယောင်မလည်စောင့်ကြည့်နေခဲ့သည်။

မကြာခင်မှာပဲ သူတို့နှစ်ယောက် ထွက်လာကြသည်။

သားရေအိတ်လွယ်ထားသူက သမ္မတရုံဘက်သို့ ခြေဦးတည့်၍ တစ်ယောက်က ဆူးလေဘက်ဆီသို့ ခြေဦး ဘည့်ပြီး လမ်းခွဲသွားကြသည်။





သူက ဘယ်သူ့နောက်လိုက်ရမည်ကို မိနစ်ပိုင်းအတွင်း ဆုံးဖြတ်ချက်ချလိုက်သည်။

သားရေအိတ်လွယ်ထားသူနောက်သို့ လိုက်ရမည်။

ဒီလိုပစ္စည်းမျိုးကို အိတ်ကပ်ထဲတွင် ထားလေ့ထားတတ်မရှိကြ။

သားရေအိတ်ထဲမှာ ရှိနေဖို့သေချာသည်။

သူက ဤသို့တွက်ကိန်းချပြီး သမ္မတရုံဘက် ခြေဦးတည့်သူနောက်သို့ လိုက်သွားခဲ့သည်။

သမ္မတရုံတွင် ပြသနေသည့်ကားမှာ လူများပေမယ့် မပြည့်၊ စတောပြည့်သွားသော်လည်း ဒီစီလက်မှတ်ပေါက်မှာ လူမရှိ၊ လက်မှတ်အလွယ်တကူဝယ်လို့ရသည်။

သားကောင်က လက်မှတ်ဝယ်နေစဉ် သူက နောက်နားမှာ သူဝယ်သည့်ခုံတန်းနှင့် ခုံတန်းနံပါတ်ကို ကဲကြည့်လိုက်သည်။

လက်မှတ်ဝယ်ပြီး ထွက်သွားတော့မှ သားကောင်ဝယ်သည့် ခုံနှင့်ကပ်လျက် ခုံနံပါတ်ကိုဝယ်လိုက်သည်။

မုဆိုးနှင့်သားကောင် တွေ့ကြမည့်နေရာမှာ သမ္မတရုံအပေါ်ထပ်မှာ။

သူက ရုံထဲကို စောစောနှင့်မဝင်။

ရုပ်ရှင်ပြသတော့မည့် အချက်ပေးဘဲလ်သံ ထွက်လာတော့မှ ရုံထဲသို့ဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်ပြသည့်အခါ တစ်ရုံလုံး မှောင်ကျသွားသော်လည်း သူတို့ထိုင်သည့် ခုံအထက်ဆီမှ ပိတ်ကားဆီသို့ ဖြတ်သန်းနေသည့် ကာဗွန်အလင်းရောင်လေးတော့ ရှိနေသည်။

ရုပ်ရှင်စတင်ပြသစဉ် သားကောင်ဖြစ်သူက သူ၏အိတ်ကို သူ၏ပေါင်ပေါ်မှာတင်၍ လက်နှစ်ဖက်ကို အိတ်ပေါ်မှာတင်ထားသည်။

အိတ်ကို သတိဝီရိယနှင့် ဂရုတစိုက်ရှိနေသည့်သဘော။

ဒါဆို အိတ်ထဲမှာ ပစ္စည်းပါဖို့ သေချာနေပြီဟု တွက်လို့ရသည်။

သူ၏တွက်ကိန်း မှန်သည်ဆိုသည်ကိုတော့ လက်တွေ့အလုပ်ပိုင်းပြီးမှ အပိုင်ပြောလို့ဖြစ်မည်။

သူတို့နှစ်ယောက်မှာ ရုပ်ရှင်ရုံထဲတွင် ဘေးချင်းယှဉ်လျက် ရုပ်ရှင်ကြည့်နေကြစေကာမူ အာရုံစူးရောက်ပုံချင်းမှာမူ မတူညီ။

အိတ်ပိုင်ရှင်က ရုပ်ရှင်ပိတ်ကားကြီးဆီသို့ အာရုံစူးရောက်နေသည်။

ပိတ်ကားကြီးပေါ်တွင် လှုပ်ရှားနေသည့် အရိပ်များ လှုပ်ရှားမှုနောက်သို့ မြောပါနေသည်။

တိုးအောင်၏အာရုံစူးရောက်မှုမှာ ပိတ်ကားပေါ်သို့မဟုတ်။

ပစ္စည်းတွေပါသည်ဟု ယူဆရသော အိတ်အရွေ့အပြောင်း လုပ်မည့်အချိန်ကို အာရုံစူးရောက် ကြည့်ရှုနေသည်။





ထိုစဉ် အိတ်ပိုင်ရှင် ကိုယ်တော်ချောက ထိုင်ရာမှထပြီး ရေအိမ်ရှိရာဘက်သို့ ထွက်သွားသည်။

ပေါင်ပေါ်တင်ထားသည့် အိတ်ကို လက်က ပိုက်လျက်သား။

အပေါ့စွန့်ပြန်လာပြီး ပြန်အထိုင်တွင် အိတ်ကို ပေါင်ပေါ် မတင်တော့ဘဲသူ၏ ညာဘက်ဘေးမှာချပြီး အိတ်ကို ပေါင်နှင့် ထိကပ်၍ ထိုင်သည့်ပုံစံသို့ ပြောင်းလိုက်သည်။

ကံအားလျော်စွာပဲဆိုရလေမလား။

အိတ်မှာ သူထိုင်နေသည့်ဘယ်ဘက်တွင် ယှက်သန်းနေသည်။

အိတ်ကိုခွဲဖို့မှာ ငက်ပျောသီးအခွံနွှာသည့်ထက်ပင် လွယ်နေသည်။

သွားရင်းလာရင်း အိတ်ခွဲရသည်မှာ ခုလောက်မလွယ်။

ပတ်ဝန်းကျင် မျက်လုံးတွေကြားထဲမှာ လှုပ်ရှားရသမို့ အချိန်လုပြီး မြန်မြန်သွက်သွက်လုပ်ရသည်။

ခုဟာက အေးအေးသက်သာ စိမ်ပြေနပြေ လုပ်လို့ရသည်။

ပတ်ဝန်းကျင် မျက်လုံးပေါင်းစုံမှာ သူတို့အပေါ်သို့ ဘယ်လိုမှမစူးရောက်၊ အဝေးပိတ်ကားကြီးဆီသို့သာ စူးရောက်နေကြသည်။

စိတ်အာရုံကို ရုပ်ရှင်ဇာတ်ကားထဲမှာ နစ်မြုပ်ထားကြသည်။

ကံစမ်းမဲကို အေးအေးဆေးဆေးဖွင့်လို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

အောင်ဘာလေလား ဗလာလားဆိုသည်ကိုတော့ အတတ်မပြောနိုင်သေး။

သူက အိတ်နှင့် နွားကလေးထဲသို့ သူ၏လက်ကို ညင်ညင်သာသာလျှောဝင်လိုက်သည်။

ညာလက်နှင့် ခွဲရသည်မဟုတ်ဘဲ ဘယ်လက်နှင့်ခွဲရမည်ဖြစ်သောကြောင့် အနည်းငယ် ပို၍ဂရုစိုက်ရသည်။

အိတ်က ဘယ်ဘက်မှာ ညာလက်သွင်းလို့ သိပ်အဆင်မပြေ။

ဘယ်လက်နှင့် ပို၍ အဆင်ပြေသမို့ အဆင်ပြေသလိုပဲ လုပ်ရမည်။

အခွဲသမားက ဘယ်ညာရွေးလို့မရ။ သူတို့လုပ်ငန်းက လျှပ်တစ်ပြက်အတွင်း အဆင်သင့်သလိုလုပ်ရသည်။

လေ့ကျင့်စဉ်ကပင် ဘယ်ရောညာပါ အလုပ်ဖြစ်အောင် လေ့ကျင့်ထားရသည်။

ဘယ်လက်တွာ ညာလက်လောက်မသန်စေကာမူ အကျပ်အတည်းတွေ့သည့်အခါ အလုပ်ဖြစ်အောင်တော့ လုပ်နိုင်စွမ်းသည်။

ပြသနေသည့်ဓာတ်ကားမှ ဓာတ်ရှိန်အမြင့်ဆုံးအပိုင်းသို့ရောက်သည့်အချိန်တွင် အိတ်အတွင်းမှ မာကျောအထုပ်မှာ သူ၏လက်တွင်းသို့ ရောက်နေခဲ့ပါပြီ။

အထုပ်ကို အင်္ကျီအောက်ပိုင်းရှိ သူ့ခိုးအိတ်ထဲသို့ ပြောင်းရွှေ့ထည့်လိုက်ပြီး အပေါ်သွားမည့်ပုံဟန်ဖြင့် ထလာခဲ့သည်။





ဒီစီအိမ်သာခန်းရှိရာ ဝင်ပေါက်မှ အပြင်သို့ထွက်၍ အပြင်လူများမရိပ်မိအောင် အပေါ်ထပ်ဆိုင်တွင် အအေးတစ်ပုလင်းနှင့် စီးကရက်မှာသောက်ရင်း ငါးမိနစ်လောက် အချိန်ဖြုန်းနေလိုက်သည်။

ထိုမှ မယောင်မလည် အောက်ထပ်သို့ဆင်းခဲ့ပြီး တံခါးစောင့်အား ခေါင်းမူးလို့ အိမ်ပြန်မည့်အကြောင်းပြော၍ အပြင်သို့ထွက်ခဲ့သည်။

အိတ်အခွဲခံလိုက်ရသည့်သူမှာ သူ၏အိတ် အခွဲခံလိုက်ရကြောင်းကို ရုပ်ရှင်ပြီးမှသော်လည်းကောင်း၊ ဒါမှမဟုတ် ရုံအပြင်သို့ရောက်မှသော်လည်းကောင်း သိမှာသေချာသည်။

အဲဒီအချိန်လောက်ဆို သူက အိမ်ပြန်ရောက်နေပြီ။

သူ အိမ်ပြန်ရောက်သည့်အခါ သူ့ဆရာကြီး ကိုလွင်မောင်အိမ်မှာမရှိ။

သူက အိမ်သာထဲဝင်၍ ကတ္တီပါအိတ်ရှုံ့နှင့် ဂွမ်းအထပ်ထပ်ပတ်ထားသည့်အထုပ်ကို ဖြေကြည့်လိုက်သည့်အခါ သူ၏မျက်လုံးများ ပြာဝေသွားသည်။

စိန်အကြောင်းနားမလည်သော်လည်း အရောင်တလက်လက်ထွက်နေသည့် တောက်တောက်ပပ စိန်ထည်များမှာ သူ၏မျက်စိကို ကျိန်းစပ်လုမတတ်ဖြစ်သွားရသည်။

ပစ္စည်းများ ပြန်ထုပ်ပြီး ဒီနေ့ရလာသည့်ပစ္စည်းများကို ကိုလွင်မောင်အား အကုန်ပြသင့်မပြသင့် စဉ်းစားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာက လောဘသား။

မစို့မပို့ရလာစဉ်က ဒီလိုအတွေးမျိုး၊ ဒီလိုစဉ်းစားတာမျိုး မဖြစ်ပေါ်ခဲ့။ ရတာအကုန်ပြသည်။ ဆရာသမားအတွက် ဖယ်ပြီး ပေးတာကို ကျေကျေနပ်နပ် ရယူခဲ့သည်။

ခုတစ်ခေါက်က သိန်းဂဏန်းပေါက်မည့်ပစ္စည်းတွေ ရလာသည်။ လောဘတက်သည့်အလျှောက် ကိုလွင်မောင်ကို ပြသင့်သလောက်ပဲပြပြီး တချို့တစ်ဝက်ဖယ်ထားရင် ကောင်းမလားဆိုသည့် အတွေးစဉ်ဝင်လာသည်။

ထိုအတွေးနှင့် စဉ်းစားပုံမှာ သူ၏ခေါင်းထဲတွင် ကြာကြာ ထင်မနေ။

ကိုလွင်မောင်မှာ ဆရာသမားဆိုလည်းဟုတ်သည်။ ကျေးဇူး ရှင်ဆိုလည်းဟုတ်သည်။ သူတို့လုပ်ငန်းနှင့် မပတ်သက်ခင်ကတည်း က သူ့ကို ကျွေးမွေးထောက်ပံ့ပေးကမ်းခဲ့သူဖြစ်သည်။

ခုလို စို့စို့ပို့ပို့လေးရလာတော့မှ ကျေးဇူးရှင်ဆရာသမားကို တစ်ပတ်မရိုက်သင့်ဆိုသည့် အတွေးမှန် အသိမှန်လည်း ခေါင်းထဲ သို့ ဝင်လာသည်။

ပြီး ခုကိစ္စမှာ ပစ္စည်းတန်ဖိုးကြီးမားသည့်အလျောက် ရဲတပ် ဖွဲ့က အပူတပြင်းလိုက်မှာသေချာသည်။

ထိုအခြေအနေမျိုး ဖြစ်လာခဲ့သော် ဘာဆက်လုပ်ရမည်ကို သူမသိ။

အဲဒီကိစ္စမျိုးနှင့်ပတ်သက်ပြီး အတွေ့အကြုံလည်းမရှိသေး။





ယခင်က သောင်းဂဏန်းလောက်အထိပဲ အများဆုံးရဖူး သည်။ ပစ္စည်းရှင်တို့ အပြောအရဆိုပါမူ သူရလာသည့် ပစ္စည်းမှာ လေးသိန်းအထက်တွင် ရှိနေသည်။

သူက အပြင်ကိုမထွက်တော့ဘဲ သူ့ဆရာ ကိုလွင်မောင် အပြန်ကို စောင့်နေလိုက်သည်။

ကိုလွင်မောင်က ညနေစောင်းမှပြန်လာသည်။

ဧည့်သည်နှစ်ယောက်ပါ ပါလာသောကြောင့် သူ့ကိစ္စ ပြောဖို့ အခွင့်မသာသောကြောင့် ဧည့်သည်ပြန်မည့်အချိန်ကို စောင့်နေရပြန်သည်။

ဧည့်သည်တွေက တော်တော်နှင့် ပြန်မည့်ပုံမပေါ်။

သောက်ဝိုင်းဖွဲ့ဖို့ တာစူနေပုံကိုထောက်ခြင်းအားဖြင့် ညဉ့် နက်မှပြန်မည်ပုံပေါ်သည်။

သူ့မှာက နေမထိထိုင်မသာဖြစ်နေသည်။ အလိုလိုနေရင်း စိတ်ထဲမှာလည်း ကျီးလန့်စာစား ခံစားနေရသည်။

ကိုလွင်မောင်က သူတို့လောကမှာ ရဲတပ်ဖွဲ့အသိပြုခံကျော် သူတစ်ယောက်လည်းဖြစ်သည်။

အမှုကြီးတစ်ခုပေါ်ရင် ရဲက ကိုလွင်မောင်တို့လို နာမည် ကြီးတွေဘက်ကို ဦးလှည့်ကြစမြဲရှိတတ်သည်ကို သူလည်းသိ၏။

အကယ်၍များ ကိုလွင်မောင်ဘက် ဦးတည်လာရင် သူလည်း စက်ကွင်းမလွတ်ဖြစ်မည်ကို အတွေးရောက်သွားသည်ကြောင့် စိတ်မလုံမလဲဖြစ်ပြီး သွေးလန့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အဲဒီညက ကိုလွင်မောင်တို့အိမ်မှာ မအိပ်ဘဲ ကြို့ကုန်းဘက်ရှိ သူတို့ဘော်ဒါတစ်ယောက်အိမ်မှာ သွားအိပ်ဖို့ ဆုံးဖြတ်လိုက်ရသည်။

အထုပ်ကို တစ်ပါတည်း ယူသွားရမလား။ ဒါမှမဟုတ် ကိုလွင်မောင်တို့အိမ် တစ်နေရာရာမှာပဲ ဝှက်ထားရမလား။ ဒါကို မဝေခွဲနိုင် ဖြစ်နေပြန်သဖြင့် တော်တော်နှင့်မထွက်ဖြစ်။

နောက်ဆုံး အမှောင်ရိပ်သမ်းလာချိန်တွင် အိမ်ခေါင်းရင်းဘက်တွင် စိုက်ထားသည့် မယ်တော်ဂမုန်းပန်းအိုးကြီးကိုမ,၍ မြေကျင်းလေးတူးပြီး အထုပ်ကလေးကို မြှုပ်ထားလိုက်သည်။

ပြီးတော့မှ ပန်းအိုးကို မူလနေရာအတိုင်း ပြန်ထားခဲ့သည်။

အဲဒီတော့မှ စိတ်ထဲမှာ ပေါ့သွားသည်။

ကိစ္စရှိမှ အိမ်ပေါ်ပြန်တက်ပြီး ကိုလွင်မောင်ကို အပြင်သွားမည့်အကြောင်း ခွင့်တောင်း၍ထွက်ခဲ့သည်။

အရှိန်ရပြီးလေကြောမိနေသည့် ကိုလွင်မောင်က ဘာမှ မမေးမြန်းဘဲ အေးအေးဟုပြောပြီး ခေါင်းညိတ်လိုက်သည်။

ကြို့ကုန်းက ရွှေလှတို့အိမ်ရောက်တော့ ညရှစ်နာရီထိုးနေပြီ။

ရွှေလှက ရေချိန်ကိုက်နေပြီ။

"ဟေ့ကောင်ကြီး မိုးကြီးချုပ်မှ ဘယ်လိုမျက်စိလည်ပြီး ရောက်လာတာလဲ၊ မင်း ဒီနေ့အလုပ်ဖြစ်လာပြီထင်တယ်၊ အချင်းချင်းမလျှို့နဲ့နော်၊ ကဲ ... ပြော ဘာတွေဘယ်လိုဖြစ်လာတာလဲ"





ရွှေလှ၏အမေးကြောင့် သူ့ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားသည်။ ဒီနေ့ကိစ္စကို ရွှေလှများ သိနေပြီလားလို့။

ဣန္ဒြေမပျက်အောင်ထိန်းပြီး ခပ်တည်တည်ပြန်ဟောက်လိုက်ရသည်။

"ပြေးကြ ပြိမနေစမ်းနဲ့၊ မင်းက အလုပ်ဖြစ်ထားတဲ့အကောင်ဆိုတော့ ငြိမ့်နေတာပေါ့၊ ငါက ပိန်နေလို့ စိတ်ပျက်ပျက်နဲ့ ခြေဗွေမွေ့ရင်း မင်းဆီရောက်လာတာ၊ ဒီနေ့တော့ ဟာနေတဲ့ငါ့ဗိုက်ကို ဖြည့်ပေးဖို့ မင်းအလှည့်ပဲ၊ ဒီည ဒီမှာပဲအိပ်မယ်"

ရွှေလှက သူ့ယောက်ဖကို စားစရာများ သွားဝယ်ခိုင်းလိုက်သည်။ သူက အသောက်သမားမဟုတ်လို့ သောက်စရာတော့ မပါ။

အဲဒီညက တော်တော်နှင့်အိပ်မပျော်။

ရေ့မှ ကြုံတွေ့လာရမည့်ပြဿနာက သေးသေးကွေးကွေးမဟုတ်။ သူတို့လောကသားတွေ အကုန်လုံးပြဿနာတစ်ထွေးကြီးရစ်ဝိုင်းလာမည့်ကိစ္စ။

သည်အထဲမှာ သူလည်းပါသွားနိုင်သည်။

ကိုလွင်မောင်တို့လို ကျော်ဇောသတင်းကြီးသူတွေ အားလုံးကို ဆွဲမှာသေချာသည်။

သူ ယတိပြတ်ဆုံးဖြတ်လိုက်သည်။

အဲဒီကိစ္စကို မည်သူ့ကိုမှ ဖွင့်မပြောတော့ဘဲ လျှို့ဝှက်ထားလိုက်တော့မည်ဟု။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတော့ သူ အိမ်ပြန်သွားသည်။

ထင်သည့်အတိုင်း ဆရာကိုလွင်မောင် ပါသွားပြီ။

မနက်လင်းအားကြီးအချိန် လာဆွဲသွားကြောင်းသိလိုက်ရသည်။

ရှောင်နေလိုက်လျှင် ကိုယ့်ကိုယ်ကိုယ်ဖော်သူအဖြစ်မျိုး ရောက်သွားမည်။

ဣန္ဒြေမပျက် နေလိုက်သည်က အဖမ်းအဆီးရှိလာသည့် တိုင် အကြောင်းမဟုတ်။ ခုကိစ္စက သူတစ်ယောက်တည်းသာ သိသလိုကိစ္စ။

သူ မဖော်ရင် ပြဿနာပေါ်စရာမရှိ။

ပစ္စည်းဝှက်ထားသည့်နေရာကလည်း မထင်မှတ်စရာနေ ရာမို့ အကြောင်းမဟုတ်။

လေလောဆယ် ပစ္စည်းကို မထုခွဲလျှင် ခြေရာအကောက် ခံရဖို့ ရှင်းပြတ်နိုင်သည်။

ပြီး ထိုစဉ်က သူသည် နာမည်ကြီးခါးစာရင်းမပေါက်သေး။

ဣန္ဒြေမပျက်ဘဲ နေလိုက်သည်။ လှုပ်ရှားမှုခြေယောင်ကို လုံးဝမပြတော့။

သုံးရက်မြောက်နေ့။ ကိုလွင်မောင် ပြန်လွှတ်လာသည်။

ကိုလွင်မောင်တို့လို နာမည်ကြီးအတော်များများမှာမှ ပြန် မလွှတ်သေး။

စစ်ကြောဆဲ အခြေအနေမှာပဲ ရှိသေးသည်။





ကိုလွင်မောင် အပါအဝင် သုံးလေးယောက်ကို ပြန်လွှတ် လိုက်ခြင်းမှာ သူတို့၏လှုပ်ရှားမှုကို စောင့်ကြည့်ရန်အတွက် ကြိုးလှန် ပေးလိုက်သည့်သဘောဖြစ်၏။

သူက ကိုလွင်မောင်ကို ဒီအကြောင်း ဘာမှမပြောဘဲ ရှောင် နှုတ်ပိတ်နေလိုက်သည်။

ကိုလွင်မောင်တို့လို ခါးဝိဇ္ဇာများလည်း အတော်လေး အတွေး ရခက်ကြီးဖြစ်ကုန်ကြသည်။ ဒီအမှုဟာ သူတို့လောကသားများ နှင့်ဘယ်လိုမှ မပတ်သက်နိုင်ကြောင်း ကောက်ချက်ဆွဲကြသည်။

အိတ်ခွဲခံရသူက လှည့်ကွက်ရိုက်သလားဆိုသည့် ထင်မြင် ချက်ရှိလာသည့်အတိုင်း စုံစမ်းကွက်ပြောင်းသွားသည်။

နောက်ဆုံးတွင် တရားခံမပေါ်သော အမှုတစ်ခုအဖြစ် မှတ်တမ်းဝင်သွားသည်။

ရဲက သူတို့လောကကို ပိုက်စိပ်တိုက် မွှေနှောက်ခဲ့သလို စိန်အရောင်းအဝယ် ဗဟိုချက်မဖြစ်သည့် မဂိုလမ်းနှင့် စိန်ပွဲစား လောကကိုလည်း မွှေနှောက်ခဲ့သည်။

ဒါပေမဲ့ တိုင်ချက်ပါစိန်ထည်နှင့်တူသယောင် ပစ္စည်းများ ကိုသာ တွေ့ခဲ့သည်။

တကယ်တော့ သမ္မတရုံထဲမှာ ရပ်ရှင်ကြည့်ရင်း မမျှော်လင့် ဘဲရခဲ့သည့် စိန်ထည်ပစ္စည်းများမှာ တစ်နှစ်နီးပါး မြေတွင်းအောင်း နေခဲ့သောကြောင့် အစွန်းအစမပေါ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လောကသားတွေက ရွှေထည်၊ စိန်ထည်ပစ္စည်းများ ရလာပြီဆိုရင် တစ်ပတ်နှစ်ပတ်သော်မှ မအောင့်အည်းနိုင်ကြ။

ရက်ပိုင်းအတွင်း ထုခွဲပြီး ရက်ပိုင်းအတွင်း ဖောဖောသီသီ သုံးကြဖြုန်းကြသည်။ ကိုယ့်အခြေအနေနှင့် မအပ်စပ်သည်များကို ဝယ်ကြ ဝတ်ကြသည်။

အဲဒီကနေ သဲလွန်စခြေရာကောက်မိပြီး မီးခိုးကြွက်လျှောက် ပေါ်တတ်စမြဲရှိသည်။

ပြီး သူတို့လောကသားအချင်းချင်း ဘယ်သူ့လက်ရာဖြစ်နိုင်သည်၊ ဘယ်သူတော့ ဖြစ်နိုင်သည်ဟု ခန့်မှန်းနိုင်ကြသည်။

ခုကိစ္စမှာ သူတို့အချင်းချင်းပင် ခန့်မှန်းရခက်၊ တွက်ဆရခက်၊ တွေးရခက်ကြီးဖြစ်နေကြသည်။

သူ့အပေါ်ကိုတော့ နည်းနည်းလေးမှအထင်မရောက်ကြ။

သူ့မှာက ငွေကြေးသုံးစွဲစရာပြဿနာမရှိ။

သံဘူးတစ်ဘူးဖြင့် ပစ္စည်းများကိုထည့်၍ နဂိုနေရာတွင်ပင် ပြန်မြှုပ်ထားလိုက်သည်။ ထိုပစ္စည်းကို သူ့ဆရာသမား ကိုလွင်မောင်ကိုပင် မပြောတော့ဘဲ နေလိုက်သည်။

ဏ္ဍမြေမပျက်နေပြီး ပုံမှန်လုပ်ငန်းကို ဆက်လုပ်နေခဲ့သည်။ သို့တစေ ဆင်ဆင်ချင်ချင်လုပ်သည်။ အန္တရာယ်ကြောကို ရှောင်သည်။ ပိုင်မှလုပ်သည်။

အဲဒီကြားထဲကနေ လက်ရှိဘဝကနေ ဘယ်လိုရုန်းထွက်ရမလဲဆိုတာကိုလည်း စဉ်းစားခဲ့သည်။





ရသည့်အထုပ်ကို ပိုက်ပြီး နေရင်းဒေသကို ပြန်ပြီးအခြေချရမလား။

မည်သို့မျှ မဝေခွဲနိုင်ဖြစ်နေသည့် သူ့ဘဝကို တစ်ဆစ်ချိုး အပြောင်းအလဲဖြစ်စေမည့် အကြောင်းတစ်ရပ် ဖြစ်ရှိလာသည်။

ရန်ကုန်ခွင်ကို ခြေရာဖျောက်သည့်အနေဖြင့် မော်လမြိုင်ရထားလိုင်းဘက်သို့ လုပ်ကွက်ပြောင်းခဲ့သည်။

မှောင်ခိုသမားတွေ လုပ်ငန်းခွင်ကောင်းသည့်အလျောက် ငွေလုံးကြေးလုံး ကိုင်ပြီး သွားလာလှုပ်ရှားနေကြသည့် မော်လမြိုင်ရထားပေါ်မှာ အခွဲကျွမ်းသည့် တိုးအောင်အတွက် အလုပ်ဖြစ်နေသည်။ မော်လမြိုင်ရထားတွင်သာမက မော်လမြိုင် ကြံ့ခိုင်းသင်္ဘောပိုင်းတွင်လည်း လှုပ်ရှားခဲ့သည်။

မော်လမြိုင်ရထားတွင်တော့ မော်လမြိုင် ကြံ့ခိုင်းသင်္ဘောပိုင်းတွင်လည်း လှုပ်ရှားခဲ့သည်။

မော်လမြိုင်ရထား ထိုစဉ်ကာလက မှောင်ခိုရထားဟု ခေါ်တွင်သော ရထားပေါ်တွင် လှုပ်ရှားခဲ့စဉ် ယာယီဖူးစာရှင် မခင်နွဲ့ရီခေါ် ရီလေးနှင့် တွေ့စုံခဲ့ရသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com

## (ခုနစ်)

မခင်နွဲ့ရီ ခေါ် ရီလေးက လုံးကြီးပေါက်လှမော်လမြိုင်သူ။

အချောအလှရိုပ် ထူထူထပ်ထပ်ကြီး မရှိပေမယ့် အပြော အဆို လှုပ်ရှားဟန်နှင့် ကန့်ကရ အပြုအမူအနေအထိုင်က ဆန့် ကျင်ဘက်လိင်များကို ဆွဲဆောင်နိုင်အား လွှမ်းရစ်သူ။

ကယ်ရီယာခေါ် ပစ္စည်းအသယ်အပို့ မိန်းကလေးခြောက် ယောက်ကို ဦးစီးပြီးလှုပ်ရှားနေသူ။

ထိုစဉ်ကာလက ထိုလိုင်းတွင် အရေးပါသော မီးရထားဝန် ထမ်းပိုင်းနှင့် ရာဇဝတ်ရေးအဖွဲ့များကို ပြေလည်အောင် ပေါင်းသင်း နိုင်သူထဲမှာ ရီလေးတစ်ယောက်လည်း ပါဝင်သည်။

မခင်နွဲ့ရီက မော်လမြိုင်နှင့်ရန်ကုန်သို့ တစ်လကို လေး ခေါက်မှ ခြောက်ခေါက်အထိ သွားလာလှုပ်ရှားစမြဲရှိခဲ့သည်။

ကိုတိုးအောင်က တစ်လမှာ သုံးလေးခေါက် လူးလာခေါက် တုံ့ လှုပ်ရှားနေသူ။





သုံးလေးလအတွင်းမှာ သူတို့နှစ်ယောက် မျက်မှန်းတန်းမိ လာသည်။

အကြည့်ချင်း အဆုံမျှားလာသလို အပြုံးလေးများလည်း ရောစွက်ဖိတ်တွဲလာသည်။

မခင်နွဲ့ရီက သူ့ကို သူတို့လိုပင် လှုပ်ရှားနေသူတစ်ယောက် ဟု ထင်နေသည်မှာမဆန်း။

ထိုလိုင်းတွင် အတွေ့အကြုံများသူတိုင်း မှောင်ခိုလုပ်ငန်း နှင့် ဆက်နွယ်မှုရှိသူများသာ ဖြစ်သည့်အလျောက် တစ်ဦးနှင့် တစ်ဦး လုပ်ငန်းအကြောင်း မေးစရာမလို။

လုပ်ငန်းအကိုင်အတွယ် အကြီးအသေးကိုသာ ခန့်မှန်းစရာ ရှိသည်။ ချစ်မိကြသည်။

ရီလေးက သူ့အပေါ် ချစ်သည့်အချစ်မှာ လေးလေးနက် နက်ဟု မဆိုသာပေမယ့် သူ့အပေါ်လိုက်လျောမှုကိုတော့ အစွမ်း ကုန်ပေးအပ်ခဲ့သည်။

သူကတော့ ရီလေးကို အရူးအမူးချစ်ခဲ့သည်။

ဘဝတစ်သက်တာ လက်တွဲဖော်အဖြစ် သတ်မှတ်ခဲ့ရသလို သူရထားသည့်ပစ္စည်းများကို ထုခွဲပြီး ရီလေးနှင့်လက်တွဲ၍ ဘဝ သစ်တစ်ခု တည်ဆောက်တော့မည်ဟု ဆုံးဖြတ်ခဲ့သည်။

သူ့မှာ ငွေကြေးအတော်အသင့်ရှိသည့်အကြောင်း၊ ရီလေး နှင့်အတူ စီးပွားရေးလုပ်ငန်း လက်တွဲပြီး တစ်အိုးတစ်အိမ် ထောင်ဖို့အထိ ဖွင့်ပြောခဲ့သည်။



www.burmeseclassic.com

ရီလေးက သူ့အကြောင်းကို ဖွင့်ပြောသည်။

သူက မုဆိုးမတစ်ယောက်ဖြစ်သည့်အကြောင်းနှင့် လက်ရှိလုပ်ငန်းမှာ သူပိုင်ငွေကြေးနှင့်လုပ်နေရသည်မဟုတ်ကြောင်း၊ ငွေရှင်တစ်ယောက်၏ လက်ဝေခံအဖြစ် လုပ်ကိုင်နေရသည့်အကြောင်းကို ပွင့်ပွင့်လင်းလင်းဖွင့်ပြောလာသည်။

သူ့မှာ မိသားစုတာဝန်ကို ယူရသည့်အတွက် လက်ရှိအလုပ်ရှင်နှင့် လက်တွဲဖြုတ်၍ မဖြစ်နိုင်သည့်အကြောင်းနှင့် ယောင်နောက်ဆံထုံးပါ မလုပ်နိုင်သည့်အတွက် ကိုယ့်ငွေကြေးနှင့် လုပ်နိုင်သည့် အခြေအနေရှိလာရင် သူ၏ဆန္ဒကို လိုက်လျောမည့်အကြောင်းပြောသည်။

ရီလေးက သူမအကြောင်းကို ပွင့်ပွင့်လင်းလင်းပြောပြီးနောက် သူ့အကြောင်းကို မေးလာသည်။

"ရီလေးအကြောင်းကိုတော့ ပြောပြီးပြီ၊ အစ်ကို့အကြောင်းကို ပြော"

သူက ရုတ်တရက်ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

"နေဦး အစ်ကိုသိချင်တာလေးတွေ မေးရဦးမယ်၊ ရီလေးပြောတာကို မယုံလို့မဟုတ်ဘူးနော်၊ သိထားသင့်တယ်လို့ ထင်တာကို သိရအောင်မေးရတာ"

သူက ရီလေး၏ပထမအိမ်ထောင်အကြောင်း လက်ရှိလုပ်နေသည့်လုပ်ငန်းအကြောင်းနှင့် မိသားစုအကြောင်းမေးရသည်။





ပထမအိမ်ထောင်မှာ သူတို့မှောင်ခိုလောကသားတစ်ဦးဖြစ်၍ သွားရင်းလာရင်းဆုံကြပြီး နှစ်ဖက်မိဘများ သဘောဆန္ဒနှင့်အညီ အိမ်ထောင်ပြုခဲ့သည်။

တစ်နှစ်ပဲပေါင်းလိုက်ရသည်။

နယ်စပ်ကို တောလမ်းကသွားရင်းမှ ဒုတိယအခေါက်တွင် ငှက်ဖျားမိပြီး လမ်းမှာတင်ဆုံးပါးသွားကြောင်း၊ အတူသွားသူများပြန်ပြောမှသိရလို့ အလောင်းကို မတွေ့လိုက်ရပေမယ့် ထုံးစံအတိုင်းဆွမ်းသွတ်လိုက်ရကြောင်းများ အပါအဝင် ပထမအိမ်ထောင်အကြောင်းပြောပြသည်။

ဒုတိယပြောပြသည်က သူမ၏လုပ်ငန်းရှင်နှင့် ဆက်နွယ်ပတ်သက်ရာ လုပ်ငန်းအကြောင်းများနှင့် လုပ်ငန်းသဘောအရ မဆက်ဆံ၍မဖြစ်သူများနှင့် ဒွေးရောယှက်တင် ပလူးပလဲဆက်ဆံရသည်များရှိသော်လည်း ကိုယ်မပါအောင်ထိန်းသိမ်းခဲ့ကြောင်း၊ ဖခင်မရှိ၊ မိခင်ကြီးနှင့် မောင်နှမသုံးယောက် အတူနေထိုင်ကြောင်း။

မောင်လေးက သူမ၏အလုပ်ရှင်အိမ်က မုဒုံလိုင်းပြေးကားမောင်းကြောင်း၊ ညီမဖြစ်သူက အိမ်မှုကိစ္စ တာဝန်ယူကြောင်း။

လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းမှာ ကိုယ်ပိုင်ငွေကြေးနှင့် မလုပ်နိုင်ဘဲ လက်ဝေခံလုပ်ရသောကြောင့် စားဝတ်နေရေး ပြေလည်ရုံသာရှိကြောင်း စသည့် သူတို့မိသားစုအခြေအနေကို မချွင်းမချန် ပြောပြခဲ့သည်။

www.burmeseclassic.com



သူက ခါးလောကတွင် ကျင်လည်ခဲ့ရသည့် အကြောင်းကို ဇာတ်မြုပ်၍ သူ့အကြောင်းနှင့်သူ သူ့အခြေအနေကို မခြွင်းမချန် ဖွင့်ဟလိုက်ရသည်။

သူ့မှာ ငွေကြေးအသင့်အတင့်ရှိကြောင်း၊ လေးငါးသောင်းလောက်နှင့် အရင်းအနှီးပြုပြီး သူတို့နှစ်ယောက် လက်တွဲကြဖို့ကိုလည်း သဘောထားညှိကြည့်သည်။

ရီလေးက မိန်းမသားတို့ အထာအတိုင်း ချက်ချင်းလက်မခံ။

အပြောနှင့် မလွှမ်းချင်။

လက်တွေ့ အကောင်အထည် ဖော်နိုင်မည့်အဖြစ်ကို စကားပရိယာယ်သွယ်၍ တောင်းဆိုလာသည်။

"ကျွန်တော်လည်း အဲဒီတော့မှ ဆရာကိုလွင်မောင်ကို ပစ္စည်းတွေကိစ္စနဲ့ အိမ်ထောင်ပြုမည့်ကိစ္စကိုပါ ဖွင့်ပြောလိုက်ရပါတယ်၊ ပစ္စည်းတွေကိစ္စပြောတော့ ဆရာကိုလွင်မောင် အတော့်ကို အံ့သြသွားတယ် ...

"မထင်မှတ်စရာစကား ကြားလိုက်ရသလို ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်၊ ဒီပစ္စည်းတွေကို ခုလောက်အထိ ဘာမှ မလုပ်ဘဲ ဝှက်ထားနိုင်တာကိုလဲ လက်ဖျားခါသွားပါတယ်၊ ဒီကိစ္စက ကျွန်တော် ဖြစ်လိမ့်မယ်လို့ သူ လုံးဝမထင်ခဲ့သည့်အကြောင်းကိုပါ ဖွင့်ပြောခဲ့ပါတယ် ...



"ကျွန်တော်က အဲဒီနေ့ကတည်းက ဆရာသမားကို ပြောဖို့ ပြန်ခဲ့တာဖြစ်ပေမယ့် ညှိသည်တွေပါလာလို့ မပြောဖြစ်တဲ့အကြောင်းနဲ့ နောက်ပိုင်းဖြစ်လာတဲ့ အခြေအနေတွေကြောင့် မပြောဖြစ်ခဲ့တဲ့အကြောင်းပြောပြီး ဆရာ့ကို တောင်းပန်လိုက်ရပါတယ်"

ပစ္စည်းတွေ ဘယ်လိုထုခွဲရမည်ကို သူကမကျွမ်း။

ပစ္စည်းတွေ ဘယ်လိုထုခွဲရမည်ကို မကျွမ်းဘဲ အရောင်းဈေးကွက်ထဲဝင်လျှင် တစ်ချက်တည်းနှင့် ကွိခနဲ လက်ထိတ်ကွင်းထဲ လက်ရောက်သွားမည်။

သူတို့လောကသားများနှင့် အဆက်အဆံ အဆက်အသွယ်ရသည့်နေရာတွင်သာ ပစ္စည်းကို ထုခွဲလို့ရသည်။

ရွှေထည်ကို ထုခွဲဖို့က အကြောင်းမဟုတ်။

စိန်နှင့် ပတ္တမြား နီလာ စသည့် ကျောက်မျက်ရတနာများကို ထုခွဲဖို့ကြတော့ ကိုယ့်ဟာကိုယ် ရောင်းရေးဝယ်တာ လုပ်လို့မရ။

လက်ခံထုခွဲပေးမည့် အဆက်အသွယ်သမားထံ ပို့ရသည်။

တန်ရာတန်ဖိုး မရစေကာမူ နောက်ကြောင်း စိတ်ချရသည်။

"ကျွန်တော်တို့ လောကသားတွေက ငွေသားရမှသာ အပြည့်အဝ သုံးစွဲရတာပါ၊ ခုလိုပစ္စည်းကြီးမျိုးတွေ ရလာရင် တန်ရာတန်ကြေးရယ်လို့ မရကြပါဘူး၊ နောက်ကြောင်းရှင်းဖို့ကို အဓိကထားပြီး လက်ခံထုခွဲပေးတဲ့ အဆက်အသွယ်သမားထံ ပို့ရပါတယ်၊ တန်ရာတန်ကြေးထက် တစ်ဝက်ကြေးလောက်နဲ့ ထုခွဲရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေကို ကိုလွင်မောင်က ထုခွဲပေးနေကြ ဖောက်သည် ဆီပို့ပြီး ထုခွဲပေးသည်။

ဘယ်၍ဘယ်မျှ ရသည်ကိုတော့ အတိအကျမသိ။

လက်ထဲအရောက် ဆရာကိုလွင်မောင် ပေးလာသည့်ငွေမှာ တစ်သိန်းနှစ်သောင်း။

စိတ်ထဲမှာ နည်းသည်ဟု အထင်သက်ရောက်သော်လည်း ပြော၍မကောင်းသော အကြောင်းကြောင်းကိုထောက်၍ ဘာမှမပြောတော့ဘဲ ရလာသမျှကို လက်ခံပြီး ရီလေးနှင့်ကိစ္စ အကောင်အထည်ဖော်ဖို့ကိုသာ အာရုံစိုက်လိုက်သည်။

ရီလေးနှင့် လက်တွဲပြီး သူတို့လုပ်ငန်းခွင်ထဲဝင်၍ လုပ်ကိုင်ရန် ဆုံးဖြတ်ထားသည့်အတိုင်း ထိုကိစ္စကို အကောင်အထည်ဖော်လိုက်သည်။

အပြောနှင့်မဟုတ် လက်တွေ့အပြနှင့် ပြောနိုင်ဆိုနိုင်ပြီဖြစ်သောကြောင့် ထိုကိစ္စမှာ အလွယ်တကူပင် ပြီးမြောက်အောင်မြင်သွားခဲ့သည်။

နှစ်ဦးနှစ်ဖက် အပြေအလည်ညှိလို့ ရပြီးနောက် ကိုလွင်မောင်က သူ့အစ်ကိုအဖြစ် ပါဝင်၍ ရီလေးတို့ရပ်ကွက်လူကြီးလေးငါးယောက်ကို ဖိတ်ကြားညှိခံပြီး တရားဝင် ဇနီးမောင်နှံအဖြစ် လက်တွဲလိုက်ကြသည်။

"ကျွန်တော်ပဲ အလုပ်ဟောင်းကိုစွန့်ပြီး အလုပ်သစ်ခွင်ထဲမှာ လှုပ်ရှားခဲ့ပါတယ်၊ ကျွန်တော်ဟာ ခြေသလုံးအိမ်တိုင်ဘဝက





နေ အိမ်နှင့်ရာနှင့် အိမ်တိုင်ထူပြီး ဘဝကို ခြေချဖို့ ကြိုးစားလိုက်ရတာမို့၊ ကျွန်တော့်ဘဝတစ်သက်တာ ပထမဆုံးသော ကြည်နူးပီတိကို လှိုက်လှိုက်ထင်ထင် ခံစားလိုက်ရပါတယ်၊ အတည်တကျဘဝသစ်တစ်ခု ထူထောင်လိုက်ရပြီလို့လည်း ကျေနပ်နှစ်သိမ့်မှုဖြစ်ခဲ့ရပါတယ်၊ အဲဒီအချိန်က ငွေတစ်သိန်းကျော်ဆိုတာ နည်းတဲ့ငွေ မဟုတ်ပါဘူး၊ မှောင်ခိုလောကမှာ လက်ဝေခံမဟုတ်ဘဲ လက်ရင်းငွေကိုင်ပြီး အလုပ်လုပ်လို့ရတဲ့ အခြေအနေပါ"

အစဦးပိုင်းမှာ ရီလေးက လုပ်ငန်းကို ဦးဆောင်လမ်းပြသည်။ သူက တွဲဖော်နောက်လိုက်။

ငွေလုံးငွေရင်းကိုင်ပြီး လုပ်နိုင်သည့် အခြေအနေ ရှိလာသောကြောင့် လုပ်ငန်းခွင်နှင့် လုပ်ငန်းပိုင်းကိုပါ ပြောင်းလိုက်ကြသည်။

မော်လမြိုင်–ရန်ကုန် လိုင်းကနေ မော်လမြိုင်–ကျူဒိုး၊ မော်လမြိုင်–မြဝတီပိုင်းဘက်သို့ ခွင်ပြောင်းလိုက်ကြသည်။

အဲဒီလိုင်းကိုတက်ဖို့က တော်ရုံသင့်ရုံ ငွေကြေးကိုင်ပြီး တက်လို့တော့ မကိုက်။

အဲဒီလိုင်းက လက်လီလိုင်းမဟုတ်။ လက္ကားလိုင်း။

တစ်အုပ်စ၊ နှစ်အုပ်စ၊ ဆယ်ထည်စ၊ ဆယ့်ငါးထည်စ၊ ကောမပြောရ။ အထုပ်အထည်လိုက် အစုအပုံလိုက် အဝယ်ဈေးကွက် ဝင်ရသည့်လိုင်း။ အဲဒီအချိန်က အနည်းဆုံး ငွေငါးသောင်းကျော် မကိုင်နိုင်ဘဲ အဲဒီလိုင်းခွင်ထဲကို ဝင်လို့မရ။



www.burmeseclassic.com

www.burmeseclassic.com



ငွေပါရုံ ဝယ်နိုင်ရုံနှင့်လည်း အလုပ်မဖြစ်သေး။

အရောင်းထိုင်၊ အရောင်းသွက် ပစ္စည်းကို အရွေးတတ်ဖို့ လိုသည်။

ဝယ်တတ် ချမ်းတတ်ရုံနှင့် ပြီးရောလားဆိုတော့ မဟုတ်ဘူး။

ဝယ်ယူလာသည့်ပစ္စည်းများ၊ လမ်းကြောရှင်းရှင်းနှင့် လိုရာခရီးရောက်ဖို့ အကြံအဖန် အလှည့်အပတ် ကျွမ်းဖို့လိုသည်။ ဒါက အရေးကြီးဆုံး။

ဒီအထဲက သဘောသဘာဝကို ပိုင်ပိုင်နိုင်နိုင် ကျွမ်းဝင်သူက ရီလေး။

လုပ်ငန်းတစ်ခုလုံးကို ရီလေးကပဲ ခေါင်းဆောင်သွားသည်။ သူက အဖော်။

အဖော်ဆိုပေမယ့် ရီလေး အနားမှာ အမြဲတမ်း တွဲကပ်နေလို့မရ။

ရီလေး တစ်ယောက်တည်း လုပ်ရသည့် ကိစ္စမျိုးကျတော့ သူက ခွာပေးရသည်။

ဒါကိုတော့ လုပ်ငန်းသဘောအရ သူကလည်း နားလည်မှု ရှိခဲ့သည်။

အတော်လေး အလုပ်ဖြစ်ခဲ့ကြသည်။

မူလနေထိုင်ခဲ့သည့် ရီလေးတို့ပိုင် အိမ်ကလေးကို ရောင်းပြီး မော်လမြိုင်မြို့စွန် မုပွန်သွားလမ်းပေါ်မှာ ခြံဝိုင်းလေးနှင့် သင့်တင့်သော အိမ်လေးတစ်လုံး ဝယ်လိုက်နိုင်သည်အထိ လုပ်ငန်းနှင့် စီးပွားရေး ပြေလည်ခဲ့သည်။





သူ့ကိုလည်း တစ်အိမ်သားလုံးက ဦးစားပေး အလေးထား ဆက်ဆံခဲ့ကြသည်။

"ကျွန်တော့်ဘဝဟာ အတော်လေး စိုပြည်ပြီး ကျေနပ်စရာ ဖြစ်ခဲ့ပါတယ်၊ ကျွန်တော်လည်း ဒုစရိုက်လုပ်ငန်းနဲ့ လုံးဝကင်း ပြတ်သွားဖါတယ်၊ မှောင်ခိုအရောင်းအဝယ် လုပ်ငန်းဟာ ဥပဒေနဲ့ မလွတ်ကင်းပေမယ့် ဒုစရိုက်လုပ်ငန်းတော့ မဟုတ်ပါဘူး ...

"တစ်ခါတစ်ရံ အထူးအဖွဲ့ဆင်းလာပြီး အဖမ်းအဆီးကိစ္စမျိုး ကြုံရပေမယ့် လူတော့ အန္တရာယ်မဖြစ်ပါဘူး၊ ပစ္စည်းတချို့ တစ်ဝက် အရှုံးခံရတာမျိုးပဲ ရှိပါတယ် ...

"အဲဒီအချိန်က မှောင်ခိုလုပ်ငန်းဟာ အတော်လေးလွတ်လွတ်လပ်လပ်လုပ်လို့ရတဲ့အနေအထား ရှိပါတယ်၊ သုံးခေါက်မှာ နှစ်ခေါက်လွတ်ပြီးတစ်ခေါက်မိရင်တောင် အကြောင်းမဟုတ်ပါဘူး ...

"အဲဒီလောက်အထိ တွက်သားကိုက်ပါတယ်၊ အပေးအယူ ပြေလည်ရင် ပြေလည်သလောက် အလုပ်ဖြစ်ပါတယ်၊ ရီလေးဟာ ဒီဘက်မှာ အတော်လေး အထာကျေညက်တာကြောင့် အလုပ်ဖြစ်ခဲ့ပါတယ်၊ ဒါပေမဲ့ ..."

ရီလေးက အလုပ်ခြေလှမ်း ကျဲလာသလောက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အသိုင်းအဝိုင်းနှင့်လည်း အဆက်အဆံများလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းပိုင်း ဆက်ဆံရသူ အသိုင်းအဝိုင်းမှာက အမျိုးသမီး မပါ။ အမျိုးသားတွေချည်း။

ကြီးသူလည်း ပါသည်။ ရွယ်တူလည်းပါသည်။ ငယ်သူလည်း ပါသည်။ သူတို့နှင့် တွဲသွား၊ တွဲလာ လှုပ်ရှားမှု အချိန်နှင့် အခါနှင့် မဟုတ်သည်အထိ အခြေအနေမျိုး ရှိလာသည်။

အဲဒီအခါမျိုးမှာ သူက အဖော်အဖြစ်ပင် မပါရ။

အပြင်မှာ သွားလာလှုပ်ရှားရသည်က တစ်မျိုး၊ အိမ်မှာ ဝိုင်းဖွဲ့ညှိခံရသည်က တစ်ဖုံဖြင့် ပတ်ဝန်းကျင် အမြင်စောင်းစရာ ဖြစ်လာသည်။

အိမ်မှာ သောက်ဝိုင်း၊ စားဝိုင်းဖွဲ့သည့်အခါ ထိကပါး ရိကပါး အပြောအဆိုများမှာ နားမခံသာအောင် ရှိရသည့်အမြင် ကြီးစွာသော စိတ်အနှောင့်အယှက် ဖြစ်ရသည်။

ရီလေး၏ ပြောဆိုဆက်စံပုံ အပြုအမူများမှာ လိုအပ်သည်ထက် ပိုမိုလွန်ကဲနေသည်။

သူတို့ပစ္စည်းများအား ကယ်ရီယာ လုပ်ပေးသည့် ခေါက်ကြေးစား အမျိုးသမီး အပျိုစင်ကလေးများကိုပင် သူမခွင်ထဲသို့ ဆွဲသွင်းပြီး အသုံးတော်ခံစေသည်အထိ မလုပ်သင့် မလုပ်အပ်သည်များကိုပါ လုပ်လာသည်။

ဒီကိစ္စနှင့်ပတ်သက်၍ ဒီလောက်ထိအောင် ခြေလှမ်းမကျွံသင့်ကြောင်း ပြောသည်ကို ရီလေးက လုပ်ငန်းအကြောင်းပြချက်ဖြင့် ကာကွယ်ပြောဆိုခဲ့သည်။

ရွှေဟင်္သာစာပေ



လုပ်ငန်းသဘောအရ လုပ်ရသည်ကို သိနေပါလျက် သည်လိုမျိုး ပြောရပါမို့လားဟု စကားအရာဖြင့် ရင့်ရင့်သီးသီး နှုတ်တုံ့ပြန်ခဲ့ရုံတွင်မက အစွဲ့တိုက်သည့် အပြုအမူများကိုပါ ပြလာသည်။

အဲဒီကစပြီး သူတို့နှစ်ယောက်ကြားမှာ နားလည်မှုလျော့ပါးလာသည်။ အပေးအယူမမျှ ဖြစ်လာသည်။ ဆက်ဆံရေးတင်းမာလာသည်။

စကားနိုင်လုပြောသည့် အပြောတွေ၊ ရင့်သီးလာသည်။ တွဲမလား၊ ခွဲမလား ဆိုသည့် တွဲရေး ခွဲရေး အခြေအနေသို့တိုင် ရောက်လာသည်။

သူ့ကို တလေးတစား ဆက်ဆံခဲ့သည့် မိသားစု အသိုင်းအဝိုင်းကပါ မထေမဲ့မြင် ပြုလာကြသည်။

'ယောကျ်ားတစ်ယောက်. လုပ်ရမည့် အလုပ်မျိုးကို မိန်းမသားတန်မဲ့ စွန့်စွန့်စားစား ရှာဖွေလုပ်ကိုင်နေတာကို ဟိုနှယ်၊ ဒီနှယ် စကားတင်း ဆိုရပါမို့လားဟု မထိခလုတ်၊ ထိခလုတ် အပြောများဖြင့် နားပူနားဆာ လုပ်လာကြသည်။

သူက ရီလေးကို နည်းလမ်းအသွယ်သွယ်ဖြင့် သူတို့အိမ်ထောင်ရေးပဋိပက္ခ ပြေလည်စေရန် ကြိုးစားခဲ့သော်လည်း အရာမထင်။

ရီလေးက အပြတ်ပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းနှင့်ပတ်သက်၍ နောက်ထပ် ဘာမှမစွက်ဖက်ဖို့နှင့် သူ့မိသားစုနှင့် သီးခြားနေထိုင်ဖို့ လုံးဝစဉ်းစားမည်မဟုတ်ဟု ယတိပြတ် ပြောလာသည်။

"ရီလေးကို ကျွန်တော်က ရူးရူးနှစ်နှစ် ချစ်ခဲ့တာပါ ဆရာ၊ သူက ကျွန်တော့်အပေါ် အပေါ်ယံကြော အချစ်နဲ့ စီးပွားရေးဆန်ဆန် လက်တွဲခဲ့တာကို ကျွန်တော် သိလာတဲ့အချိန်မှာ ကျွန်တော်တို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးပဋိပက္ခဟာ ပေါက်ကွဲမယ့်အဆင့်ကို ရောက်ခဲ့ရတော့တာပါပဲ"

တိုးအောင် တွဲလို့မဖြစ်တော့သည့် အခြေအနေတွင် ဘယ်လိုနည်းနှင့် ခွဲရမည်ကို စဉ်းစားခဲ့ရသည်။

အဓိကမှာ ငွေရေး ကြေးရေးကိစ္စ။

အဲဒီကိစ္စ မဆွေးနွေးခင် သူ ရန်ကုန်သို့ ထွက်ခဲ့သည်။

ဆရာကိုလွင်မောင်နှင့်တွေ့ပြီး အကြံဉာဏ်နှင့် အကူအညီတောင်းခံဖို့ဖြစ်၏။

မော်လမြိုင်မှာ သူတို့က အသိုင်းအဝိုင်းနှင့်၊ သူက တစ်ကောင်ကြွက်၊ လိပ်ခဲတင်လည်း ပြောစရာ ဆိုစရာ ရှိလာရင် အိမ်နီးချင်းတစ်ဦးနှင့် နှစ်ဦးလောက်ကလွဲ၍ သူ့ဘက်မှာ ကျောထောက်နောက်ခံ မရှိ။

တာဝန်ရှိသူ ရပ်ကွက်လူကြီးများနှင့် ရဲစခန်းတာဝန်ရှိသူများနှင့် သူတို့က ရင်းနှီးကျွမ်းဝင်နေသည်။



ရီလေးနှင့် အိမ်ထောင်ပြုစဉ်က သူ ထုတ်ပေးခဲ့သည့် ငွေရင်းငွေနှီးမှာ သူတို့နှစ်ယောက်သာ သိသည့်ကိစ္စ။

စာရွက်စာတမ်းနှင့် ပေးသည့်ကိစ္စ မဟုတ်သလို အသိသက်သေလည်းမရှိ။

လမ်းခွဲရေးကိစ္စ ဆုံးဖြတ်ပြီးလျှင် မပြောမဖြစ် ပြောရတော့မည်မှာ ငွေရေးကြေးရေးကိစ္စ။

သူတို့ဘက်က ဘယ်လိုတုံ့ပြန်လာမည်လဲ။

ရီလေးနှင့် လက်တွဲမည့်ကိစ္စတုန်းက ကိုလွင်မောင် သူ့ဘက်က ပါခဲ့သလို၊ ငွေရေးကြေးရေးကိစ္စလည်း ကိုလွင်မောင်ပဲ သိသည်။

ဒါကြောင့် ကိုလွင်မောင်နှင့် တိုင်ပင်ဖို့ ထွက်ခဲ့သည်။

သူနှင့် ကိုလွင်မောင် မဆုံဖြစ်ကြသည်မှာ ခြောက်လကျော် ခုနစ်လလောက် ရှိသွားပြီ။

မော်လမြိုင်၊ မြဝတီ၊ ကျုံဒိုးဘက် လိုင်းပြောင်းခဲ့သောကြောင့် ရန်ကုန်ကို မရောက်ဖြစ်ခဲ့။

စီးပွားရေးလောဘဇောနှင့် အစဦးပိုင်းမှာ ဆွတ်ပျံ့ကြည်နူးစရာ အိမ်ထောင်ရေး အခြေအနေကြောင့် ဆရာကိုလွင်မောင်နှင့် ပေါင်းဟောင်း သင်းဟောင်း လက်တွဲဖော်များကို သတိတရမရှိလှ။ တစ်ခါတစ်ရံလောက်သာ သတိတရ ရှိခဲ့သည်။

ကိုလွင်မောင်ဆီ ရောက်တော့ လုံးဝမမျှော်လင့်ခဲ့သည့် ပြောင်းလဲမှုကြီးနှင့် ကြုံတွေ့လိုက်ရသည်။

မွှေးဟဿာစာပေ

www.burmeseclassic.com

www.burmeseclassic.com

လက်ကြောမတင်းခဲ့သည့် ကိုလွင်မောင်မှာ လက်ကြောတင်းသူတစ်ယောက် ဖြစ်နေပြီ။

စီးကရက်လက်ကြားကမချဘဲ ကြော့ကြော့မော့မော့လေးနေခဲ့သည့် ကိုလွင်မောင်ကို ကိုယ်ပိုင်လက်ဖက်ရည်ဆိုင်လေးမှာ ကိုယ်တိုင်လက်ဖက်ရည်ဖျော်သူအဖြစ် တွေ့လိုက်ရသည်။

ဒဏ္ဍာရီလား၊ ပုံပြင်လား၊ ယုံတမ်းစကားလားဟု ပြောင်းလဲသွားသည့် အပြောင်းအလဲ။

လက်ဖက်ရည်ဆိုင်မှာ ကြီးကြီးမားမား လက်ဖက်ရည်ဆိုင်တော့မဟုတ်။

စားပွဲဝိုင်းလေး ခြောက်လုံးစာ လက်ဖက်ရည်ဆိုင်လေးဖြစ်၏။

သောက်သုံးသူ၊ ဆိုင်ထိုင်သူ၊ စားပွဲသုံးလေးဝိုင်းစာလောက်တော့ မပြတ်ရှိနေသည်။

ဆိုင်ကလေးက အိမ်ရှေ့ကွက်လပ်မြေပုံမှာ နှစ်ဖက်ရပ်တဲလေးထိုးပြီး ဖွင့်ထားသည့် အိမ်ဆိုင်။

သူက လက်ဖက်ရည်ဖျော်နေသည့် ကိုလွင်မောင်ကို တွေ့လိုက်ရတော့ ဘာပြောပြီး ဘယ်လိုနှုတ်ဆက်ရမည်ကိုပင် မေ့ပြီးကြောင်အမ်းအမ်းကြီး ဖြစ်သွားရသည်။

သူက တအံ့တဩ မျက်နှာရိပ်ဖြင့် ကိုလွင်မောင့်ကို နှုတ်ဆက်ပြီး ပါလာသည့်အိတ်ကိုချ၍ နှုတ်ဆက်လိုက်ရသည်။

ကိုလွင်မောင်က တည်တည်ငြိမ်ငြိမ်အပြုံးဖြင့် တုံ့ပြန်သည်။





ကိုလွင်မောင် ကိုယ်တိုင် ဖျော်ပေးသည့် လက်ဖက်ရည်ကို ဆိုင်အလုပ်သမားလေးက သူ ထိုင်နေသည့် စားပွဲပေါ်သို့ လာချပေးသည်။

ကိုလွင်မောင်က သူနှင့် စကားမပြောအားသေး။

လက်ဖက်ရည်ဖျော်နေရာမှ လှမ်းပြောသည်။

"တိုးအောင်ရေ၊ အိမ်ပေါ်မှာ မင်းအစ်မရှိတယ်၊ အိမ်ပေါ်သွားလိုက်ဦး၊ ပြီးတော့မှ ငါ တက်ခဲ့မယ်"

အိမ်ပေါ်တက်လိုက်တော့ ကြက်သွန်အခွံသင်နေသည့် မမသန်းရီကို တွေ့ရသည်။

ဘယ်တုန်းကရောက်ကြောင်း၊ ဘာကြောင်းမေးပြီး မိန်းမရသွားလို့ တို့ကိုမေ့နေပြီပေါ့ ဘာညာဘာညာစကားနှာထိုး အပြောလေးများနှင့် ဆီးကြိုလိုက်သည်။

သူက မသန်းရီ ကြက်သွန်ခွံ သင်နေသည့်အနားမှာ ဝင်ထိုင်ပြီး ကိုလွင်မောင်နှင့် မသန်းရီတို့အတွက် ရည်စူးယူလာသည့် လုံချည်စ၊ အင်္ကျီစများနှင့် ခေါက်ထီးနှစ်လက်ကို ထုတ်ပေးလိုက်သည်။

မသန်းရီက ပြုံးပြီး ခေါင်းတညိတ်ညိတ်ဖြင့် ပေးလာသည်များ ကိုယူပြီး လုံချည်စ အင်္ကျီစများကို ဖြန့်ကြည့်ပြီး သူ၏သိတတ်မှုကို လှိုက်လှဲသော အပြုံးဖြင့် တုံ့ပြန်လိုက်သည်။

ပြီးတော့မှ လုပ်ငန်း ကိုင်ငန်း အခြေအနေနှင့် အိမ်ထောင်ရေး အခြေအနေကို မေးမြန်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကျွန်တော့်အကြောင်းကို ထားပါဦး၊ ဆရာနဲ့ မမတို့ အပြောင်းအလဲ အကြောင်းကို ပြောပါဦး၊ ကျွန်တော်တော့ ဘယ်လိုမှ မစဉ်းစားတတ်အောင် မပြောတတ်အောင်ကို ဖြစ်သွားရတယ် မမ"

ကိုလွင်မောင်၏ အခြေအနေမှာ သူတို့လောက လမ်းကြောင်းပေါ်တွင် ဘယ်လိုမှ ဆက်လက်ရပ်တည်လို့ မဖြစ်တော့အောင် အခြေအနေ အရပ်ရပ် အပြောင်းအလဲ ရှိလာသည့်အကြောင်း၊ သူတို့လုပ်ငန်းကို မစွန့်လွှတ်ရင် အုတ်ရိုးအပြင်လူအဖြစ်မှာ ရပ်တည်၍ မရနိုင်တော့ကြောင်း။

နေပြည်တော်ရုံတပ်ဖွဲ့ အသွင်ပြောင်းပြီးနောက် အခြေအနေတွေ အကုန်လုံး ပြောင်းလဲသွားကြောင်း၊ ရပ်ကွက်ထဲမှာ ဆက်လက်နေထိုင်လို့ မဖြစ်နိုင်သည့် အခြေအနေ ဖြစ်လာကြောင်း။

ဒါကြောင့် ထိုလောကနှင့် လုံးဝအဆက်ဖြတ်ပြီး ကောင်းရောင်းကောင်းဝယ် လုပ်စားနေထိုင်တော့မည့်အကြောင်း။ ရပ်ကွက်လူကြီးစုံရာ မျက်မှောက်မှာ လက်မှတ်ထိုးပြီး သက်ဆိုင်ရာရဲစခန်းမှာလည်း ဝန်ခံချက် လက်မှတ်ထိုးပြီး ခုမြင်တဲ့အတိုင်း လုပ်ကိုင်စားသောက်နေကြတာပဲ စသည့်အကြောင်း ပြောပြသည်။

"ခုလို ခံဝန်ချက် လက်မှတ်ထိုးပြီး ခုလိုလုပ်နေတော့ကော သက်ဆိုင်ရာက ယုံကြည်ရဲ့လား"

"ဆားပုလင်း လူဆိုးထိန်းတွေကတော့ စောင့်ကြည့်နေကြတာပေါ့၊ အနှောင့်အယှက်တော့ မပေးပါဘူး၊ မင်းအစ်ကိုကလည်း





အရင်လို သွားသွားလာလာ လှုပ်ရှားတာမျိုး မလုပ်တော့ဘူး၊ အားနေရင်လည်း အိမ်မှာပဲနေတယ် ...

"မမကော မနက်မုန့်ဟင်းခါး ရောင်းတယ်၊ ဝယ်စရာ ခြမ်းစရာ ရှိရင်တောင် အဖျော်ကောင်လေးကိုပဲ လွှတ်တယ်၊ ကောင်လေးမရှိတဲ့ အချိန်တော့ သူကိုယ်တိုင် အဖျော်ဝင်ရတာပေါ့"

ဆိုင်ဝင်ငွေ အကျိုးအမြတ်အကြောင်း မေးကြည့်သည့်အခါ စားဝတ်နေရေး ပြေလည်ရုံလောက် အကျိုးအမြတ်ရှိသည့်အကြောင်း ပြောပြသည်။

"တစ်ခုတော့ ရှိတာပေါ့ မောင်တိုးအောင်ရာ၊ မမတို့ အရင်တုန်းကတော့ ဖောဖောဝတ်၊ ဖောဖောစား၊ ဖောဖောသုံးရတာပေါ့၊ ခုတော့ အတိုင်းအတာနဲ့ သုံးရတာပေါ့ကွာ၊ တစ်ခုတော့ ထူးခြားချက် ရှိလာတယ်လေ ...

"ဖောဖောသီသီ သုံးစွဲနေရတုန်းက အမြဲတမ်း တထိတ်ထိတ် တလန့်လန့်နဲ့ ရင်ပူနေရတယ်၊ စိတ်လေးစိတ်တွေးနေရတယ်၊ ခုတော့ ရင်အေးတယ်၊ ရင်ငြိမ်တယ်၊ ဘယ်နေ့လဲဆိုတဲ့ ပူပင်သောက မရှိတော့ဘူး၊ ဒါနဲ့ မင်းအခြေအနေကော ကောင်းတယ်မဟုတ်လား၊ လုပ်ငန်းဟောင်းနဲ့ကော ပြတ်ရဲ့လား"—

သူက သူ၏အခြေအနေကို အကြမ်းဖျင်း ပြောပြလိုက်ရသည်။

လုပ်ငန်းကိုင်ငန်း အခြေအနေကောင်းပေမယ့် အိမ်ထောင်ရေး အဆင်မပြေသည့်အကြောင်းနှင့် အဆင်မပြေဖြစ်ရသည့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ပြောပြရင်း ရှေ့ဘာဆက်လုပ်ရမည်ကို မသိသည့်အတွက် ဆရာနှင့် တိုင်ပင်ရန် လာရသည့်အကြောင်း ပြောပြလိုက်ရသည်။

မသန်းရီကတော့ မှောင်ခိုလောကတွင် ဒီလိုကိစ္စများမှာ အဆန်းမဟုတ်သည့် ဖြစ်ရိုးဖြစ်စဉ်ကိစ္စမျိုး ဖြစ်သောကြောင့် ကိုယ့်ဘက်က သဘောထားကြီးဖို့လိုကြောင်း၊ ကိုယ့်အပြင် နောက်တစ်ယောက်ဆိုတာမျိုး ဖြစ်ရင်တော့ တစ်မျိုးတစ်ဖုံ စဉ်းစားသင့်ကြောင်းနှင့် ယခုအတိုင်း ဗိုလ်နေမြဲ ကျားနေမြဲ ဆက်နေပြီး ငွေကြေးကိစ္စအတွက် ကိုယ့်ဘက်က နိုင်အောင်လုပ်ပြီးမှသာ လမ်းခွဲဖို့ကိစ္စကို စဉ်းစားသင့်ကြောင်း ပြော၏။

လက်ဖက်ရည်ဖျော်သည့် ကောင်လေး ရောက်သည့်နောက် လူပါးချိန်ဖြစ်သည့်အတိုင်း ကိုလွင်မောင် အနားယူရန် အိမ်ပေါ်သို့ တက်လာသည်။

ကိုလွင်မောင်ကို လာရင်းအကြောင်း ပြောပြရသည်။

"တိုးအောင် ... မင်းကို အစကတည်းက ငါအတန်တန် သတိပေးခဲ့တာပဲဟာ၊ မင်းက အရူးအမူး ဖြစ်နေတော့ ငါပြောတာကို နားမဝင်ခဲ့ဘူး မဟုတ်လား၊ ခုပြဿနာက ရှင်းဖို့မလွယ်တဲ့ ပြဿနာအဆင့် ရောက်နေပြီဆိုတော့ ငါလည်း ဘာလုပ်ရမယ်လို့ ပြောဖို့မလွယ်ဘူး၊ တစ်ခုတော့ရှိတယ်၊ မင်းကစပြီး လမ်းခွဲမယ် ဆိုရင်တော့ မင်း ရပိုင်ခွင့်ကို ပြောဖို့မလွယ်ဘူး၊ ဒီတော့ သူက မပေါင်းနိုင်တော့ပါဘူးဆိုတဲ့ အခြေအနေမျိုးရောက်





အောင် မင်း ဖန်တီးပေတော့၊ ဘယ်လိုလုပ်ရမယ်ဆိုတာကို မင်းဟာမင်း စဉ်းစား စီစဉ် အကွက်ရိုက် လုပ်ပေတော့"

ကိုလွင်မောင်က သည်မျှလောက်ပဲ ပြောသည်။

သူ့ ခါးလောကနှင့် လုံးဝပတ်သက်မှု မရှိတော့သည့်အတွက် သူ့အိမ်မှာ တည်းခိုနေစဉ် ထိုလုပ်ငန်းနှင့် လုံးဝမပတ်သက်ရန် သတိပေးစကား ပြောသည်။

ရန်ကုန်မှာ တစ်ပတ်လောက်နေပြီး ပါလာသည့်ငွေ ပြတ်ခါနီး မော်လမြိုင်သို့ ပြန်ခဲ့သည်။

ဘာလုပ်ရမည်ဆိုသည့် ယတိပြတ် ဆုံးဖြတ်ချက်တော့ မပါ။

မော်လမြိုင်ရောက်မှ အခြေအနေကြည့်ပြီး သူ ရသင့်ရထိုက်တာ တောင်းမည်။ ရသည့်ငွေကြေးဖြင့် ရန်ကုန်ပြန်၍ ကိုလွင်မောင်တို့နှင့်အတူ လုပ်ကိုင်စားသောက် နေထိုင်တော့မည်ဆိုသည့် စိတ်ကူးစိတ်သန်းတော့ ပါလာသည်။

သူ၏စိတ်ကူးကို သူ့ဆရာအား မပြောခဲ့ပေမယ့် မသန်းရီကိုတော့ ပြောဖြစ်ခဲ့သည်။

မော်လမြိုင် ပြန်ရောက်တော့ မထင်မှတ်ရာသော ရီလေးတို့၏ အလှည့်အပတ်တိုက်ကွက်နှင့် ဆုံစည်းလိုက်ရသည်။

သူ ရန်ကုန်သွားနေစဉ် မြဝတီသို့ တက်နေကြသူတို့၏ လုပ်ငန်းသမားတစ်ယောက်အား ငွေခုနစ်သောင်းခွဲ ထည့်ပေးလိုက်ရာ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းထိပြီး ငွေထည့်

www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်သူ သေဆုံးသွားသည်နှင့်အတူ ငွေများလည်း ပါသွားကြောင်း သတင်းဆိုးဖြင့် ဆီးကြိုလိုက်သည်။

သူတို့လောကသားများထံ စုံစမ်းကြည့်သောအခါ မော်လမြိုင်မှ လေးယောက်ပါသွားကြောင်းနှင့် ဘယ်သူဘယ်ဝါတွေ ဆိုသည်ကိုတော့ သိလိုက်ရသည်။ သူတို့ငွေထည့်ပေးလိုက်သည် ဆိုသူလည်း ပါသွားတာမှန်သည်။

တကယ်ငွေပါမပါ ဆိုသည်ကိုတော့ ကာယကံရှင်အိမ်ကလည်း မပြောနိုင်။ သူတို့မှာလည်း သူတို့အပူနှင့် သူတို့မို့ ထိုကိစ္စကို မေးမြန်းစုံစမ်းရသည်မှာ မလွယ်။

သူတို့လောကမှာ ငွေထည့်ပေးပြီး လုပ်ငန်းစပ်တူ လုပ်ကြသည့် လုပ်နည်းလည်း ရှိသည်။

အမြတ်ငွေကျတော့ ငွေထည့်ပေးသူက တစ်ရာမှာ လေးဆယ်၊ ကိုယ်တိုင်သွားသူက တစ်ရာ ခြောက်ဆယ်။

အကျိုးအမြတ်ကို အဲဒီလို ခွဲဝေယူကြသည့်ထုံးစံ ရှိသည်။

စရိတ်စကနှင့် အပေးအကမ်း ကုန်ကျစရိတ်ကို တစ်ဝက်စီကျခံရသည့်ထုံးစံ ရှိသည်။

အဖမ်းအဆီးပြဿနာ၊ ပစ္စည်းအသိမ်းခံရသည့်ကိစ္စ ပြဿနာမျိုး ရှိခဲ့ရင်တော့ ကိုယ်ပါအဆုံးခံရသည်။

ဒီလိုပြဿနာမျိုး ပေါ်ခဲ့ရင် သူတို့လောကမှာ လိမ်လို့မရ။

ဘယ်နေရာမှာ ဘယ်လိုဖြစ်ခဲ့သည်။ ပြဿနာအမှန် ဟုတ်မဟုတ်ကို ချက်ချင်းသိနိုင်သည်။



ဒါကြောင့် သူတို့လောကမှာ ပစ္စည်းသယ်ပို့ပေးသူ၊ ကယ်ရီယာကလည်း လိမ်လို့မရ။

ခုကိစ္စမျိုးကျတော့ မကြုံစဖူး ထူးခြားသည့်အဖြစ်။

သူက ရိုက်ကွက်မဖော်ခင် သူတို့က ကွက်ကျော်ရိုက်သွားပြီ။

ဖြစ်ပျက်ခဲ့သည့် ကိစ္စကတော့ အမှန်။

သူ ရန်ကုန်ထွက်သွားပြီး သုံးရက်မြောက်နေ့မှာ ဖြစ်သည့်ကိစ္စ။

ဒါပေသိ သည့်ကိစ္စမျိုးဆိုတာ ချက်ချင်းကြီး စီစဉ်ရသည့်ကိစ္စမျိုးမဟုတ်။

တစ်ပတ်တန်သည် ဆယ်ရက်တန်သည် ကြိုတင်စီးလားရိုက်ပြီး စီစဉ်ရသည့်ကိစ္စမျိုး။

တကယ်ဆို သူ ရန်ကုန်မသွားခင် သူ့ကိုဖွင့်မပြောခဲ့သည်ကတော့ မရိုးသားသည့်သဘော သက်ရောက်နေသည်။

သို့တစေ ကိုယ့်ဘက်က သံသယကို ဖွင့်ပြောလိုက်ရရင် အကြောင်းထူးစရာ မရှိဘဲ မိန်းမကောင်းရန်တွေ့ ပြန်ပက်တာကိုပဲ ခံရမည်။

ရီလေးက သရုပ်ဆောင်လည်း ကောင်းသည်။

ဘယ်ကိုမှ မသွားမလာနေပြီး ခါတိုင်းလို ခြယ်ခြယ်သသနေတော့။ တငိုငို၊ တမှိုင်မှိုင်နှင့် အပူရုပ် ရာနှုန်းပြည့် ထင်ဟပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့မှ ပြောစရာ လုပ်စရာ မရှိသည့်ကိစ္စကို ပြောနေလျှင် အပြောပဲ အဖတ်တင်မည်။

ဒီကြားထဲ ယောက္ခမကြီးက တစ်မျောင့်။

သူ ပြဿနာလုပ်လို့ သည်သို့သည်ပုံ ဖြစ်ရသည်မှာ သူ့ကြောင့်ဟု သူ့ဘက်သို့ အပြစ်ဖို့စကားနာ ထိုးလာသည်။

ရှေ့လည်းမဆောင်၊ နောက်ကလည်းမလိုက်၊ ဆားတိုက်အရွဲ့တိုက်လို့သာ သည်လိုပြဿနာ ဖြစ်လာရသည်ဟု စွပ်စွဲချက်ဖြင့် မလိုတမာ ရင့်ရင့်သီးသီး အပြောအဆိုများဖြင့် ထိုးနက်လာသည်။

ရီလေးကဆို သူ့ကိုအဖက်မလုပ်ချင်သည့် ပုံဟန်ဖမ်း၍ မိန်းမသားတို့ အထာမျိုးစုံဖြင့် ပြဿနာမျိုးစုံကို ပုံကြီးချဲ့နေသည်။

ယောက္ခမနှင့် မိန်းမသာမဟုတ်။ အရက်ကလေးတမြမြနှင့် ယောက်ဖကပါ ဝင်နှောက်နေပြန်သည်။

စော်ကား မော်ကားမှု အတိုင်းအတာ လွန်ကဲလာပြီမို့ မဖြစ်သင့်ရာသော ကိုယ်ထိလက်ရောက်မှုပါသည့် အခြေအနေဘက်သို့ ဦးတည်လာနေပြီ။

သည်သို့သော အခြေအနေကို ရောက်ခဲ့ရင် မိအေး နစ်ခါနာ ဆိုသလို ဖြစ်ရမည်က ကိုယ်။

ဆုံးလည်း ဆုံးမည်။ ရှုံးလည်း ရှုံးမည်။

မပြောမဖြစ်တော့သည့် လမ်းခွဲစကားကို ပြောလိုက်ရသည်။

ရီလေးက လူကြီးစုံရာနှင့်ရှင်းဖို့ ပြောလာသည်။





သူက လူကြီးစုံရာနှင့် ရှင်းဖို့မလို။ ကိုယ့်ကိစ္စ ကိုယ့်ဟာကိုယ်ရှင်းဖို့ ပြောသည်ကို ရီလေးက လက်မခံ။

ရီလေးက ခုရှုပ်မှနောင်ရှင်း ပြတ်ပြတ်သားသားဖြစ်အောင် လူကြီးစုံရာနှင့် ရှင်းမှဖြစ်မည်ဟု တင်းတင်းခံသည်။

ဘယ်လိုမှ ညှိလို့မရ။

နောက်ဆုံး လူကြီးစုံရာနှင့် ရှင်းရသည့် အခြေအနေသို့ရောက်ခဲ့သည်။

လူကြီးစုံရာဟု ဆိုပေသိ ရပ်ကွက်ထဲက လူကြီးသုံးလေးယောက်ရှေ့မှောက်မှာ ပြောရဆိုရခြင်းဖြစ်ရာ၊ သူ့ဘက်က ရပ်တည်ရမည့်သူ တစ်ယောက်မှမပါ။

ရီလေးတို့ဘက်က သာသာထိုးထိုး ရပ်တည်ပေးကြသည့်လူကြီးများသာ ဖြစ်သောကြောင့် သူ့ဘက်က ပြောသမျှ အရာမဆင်။

အကြောင်းမထူးသည်ဖြင့်သာ အဆုံးသတ်ရသည်။

သူက ငွေခုနစ်သောင်း ပေးလိုက်သည့်ကိစ္စကို ဘယ်လိုမှလက်မခံနိုင်ကြောင်း၊ အကြံအဖန်လုပ်သည့် ဖန်တီးရိုက်ကွက်ဖြစ်ကြောင်း ပြောသည့်အခါ လူကြီးတွေက အတူတူလုပ်ပြီး ရနေစဉ်က ဘာမှမပြောဘဲ အဆင်မပြေ ဖြစ်လာသည့်အခါကျမှ ပြောလာသည်မှာ လုံ ၀မသင့်ကြောင်း ဒါကိုအကြောင်းပြုပြီး ပြဿနာလုပ်သင့်ကြောင်း၊ ပိတ်ပြောကြသည်။

www.burmeseclassic.com



နောက်ဆုံးတွင် သူက သူ၏ငွေတစ်သိန်း ရင်းနှီးစိုက်ထုတ်ထားရကြောင်း၊ လက်ရှိအိမ်နှင့်မြေကို သူတို့လုပ်ငန်းမှ တိုးပွားငွေနှင့် ဝယ်ထားကြောင်းနှင့် ဒါတွေကို သူ ရပိုင်ခွင့်အနေမျိုး မပြောလိုသော်လည်း သူ စိုက်ထုတ်ထားသည့် ငွေတစ်သိန်း၏ တစ်ဝက်သောငွေကြေးကို သူ ပြန်ရလိုကြောင်းဖြစ်၍ သူ၏လိုလား ချက်ကို လူကြီးများအား တင်ပြခဲ့သည်။

ငွေတစ်သိန်းကိစ္စကို ရီလေးက လုံးဝမဟုတ်ကြောင်း ခါးခါးသီးသီး ငြင်းခဲ့သည်။ ငွေလေးသောင်းကျော် ပေးခဲ့သည်ဟု ပြောပြီး ခုနစ်သောင်းကျော် ဆုံးခဲ့သည့်အထဲတွင် သူ့မိခင် ကြီးငွေများပင် ပါသွားကြောင်းပြော၍ အကြောင်းမရှိ အကြောင်း ရှာပြီး မပေါင်းသင်းလိုဟု ရမယ်ရှာလာသည်မှာ တိုးအောင်သာ ဖြစ်သောကြောင့် တစ်ပြားတစ်ချပ်မှ ပေးစရာမလိုကြောင်း၊ ပေး လည်း မပေးနိုင်ကြောင်း အပြတ်ပြောလာသည်။

လူကြီးတွေက ငွေရေးကြေးရေးကိစ္စ ရှင်းပေးဖို့ သူတို့မှာ တာဝန်မရှိကြောင်း၊ လင်မယား ပြန်လည်သင့်မြတ်ရေးအတွက် သာ ဖျန်ဖြေဖို့ရှိကြောင်းပြောပြီး ထပြန်သွားကြသည်။

"ကိုတိုးအောင်တို့ ကိစ္စက ဒီလိုနဲ့ပဲ အဆုံးသတ်သွားရော လား"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော့်ရဲ့ လူသစ် ဘဝသစ်ဟာ တစ်နှစ်တာကာလပဲ ခံလိုက်ပါတယ်၊ ဒီနောက်တော့ ဘဝဟောင်း ထဲကို လူဟောင်းအဖြစ် ပြန်ရောက်သွားခဲ့ရသလိုပါပဲ"





"သူတို့ဆီက ဘာမှပြန်မရလိုက်ဘူးပေါ့"

"ကွာရှင်းပြတ်စဲကြောင်းနဲ့ သူတို့နဲ့ ဘာမှမသက်ဆိုင်တော့ ကြောင်း စာချုပ်လက်မှတ်ထိုးပေးရင် ငွေနှစ်သောင်းပေးမယ်လို့ ကြားလူတစ်ယောက်ကနေတစ်ဆင့် ပြောပါတယ်၊ ကျွန်တော်က သူတို့ပြောလာတာကို လုံးဝလက်မခံဘူးလို့ အပြတ်ငြင်းပြီး တစ် ကွေ့တော့ ပြန်တွေ့ကြသေးတာပေါ့လို့ပြောပြီး ရန်ကုန်ကို ထွက် ခဲ့ပါတယ်"

ထိုသို့ သူ၏အတိတ်ဇာတ်ကြောင်းကို ပြန်လည်ပြောပြနေ သည့် ကိုတိုးအောင်မှာ သူ၏အိမ်ထောင်ရေးဖြစ်ရပ်ကြောင်းကို အဆုံးသတ်ပြီးနောက် နာကြည်းခံစားမှု ရင်တွင်းဝေဒနာမှာ သူ၏ မျက်နှာပေါ်တွင် ထင်ထင်ပျပျ ပေါ်လာသည်။

ကျွန်တော်နှင့် စကားပြောနေသည်ကိုပင် သတိမမူမိဟန် ရှိဘဲ သူ၏နှုတ်ဖျားမှ ပေါက်ကွဲမှုဒေါသ တက်ခေါက်သံထွက် သွားသည်။ ပြီးတော့မှ ကျွန်တော် စိတ်လွှတ်သွားတာကို သည်းခံပါ ဆရာဟု တောင်းပန်စကား ဆိုလာသည်။

"ရီလေးသာ ကျွန်တော့်အပေါ် သဘောထားမှန်ခဲ့ရင် သစ္စာ အည်ကြည်ခဲ့ရင် ခု ... ကျွန်တော် ရောက်နေတဲ့ ထုံးဘိုရဲဘက် စခန်းကို ရောက်လာစရာအကြောင်း လုံးဝမရှိပါဘူး ဆရာ၊ ကျွန်တော် ရန်ကုန်ကို ပြန်ခဲ့တုန်းက တစ်ကွေ့တော့ ပြန်တွေ့ ကြသေးတာပေါ့လို့ ပြောခဲ့တဲ့အတိုင်း တုံ့ပြန်ကလဲ့စားချေဖို့လည်း ဆုံးဖြတ်ခဲ့ပါတယ်၊ ဒါပေမဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝ ရစရာမရှိအောင် ပျက်စီးသွားတဲ့ အခြေအနေမျိုး ရောက်တဲ့အထိ လုပ်ပစ်မည်ဆိုသည့် ဆုံးဖြတ်ချက်မှာ သူ၏ရင်တွင်မှာ နာကြည်းခံပြင်းမှု ပြင်းထန်နေစဉ်သာ ခဏတာခံခဲ့သည်။

သူ့ကိုလုပ်ပြီးရင် ကိုယ်လည်း ပြန်ခံရမည်။ သူ့အလှည့်ပြီးရင် ကိုယ့်အလှည့် မလွဲမသွေ ရောက်လာမည်ဆိုသည့် အသိက နောက်ထပ် အမှားကြီးတစ်ရပ်ကို ဆက်ပြီးမကျူးလွန်ဖြစ်အောင် ဟန့်တားထားလိုက်သည်။

ကိုယ်ရှာဖွေရရှိခဲ့သည့် ငွေကြေးက သန့်ရှင်းသော ငွေကြေးမှ မဟုတ်တာ၊ ဒီလိုပဲ ဖြစ်ရလိမ့်မပေါ့ဆိုသည့် ဖြေလျော့စရာဖြင့် ကိုယ့်ကိုယ်ကိုယ်ပြန်၍ ဖြေသိမ့်လိုက်ရသည်။

လူဟောင်းအဖြစ် ဘဝဟောင်းထဲသို့ ပြန်လည်တိုးဝင်လိုက်ရပြီးသည့်နောက် ...။

✱ ❖ ✱



(၅၈)

ဒုစရိုက်လောကသား မဟုတ်ဘဲ အလိုက်အလှည့်မသင့်၍ ရာဇဝတ်ပြစ်မှုကြောင်းနှင့် ပတ်သက် ဆက်နွယ်ရသော အကြောင်းအမျိုးမျိုးကြောင့် ထောင်ထဲသို့ ရောက်သွားသူ၊ ရဲဘက်စခန်းသို့ ရောက်ရသူများမှာ နောက်တစ်ခေါက်ဆိုသည်မျိုးကို အိပ်မက်သော်မှ မမက်ခဲ့ဝံ့ကြ။

တစ်ခေါက်တည်းနှင့် ဘဝတစ်သက်စာအတွက် နောင်တကို ရင်ဝယ်ပိုက်ထွေးရစမြဲ ရှိကြပါသည်။

ထောင်ထဲတွင်လည်းကောင်း၊ ရဲဘက်စခန်းတွင်လည်းကောင်း နေထိုင် စားသောက် အိပ်စက်ရသည်နှင့် ရဲဘက်စခန်းတွင် အလုပ်လုပ်ရသည့် စိတ်ဆင်းရဲမှု၊ ကိုယ်ဆင်းရဲမှု၊ ဒုက္ခအသွယ်သွယ် ခံစားရပုံကို ထိုနေရာများသို့ ရောက်ဖူးကြသူများသာ သိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သလို ရှာဖွေစားသောက်ပြီး ဖြစ်သလို နေထိုင်၍ လမ်းဘေး ပလက်ဖောင်းပေါ်မှာ ကျောခင်းရသူများ၏ ဒုက္ခထက် သာလွန်သည်ဟု ပမာတင် နှိုင်းယှဉ်ပြရမည် ဖြစ်ပါသည်။

သို့တစေ … သူတို့ဘဝ ဒုစရိုက်သမားတို့ကမူ အုတ်ရိုးထဲသို့ ဝင်စို့ ထွက်စို့ လုပ်နေကြစမြဲ ရှိကြ၏။

တကယ်တော့ သူတို့က အုတ်ရိုးအတွင်းမှာ ခံစားရသည် မမှုဘဲ ဥပဒေကျောခိုင်း အံတုကြသည် မဟုတ်ပါ။

လက်ကြောတင်းအောင် မလုပ်ကိုင်ရဘဲနှင့် ငွေကြေးဖြေလည်သူတို့၏ ဒုစရိုက်လုပ်ငန်းကို မစွန့်လွှတ်နိုင်ကြသောကြောင့်ပင်။

အထူးသဖြင့် သူတို့ **ခါးလောကသားများက** သူတို့လုပ်ငန်းကို ပို၍မစွန့်လွှတ်နိုင် **ရှိကြသည်။**

ခိုးရ၊ ဖောက်ထွင်း**ရ၊ လုပ်ရ** တိုက်ရ ခိုက်ရသည့် ဒုစရိုက်လုပ်ငန်းများ၊ **အန္တရာယ်များသ**လို စွန့်စားမှုကိုလည်း အရင်းပြုရသည်။

ခိုး၊ ဖောက်၊ လု၊ တိုက်လောက် မခက်သော မစွန့်စားရသော ဒုစရိုက်လုပ်ငန်းမှာ ခါးသမားတို့၏ နိုက်၊ ခွဲသမားတို့၏ လုပ်ငန်းပင်ဖြစ်၏။

လက်ကလေးနှစ်ချောင်း လျှပ်ရှားရုံနှင့် ရလည်းဟုတ်သည် ထောင်လည်းဟုတ်သည်မှာ ခါးသမား။





လက်တညှိုးစာ ဓားကလေးကို လက်ကြားညှပ်ပြီး လျှပ်ရှားလိုက်ရုံနှင့် ထောင်လည်းဖြစ်၊ သောင်းလည်းဖြစ်သည်မှာ ခွဲခါးသမား။

ထောင်ဒဏ်ချမှတ်ခံရသည့် အလှည့်ကြုံလျှင် သူတို့က ခိုး၊ ဖောက်၊ လု၊ တိုက်သမားတွေလို နှစ်ကြီးဒဏ် မခံရ။

ခြောက်လ၊ ကိုးလ၊ တစ်နှစ်လောက်သော ထောင်ဒဏ်လောက်သာပဲ ချခံရသည်။

အလွန်အဆင်မသင့် အလှည့်နှင့် ကြုံလျှင်တော့ အထိုး၊ အကြိတ်၊ အထု အထောင်း ခံရတတ်သည်။

ခိုး၊ ဖောက်၊ လု၊ တိုက် သမားတွေက အမှောင်သမားတွေ။

သူတို့က ညဉ့်အမှောင်ကို အကာအကွယ်ယူ၍ လုပ်ငန်းခွင် ဝင်ရသည်။

နိုက်၊ ခွဲသမား၊ ခါးတွေက အလင်းသမားတွေ။

သူတို့က ညမထွက်၊ နေ့သမားတွေ။

အမြင်နှင့် အတွေ့ကို အခြေပြု၍ လုပ်ရသည့်လုပ်ငန်း။

ခါးသမားတွေထဲက အများစုမှာ သူတို့လုပ်ငန်းကို စွန့်လွှတ်၍ ကောင်းရောင်း ကောင်းဝယ် လမ်းကြောင်းပြောင်းသူ အလွန်နည်းပါးသည်။

လက်ချိုးရေတွက် ရလောက်အောင် အနည်းအကျဉ်းတော့ ရှိသည်။

သေတစ်ပန် သက်တစ်ဆုံ လုပ်ကိုင်ရသူသာများသည်။



www.burmeseclassic.com

ခါးလောကမှာ သမ္မာရင့်လာသည့်အခါ ခါးကြီးပေါ် ခါးခေါင်းဆောင် ဖြစ်လာသည်။

သူတို့လောကမှာ သူတို့လုပ်ငန်းနှင့် ပတ်သက်၍ ဘယ်လောက်ပင် အထာကျွမ်း၍ တော်စွမ်း ကျင်လည်သူ ဖြစ်ပါစေ၊ အချုပ်၊ ထောင်နှင့် ကင်းလွတ်သူဟူ၍တော့ မရှိစမြဲပါ။

တစ်ကွေ့မဟုတ်တစ်ကွေ့ အချုပ်နှင့် ထောင်ထဲသို့ ဝင်ကြရစမြဲ ရှိကြသည်သာ။

သူတို့ ခါးလောကသား အရေအတွက်မှာ များပြားသည်။

နေရာတိုင်းမှာ သူတို့ရှိကြသည်။

သင်္ဘောဆိပ်မှာရှိသည်။ ဘူတာရုံမှာရှိသည်။ ကားဂိတ်မှာရှိသည်။

ရုပ်ရှင်ရုံနှင့် လူစည်ကားရာ အဓိကရ ဈေးကြီးတွေမှာလည်း သူတို့ရှိကြသည်။

လက်ရှိအခြေအနေအရ ခရီးသည်နှင့် ကားအရေအတွက် မမျှတသည့်ကြောင့် သူတို့လုပ်ငန်းလို ဖြစ်ကြသည်။

ရဲတပ်ဖွဲ့ကလည်း သူတို့ကို စီမံချက်ရေးဆွဲပြီး ထိထိရောက်ရောက် နှိမ်နင်းခဲ့ပေမယ့် သူတို့က ဘဲအုပ်က တစ်ရာ နှစ်ရာပြည့်သူ့ ရဲတပ်ဖွဲ့ဝင်တွေက မဖေဒါက တစ်ပွင့်တည်း ဆိုသလို အင်အားမမျှသောကြောင့် ထောင်ထဲရောက်သူက နည်းနည်း၊ အပြင်မှာ ရှိနေက များများ ဖြစ်နေသည်။





စီမံချက်ချပြီး အထူးအဖွဲ့များဖွဲ့၍ ခါးစစ်ဆင်ရေးလုပ်သည့်အခါ သူတို့က ရန်ကုန်နယ်မြေကိုခွာပြီး ရေကြည်ရာ မြက်နုရာ နယ်တွေကို ခြေဦးအလှည့်အပြောင်း လုပ်ခဲ့ကြသည်။

ရဲတပ်ဖွဲ့နှင့် သူတို့မှာ လိုက်တမ်း ပြေးတမ်း တူတူပုန်းတမ်း ကစားရသည်သို့နယ် ဖြစ်ခဲ့ကြ၏။

လူအသွားအလာများ၍ ခရီးသည် စည်ကားသည့်အချိန်မျိုးတွင် လူဆိုးထိန်းများက ခရီးသွား အဆင်းအတက်များသည့် ကားဂိတ်များ၌ စောင့်ကြပ်၍ သူတို့လက်ဖွေ့ မလှုပ်ရှားနိုင်အောင် အထိ လုပ်ခဲ့သည်။

ခရီးသွားကားလိုင်းမှာ အသွားအပြန် လိုက်ပါပြီး သူတို့မလှုပ်ရှားနိုင်အောင် ထိန်းကြပ်ပေးခဲ့ရသည်။

သို့တစေ ရဲတပ်ဖွဲ့ဝင်များမှာ ထိုတာဝန်တစ်ခုတည်းကို ထမ်းဆောင်နေရသည် မဟုတ်သောကြောင့် ထိုလုပ်ငန်းကို တစိုက်မတ်မတ်လုပ်ဖို့ မလွယ်ကူပြန်။

ရဲတပ်ဖွဲ့၏ လူဆိုးထိန်းအင်အား တိုးမလာသော်လည်း သူတို့အင်အားကမူ တန့်မနေ။ အကျဘက်သို့ မပြ။ အတိုးဘက်သို့သာ ပြနေသည်။

ခါးတွေ ထောင်ထဲဝင်ရမည်ကို ဝန်မလေးကြသည်မှာလည်း အကြောင်းရှိသည်။

တခြားသော ဒုစရိုက်သမားတွေ ထောင်ထဲဝင်ရသည့်အခါ အထဲမှာ ကိုယ့်လူခံနှင့် ဆုံမိဖို့မလွယ်။ သူတို့အသိအက[illegible] နိုး

www.burmeseclassic.com

ဖော်ခိုးဖက် တိုက်ဖော်တိုက်ဖက်တွေ ဆိုတာက အမြဲရှိကြသည် မဟုတ်။

ခါးသမားတွေကတော့ သူတို့အဖော် သူတို့အပေါင်းအသင်းတွေ ထောင်ထဲမှာ အမြဲရှိနေကြသည်။

ရဲဘက်စခန်းရောက်မလား၊ အကြောင်းမဟုတ်။

သူတို့လူတွေ ရှိကြသည်။

သူတို့အထဲက အခန်းလူကြီးတို့ ဘာတို့ ဖြစ်နေရင် အနေအစားချောင်သည်။

ပြီး သူတို့က အုပ်စုသမားတွေမို့ အထဲရောက်သူအတွက် အပြင်မှာ ကျန်ရစ်ခဲ့သူတွေက အရှာအဖွေထွက်ပြီး ထောင်ဝင်စာများ၊ စားစရာ သောက်စရာတွေ ပေးကြကမ်းကြသည်။

ထောင်ထဲကို ခဏခဏ ဝင်စို့ ထွက်စို့ လုပ်နေကြသောကြောင့် ထောင်ထဲမှာ အနေအစားချောင်အောင် လုပ်ရသည်။ အကြံအဖန်လည်း ကျွမ်းကြသည်။

တိုးအောင်က ရန်ကုန် ပြန်ရောက်လာပြီးသည့်နောက် ကိုလွင်မောင်တို့နှင့် အတူမနေတော့။

တိုးချောင်လေးတွင်နေသည့် လုပ်ဖော်ကိုင်ဖက် ချစ်သိန်းနှင့်အတူ သွားနေသည်။

တိုးချောင်လေးမှာ ရန်ကုန်နှင့် အလှမ်းဝေးသည့်အလျှောက် သူ့ကိုသိထားသည့် ဆားပုလင်းများအား လောလောဆယ် ခြေရာဖျောက်ထားနိုင်သည်။

ရွှေဟင်္သာစာပေ



ချစ်သိန်းက ခါးလောကတွင် သူ့ထက်သမ္ဘာရင့်သော်လည်း အနိုက်အခွဲပဲ ကျွမ်းသည်။ အခွဲလိုင်းနှင့် မနီးစပ်။

ချစ်သိန်း မိန်းမက သူ့ယောက်ျားလုပ်ငန်းကို တားလို့မရပေမယ့် ယောက်ျားအပေါ် မှီခိုနေသူတစ်ယောက်တော့ မဟုတ်။

သူ့နည်းသူ့ဟန်ဖြင့် အိမ်ထောင်စရိတ်ကို ရှာဖွေနိုင်သူဖြစ်သည်။

အလယ်အလတ်တန်း စာရင်းဝင် နတ်ကတော်တစ်ယောက်ဖြစ်၏။

တိုးအောင်က ရန်ကုန်ကို ပြန်ရောက်ရောက်ချင်း ဆားပုလင်းတို့ မျက်စိစူးရောက်ရာ မြို့လယ်ကောင်နယ်မြေထဲကိုမဝင်။

မော်လမြိုင်မောင်ခိုရထားလိုင်းပေါ်မှာပင် ကျက်စားခဲ့သည်။

အထိုက်အလျှောက် အလုပ်ဖြစ်ခဲ့သည်။

ထိုထိုကာလက ဒါးပိန်နှင့် တိုးချောင်လေးကြားတွင် မှောင်ခိုသမားတွေက ရထားခေါင်းတွဲနှင့် နားလည်မှုယူ၍ မော်လမြိုင်ပစ္စည်း အထုပ်အပိုးများကို ရထားပေါ်မှ ပစ်ချကြသည်။

သူတို့နှင့် အချိတ်အဆက် လုပ်ထားသူတွေက အောက်ကဆောင့်ကြသည်။

အထုပ်အပိုးတွေ ပစ်ချသည့် အချိန်ပိုင်းလေးကို ရထားက အရှိန်လျှော့ပေးသည်။

အထုပ်အပိုး ပါသူတွေက သူတို့အထုပ်အပိုးတွေကို သူ့ဆက်ငါဦး ပစ်ချကြရသည်။

ရွှေဟင်္သာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်တွဲလုံးလိုလို များပန်းခတ် လှုပ်ရှားနေကြသည့် အလျှောက် ပတ်ဝန်းကျင် ဂရုမစိုက်နိုင်။

သူနှင့် ချစ်သိန်းတို့သည် အချိန်တိုလေးကို အခွင့်ကောင်း ယူ၍ သူတို့လုပ်ငန်းကို လုပ်ကြရသည်။

အထုပ်ချသည့်နေရာမှာ နေရာမှန် တစ်သမတ်တည်းထား ပြီး မလုပ်ကြ။

ပဲခူးဘူတာမှ ရထားထွက်ကတည်းက အောက်က သူတို့ လူတွေကို အချက်ပြမည့်နေရာကို ခေါင်းတပြူပြူလုပ်ပြီး ကြည့် ကြရသည်။

အချိတ်အဆက် အချိန်းအဆက် လုပ်ထားသူတွေက အထုပ် ချရမည့်နေရာကို အဝေးကြီးကနေ အလံဖြူထောင်၍ အချက်ပြ ကြသည်။

ထို့ကြောင့် သူတို့က လုပ်ငန်းဝင်မည့်နေ့တွင် ပဲခူးသို့သွား ကြရသည်။

မနက်ပိုင်း ပဲခူးဈေးကြီး စည်ကားချိန်တွင် လုပ်ကွက်ကြည့် ပြီး လုပ်ကြသည်။

အလုပ်ဖြစ်ရင် ရထားကို မစောင့်တော့။ ကားနှင့်ပြန်ကြ သည်။

အလုပ်မဖြစ်သည့်အခါ ပဲခူးရုပ်ရှင်ရုံ တစ်ရုံရုံမှာ ရုပ်ရှင် ဝင်ကြည့်ပြီး အချိန်ဖြုန်းကြသည်။





သူတို့က လုပ်ကွက်ကို ပုံသေမထား။ ပေးလာသည့်အခြေ အနေပေါ်ကြည့်၍ လုပ်ကြသည်။

ထိုလိုင်းက လုပ်ကွက်ချောင်ပေမယ့် အရနည်းသည်။ စို့စို့ ပို့ပို့ ရလှည့်ကြသည့်အခါ ကြုံပေမယ့် အလီကြီး အချီကြီးမျိုးတော့ မရတတ်။

စားစရိတ် သုံးစရိတ် ကာမိရုံလောက်တော့ အလုပ်ဖြစ် သည်။

တိုးအောင် စိတ်ဝင်စားသည်က ရန်ကုန်ခွင်။

အန္တရာယ်ကြောနှင့် နီးပေမယ့် အလုပ်ဖြစ်ပြီဆိုရင် မြိုးမြိုး မြက်မြက်ရသည်။

သူက အလီကြီး၊ အချီကြီးတစ်ချို့ ရခဲ့ဖူးသည်ကြောင့် ရန်ကုန်ခွင်ကို တမ်းတမ်းမက်မက် ရှိနေသည်။

တိုးချောင်လေးတွင် နှစ်လလောက် ခြေလျှိုနေပြီးနောက် ရန်ကုန်ခွင်ကို ခြေဦးလှည့်ခဲ့သည်။

သည်တစ်ခါတွင် ရန်ကုန်ခွင်သို့ ပြန်ဝင်လာသည်မှာ တစ် ကိုယ်တော်။

သူ၏ဆရာအရင်း ကိုလွင်မောင်မှာ ဒီလောကကို ကျော ခိုင်းသွားပြီဖြစ်သဖြင့် နောက်ထပ် မည်သူနှင့်မှ လက်မတွဲတော့ ဘဲ တစ်ကိုယ်တော် လှုပ်ရှားခဲ့သည်။

တစ်နေ့ ရွှေဘုံသာလမ်းတွင် မယောင်မလည်လျှောက်၍ သားကောင်ကို အကဲခတ် ရှာဖွေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူ ဝတ်ဆင်ထားပုံမှာ အပျံစား။

ကလေကချေဟန်ပန် လုံးဝမထင်။

ရွှေဆိုင်ကြီး တစ်ဆိုင်ထဲမှ အသက်လေးဆယ်ကျော် အမျိုးသမီးနှစ်ယောက် ထွက်လာသည်ကို သတိထားလိုက်မိသည်။

ဝတ်စားဆင်ယင် ထုံးဖွဲ့ထားပုံကို ကြည့်လိုက်ရုံနှင့် ငွေကြေးလို၍ ရွှေလာရောင်းသူများ မဟုတ်မှန်းကို လျှပ်တစ်ပြက် အကဲဖြတ်လိုက်နိုင်သည်။

အတော်အတန် တန်းမြင့်အတွင်းဝင်သည့် အရောင်းအဝယ်သမား၊ ပွဲစားများ ဖြစ်ဖွယ်ရှိသည်ဟု ခန့်မှန်း၍ မူလဦးတည်ရာ ခြေလှမ်းကို ဆန့်ကျင်ဘက်သို့ ပြန်လှည့်ပြီး နောက်ကနေ မယောင်မလည် လိုက်ခဲ့သည်။

အမျိုးသမီးနှစ်ယောက် ဦးတည်သွားနေသည်မှာ ဗိုလ်ချုပ်ဈေးဘက်သို့။

သူက မနီးမဝေးမှ ကပ်လိုက်သွားသည်။

ဒါက သူတို့အထာ။

အခြေအနေ ပေးလာရင် လုပ်မည်။ မပေးရင် လမ်းခွဲထွက်မည်။

ထိုသို့လိုက်လာရင်း မဂိုလမ်း၊ ရွှေဘုံသာလမ်း၊ ရဲရိပ်သာရှေ့သို့အရောက် ရဲရိပ်သာအဝင်ပေါက်မှ အရပ်ဝတ် အရပ်စားနှင့် မျက်မှန်အနက် တပ်ထားသူတစ်ယောက် ထွက်လ သည်။

လူဆိုးထိန်း ဒုရဲအုပ် ကိုမင်းသူ။



တစ်ချိန်က သူ့ကို ထောင်ထဲပို့ခဲ့သူ။

ကိုမင်းသူ မျက်နှာပေါ်တွင် အပြုံးရိပ် ယှက်သန်းသွားသည်ကို လျှပ်တစ်ပြက် သတိထားလိုက်မိသည်။

သူက ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသော်လည်း ဣန္ဒြေမပျက်၊ ခြေလှမ်းမပျက် ဆက်လျှောက်ခဲ့ရသည်။

အခြေအနေမကောင်းသည်ကို ရိပ်မိပေမယ့် ထွက်ပြေးရင် လွတ်လမ်းမရှိဘဲ အခြေအနေ ပိုဆိုးသွားမည်မို့ ဟန်မပျက်အောင် ထိန်းလိုက်ရသည်။

ကိုမင်းသူ သူ့ဆီကို ရောက်လာသည်။

"ကိုယ့်လူ ရုတ်ရုတ်သဲသဲ မလုပ်နဲ့နော်၊ အေးအေးဆေးဆေး လိုက်ခဲ့၊ ရုတ်ရုတ်သဲသဲ လုပ်ရင် ပိုဆိုးသွားလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်"

သူက သည်သို့ပဲ ပြောလိုက်ရသည်။

ရောက်သွားသည့်နေရာက ကျောက်တံတားရဲစခန်း။

ကိုမင်းသူ လက်ညှိုးညွှန်ပြသည့် ကျောက်တံတားရဲစခန်းအဝင်ပေါက် ဘယ်ဘက်ဆောင်ရှိ ခုံတန်းရှည်ပေါ်တွင် ထိုင်နေလိုက်ရသည်။

ကိုမင်းသူက ရဲစာရေးကြီးရှိရာသို့သွား၍ စကားပြောပြီး တယ်လီဖုန်းဆက်သည်။

ဒီနောက် ရဲစာရေးကြီး စားပွဲရှေ့တွင် တရိုတသေရပ်၍ စာရေးကြီး မေးခွန်းများကို ဖြေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲစာရေးကြီးက ထုံးစံအတိုင်း နာမည်၊ လက်ရှိနေရပ်လိပ်စာ၊ ဘာညာတွေမေးပြီး ရဲသားတစ်ယောက်အားခေါ်၍ အချုပ်ခန်းထဲသို့ သွင်းလိုက်သည်။

"ဘာမှမလုပ်ရသေးဘဲ အချုပ်နဲ့ အချုပ်ခန်းထဲ ရောက်သွားရတာပေါ့"

"ဟုတ်ပါတယ် ဆရာ၊ စီမံချက်ကာလဆိုတာကို ကျွန်တော်က မသိလိုက်ဘူး"

"ဘယ်နှရက်လောက် အချုပ်ခံလိုက်ရသလဲ"

"ရမန်ကြီးတစ်ပတ်၊ ပြီးတော့ အမှုစွဲတင်ပါတယ်"

"ကိုတိုးအောင်က ဘာမှမလုပ်ရသေးဘဲနဲ့ ဘာအမှုနဲ့စွဲတင်တာလဲ"

"အမှုဟောင်းတစ်ခုကို ကျူးလွန်မိခဲ့ကြောင်း၊ ဝန်ခံလိုက်ရတာပေါ့ ဆရာ၊ အဲဒီလို ဝန်မခံရင် သံသရာရှည်မယ်၊ အထိအခိုက် ရှိလာမယ်၊ စီမံချက်ကာလဆိုတော့ ငါးညနဲ့ဆွဲလိုက်ရင် မလွယ်ဘူး"

ထောင်ဒဏ် ခြောက်လ။

အဲဒီအခေါက် အထဲအရောက်တွင် လုံးတီးမိတ်ဆွေသစ်တစ်ယောက်နှင့် အဖွဲ့ကျခဲ့သည်။

သုံးမည်ရ ဖောက်ထွင်းဝိဇ္ဇာ။

လူမြင့် ခေါ် အောင်ကြီး ခေါ် သိန်းငွေ။

ဒုစရိုက်လောကတွင် ဘယ်ကျော်လူမြင့်ဟု လူသိများသည်။





နာမည်သုံးမျိုးတွင်သလို မိန်းမလည်း သုံးယောက်ရှိသည်။

သူတို့ ဒုစရိုက်လောကသားများအဖို့ ထိုကိစ္စမှာ ပြောစမှတ်ပြုစရာ မဟုတ်ပါ။

တစ်ဦးတည်းသော ဇနီးမယားနှင့်ဆိုသူမှာ ရှာမှရှား။

အနည်းဆုံးသမားကနှစ်ယောက်။

လူမြင့်က ခုတစ်ခေါက် ထောင်ထဲရောက်သည့် အမှုမှာ ဖောက်ထွင်းမှုနှင့်မဟုတ်။

မားခုတ်မှုနှင့် ထောင်ဒဏ်ငါးနှစ်ကျခံစေရန် တရားရုံးမှ ချမှတ်လိုက်သည့်ပြစ်ဒဏ်ဖြင့် ထောင်ထဲသို့ရောက်ခဲ့သည်။

ထိုအကြိမ်ပါဆိုလျှင် ထောင်ထဲသို့ရောက်ခဲ့သည်မှာ သုံးကြိမ်မြောက်ဖြစ်၏။

တတိယဇနီးသည်၏ အစ်ကိုဖြစ်သူနှင့် စကားများရာမှ အိမ်တွင်ရှိနေသည့် ငှက်ကြီးတောင်ဓားဖြင့် ယောက်ဖဖြစ်သူကို ကိုယ်အင်္ဂါချွတ်ယွင်းအောင် ကပ္ပိလိုက်သောကြောင့်ဖြစ်၏။

လူမြင့်က ထောင်ထဲမှာ လုံးတီးဝေါဟာရဖြင့် အခေါ်အဝေါ်ပြသည့် အထောင်။

ထောင်ထဲမှာ အခန်းလူကြီးနှင့် ဆေးမှူးစသူများကို အထောင်ဟု ခေါ်ကြသည်။

အခန်းလူကြီးဖြစ်ပြီဆိုလျှင် အိမ်က ထောင်ဝင်စာလာပြီး စားစရာသောက်စရာများ ပို့စရာမလို။

အထဲမှာတင် လိုတာထက် လျှံပယ်ရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရသည်က အထူးသီးသန့်နေရာမှာ ဇိမ်ကျကျ။

စားတော့ အကြိုအဖန်ထမင်းဟင်းနှင့်။

ပါးစပ်ချဉ်ခြင်းကို ဆေးပေါ့လိပ်အငွေ့ဖြင့် ဖြေဖျောက်စရာ မလို။ အစီခံစီးကရက်နှင့် နေနိုင်သည့်အဆင့်။

အခန်းထဲရောက်လာသူမှန်သမျှ သူ့လက်ခုပ်ထဲထဲကရေ။

သွန်လိုသွန်၊ မှောက်လိုမှောက် လုပ်ပိုင်ခွင့်ရှိသည်။

သူတို့က ဘာအလုပ်မှမလုပ်ရ။

အခန်းထဲသို့ ရောက်ရှိနေကြသည့် ထောင်ကျများကို ဗိုစ်ကျကျ၊ စည်းကမ်းသေသေဝပ်ဝပ်ရှိအောင် ထိန်းသိမ်းကြပ်မတ် ကွပ်ကဲရသူများဖြစ်၏။

သူတို့ကို ထော်လော်ကန့်လန့်လုပ်ပြီး လွန်ရဲသူမရှိ။

ပါးစပ်နှင့် အမိန့်ပေးနိုင်သလို လက်ပါခွင့်လည်း ရထား သူများဖြစ်၏။

ဘယ်လိုအကြောင်းဆက်ပါလာသည်တော့ မပြောနိုင်။

သူတို့နှစ်ယောက်၏ ခင်မင်မှုမှာ ငယ်ပေါင်းကြီးဖော်ပမာ သို့နှယ်ရှိခဲ့သည်။

အခန်းလူကြီးများအတွက် သတ်မှတ်ထားသည့် သီးသန့်နေ ရာမှာ သူနှင့်အတူ အိပ်ရသည်။ သူနှင့်အတူစားသောက်နေထိုင် ရသည်။

အခန်းလူကြီးလှမြင့်၏ ထောက်ခံမှုဖြင့် သက်သောင့်သက် သာလုပ်ရသည့် အဆောင်သန့်ရှင်းရေးအလုပ်နေရာကို ရရှိခဲ့သည်။





"ကျွန်တော် ရောက်စတုန်းက သူ့လက်သံနဲ့ မလွတ်ခဲ့ပါဘူး၊ ဒါကလည်း ထောင်ထဲရောက်ရင် တွေ့ကြုံရစမြဲရှိတဲ့အကြောင်း မို့ ထူးထူးခြားခြားပြောစရာအကြောင်းမဟုတ်ပါဘူး၊ ကျွန်တော့် အရင်ရောက်နှင့်နေတဲ့ ကျွန်တော်တို့လောကသား တရုတ်ကြီးရဲ့ အကူအညီကြောင့် သဘောလောက်ပဲခံလိုက်ရပါတယ်၊ တရုတ် ကြီးနဲ့ပတ်သက်ပြီး သူနဲ့ခင်မင်သွားတာပါ၊ သူနဲ့ကျွန်တော်နဲ့ လွတ်ရက်က လပိုင်းလောက်ပဲကွာပါတယ်၊ သူက ကျွန်တော့်ထက် သုံးလလောက်နောက်ကျပြီးမှ လွတ်မှာပါ၊ သူ လွတ်တဲ့အခါ သူ့ဆီဆက်ဆက်လာဖို့ မှာထားခဲ့ပါတယ်၊ အပြင်ရောက်တော့ သူနဲ့ တွဲမိရာကနေ"

ဘယ်ကျော်လှမြင့် ထောင်မှ လွတ်လာပြီးနောက် တိုးအောင် ... လှမြင့်နေထိုင်ရာ ကြည့်မြင်တိုင်၊ ဆင်မလိုက်၊ ကန်ဖွန်းခင်း ရပ်ကွက်တွင် အတူသွားရောက်နေထိုင်ခဲ့သည်။

တတိယမိန်းမ၏အစ်ကိုနှင့် ဖြစ်ပျက်ခဲ့သည့် ဓားခုတ်မှု အတွက် တတိယမိန်းမနှင့် ပြတ်စဲသွားသည်။

ခု သူနေထိုင်သည့် ကန်ဖွန်းခင်းမှာ ဒုတိယမိန်းမနှင့်အတူ ပြန်လည်ပေါင်းသင်းနေထိုင်သည်။

ဒုတိယမိန်းမ၏ ဦးလေးဖြစ်သူက ရပ်ကွက်ထဲမှာ ပေါက် ပေါက်ရောက်ရောက်ရှိသည့်အပြင် ရဲစခန်းနှင့် ပြေလည်သူဖြစ် သောကြောင့် သူတို့အတွက် နေရေးထိုင်ရေး အခက်အခဲမရှိ ပြေ လည်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုးအောင်က လှမြင့်နှင့်အတူ နေထိုင်ပေမယ့် လိုင်းတော့ မဖူးကြ။

သူ့လိုင်းနှင့်သူ။ ကိုယ့်လိုင်းနှင့်ကိုယ်။ လုပ်မြဲဒုစရိုက်လုပ်ငန်းကို ဆက်လုပ်နေခဲ့ကြသည်။

လှမြင့် အပြင်ဘက်တွင်လည်း အတော့်ကို အပေါင်းအသင်းဆန့်သည်။

သူတို့လုပ်ငန်းနှင့်ပတ်သက်၍ ဒုက္ခပေးနိုင်သူများကိုပင် ပြေလည်အောင် ပေါင်းသင်းနိုင်သည်။

သူတို့နေထိုင်သည့် ကန်ဖွန်းခင်းကွက်သစ်မှာ ကျူးကျော်ကွက်သစ်ဖြစ်သည့်အလျောက် အလှူပေါင်းစုံ လူပေါင်းစုံနေထိုင်ကြသည်။

ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်သူဦးရေထက် မကောင်းသောမျိုးစုံ လုပ်ကိုင်စားသောက်သူဦးရေက ပိုများသည်။

ထို့ကြောင့် သူတို့လည်း အနေမကျုံ့။

ရပ်ကွက်ထဲတွင် ပြထားသည့် တိုးအောင်၏အလုပ်အကိုင်မှာ ကီလီကုန်စိမ်းပွဲစား။

လှမြင့်က ညလူ။

သူက နေ့လူ။

နေ့ဘက်ထွက်ရသည့်အလုပ်နှင့် ကိုက်ညီသော လုပ်ငန်းပြ ထားသည်။





"ကျွန်တော်လည်း အရင်လို အလုပ်လောဘမကြီးဘဲ အန္တရာယ်ကင်းကင်းနဲ့ လွယ်လွယ်ချောချော အကွက်တွေ့မှပဲလုပ်တယ်၊ ကျွန်တော့်တစ်ယောက်စာအတွက် ဖူလုံရုံပဲဆိုပါတော့၊ အဲဒီလိုလိုင်းမပူးဘဲ ကိုယ့်လိုင်းနဲ့ကိုယ် လုပ်ရတာက ကြမ္မာငင်ချင်တော့ လိုင်းပူးဖို့ဖြစ်ရပ်ကြောင်းတစ်ခု ဖြစ်လာတယ်ဆရာ၊ အဲဒါကတော့ ဒီရဲဘက်စခန်းကို ရောက်ရတဲ့ ဖောက်ထွင်းမှုပါ၊ အမှုဖြစ်တာက ရန်ကုန်မှာမဟုတ်ဘူးဆရာ၊ မန္တလေးမှာ"

တစ်နေ့တွင် မန္တလေးက သူတို့ဘော်ဒါတစ်ယောက် ကိုလှမြင့်ဆီ ရောက်လာသည်။

တစ်ချိန်သောအခါက ရန်ကုန်မှာ လှမြင့်နှင့်တွဲဖူးသည့် တပည့်ဘော်ဒါ။

သူကလည်း သုံးမည်ရဖောက်ထွင်းသမား။

သံချောင်း ခေါ် စိန်လေး ခေါ် လူထွေး။

သံချောင်းက မန္တလေး မတ္တရာသား။

လှမြင့်၏တပည့်အဖြစ် ရန်ကုန်တွင် ဖောက်ထွင်းမှုကို ကျူးလွန်ခဲ့ရာမှ အနော်ရထာလမ်း နာရီဆိုင်ဖောက်မှုဖြင့်တစ်ကြိမ်၊ ရုံးကင်းတိုက်ခန်းဖောက်မှုဖြင့်တစ်ကြိမ် ထောင်ထဲသို့ နှစ်ကြိမ် ရောက်ခဲ့ဖူးသည်။

ဒုတိယအကြိမ် ထောင်မှလွတ်သည့်အခါ ဆရာဖြစ်သူထံ လမ်းစရိတ်တောင်းပြီး နေရင်းရွာသို့ ပြန်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်လုပ်ငန်းကို စွန့်လွှတ်ဖို့ ရွာကိုပြန်သွားတာတော့ မဟုတ်။ မတ္တရာနှင့်နီးနီးနားနား မန္တလေးဘက် စားကျက်သစ်ဖွင့်ရန်အတွက် ရွာဖို့ပြန်သွားခြင်းဖြစ်သည်။

ပြန်သွားပြီး နှစ်နှစ်နီးပါးအတွင်း အကွက်ကောင်းတစ်ကွက်ရှိပြီး စိုစိုပိုပိုရလာသည့် ငွေကြေးများကို ရန်ကုန်သို့လာ၍ သုံးဖြုန်းသွားသည့်အခေါက်က ဆရာသမားလှမြင့်ကိုလည်း ပြုစုသွားသည်။

အဲဒီတုန်းက တစ်ခေါက်ရောက်လာပြီး နောက်ထပ်ရောက်မလာဘဲ ခုတစ်ခေါက် ရောက်လာခြင်းဖြစ်၏။

ခုတစ်ခေါက်ရောက်လာသည်မှာ တွေ့ထားသည့်လုပ်ကွက်ကောင်းတစ်ခုကို သူ တစ်ယောက်တည်း လုပ်ရန်အတွက် အခက်အခဲရှိနေသောကြောင့် ဆရာသမားထံ လာရောက်အကူအညီတောင်းခြင်းဖြစ်သည်။

အောင်မြင်ရင် ရမည့်အကျိုးအမြတ် ပမာဏမှာ ကြီးမားသည်။

ကိန်းဂဏန်းအားဖြင့် သိန်းနှစ်ဆယ်အထက်ရှိမည်။

မိုးညှင်းဘက်မှ ကျောက်စိမ်းဖြင့် သိန်းရာချီချမ်းသာခဲ့ရာမှ မန္တလေးတွင် တိုက်ဆောက်ပြီး အခြေချနေထိုင်၍ ကျောက်စိမ်းလောကကို ခြယ်လှယ်နေသည့် သော်ဇာကြီးတစ်ဦး၏တိုက်ကိုဖောက်ထွင်းရမည့်ကိစ္စ။



အစိမ်းစုရင်း ဦးစစ်ပန်မှာ မန္တလေးသို့ရောက်ပြီးနောက် အစိမ်းလောကကိုသာမက အနီလောကကိုပါ ဝင်ရောက်၍ လက်တစ်ဆုံးနိုက်နိုင်သည့်အဆင့်သို့ ရောက်ရှိနေသူဖြစ်၏။

ချမ်းသာသလောက် အထင်ပေါ်ခံမနေထိုင်ဘဲ ရိုးရိုးကုပ်ကုပ်နေထိုင်၍ လုပ်ငန်းကိုသာ အာရုံစိုက်ပြီး သိုသိုသိပ်သိပ်လုပ်နေသူဖြစ်သောကြောင့် သက်ဆိုင်ရာ၏ အာရုံစူးရောက်ခြင်းမခံရသူလည်းဖြစ်သည်။

မကြာမီ လပိုင်းကမှ သိန်းသုံးဆယ်အထက် ပတ္တမြားကြီးတစ်ပွင့်ကို ရွှေချောင်းများဖြင့် လဲလှယ်၍ ရယူပိုင်ဆိုင်ထားသည်။

ထိုပုဂ္ဂိုလ်ကြီး၏ ဂျစ်ကားမောင်းသူ ဒရိုင်ဘာမှတစ်ဆင့် အတိအကျ သတင်းရရှိထားသည်။

သံချောင်းက တိုက်အတွင်းဘက် တည်ဆောက်ဖွဲ့စည်းပုံနှင့် မြေအောက်ခန်းပုံစံ အကြမ်းကိုလည်း ရရှိထားသည်။

သံချောင်းအတွက် တိုက်ကို ဖောက်ထွင်းရန် အခက်အခဲမရှိသော်လည်း ပစ္စည်းများထားသည့် မီးခံသေတ္တာကို အချိန်တိုအတွင်းပွင့်အောင် ဖွင့်ဖို့အခက်အခဲရှိနေသည်။

ထိုကိစ္စအတွက် သူ့ထက်ပိုကျွမ်းသည့် လှမြင့်ကို လာခေါ်ခြင်းဖြစ်သည်။

အထဲရောက်ပြီးမှ မီးခံသေတ္တာအတွက် အခက်အခဲတွေ့လျှင်စွန့်စားရသည်ပဲအဖတ်တင်မည်။

**ရွှေဇာသံတေဆေး**

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ထိုက်တန်တန်ရမည့် အခွင့်အရေး လက်လွတ်ဆုံးရှုံးရမည်မို့ ဆရာတပည့်နှစ်ယောက်ပေါင်းမှ ပို၍သေချာမည်ဖြစ်သောကြောင့် အကူအညီတောင်းရန် ရောက်လာခြင်းဖြစ်၏။

ဆရာတပည့်နှစ်ယောက် နှစ်ရက် ခေါင်းချင်းရိုက်တိုင်ပင်ပြီးနောက် လက်ဝါးရိုက်ဆွဲလိုက်ကြသည်။

သံချောင်းမှာ စရိတ်ကစလည်း အလုံအလောက်ပါလာသည်။

နေရေးထိုင်ရေးအတွက်ကလည်း အကြောင်းမဟုတ်။

မတ္တရာတွင် စခန်းချပြီး လေ့လာရေးလုပ်မည်။

ရက်ရွေးမည်။

မတ္တရာနှင့် မန္တလေးမှာ ခရီးအနီးလေး။

လှမြင့်က တိုးအောင်ကို ဘုရားဖူးရင်း အလည်အပတ်လိုက်ခဲ့ဖို့ခေါ်သည်။

ပထမတော့ သူက ငြင်းသည်။

သူ့လိုင်းနှင့်မဆိုင်သောကြောင့် သူလိုက်ပါခြင်းဖြင့် သူတို့အတွက် အထောက်အကူမဖြစ်ဘဲ တာဝန်ပိုနေမည်ကို အကြောင်းပြ၍ငြင်းသည်။

လှမြင့်က အတင်းခေါ်သည်။

သံချောင်းကပါ တာဝန်ပိုလေးစရာမရှိသည့်အပြင် သူ့လိုင်းနှင့်ပတ်သက်၍ မန္တလေးမှာ အလုပ်ဖြစ်နိုင်ကြောင်းပြော၍ခေါ်သည်။





လှမြင့်က ထောင်ထဲမှာကတည်းက သူ့အပေါ်ကောင်းခဲ့သလို အပြင်ရောက်တော့လည်း နေရေးထိုင်ရေးကအစ အဆုံး အရာရာ ကူညီပြီး သူ့ရှိကိုယ်စား၊ ကိုယ့်ရှိသူစား လည်ပင်းဖက်ပေါင်းခဲ့သည်။

သူတို့နှစ်ယောက်မှာ ရင်ဘတ်ပေးပေါင်းသည့် အပေါင်းအသင်းဖြစ်နေပြီ။

ရင်ဘတ်ပေးပေါင်းသည့် အပေါင်းအသင်းဆိုတာက ခံစရာရှိအတူတူခံ၊ ရစရာရှိ အတူတူ၊ သူ့ကိစ္စကိုယ်ပဲ၊ ကိုယ့်ကိစ္စပဲလို့ ခွဲခြား၍မြင်ကြည့်ရသည်မျိုးမရှိ။

နောက်ဆုံးတွင် မန္တလေးခရီးကို လိုက်ဖို့ခေါင်းညိတ်လိုက်ရသည်။

သို့နှင့် မတ္တရာကို ရောက်ခဲ့ကြသည်။

သံချောင်းက သူတို့နှစ်ယောက်အတွက် စားရေးသောက်ရေး နေရေးထိုင်ရေး အစစအရာရာ လိုလေသေးမရှိအောင် စီစဉ်ပေးသည်။

သို့တစေ ရန်ကုန်တွင် အနေကြာသူ သူတို့အဖို့တော့ မတ္တရာမှာ ခြောက်သွေ့ပူပြင်း၍ ပျင်းစရာကောင်းသည်။

မတ္တရာမှာ ထူးထူးခြားခြား ပြောစမှတ်ပြုရအောင် စည်ကားသည်မှာ တစ်နှစ်တွင်တစ်လ၊ ဝါခေါင်လတွင်ဖြစ်၏။

မန္တလေး မတ္တရာရထားကို ခေါက်တုံ့ခေါက်ပြန်ပြေးဆွဲပေးရသည့်တိုင် ခြေနှစ်ချောင်းရပ်တည်စရာ နေရာရဖို့လွယ်။

www.burmeseclassic.com



တောင်ပြိုးပွဲတော်လေ။

မြန်မာတစ်ပြည်လုံး ထက်အောက်ဒေသအစုံမှ နတ်ကတော်များနှင့် နတ်အနွယ်ဝင် ကိုးဆယ်ရာနှုန်းမှာ မတ္တရာတောင်ပြိုးပွဲသို့ ရောက်ကြစမြဲရှိကြသည်။

ရထားလမ်း၊ ကားလမ်းနှစ်သွယ်ဖြင့် မန္တလေးမှမတ္တရာသို့ များပန်းခတ်မျှ သွားလာလှုပ်ရှားသူတို့၏ဦးရေမှာ အုံမခန်းဟု ဆိုရမည်သို့အောင်ရှိပါချေ၏။

ငံတောင်ပြိုးပွဲမှာ တန်ခိုးကြီးဘုရားပွဲတော်များထက်ပင် စည်ကားသည်။

မသွားမဖြစ်၊ မရောက်မဖြစ် သွားရသူများရှိသလို အပျော်သွားကြသူ လူနည်းစုလည်းပါသည်။

တစ်နှစ်မှာ တစ်လ၊ ဝါခေါင်လ၊ လွန်မြောက်ပြီးသည့် နောက်ပိုင်းတွင်မှ တောင်ပြိုးမှာပင်တိုင်နေကြသည့် နတ်ထိန်းနတ်ကတော်ကြီးများ၏ လေးငါးဆယ်ယောက်သော အစုလေးသာ အမြဲရှိကြသည်။

သူတို့လည်း ရောက်ရောက်ချင်း တောင်ပြိုးနတ်နန်းကို ဦးခိုက်ကြသည်။

ဒုစရိုက်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများမှာ ကင်းလို့မရ။

သူတို့ ခါးလောကသားများကို ခိုး၊ ဖောက်၊ လုသတ်၊ တိုက်ခိုက်သော ရာဇဝတ်ပြစ်မှုကျူးလွန်သူများသည် လုပ်ငန်းခွင်





သို့မထွက်ခင် ဘုရားကန်တော့၍ သတိတရမရှိကြပေမယ့် နတ်ဆက်၊ နတ်ကန်တော့ဖို့ကိုမူ သတိတရဦးစားပေးလုပ်ကြရသည်။

အထူးသဖြင့် လုပ်ငန်းခွင်ဝင်မည်သူတို့က မင်းကလေး၊ အိမ်မှာကျန်ရစ်သူ ဇနီးမယားများက မနဲ့လေး။

တတ်နိုင်သမျှသော ဆက်သစရာများဆက်သ၍ လုပ်ငန်းခွင်အနှောင့်အယှက်ကင်းဖို့၊ ချောချောမွေ့မွေ့ လုပ်ငန်းအောင်မြင်ဖို့ အန္တရာယ် အသွယ်သွယ် ကင်းဝေးအောင် ကြည့်ရှုစောင်မဖို့ ဆုတောင်းရစမြဲ ရှိကြသည်။

လုပ်ငန်းအောင်မြင်၍ အလုပ်ဖြစ်ခဲ့ရင် ဘာတွေညာတွေ ဆက်သမည်ဆိုသည့် စကားတွေပေးကြရစမြဲရှိသည်။

ဟိုတုန်းကတော့ အနည်းဆုံး အစိမ်းရောင်ကရင်ဆိုဒါနှင့် ပြည်တွင်းဖြစ် စီးကရက်။

ခုခေတ်မှာတော့ အဝါရောင် မရင်ဒါနှင့် ဖိုက်ဖိုက်ဖိုက်။

ဒါက လုပ်ငန်းခွင်မဝင်မီ။

အလုပ်ဖြစ်လာရင်တော့ ပယင်းယောင်ပုလင်းကို နေရာပေးရသည်။

အလုပ်ဖြစ်လာသည့်ငွေကြေးအပေါ်တည်၍ ဝီစကီ၊ ဘရမ်ဒီနှင့် ကြက်ပေါင်ကြော်။

တစ်ခုတော့ပြောစရာရှိသည်။

နတ်ဆက်ရတာက အရင်းမဆုံးပါဟု။

နတ်က အတွေ့မသုံးဆောင်။



www.burmeseclassic.com

www.burmeseclassic.com



အငွေ့ပဲသုံးဆောင်သည်။

ကရင်ဆိုဒါပဲဆက်ဆက်၊ မရင်ဒါပဲဆက်ဆက်၊ ပယင်းရောင်နှင့်ပဲထောင်ထောင်။

လက်တွေ့သောက်သုံးရတာကတော့ ကိုယ်ပဲဖြစ်သည်။

ဘဲဥနှင့်ကြက်ပေါင်ကြော်ကိုလည်း ကိုယ်ပဲစားရသည်။

သို့မို့ကြောင့် အရင်းမဆုံးဟုဆိုသည်ပါ။

သူတို့က ဘုရားထက် နတ်ကိုအလေးထားဦးစားပေးသည်မှာလည်း သဘာဝကျသည်ဟု ဆိုရမည်သာပါ။

သူတို့လုပ်သည့်အလုပ်က မကောင်းသောအလုပ်။

ဒုစရိုက်အလုပ်။

ဘုရားက ကောင်းသောအလုပ် သုစရိုက်အလုပ်ကိုသာညွှန်းဆိုသည်။

မကောင်းသောဟူသမျှကို တားမြစ်သည်။

ဗုဒ္ဓရုပ်ပွားတော်ရှေ့မှောက်မှာ တပည့်တော် သူတစ်ပါးပစ္စည်းကို ပိုင်ရှင်ခွင့်မပေးဘဲနှိုက်ယူ၊ ခိုးယူ၊ လုယူ၊ တိုက်ယူတာကိုစောင်မကြည့်ရှု၍ အန္တရာယ်အသွယ်သွယ်ကို အကာပေးတော်မူပါဘုရားလို့ ဆုတောင်း၍ ဘယ်ဖြစ်လိမ့်မှပ။

အဲဒီတော့ ဆုတောင်း၍ဖြစ်သည့်နတ်ကိုသာ။

သူတို့လည်း မန္တလေးရောက်ရောက်ချင်း မဟာမြတ်မုနိဘုရားကြီးကို ဦးမတိုက်ရစေကာမူ တောင်ပြုံးနတ်နန်းသို့ ရောက်သွားကြသည်။





ပဏ္ဏာမဆက်သစရာများဖြင့် ဆက်သ၍ သူတို့လူစုကိုအန္တရာယ်မကျရောက်စေရန် အကာအကွယ်ပေးပါမည့်အကြောင်းနှင့် ကြံစည်ထားသောအကြံအစည်အောင်မြင်စေရန် စောင်မကြည့်ရှုပါမည့်အကြောင်း ဦးတင်တိုင်တည်၍ကန်တော့ကြသည်။

လုပ်ငန်းလုပ်သည့်အချိန်တွင် အထူးပွဲပေးမည့်အကြောင်းနှင့် လုပ်ငန်းအောင်မြင်သောအခါ ဝတ်လဲတော်၊ ယပ်တော်၊ ဝေါတော်ကအစ အသစ်လဲလှယ်၍ နတ်ကွန်းကြီးကို အထူးမွမ်းမံမည့် ကတိစကားကိုပါ ပေးခဲ့ကြသည်။

ရောက်ပြီး နောက်တစ်နေ့ကစ၍ မန္တလေးတွင် သူတို့ဖောက်ထွင်းမည့်တိုက်ကို လေ့လာကြသည်။

ကိုးအောင်လည်း မနေသာ၊ ကန့်လန့် ကန့်လန့်ပါနေရသည်။

မန္တလေးမှာ တစ်နေ့ကုန်တော့မနေ။

မနက်ပိုင်း မယောင်မလည် ကြည့်စရာရှိသည်များကိုကြည့်၍ ရန်ကုန်စားပွဲရုံတွင် စားသောက်ပြီး မတ္တရာသို့ ပြန်ခဲ့ကြသည်။

နောက်တစ်နေ့တွင် လှမြင့်နှင့် သံချောင်းတို့နှစ်ယောက်မန္တလေးသို့သွားကြသည်။

သူက မန္တလေးကိုမလိုက်ဘဲ မတ္တရာမှာပင်နေခဲ့သည်။

ညနေစောင်းတွင် လှမြင့်နှင့် သံချောင်းတို့ ပြန်လာပြီးဖောက်ထွင်းမည့်အစီအစဉ်ကို တိုင်ပင်၍ ရက်သတ်မှတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သန်ဘက်ခါညဘက် လုပ်ငန်းဝင်ရန်အတွက် သောက်ရင်းစားရင်း ပြောဆိုတိုင်ပင်ကြသည်။

နောက်တစ်နေ့ တောင်ပြုံးနတ်နန်းရှိ အထိန်းတော်နတ်ကတော်ကြီး အမှူးထားပြီး အထူးပွဲဆက်ကြသည်။

နတ်ကတော်ကြီးကို ရန်ကုန်မှ ညီ့သည်များက စီးပွားရေးလုပ်ငန်းအကြံအစည်များ အောင်မြင်စေရန် ထုံးတမ်းရှိသည်နှင့်အညီ အထူးပွဲဆက်သလိုကြောင်းနှင့် ကိုယ်တော်လေး၊ ကိုယ်တော်ကြီးများကို ပင့်၍ စီမံဆောင်ရွက်ပေးရန် အပ်နှံရသည်။

အထူးပွဲအတွက် အုန်းပွဲ၊ ငှက်ပျောပွဲ၊ ပေါင်းတော်အသစ်နှင့် သောက်စားစရာများနှင့် နတ်ကတော်ကြီး၏ ထုံးစံကြေးအပါအဝင် ခြောက်ရာကျော်ကုန်ကျစရိတ်ကို သံချောင်းက အိတ်စိုက်ကျခံလိုက်ရသည်။

အောင်မြင်သွားရင် သိန်းကြီးရမှာမို့ ရာစွန့်ရသည်က ဘယ်တွက်လို့ဖြစ်လိမ့်မှာပ။

ထောင်မြင်ရာစွန့်စကားလည်း ရှိသားပဲဟာ။

ကိုယ်တော်ကြီး၊ ကိုယ်တော်လေးတို့ စောင့်ရှောက်ပေးလျှင် အန္တရာယ်ကင်းမည်။

လုပ်ငန်းလည်းအောင်မြင်မည်ဆိုသည့် အစွဲယုံကြည်ချက်မှာ သူတို့အတွက် တွန်းအားသဖွယ် ဖြစ်စေသည်ကိုး။

ပွဲဆက်ရာတွင် ပတ္တူအိတ်နှင့်ထည့်ထားသည့် လုပ်ငန်းသုံးကိရိယာအိတ်လည်းပါသည်။



တောင်ပြုံးနှင့် ဝေးလံသောနေရာက နတ်ကတော်ကြီးများ၊ မင်းကြီး မင်းကလေးကိုပင့်သည့်အခါ အနည်းငယ်အချိန်ယူရသည်။

လှုပ်ရ၊ ခါရ၊ ယိမ်းထိုးရသည်မှာ ကြာသည်။

ရန်ကုန်ကဆို မိုင်လေးရာကျော်ခရီး။

စက်အားကောင်းသည့်ရထားတို့ ကားတို့ပင်လျှင် ဆယ့်လေးငါးနာရီလောက် သွားရသည့်ခရီး။

သို့တစေ ... မိုင်လေးရာခရီးကို မင်းကလေး၊ မင်းကြီးရောက်လာစမြဲရှိသည်မှာ နာရီဝက်ပင် မကြာတတ်။

ခုဟာက အနီးကပ်ပင့်ရသောကြောင့်လား မသိ။

လက်ကလေး လှုပ်လိုက်ရုံနှင့် ဝုန်းဒိုင်းရောက်လာသည်။

"ကဲ ... ဆိုစမ်း"

"ကျွန်တော်မျိုးတို့ လုပ်ငန်းအကြံအစည်အတွက် ကိုယ်တော်လေးရှေ့မှောက်သို့ ရောက်လာတဲ့ သားတပည့်များကို ကိုယ်တော်လေးက ကူညီစောင်မပေးဖို့ လျှောက်တင်ရပါတယ် ကိုယ်တော်လေး"

သံချောင်းက လက်အုပ်ကလေးချီ၍ ပြောလိုက်သည်။

"အောင်မြေနင်းပြီး ပွဲပေးမှတော့ ရဲရဲသာ ဆက်လုပ်။ အောင်ကြောင်းဝေဖြာ အောင်ရမပေါ့ကွာ"

"လုပ်ငန်းအောင်မြင်ရင် ကျွန်တော်မျိုးတို့ ပွဲကြီးဆက်ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကတိအတိုင်း တည်ပစေ၊ ကဲ ... ငါနားမယ်"

နတ်ကတော်ကြီးကပဲ ပြောတာလား၊ မင်းကလေးကပဲ ပြောလေသလား ဆိုသည်ကိုတော့ နတ်ကတော်သာ ပြောနိုင်ပါလိမ့်မည်။

မည်သို့ပင်ရှိစေ သံချောင်း၏အပြုံးမှာ လွှက်လွှက်ထင်ထင် ဝင်းလက်သွားသည်။

တွန်းအားရလိုက်ပြီမို့ လုပ်ငန်းစရုံပဲ ရှိတော့သည်။

လုပ်ငန်းစမည့်နေ့မှာ လဆုတ် တစ်ဆယ့်နှစ်ရက်။

သဘာဝအမှောင်က သူတို့ဘက်မှာ။

လုပ်ငန်းစမည့်နေ့တွင် မဟာမြတ်မုနိ ဘုရားကြီးအနီးရှိ သံချောင်း အသိ ဦးပဉ္ဇင်းရှိသော ကျောင်းတိုက်မှာ ညအိပ်မည်။

ရန်ကုန်မှ ရောက်လာသော ဘုရားဖူးမိတ်ဆွေများက ဘုရားကို အာရုံတက် မျက်နှာသစ်တော်ဆက်သည်ကို ကြည့်ရှုဖူးမြော်လိုသောကြောင့် ကျောင်းတိုက်တွင် တစ်ညတာ တည်းခိုခွင့် လျှောက်ထားမည်။

ကျောင်းတိုက်မှာ တည်းခိုညအိပ်ခွင့်ရဖို့မှာ အခက်အခဲမရှိ။

တစ်ရပ်တစ်ကျေးမှ ဘုရားဖူးလာသူများ မန္တလေးရှိ ဘုန်းကြီးကျောင်းများ၌ တည်းခိုကြသည်မှာ အစဉ်အလာ ထုံးစံဖြစ်၍ ပြဿနာမရှိ။

လုပ်ငန်းခွင်ဝင်မည့်ညတွင် သံချောင်းညီ အပါအဝင် သူတို့လေးယောက် ဘုန်းကြီးကျောင်းမှာ သွားအိပ်ကြမည်။





ကိုးအောင်နှင့် သံချောင်းက ဦးပဉ္ဇင်းနေရာချပေးသော နေရာတွင် အိပ်ကျန်ရစ်မည်။

သတ်မှတ်ချိန်ရောက်လျှင် သူတို့နှစ်ယောက်က ထွက်ကြမည်။

ဒါက သံချောင်းစီစဉ်ထားသည့် အစီအစဉ်။

"ကျွန်တော်က သူတို့လုပ်ငန်းခွင်ထဲကို လိုက်ပါစရာမလိုဘဲ ဘုန်းကြီးကျောင်းမှာ ကျန်ရစ်ရမှာမို့ သံချောင်း အစီအစဉ်အတိုင်း သူတို့နဲ့အတူ ပါခဲ့ရတာပါ၊ သူတို့လုပ်ငန်း အဆင်မပြေရင်တောင် သူတို့နဲ့အတူပါတာ မဟုတ်တော့ ပြဿနာမပေါ်နိုင်ဘူးလို့ ထင်ခဲ့ပါတယ်၊ ဒါပေမဲ့ ..."

သူတို့ မတ္တရာမှာ မနက်စာစားပြီး မန္တလေးကို ထွက်ခဲ့ကြသည်။

မန္တလေးရောက်သည်နှင့် တည်းခိုဖို့ စီစဉ်ထားသည့်အတိုင်း သူ့အသိ ဦးပဉ္ဇင်းကျောင်းကို သွားခဲ့သည်။

သံချောင်း ကြိုတင်စီစဉ်ထားသည့်အတိုင်း သူ့အသိ ဦးပဉ္ဇင်းက သူတို့လေးယောက် နေရမည့်နေရာကို ပြသည်။ သူတို့နေရမည့်နေရာတွင် အခြားဘုရားဖူးငါးယောက်အစု တစ်စုရှိကြောင်း ဦးပဉ္ဇင်းပြောပြ၍ သိရသည်။

သူတို့ ရောက်သွားသည့်အချိန်တွင် ဘုရားဖူးများ မရှိကြ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း မြို့ထဲသို့ မထွက်ကြတော့ဘဲ ကျောင်းမှာပဲ နားနေကြသည်။

ညနေစာကိုတော့ မြို့ထဲထွက်ပြီး စားကြသည်။

ခါတိုင်းလို အသောက်မပါ။ အစားချည်း သက်သက်စားပြီး ကျောင်းသို့ပြန်ခဲ့ကြသည်။

ညဘက်ရောက်တော့ ပါလာသည့် ခြင်ထောင်နှစ်လုံးထောင်ပြီး သူနှင့် သံချောင်းညီက တစ်တွဲ။

လှမြင့်နှင့် သံချောင်းတို့က တစ်တွဲ။

အိပ်ပျော်သွားသဖြင့် သူတို့ ဘယ်အချိန် ထသွားသည်ကိုပင် မသိလိုက်။

သူတို့နှစ်ယောက်က ကျောင်းတိုက်မှ အရုဏ်ဦး တုန်းခေါက်သံနှင့်အတူ အိပ်ရာမှလူးလဲထပြီး ဘုရားကြီးဘက်သို့ ထွက်ခဲ့ကြခြင်းဖြစ်သည်။

ဘုရားကြီးဘက်သို့သာ ထွက်ခဲ့ရသည်။

တိုးအောင် စိတ်ထဲမှာ မကြည်မလင် စနိုးစနောင့် ဖြစ်နေသည်။

သည်အချိန်ကာလဆို သူတို့ပြန်ရောက်ဖို့ ကောင်းပြီ။

အလုပ်ဖြစ်လည်း ပြန်ရောက်ချိန်တန်ပြီ၊ အလုပ်မဖြစ်လည်း ပြန်ရောက်ချိန်တန်ပြီ။

ခုအချိန်အထိ ပြန်မရောက်လာသည်မှာ သို့လော သို့လော အတွေးဝင်စရာ ဖြစ်နေသည်။





သည်အကြောင်းကို သံချောင်း၏ညီဖြစ်သူ စန်းမောင်ကို ပြောပြသည့်အခါ စန်းမောင်က ဒီလောက်အထိ အတွေးမသက်ရောက်ဖို့နှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဝင်ပြီး စားသောက်နေတာ ဖြစ်လိမ့်မည်ထင်ကြောင်း၊ မိုးလင်းရောက်မည့်ထင်ကြောင်း တို့ပြန်ပြောလာသည်။

သူတို့နှစ်ယောက်က ဘုရားကြီးထဲမှာ ကြာကြာမနေ။

ဘုရားကြီးကို ဦးပေါက်ဆိန်ချပြီး မနက်အစောကြီးဖွင့်သည့် လက်ဖက်ရည်ဆိုင်များ ရှိရာဘက်သို့ ထွက်လာခဲ့ကြသည်။

ဘုရားကြီးအနီးရှိ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်နှင့် မုန့်များ စားသောက်ပြီး မိုးလင်းမည့်အချိန်ကိုသာ စောင့်ကြသည်။

မိုးလင်းသည်နှင့် တည်းခိုရာကျောင်းသို့ ပြန်လာကြရာ သူတို့နှစ်ယောက် ကျောင်းပြန်ရောက်သည့်တိုင် ကိုလှမြင့်ရော သံချောင်းပါ ပြန်မရောက်လာကြသေး။

အခြေအနေမကောင်းဟု ပြောရမည့်ဘက်သို့ အလေးသာသွားပြီ။

သို့တစေ သူတို့မှာ ကျောင်းကနေ ခွာသွားလို့မဖြစ်။

သူတို့နှစ်ယောက် ပြန်မရောက်မချင်း ကျောင်းကပဲ စောင့်နေရန် မှာသွားသောကြောင့်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နေးဆောင်ကပါ တစ်ခုခုများ ဖြစ်နေပြီလားဟု သံသယ စကား ပြောလာသည်။

"အေးကွ ... ငါလည်း စိတ်လေးနေတယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ မကောင်းတဲ့ အခြေအနေလို့ ထွက်ရမလို ဖြစ်နေပြီ၊ တို့ ဘာလုပ်မလဲ၊ မတ္တရာပြန်ကြမလား၊ ဒီမှာဆက်နေလို့ မကောင်းဘူးထင်တယ်၊ မင်းသဘောကရော"

"ကျွန်တော်တော့ တစ်နာရီလောက် စောင့်ကြည့်ချင်တယ်၊ မလာရင်တော့ ပြန်ကြတာပေါ့၊ အစ်ကိုတို့လည်း အခြေအနေအရ မတ္တရာကို ပြန်ရောက်နေမလားတော့ မသိဘူး"

သူက ဘာမှပြန်မပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်သည်။

သူ၏အတွေးစဉ်များမှာ ဂယောက်ဂယက် ဖြစ်နေလေသည်။

ဂယောက်ဂယက်ခတ်နေသည့် အတွေးစဉ်များမှာ အကောင်းဘက်သို့ ဦးမတည်နိုင်ရာ ဖြစ်နေသည်။

နာရီဝက်လောက် ကြာတော့ သူတို့ ရောက်လာကြသည်။

ကိုလှမြင့်နှင့် သံချောင်းတို့ မဟုတ်ပါ။

သူတို့နှစ်ယောက်အား ဖမ်းဆီးရန် ရောက်လာသည့် ရဲတပ်ဖွဲ့ဝင်လေးယောက် ဖြစ်ပါသည်။

ရှင်းသွားပြီ။

လှမြင့်နှင့် သံချောင်းတို့နှစ်ယောက်က ရဲစခန်းသို့ရောက်နေကြပြီ။





ထို့အတူ သူတို့နှစ်ယောက်လည်း ရောက်သွားကြသည်။

"ဒါဖြင့် လှမြင့်တို့ နှစ်ယောက်က အလုပ်မဖြစ်ဘဲ နေရာမှန်ကို ရောက်သွားကြတာပေါ့"

"ဟုတ်ပါတယ် ဆရာ၊ သူတို့နှစ်ယောက်က တိုက်ထဲကိုတော့ ရောက်ခဲ့ကြပါတယ်၊ မီးခံသေတ္တာကြီးကို ဖွင့်မရတာနဲ့ ပြန်အထွက်မှာ နိုးနေတဲ့ အိမ်သားတစ်ယောက်နဲ့ ပက်ပင်းတိုးပြီး အဖမ်းခံလိုက်ရတာပါ"

"နှစ်ယောက်စလုံး ထွက်မပြေးနိုင်လို့လား"

သံချောင်းက တိုက်ထဲမှာတင် တုတ်ချက်မိသွားသည်။

လှမြင့်က အပြင်ရောက်မှ လူအုပ်လက်ထဲ ရောက်သွားသည်။

နှစ်ယောက်စလုံး ခေါင်းမှာ ပတ်တီးကိုယ်စီနှင့် ရေရေလည်လည် ခံကြောမိသွားကြသည်။

ရုံးတင်သည့်အခါ သူတို့လေးယောက်မှာ အမှုတွဲ။

ကိုယ်ထိလက်ရောက် ပြစ်မှုကျူးလွန်သူနှင့်အတူ ကြံရာပါတရားခံများအဖြစ် အမှုတင်ခံရသည်။

လှမြင့်နှင့် သံချောင်းတို့ နှစ်ယောက်က ထောင်ဒဏ်ခုနစ်နှစ်စီ။

သူ့တို့နှစ်ယောက်က ထောင်ဒဏ်ငါးနှစ်စီ။

မန္တလေးကနေ ထုံးဘိုရဲဘက်စခန်းသို့ ရောက်ခဲ့ကြ၏။

"ကျွန်တော့် အဖြစ်အပျက်ကတော့ ဒါပါပဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



တိုးအောင်၏ အဖြစ်မှာ ဆွမ်းခံရင်း ငှက်သင့်လို့ ဆင်ခြေ ပေးနိုင်သော်လည်း တကယ်ကတော့ မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိ။

ရာဇဝတ်ဘေး ပြေးမလွတ်ဟု ဆိုရမည်သာပါ။

* ❖ *



BURMESE CLASSIC .com



လှမြင့်၊ သံချောင်း၊ စန်းမောင်တို့ သုံးယောက်ကိုပါ ထောက်စခန်းတွင် တွေ့ခဲ့ရသည်။

ပြစ်မှုကြွေးကို ချွေးဖြင့် ဆပ်နေရသူ သူတို့သုံးယောက်ကတော့ လုံးတီးသမားများ ပြောရိုးပြောစဉ် လုံးတီးစကား ပြောကြသည်။

"ကျွန်တော်တို့ နောင်တရကြပါပြီ။ ဒီတစ်ကြိမ်ဟာ ကျွန်တော်တို့အတွက် နောက်ဆုံးအကြိမ်ပါပဲ၊ နောက်ထပ် ပြစ်မှုကြွေးကို ချွေးနဲ့ မဆပ်ရအောင် နေထိုင်ပါတော့မယ်" ။

ဒါက လုံးတီးစားနေစဉ် ပြောရိုးပြောစဉ်စကား။

အုတ်ရိုးအတွင်းလူ ဘဝတွင် နေရစဉ် သတိတရား၊ နောင်တ,တရား ရစမြဲ ရှိကြသည်။

အုတ်ရိုးအပြင်လူ ဖြစ်ပြီး ဆန်ဖြူနှင့်လျှာ အတွေ့အထိ ရှိသွားပြီဆိုရင် လုံးတီးစကားကို မေ့စမြဲ ရှိကြပြန်ရော။

ထို့ကြောင့်လည်း ဒုစရိုက် လောကသား အများစုမှာ စိတ်အခံ လူသ ` နှင့် ဘဝလမ်းကြောင်း အကောင်းဘက်သို့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မမှုကြဘဲ အုတ်ရိုးအတွင်း၌ ဖြစ်လိုက်၊ အပြင်၌ ဖြစ်လိုက်ဖြင့် သံသရာလည်နေကြခြင်း ဖြစ်ပေသည်။

နှိုက်၊ ဆွဲ၊ ခွဲ၊ ဖြတ်၊ ခါးလောကသားများမှာ သူတို့လုပ်ငန်းပိုင်းတွင် တစ်ဖက်ကမ်းခတ်ဟု ဆိုရမည်သို့အောင် ကျွမ်းကျင်ကြ၏။

အလောင်းအစားလုပ်၍ အလောင်းအစား လုပ်ထားသူထံမှ ပစ္စည်းကို နှိုက်ပြနိုင်သည်အထိ အထာကျွမ်းသူများပင် ရှိကြသည်။

သို့တစေ၊ ထောင်ထဲသို့ မရောက်ဘူးသည့် ခါးပိုက်နှိုက်ဟူ၍ တစ်ယောက်တလေသော်မှ မရှိကြ။

နှစ်ခေါက်သမားမှာ အနည်းဆုံး။

သုံးလေးခေါက် ဝင်လိုက် ထွက်လိုက် လုပ်နေရသူက အများစု။

ရန်ကုန်ထောင်တွင် နာမည်ကြီး ခါးအုံးဖေနှင့် ဆုံခဲ့ရဖူးသည်။

ထောင်မှူးလေးနှင့် အလောင်းအစားလုပ်ပြီး သုံးရက်အတွင်း ထောင်မှူးလေး ဘောင်းဘီအိတ်ထဲက မီးခြစ်ကို လက်တွေ့နှိုက်ပြနိုင်အောင် အထာကျွမ်းသူဖြစ်၏။

သူနှင့် ဆုံခဲ့ရသည်မှာ ၁၉၅၃ ခုနှစ်။

အသက်လေးဆယ်ကျော်အရွယ်။

အသက်နှစ်ဆယ့်တစ်နှစ်ကစပြီး ခါးလောကတွင် စတင်ကျင်လည်ခဲ့သူ။

ကျော်မြသန်း၊

www.burmeseclassic.com